ရဲပြည့်မှာ ၄၈ နာရီ

အပါအဝင်

# ဖြစ်ရပ်ဆန်းကြယ်

ဘာသာပြန်ဝတ္ထုများ

သက်ထက်ဝန်း၊ အောင်သန်းချစ်၊ မင်းစည်သူ၊
မောင်တင်မွန်၊ ဆွေမြင့်၊ ခင်မောင်တိုး(မိုးမိတ်)

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


ဇော်ပြည်ညိမှာ
လေးဆယ့်ရှစ်နာရီ
အပါအဝင်
ဖြစ်ရပ်ဆန်းကြယ်ဘာသာပြန်ဝတ္ထုများ

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၃၆၁၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၄၈၂၀၅၀၅

**စီစဉ်သူ**။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ (၂၀၀၅ခု ဇွန်လ)
အုပ်ရေ ။ (၅၀၀)
မျက်နှာဖုံး ။ ညီတော်မောင်
ကွန်ပျူတာစာစီ ။ ***Quality***
အတွင်းဖလင် ။ ***Quality***

ပုံနှိပ်သူ
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)၊
မှတ်ပုံတင်အမှတ်–၀၉၁၀၊ ၁၁၁၊ ၃(က)လွှာ၊
၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ။ ၅၀၀ – ကျပ်

# မာတိကာ


၁။ ငရဲပြည်မှာ လေးဆယ့်ရှစ်နာရီ ၁

၂။ ဖရန့်ဖတ်က နားစွဲပျောက်ဆုံးမှု ၁၅

၃။ တစ္ဆေဖြစ်တွေ ၄၄

၄။ အမှတ်လို အရာလေး ၅၆

၅။ ချောကလက်ရောင် လက်တစ်ဖက် ၇၉

၆။ ရွေးချယ်ခွင့် ၁၀၉

၇။ ပျောက်သွားတဲ့ စာတစ်စောင် ၁၁၉

၈။ ယုံမှားသံသယ ၁၂၇

# ငရဲပြည်မှာ လေးဆယ့်ရှစ်နာရီ

နေ့စဉ်နဲ့အမျှ ဖြစ်လေ့ဖြစ်ထရှိတဲ့ အဖြစ်အပျက်လေးတွေကြား တစ်ခါတစ်ရံဖြစ်တဲ့ ကြုံတောင့်ကြုံခဲ အဖြစ်အပျက် တစ်ခုခု ဖြစ်လာပြီဆိုရင် အဲဒီအဖြစ်အပျက်ကို လူတွေက ထူးဆန်းတယ်လို့ သတ်မှတ်ကြတယ်။ အဲဒီလို သတ်မှတ်ကြလို့လည်း သမားရိုးကျ အဖြစ်အပျက်တိုင်းမှာ ဆန့်ကျင်ဘက် ထူးဆန်းတဲ့ အဖြစ်အပျက်တွေ ရှိခဲ့တာပေါ့။ လူတိုင်းလိုလိုလည်း ကြုံရကြားရနေတာပေါ့။

အဲဒီလိုပဲ ကျွန်တော့်မှာလည်း ကိုယ်တိုင် ကြုံတွေ့ရတဲ့ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခု ပါတယ်။ တခြားတော့ မဟုတ်ပါဘူး။ ကျွန်တော့်မိတ်ဆွေကြီး ဂျေ့(ချ)လင်းနော့(ခ) ရဲ့ အဖြစ်အပျက်ပါ။ သူက နာမည်ကျော် မြင်းသူခိုးကြီးလေ။

တကယ့်တော့ သူနဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေပါ။ ခပ်ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက်တွေပေါ့။ အဲဒီထဲက ဒီကောင်က မိုက်ကန်းကန်း၊ ဂျစ်ကန်ကန် စရိုက်ရှိတယ်ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်။ အဲဒါကြောင့် ဒီကောင်နဲ့ ကျွန်တော်နှစ်ပေါင်း များစွာ ကွဲသွားပြီး

နောက် ဂျက်ဖာဆန်မှာ ဒီကောင်နာမည်ကြီး မြင်းသူခိုး ဖြစ်နေတယ်လို့ ပြန်ပြီးသိလိုက်ရချိန်မှာ ကျွန်တော် မအံ့သြတော့တာပေါ့။ ဒီကောင့်ကို ထိုင်ပြီး အံ့သြနေဖို့လည်း အချိန်မရှိဘူးလေ။ ငယ်ငယ်လေးကတည်းက သိမ်သိမ်မွေ့မွေ့နေပြီး စာကြိုးစားတဲ့ ကျွန်တော်ဟာ လင်းနော့(ခ) သတင်းကို ပြန်ကြားရတဲ့ အချိန်မှာ သူ့လိုမဲ့ နာမည်ကြီးတစ်ယောက်ဖြစ်နေပြီပဲ။

ဒါပေမဲ့ လင်းနော့(ခ)လို မြင်းသူခိုးအဖြစ်နဲ့ နာမည်ကြီးတာမျိုးတော့ မဟုတ်ဘူး။ နိုင်ငံကျော် စာရေးဆရာကြီး ဂျွန်ဒဗလျူရေးနိုး(လ) အဖြစ် နာမည်ကြီးနေတာ။ ဒီနာမည်ကို ဒီကောင်လည်း ကြားချင်ကြားမှာပေါ့။ ကြားချင်မှလည်း ကြားမှာပါ။ သူက စာဝေး ပေဝေး နေတာပဲဟာ။

လင်းနော့(ခ) သတင်းကိုသာ ကျွန်တော် ကြားပေမဲ့ လူကိုယ်တိုင် တော့ မဆုံဖြစ်ဘူး။ အင်းလေ ... နိုင်ငံကျော် စာရေးဆရာတစ်ယောက်နဲ့ မြင်းသူခိုးကြီးတစ်ယောက် ဆုံတွေ့ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ။

ဒါပေမယ့် အဲဒီမလွယ်တဲ့ ကိစ္စကြီးဟာ တိတိပပ ဖြစ်ဖို့ တစ်နေ့မှာ တော့ အကြောင်းဖန်လာပါလေရော။ ဖန်လာတဲ့ အဲဒီအကြောင်းကလည်း ထောင်ထဲ ရောက်နေတဲ့ လင်းနော့(ခ)ဆီက စတာပါပဲ။ အချိန်ကတော့ သူ့သတင်းတွေ ကျွန်တော် ပြန်ကြားရပြီး နှစ်နှစ်လောက်အကြာ ၁၈၈၇ ခုနှစ်ရဲ့ ၁၈၈၈ ခုနှစ်အကူး ဆောင်းဦးကာလကြီးမှာပေါ့။

ချမ်းချမ်းစီးစီးနှင့် တွေဝေအောင်ကျနေတဲ့ မနက်စောစောတစ်ခုမှာ လင်းနော့(ခ) ရှိနေတဲ့ ရဲဘက်စခန်းက ကျောက်မိုင်းတွင်း ပြိုကျလို့ လင်းနော့(ခ)တစ်ယောက် အနိစ္စ ရောက်သွားပြီဆိုတဲ့သတင်း သတင်းစာထဲမှာ ကျွန်တော် ဖတ်လိုက်ရတယ်။ ထူးဆန်းတာက ကျောက်မိုင်းကြီးတစ်ခုလုံး ပြိုတာ ဘယ်သူမှ ဘာမှမဖြစ်ဘဲ လင်းနော့(ခ) တစ်ယောက်တည်း သေပွဲဝင် သွားရတာပဲ။ ကံဆိုးလိုက်တဲ့ သူငယ်ချင်းရယ်။ ကျွန်တော် စိတ်မကောင်းတော့ ဖြစ်သွားတာပေါ့။ အရင်က လူချင်းမတွေ့တာတောင် မြင်းသူခိုးတစ်ယောက် ဆိုပြီး အဆင့်အတန်းခွဲ ခဲ့ပေမယ့် အခုမှ ကျွန်တော်သူငယ်ချင်း သံယောဇဉ် ဘယ်လောက် ကြီးတတ်တယ်ဆိုတာ ကိုယ့် ... ကိုယ်ကို သိလိုက်ရတယ်။ လင်းနော့(ခ)အတွက် တော်တော်နဲ့ ဖြေမဆည်နိုင်ခဲ့ဘူး။

ဒီလိုနဲ့ လင်းနော့(ခ)အတွက် ကျွန်တော့် ရင်ထဲမှာ ကြိမ်မီးအုံးသလို ခံစားလို့ ကောင်းနေတုန်း သုံးရက်မြောက်နေ့ သတင်းစာထဲမှာ လင်းနော့(ခ)နဲ့ ပတ်သက်ပြီး နောက်ထပ်သတင်းတစ်ပုဒ် လာပြန်တယ်။ လင်းနော့(ခ)ရဲ့ အလောင်းကြီး ထမ်းစင်ပေါ်ကနေ ပြုတ်ကျရာက လင်းနော့(ခ)အသက်ပြန်ရှင်လာသတဲ့။

ကျွန်တော့်ရင်ထဲမှာ အံ့ဩမှု၊ ဝမ်းသာမှု၊ ထူးဆန်းမှုနဲ့အတူ ဖော်မပြနိုင် တဲ့ခံစားမှုတွေ ခံစားလိုက်ရတာပေါ့။ ကျွန်တော့်စိတ်ကို ထိန်းပြီး သတင်းစာကို ဆုံးအောင်ဖတ် ကြည့်လိုက်တယ်။ သတင်းစာထဲမှာ ဒီလို ရေးထားပါတယ်။

ကျောက်မိုင်းပြိုကျပြီး ဆယ့်နှစ်နာရီအကြာမှာ တူးဖော်ရခဲ့တဲ့ လင်းနော့(ခ)ခန္ဓာကိုယ်ကြီးကို ထောင်ဆေးရုံက ဆရာဝန်ကြီးတွေ ကိုယ်တိုင်စစ်ဆေးပြီး သေပြီလို့ အတည်ပြုပေးခဲ့ကြတယ်တဲ့။ ဆရာဝန်ကြီးရဲ့ စစ်ဆေးချက်အရ ထောင်အာဏာပိုင်တွေကလည်း၊ လင်းနော့(ခ)ရဲ့ အလောင်းကို ထောင်ဆေးရုံမှာရှိတဲ့ ရေခဲတိုက်ထဲ ပို့လိုက်ကြတယ်တဲ့။

ဒီလိုနဲ့ သုံးရက်မြောက်တော့ လင်းနော့(ခ) အလောင်းကို ထောင်စည်းကမ်းနဲ့အညီ သင်္ဂြိုဟ်ဖို့ လုပ်ခဲ့ကြတယ်။ ဆုတောင်းမေတ္တာစာ ရွတ်မယ့်အခန်းထဲကို လင်းနော့(ခ)အလောင်း သယ်လာဖို့ ဆေးရုံဝန်ထမ်းနှစ်ယောက်ကို တာဝန်ပေးလိုက်တယ်။ တာဝန်ပေးခဲ့ရတဲ့ ဝန်ထမ်းနှစ်ယောက်ကလည်း လင်းနော့(ခ)အလောင်းကို ထမ်းစင်ပေါ်တင်၊ အဝတ်တစ်စုံ လွှမ်းပြီး အခေါင်းရှိနေတဲ့ ဆုတောင်းမေတ္တာပို့သခန်းထဲ အလောင်းကြီးကို ထမ်းသယ်လာခဲ့ကြတယ်။ အဲဒီမှာတင် လင်းနော့(ခ)ရဲ့ အခြေအနေဟာ ပြောင်းဖို့ အကြောင်းဖန်တော့တာပါပဲ။

လင်းနော့(ခ)ရဲ့ အလောင်းတင်ထားတဲ့ ထမ်းစင်ကို ဝန်ထမ်းနှစ်ယောက်က၊ တစ်ယောက်က ခေါင်းကထမ်း၊ တစ်ယောက်က ခြေကထမ်းပြီး ထုတ်လာခဲ့ကြတယ်။ ရေခဲတိုက်အတွက် စကြံကျဉ်းလေးတစ်လျှောက်ကို ဖြတ်လာပြီး ခန်းမရှိတဲ့ လက်ယာဘက်ကို ချိုးအကွေ့၊ ရှေ့ကထမ်းလာတဲ့လူ ခြေချော်ပြီး ယိုင်ကျသွားတယ်။ အဲဒီလူနဲ့အတူ ထမ်းစင်ပေါ်က လင်းနော့(ခ)

အလောင်းကြီးလည်း မြေကြီးပေါ် ခေါင်းနဲ့ကျသွားခဲ့တယ်။ 'ဒုတ်'ခနဲ မြည် သံတောင် နောက်ကလူခများ ကြားလိုက်ရပါသေးရော့လား။

ယိုင်ကျသွားတဲ့ ဝန်ထမ်းလည်း ကုန်းရုန်းထ၊ ထမ်းစင်ကို ကြမ်း ပြင်မှာချပြီး လင်းနော့(ခ)အလောင်းကြီးကို ပြန်ကောက်တင်မယ်အလုပ် နလုံး သွေးတွေ ရပ်သွားလောက်အောင် ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်ကြီး တစ်ခုကို သူကိုယ်တိုင် ကြုံလိုက်ရသည်။ တအင်းအင်း တအဲ့အဲ့ ညည်းညူ ရင်း လင်းနော့(ခ)လောင်းကြီးက ငုတ်တုတ်ထထိုင်လာသတဲ့လေ။

ဘာပြောကောင်းမလဲ။ ဝန်ထမ်းနှစ်ယောက်မှာ ကြောက်ကြလွန်းလို့ ငယ်သံပါအောင်ကို အော်ပြီး ပြေးတော့တာပေါ့။

ခဏကြာမှ လင်းနော့(ခ)အလောင်းကြီး ထထိုင်တယ် ဆိုတဲ့နေရာ ကို သူတို့နှစ်ယောက်အတူ ထောင်အရာရှိတွေ၊ ဆရာဝန်တွေပါ ရောက်လာခဲ့ ကြတယ်။ သူတို့ရောက်လာတဲ့အထိ လင်းနော့(ခ) အလောင်းကြီးက ငုတ် တုတ်ထိုင်နေတုန်း။ ခေါင်းကိုလက်နဲ့ပွတ်ပြီး တွင်တွင်ကြီး ညည်းနေတုန်း။

ဆရာဝန်ကြီးတွေက လင်းနော့(ခ)ဘေးမှာ ငုတ်တုတ်ဝင်ထိုင်ပြီး လင်း နော့(ခ)ကို အသေအချာ စစ်ဆေးလိုက်ကြတယ်။ သေချာသွားပြီ၊ လင်း နော့(ခ) မသေဘူး။

အဲဒီလိုလည်း ပြောလို့မရဘူး။ အဲဒီလို မဟုတ်ဘူး။ လင်းနော့(ခ) သေသွားတာ သေချာတယ်။အခု ပြန်ရှင်လာတာ အာ ... ဒါလည်း မဟုတ် နိုင်ဘူး။ သေသွားတာ သေချာရင် ပြန်ရှင်လာနိုင်စရာအကြောင်း မရှိဘူး။ ဘယ်သူမှ သေသွားပြီးရင် ပြန်ရှင်လာလေ့ မရှိဘူး။ ပြန်လည်း မရှင်နိုင်ဘူး။ အဲဒီမသေတာနဲ့ ပြန်ရှင်လာတာ စကားလုံးနှစ်ခုကြား ဆရာဝန်ကြီးတွေ ဝိရောဓိပွားခဲ့ကြသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းနော့(ခ)တစ်ယောက် သက်ရှိထင်ရှား ပြန်ဖြစ် လာတာကတော့အမှန်။ ဒါပေမယ့် သူအရင်လိုတော့ သွားလာလှုပ်ရှားလို့ တော့ မရသေးဘူး။ မြေကြီးတွေ ပိလို့ ခြေတစ်ဘက် ကျိုးသွားတယ်လေ။ ဆရာဝန်ကြီးတွေက လင်းနော့(ခ)ကို သူ့ရဲ့ခြေထောက်ကို ကုဖို့ ထောင်ဆေးရုံ

ကို တင်ထားပေးလိုက်ကြတယ်။ လင်းနော့(ခ)တစ်ယောက် ကံကောင်းသွားပြီပေါ့။

သတင်းစာ ဖတ်ပြီးနောက် ကုတ်အင်္ကျီရှည်ကို ဝတ်၊ တုတ်ကောက်ကို ဆွဲပြီး ကျွန်တော် လမ်းလျှောက်ထွက်ခဲ့တယ်။ လင်းနော့(ခ)ရဲ့ အဖြစ်အပျက်က အတော်ကို ထူးဆန်းတယ်ဆိုတာ အဲဒီမှာ ကျွန်တော် လက်ခံလိုက်ရတော့တာပဲ။ လမ်းပေါ်မှ ဟိုတစ်စု ဒီတစ်စုလူတွေ ပြောနေသမျှ ဒီနေ့ သတင်းစာမှာပါတဲ့ လင်းနော့(ခ) သတင်းကြီးပဲ။ ကာဖီဆိုင်နဲ့ ကားမှတ်တိုင်မှာလည်း လင်းနော့(ခ)ပဲ ကြီးစိုးနေပြန်တယ်။

ဘာကြောင့်မှန်းတော့ မသိဘူး။ လင်းနော့(ခ) အကြောင်း အဲဒီလူတွေ ပြောနေသံ ကြားလိုက်ရတိုင်း ကျွန်တော့်စိတ်ထဲမှာ လင်းနော့(ခ)ကို မြင်တွေ့ချင်စိတ်တွေ တဖွားဖွား ပေါ်လာတယ်။ ပြီးတော့ အဲဒီဆန္ဒဟာလည်း တဖြည်းဖြည်း ကြီးထွားလာတယ်။

ကျွန်တော်က လူကသာ သိမ်သိမ်မွေ့မွေ့နဲ့ နူးနူးညံ့ညံ့ရှိတာ စိတ်ကတော့သိပ်ပြီး မသေးလှဘူး။ ကျွန်တော် လုပ်ချင်ပြီဆိုရင် ရအောင် လုပ်လိုက်ရမှ။

လမ်းလျှောက်ရာက အိမ်ပြန်မရောက်မီမှာဘဲ ထောင်အာဏာပိုင်တွေက တစ်ဆင့်ခွင့်တောင်းပြီး လင်းနော့(ခ)ကိုသွားတွေ့ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်မိခဲ့တယ်။ ဆုံးဖြတ်ချက်အတိုင်းလည်း ကြိုးစားကြည့်လိုက်သည်။

"ကျွန်တော် စာရေးဆရာကြီး ဂွန်ဒဗလျူရေးနိုး(လ)ပါ။ ဒီကနေ့ သတင်းစာထဲမှာပါတဲ့ လင်းနော့(ခ)အကြောင်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားရလို့ပါ။ ကျွန်တော့် ရင်ထဲမှာလည်း အတော့်ကို ထူးဆန်းတယ်လို့ ခံစားရလို့ပါ။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ခင်ဗျားတို့ကို ရော ... လင်းနော့(ခ)ကိုပါ တွေ့ဆုံမေးမြန်းခွင့်ရနိုင်မလား ခင်ဗျာ။ စာရေးဆရာကြီးတစ်ဦးအနေနဲ့ ခွင့်ပြုပေးစေချင်ပါတယ်"

ကျွန်တော် အိမ်ကနေ ထောင်ကို တယ်လီဖုန်းနဲ့ အရင်ဆုံး ဆက်သွယ်လိုက်တယ်။ ဂွန်ဒဗလျူရေးနိုး(လ) ဆိုတဲ့ နာမည်ကြောင့်လား

တော့ မသိပါဘူး။ ထောင်အာဏာပိုင်တွေက ချက်ချင်းပဲ ရှောရှောရှူရှူ လိုလိုလားလား ခွင့်ပြုပါတယ်။ တွေ့ဆုံဖို့ ရက်ချိန်းပေးပါတယ်။

ဒီလိုနဲ့ တွေ့ဆုံခွင့်ရတဲ့ နေ့မှာထောင်အရာရှိ သုံးဦးနဲ့ အရင်ဆုံး တွေ့ ခဲ့ရတယ်။ သူတို့က ကျွန်တော့်ကို လင်းနေ့(ခ) ရှိနေတဲ့ မိုင်းတွင်း မြေပြိုပုံနဲ့ ကယ်ဆယ်ခဲ့ပုံတွေကို အသေးစိတ် ပြောပြကြတယ်။ ပြီးတော့ အဲဒီနေရာတွေကိုလည်း လိုက်ပြခဲ့ကြတယ်။ ဒါပေမယ့် အဲဒါတွေကို ကျွန်တော် စိတ်မဝင်စားဘူး။ လင်းနေ့(ခ)ကို တွေ့ချင်တာရယ်၊ ပျောက်သွားတာနဲ့ ပြန်ရှင်လာတာကြား ဒီကောင် ဘယ်လိုနေသလဲ ဆိုတာကို သိချင်တာရယ်ပဲ ဆန္ဒစောနေတယ်။ ဒါပေမယ့် အောင့်အင်းသည်းခံပြီးတော့ နားထောင်နေရ တာပေါ့။

ဒီလိုနဲ့ လင်းနေ့(ခ)ကို ဆေးရုံပေါ်မှာ သွားတွေ့ရတော့ ကနဦးမှာ လင်းနေ့(ခ)က ကျွန်တော့်ကို မမှတ်မိဘူး။ ကန်ဆက်မြို့လေးက ကျွန်တော် တို့ရဲ့ ငယ်ဘဝအကြောင်းတွေ ပြောပြမှ သူမှတ်မိသွားတာ။ မှတ်မိသွားတော့ လည်း သူ့ပုံစံက အုံ့ဩဝမ်းသာနဲ့ပါပဲ။ ကျောက်ပတ်စီးထားတဲ့ ဘယ်ဘက် ခြေထောက်ကိုဆန့်ပြီး ခုတင်ခေါင်းရင်းကို ကျောမှီထိုင်ရင်း ကျွန်တော့်ကို နှစ်ထောင်းအားရ ပြုံးရယ်ပြရင်း ဖက်လှဲတကင်းလုပ်လိုက်ပုံများ။

“ဟေ့ကောင် လင်းနေ့(ခ)၊ မင်းနဲ့ငါ ပြန်သာ မဆုံခဲ့တာ၊ မင်း မြင်းသူခိုးဖြစ်နေကာတည်းက မင်း သတင်းတွေ ငါ ကြားနေသားပဲ”

“ဝမ်းနည်းပါတယ် သူငယ်ချင်းရယ်၊ တကယ်ပါ မင်းနာမည်ကျော် စာရေးဆရာကြီး တစ်ယောက်လုံးဖြစ်နေတာတောင် ငါမသိခဲ့ဘူး”

“ကိစ္စမရှိပါဘူးကွာ၊ အခု ငါတို့ ပြန်ဆုံရပြီပဲ”

“ဒါတော့ ဟုတ်တာပေါ့ ကောင်ရ၊ ဒါပေမယ့် ငါက ထောင်ထဲမှာ လေကွာ။ နှီးထဲမှာ ဟိုဝက်မသားတွေ အသုံးမကျတာနဲ့ ငါ ထောင်ထဲရောက်ရ တာ။ နေပလေ့စေဦး။ ငါ ထောင်က လွတ်တော့မှ လိုက်သတ်ဦးမယ်”

“သူငယ်ချင်း လင်းနေ့(ခ) စိတ်လျှော့ပါတော့ကွာ၊ မင်းအခု ထောင်ထဲလည်း ရောက်နေပြီ သေမလိုလည်း ဖြစ်ခဲ့ပြီးပြီ တော်ရောပေါ့ကွာ”

"ဟော့ကောင် ရေးနိုး(လ)၊ ငါက သေမလိုဖြစ်တာ မဟုတ်ဘူးကွ။ သေသွားတာ၊ အခု သေရွာက ပြန်လာတာ"

"အေး ပြောစမ်းပါဦးကွာ၊ အခုမင်းဆီကို အဲဒီအကြောင်းတွေ မေးရအောင် ငါလာခဲ့တာပဲ၊ ငါ့ကို ပြောပြစမ်းပါဦးကွာ"

သူငယ်ချင်း အရင်းကြီးမို့ နိဒါန်းပျိုးမနေတော့ဘူး။ ကျွန်တော် သိချင်တာတွေ သူ့ကို မေးဖြစ်လိုက်တယ်။ ပြီးတော့ လင်းနော့(ခ) ပြောသမျှ တွေကို လက်ရေးတိုနဲ့ လိုက်မှတ်ထားဖို့လည်း မှတ်စုစာအုပ်နဲ့ ဘောပင်ကို အသင့်ပြင်လိုက်တယ်။

ဒါကို လင်းနော့(ခ) မြင်တော့ သူ့ရဲ့ပုံပန်းဟာ သိသိသာသာကြီး ပြောင်းလဲသွားတယ်။ ငယ်သူငယ်ချင်းတစ်ယောက်ကို ပြန်တွေ့ရလို့ ရွှင်ရွှင်ပျပျ ဖြစ်နေတဲ့ သူ့မျက်နှာက ချက်ချင်းကြီးကို ညှိုးငယ်သွားတယ်။ တက်တက် ကြွကြွ ဖြစ်နေတဲ့ စိတ်တွေလည်း လေးလံသွားသလိုပဲ။

သူက လေသံ ခပ်ပျော့ပျော့ကလေးနဲ့ စကားဆိုသည်။

"ပြောပြပါ့မယ် သူငယ်ချင်းရယ်။ ဒီကိစ္စ ငါဘယ်သူ့ကိုမှ မပြောမပြ ဘူးလို့ ဆုံးဖြတ်ထားတာ။ မင်းကိုတော့ ငါပြောပြပါ့မယ်။ ဒါပေမဲ့ ဒီအကြောင်း တွေကို မင်း ဘယ်သူ့ကိုမှ ထပ်ပြီးမပြောပါနဲ့။ စာတစ်စောင် ပေတစ်ဖွဲ့လည်း မရေးပါနဲ့။ ရေးချင်သပ၊ ပြောချင်သပဆိုလည်း ငါသေပြီးမှ လုပ်ပါကွာ၊ ငါ ရှက်လွန်းလို့ပါ"

လင်းနော့(ခ)စကားက ကျွန်တော့်ကို အံ့ဩသွားစေခဲ့တယ်။ သူ့ရဲ့ ဖြစ်စဉ်အကြမ်းဖျင်းကို သတင်းစာကတစ်ဆင့် လူတိုင်းလိုလို သိပြီးသားပဲ။ သူ့အတွက် ဘာများ ရှက်စရာရှိလို့လဲ။

ကျွန်တော့ လင်းနော့(ခ) အဖြစ်အပျက်ရဲ့ နောက်ကွယ်မှာ လင်း နော့(ခ) အတွက် ရှက်ဖို့ကောင်းတဲ့ အကြောင်းတစ်ခု ရှိနေဦးမယ်ထင်တယ်။

ကျွန်တော် လင်းနော့(ခ)ကို ကတိပေးလိုက်တယ်။

"အေးပါ သူငယ်ချင်းရယ်၊ မင်း တောင်းဆိုတဲ့အတိုင်း ငါ စောင့် ထိန်းပါ့ မယ်၊ ယုံကြည်ပါကွာ"

"အဲဒီနေ့မနက်က ငါတူးနေတဲ့မိုင်းတွင်းနဲ့ ပတ်သက်ပြီး ငါ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်။ စိတ်ထဲမှာ လေးနေသလိုပဲ။ ဒါနဲ့ ငါလည်း တာဝန်ကျအရာရှိ ဂရာဆင် ဆိုတဲ့ လူဆီ သွားပြီးအကျိုးအကြောင်း ပြောပြပြီး ငါ့ရဲ့မိုင်းတွင်း နေရာကို လာစစ်ဆေးပေးဖို့ တောင်းဆိုလိုက်တယ်။ ဂရာဆင်က မငြင်းပါဘူး။ တစ်ခါတည်း လိုက်လာပြီး ငါ့နေရာကို စစ်ဆေးပေးခဲ့တယ်။ ဒါပေမယ့် သူက ကြည့်ရုံကြည့်ပြီး ပြန်သွားတာ။ ဘာမှ လုပ် မပေးသွားဘူး။ အန္တရာယ်မရှိပါဘူးဆိုပြီး အလုပ် ဆက်လုပ်ဖို့ပြောသွားတယ်။

အဲဒီတော့ ငါလည်း ဆက်လုပ်ရတာပေါ့။ ဒါပေမယ့် ငါ့စိတ်ထဲမှာတော့ လေးနေတုန်းပဲ။ တစ်ခုခုဖြစ်မယ်ဆိုတာလည်း ငါသိနေသလိုပဲ။ ထင်တဲ့အတိုင်း ပဲလေ။ သိပ်မကြာလိုက်ဘူး။ မိုးချုန်းသံလို အသံကြီးနဲ့ အတူ မြေကြီးတွေ ငါ့ကိုယ်ပေါ်ကို ပြိုကျလာခဲ့တယ်။ ရုတ်ချည်းဆိုသလို ငါ့တစ်ကိုယ်လုံးလည်း မှောင်ကျသွားတယ်။ အဲဒီနောက်တော့ ငါဟာ မှောင်မှောင်မဲမဲကြီး ထဲမှာပဲ သံမဏိတံခါးကြီးကို တွေ့ခဲ့ရတယ်။ ငါ အဲဒီတံခါးကြီးကို ဖောက်ထွက်လိုက်တော့လည်း အပြင်ဘက်မှာ မှောင်နေတုန်းပဲ။

အဲဒီအချိန်မှာပဲ ငါ့စိတ်ထဲကို အသိတစ်ခု အလိုလို ဝင်လာတယ်။ အဲဒါကတော့ ငါ သေဆုံးခဲ့ပြီဆိုတာပဲ။

ငါဟာ လေထဲမှာ မျောနေသလို တရွေ့ရွေ့နဲ့ ရွေ့လျားနေတယ်။ တခြားကမ္ဘာတစ်ခုဆီကို ရောက်နေသလိုပဲ၊ ဘယ်သူ့ကိုမှလည်း မတွေ့ရဘူး ဘာသံမှလည်း မကြားရဘူး။ နောက်တော့ ငါဟာ မြစ်ကမ်းစပ်တစ်ခုကို ရောက်သွားတယ်။ အဲဒီမှာတော့ ငါလာခဲ့တဲ့လမ်းလို မှောင်မနေဘူး။ ဒါပေမယ့် အလင်းရောင်လည်း ရှိတာမျိုး မဟုတ်ဘူး။ ညအချိန်မှာ ကြယ်ရောင် လရောင်တွေကြောင့် မြင်ရသလိုမျိုး ဖြစ်နေတော့"

"မြစ်ကမ်းစပ်ကို ငါရောက်ပြီး သိပ်မကြာခင်မှာပဲ ရေပြင်ကို ထိုးခွဲလှော် ခတ်သံတစ်ခုကို ငါကြားလိုက်ရတယ်။ သိပ်မကြာပါဘူး။ လူတစ်ယောက် လှေကလေးကို လှော်ပြီး ငါ့ဆီ တူရှုလာနေတာကို ငါတွေ့လိုက်ရတယ်"

"အဲဒါ ဘယ်သူလဲ"

လင်းနေ့(ခ)စကားစ အပြတ်မှာ ကျွန်တော် ဆန္ဒစောပြီး ဝင်မေးမိလိုက်တယ်။ လင်းနေ့(ခ)က လက်ကာ ပြရင်း –

"အနားရောက်လာတော့ သူက ငါ့ကို သေသေချာချာ ကြည့်တယ်။ ပြီးတော့ သူက ငါ့ကိုလာခေါ်တာလို့ ပြောတယ်။ လှေပေါ်တက်ခိုင်းပြီး ဟိုဘက်ကမ်းကို ကိုယ်တိုင် လှော်ဖို့လည်း ခိုင်းတယ်။ တော်တော်လေးကြာအောင် မှင်သက်နေမိတဲ့ ငါဟာ သူ့စကားတွေကို အလိုလို နာခံမိသွားတယ်။ ဒါပေမယ့် အဲဒီလို နာခံတဲ့အကြောင်းတောင် ငါ့ပါးစပ်ကပြောလို့ မထွက်ဘူး။ သူဘယ်သူလဲဆိုတာရော၊ ငါဘယ်ရောက်နေတာလဲ ဆိုတာရော သိချင်ပေမယ့် အဲဒီအချိန်မှာ ငါ့ပါးစပ်ဟာ ဆွံ့အနေတယ်။ ငါ့ရဲ့လျှာဟာ ခေါင်မိုးအောက်က မျက်နှာကျက်လိုပဲ အာခေါင်မှာ တောင့်တောင့်ကြီး ကပ်နေတယ်။ စကားတစ်လုံးမှ မပြောနိုင်ခဲ့ဘူး။ ဒီလိုနဲ့ ငါဟာ လှေကို လှော်သွားလိုက်တာ နောက်ဆုံး ကမ်းစပ်တစ်ခုကို ရောက်သွားခဲ့တယ်။ အဲဒီမှာ ငါလှေပေါ်က ဆင်းပေးလိုက်ရတယ်။ ငါလည်း လှေပေါ်က ဆင်းပြီးရော ဟိုလူလည်း လှေကို လှော်ထွက် သွားပြီး အမှောင်ထဲမှာ ပျောက်ကွယ်သွားပါလေရော့"

"အဲဒီ ကမ်းစပ်ကရော ဘယ်နေရာလဲ မင်းသိလား"

"မသိဘူးကွ၊ အဲဒီကမ်းစပ်တစ်ခုလုံးမှာလည်း ငါတစ်ယောက်တည်းရှိတာ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း ငါမသိဘူး။ ဒါပေမယ့် ရှေ့ကို လှမ်းကြည့်လိုက်တော့ လမ်းနှစ်ခု ရှိတာကို ငါ့မျက်စိထဲ မြင်လိုက်ရတယ်။ တစ်လမ်းက ကျယ်လည်းကျယ်တယ်။ လမ်းလည်း ကောင်းတယ်။ နောက်တစ်လမ်းကတော့ ခပ်ဆိုးဆိုး လမ်းကျဉ်းလေး။ လမ်းနှစ်ခုက ဦးတည်ရာ မတူဘူး။ ခပ်ကျယ်ကျယ် လမ်းမကြီးအတိုင်းပဲ ငါ ဝင်လာခဲ့တယ်။ ဒါပေမယ့် သိပ်ဝေးဝေးတော့ မသွားနိုင်ပါဘူး။ အတွင်းရောက်လေလေ မှောင်လေလေဆိုတော့ သွားရတာလည်း မတွင်ဘူးပေါ့။ ငါ့ရဲ့ လမ်းကိုပြပေးနေသလို တစ်ချက် တစ်ချက် လျှပ်ပြက်သလို လင်းလာတဲ့ ခပ်လှမ်းလှမ်းက အလင်းရောင်လေးကိုပဲ အားကိုးပြီးသွားနေရတာ"

"အဲဒီလိုသွားတော့ ဘယ်ရောက်သွားလဲ"

ကျွန်တော် ဆန္ဒတွေ စောနေပြန်တယ်။ လင်းနေ့(ခ)ကတော့ ထိုမှုနှင့် အတော်လေး အာခြောက်သွားပုံရပါတယ်။ ခုတင် နံဘေးနားက စားပွဲပေါ်က ရေခွက်ကို လှမ်းယူ ခါးကိုဆန့်ရင်း တစ်ကြိုက်နှစ်ကြိုက် မော့ချခဲ့ပြီးမှ –

"ဘယ်မှ မရောက်သေးဘူး။ လမ်းခုလတ်မှာတင် သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။ သူ့ပုံစံက လူတစ်ယောက်နဲ့ တူပေမယ့် သွေးပျက်လောက်အောင်တော့ အတော်ကြီး ကြောက်စရာကောင်းတာ။ သူ့ရဲ့အရပ်ကြီးက ဆယ်ပေကျော်လောက်ရှိတယ်။ ကျောပေါ်မှာလည်း အတောင်ကြီးနှစ်ဖက်နဲ့။ မည်းလိုက်တဲ့ အသားရောင်ကလည္း မိုင်းကွင်းထဲမှာ ငါတူးခဲ့တဲ့ ကျောက်မီးသွေးက အဖေခေါ်ရလောက်တယ်။ တစ်ကိုယ်လုံးလည်း အဝတ်အစားတစ်ခုမှ မရှိဘူး။ သူ့မျက်လုံးတွေက မီးဟုန်းဟုန်းတောက်လောင်နေတဲ့ ဘောလုံးကြီးတွေလိုပဲ။ ပုလဲနှစ်ရောင်လို ဖြူဖွေးတဲ့ သွားကြီးတွေကတော့ တစ်ချောင်း တစ်ချောင်းကို နှစ်လက်မလောက်ရှိတယ်။ သူ့နှာခေါင်း၊ အဲ ..., နှာခေါင်းလို့ သတ်မှတ်လို့ရတဲ့ဟာပေါ့။ အဲဒါကြီးကတော့ ခပ်ပြားပြားနဲ့ကားပြီး အကြီးကြီးပဲ။ ကြေးနန်းကြိုးတွေလို မာတောင့်ပြီး မည်းနက်နေတဲ့ သူ့ ခေါင်းပေါ်က အမွေးတွေက ပခုံးထက်ကို ရောက်လောက်အောင် ရှည်ကျနေတယ်။ သူ့အသံကြီးကလည်း ခြင်္သေ့တစ်ကောင် ဟိန်းသလိုမျိုး တော်တော်ကို ကြောက်စရာကောင်းတာ။ ပြီးတော့ သူ့လက်ထဲမှာ ဆယ့်ငါးပေလောက် ရှည်တဲ့ လှံကြီးတစ်ချောင်းလည်း ကိုင်ထားသေးတယ်။

လျှပ်ပြက်သလို တစ်ခါတစ်ခါ လင်းလာတဲ့ အရောင်အောက်မှာ သေ သေချာချာ သူ့ကို ကြည့်လိုက်မိတော့ သူက လူနဲ့တော့ တော်တော်တူတယ်။ ဒါပေမယ့် လူမဟုတ်ဘူး မျောက်နဲ့လည်းတူတာပဲ။ ဒါပေမယ့် မျောက်လည်း မဟုတ်ပြန်ဘူး။

အဲဒီအကောင်ကြီးက သူ့နောက်ကလိုက်ခဲ့ဖို့ ငါ့ကိုပြောတယ်။ ငါ လိုက်သွားရတာပေါ့။ ကိုယ်က ဘာများလုပ်နိုင်မှာမို့လို့လဲ။

အဲဒီအကောင်ကြီး နောက်ကလိုက်ပြီး အတော်လေး သွားမိတော့ ...င်ကြီးတစ်ခုရှေ့ကို ငါတို့ရောက်သွားကြတယ်။ ထူးဆန်းတာက အဲဒီ ...င်ကြီးရဲ့ ငါတို့ရှိနေတဲ့ ဘက်အခြမ်းဟာ နံရံကြီးတစ်ခုလို ပြောင်ချောညီ ...ပြီး မတ်မတ်ကြီး ဖြစ်နေတာပဲ။ နံရံပေါ်မှာတော့ 'ငရဲပြည်'လို့ စာတန်းကြီး ...ထားတယ်။ ငါ တော်တော်လန့်သွားမိတယ်၊ စောစောက ငါ ပြောတဲ့ ...ကောင်ကြီးကတော့ အဲဒီနံရံကြီးနား ကပ်သွားပြီး သူ့လက်ထဲက လှံရဲ့လက် ...ရိုးနဲ့ နံရံကို သုံးချက်ခေါက်လိုက်တယ်။ ခပ်ဟိန်းဟိန်း အသံကြီးနဲ့အတူ ...ပေါ်မှာ တံခါးကြီးတစ်ခု ပေါ်လာပြီး အတွင်းဘက်ကို ပွင့်သွားတယ်။ ...တံခါးကနေပဲ ငါတို့လည်း အထဲကိုဝင်ကြရတယ်။

"အဲဒီအထဲမှာ ဘာတွေ တွေ့လဲ"

"ဘာမှ မတွေ့ရဘူး။ အထဲမှာလည်း ပိန်းပိတ်အောင် မှောင်နေတာ ...လမ်းသွားတာတောင် ငါ့ရှေ့ကသွားတဲ့ လမ်းပြအကောင်ကြီးရဲ့ ခြေသံကို ...ားထောင်ပြီး လိုက်ရတာ။ လမ်းတစ်လျှောက်လုံးမှာလည်း သေလုမျောပါး ...ကျဟစ်ညည်းတွားနေတဲ့ အသံတွေ၊ ငိုယိုသံတွေ၊ ရေ ... ရေ ... ရေလို့ ...င်းနေတဲ့အသံတွေကို မှောင်မှောင်မည်းမည်းကြီးထဲက ကြားနေရသေး ...ယ်။ အဲဒီလို ညည်းတွားသံတွေ ကြားရတဲ့နေရာ အတော်များများကို ...ပြီးတော့မှ တံခါးမကြီးတစ်ခုရှေ့ကို ငါတို့ ရောက်သွားခဲ့ကြတယ်။

အဲဒီတံခါးမကြီးက ငါတို့ ဝင်ခဲ့တဲ့တံခါးရဲ့ တစ်ဘက်စွန်းမှာ ရှိနေတဲ့ ...ထွက် တံခါးကြီးပေါ့။ အဲဒီ တံခါးမကြီးက ထွက်လိုက်တယ်ဆိုရင်ပဲ ... ကျယ်ကျယ် လွင်ပြင်ကြီးတစ်ခုကို ငါတွေ့လိုက်ရတယ်။

အဲဒီလွင်ပြင်ကြီးထဲမှာ ခုနက ငါ့ကို လမ်းပြပေးခဲ့တဲ့ အကောင်ကြီး ... ငါ့ကို ထားခဲ့တယ်။ တော်တော်ကြာအောင် ငါတစ်ယောက်တည်း ...ပြင်ကျယ်ကြီးထဲမှာ ယောင်လည်လည် ဖြစ်နေပြီးမှ ငါ့အနားကို စောစော ... အကောင်ကြီးနဲ့ ပုံစံတူ သတ္တဝါတစ်ကောင် ထပ်ရောက်လာတယ်။ ...စော က အကောင်နဲ့ ကွာတာတော့ သူ့လက်ထဲမှာ ကိုင်ထားတာကြီးပဲ။ ... စောစောက ကောင်ကြီးလို လှံမကိုင်ဘူး။ သူကိုင်ထားတာက စာရှည် ...ပြီးတော့ သူက စောစောက အကောင်ကြီးလို ငါ့ကို လမ်းပြရအောင်

လာတာ မဟုတ်ဘူး။ နောင်တစ်ချိန် ငါကျခံရမယ့် ငရဲနဲ့ပတ်သက်ပြီး ပြောပြရအောင် ရောက်လာတာ။ သူက ကြောက်ရွံ့စရာ ကောင်းလောက်အောင် အော့နှလုံးနာစရာ အသံကြီးနဲ့၊ မင်းခုနကလာတဲ့ လမ်းမှာ ညည်းတွားသံတွေ ငိုယိုသံတွေ၊ ရေတောင်းသံတွေ ကြားခဲ့တယ် မဟုတ်လား။ အဲဒီအသံတွေက မင်းလျှောက်ခဲ့တဲ့ လမ်းရဲ့ဘေးမှာရှိတဲ့ မီးပင်လယ်ကြီးထဲမှာ ကျခံနေရတဲ့ ငရဲသားတွေဆီကလာတဲ့ အော်သံတွေ၊ အသက် သုံးဆယ်ကျော်ကျော်လေးမှာ ဒုစရိုက်တွေ တစ်ရာကျော်အောင် ကျူးလွန်ပြီး အကုသိုလ်တွေ တစ်သီကြီး လုပ်ခဲ့တယ်။ မင်းလည်း နောင်တစ်ချိန်ကျရင် အဲဒီမီးပင်လယ်ထဲမှာ ငရဲကျခံရမှာလို့ ပြောတယ်။

ပြီးတော့ ငါရောက်နေတဲ့ လွင်ပြင်အကြောင်းကိုလည်း ပြောပြတယ်။ ဒီလွင်ပြင်ဟာ အချိန်မီ ပြင်ဆင်ချင်ရင် ပြင်ဆင်ခွင့်ရတဲ့ လူတွေသာ ရောက်ခွင့်ရှိတဲ့ လွင်ပြင်တဲ့၊ ဒီလွင်ပြင်ကို ရောက်တဲ့လူလည်း လက်ချိုးရေလို့ ရအောင် အတော့်ကို ရှားတယ်တဲ့။

ငါ့ရဲ့အနာဂတ်မှာ ငါခံရမယ့် ငရဲအကြောင်းသိလိုက်ရတော့ ငါ တော်တော် တုန်လှုပ်သွားတယ်။ လွင်ပြင်ထဲမှာ အဲဒီအကောင်ကြီးနဲ့အတူ ရပ်နေရင်းက သတိလစ်ချင်သလို ဖြစ်ပြီး ငါ ပက်လက်လန်ကျသွားတယ်။ ဒါပေမယ့် ငါ သတိမလစ်သွားဘူး၊ အိပ်ပျော်နေသလိုလို၊ နိုးနေသလိုလိုဖြစ်ပြီး အိပ်မက်မက်သလိုလည်း ဖြစ်သွားတယ်။ အိပ်မက်ထဲမှာ လဲကျနေတဲ့ ငါ့ ခေါင်းအထက် ကောင်းကင်ပေါ်မှာ မြို့ကြီးတစ်ခုကို ငါတွေ့လိုက်ရတယ်။

အဲဒီမြို့ကြီးဟာ အရမ်းကို လှပနေပြီး မြင်လိုက်တာနဲ့ကို အရမ်းကို ပျော်စရာကောင်းတဲ့ မြို့မှန်းသိသာနေတယ်။ ဘုရားစာ စာအုပ်တွေထဲ၊ ဘာသာရေး စာအုပ်တွေထဲမှာ ငယ်ငယ်ကဖတ်ဖူးတဲ့အတိုင်းပဲ၊ အေးမြလှပတဲ့ ရောင်စုံပန်းပွင့်တွေကြားမှာ ပြေးလွှားဆော့နေတဲ့ နတ်သမီးတွေလည်း ငါမြင်ရတယ်၊ ငြိမ်ငြိမ်ချမ်းချမ်း ပျော်နေတဲ့ နတ်သားတွေလည်း တွေ့ရတယ်။

အဲဒီ နတ်သမီးတွေ၊ နတ်သားတွေကြားထဲမှာ ငါ ဘယ်သူ့ကို ထပ်ပြီးတွေ့လိုက်ရသလဲ သိလား။ ဆိုးလွန်းမိုက်လွန်းတဲ့ ငါ့အတွက်နဲ့ ရင်ကွဲနာကျပြီး သေသွားခဲ့ရတဲ့ ငါ့အမေလေ၊ အမေလည်း ငါ့ကို အဲဒီကောင်းကင်

ပေါ်က မြို့တော်ကြီးကနေ လှမ်းပြီး မြင်သွားပုံရတယ်။ ငါ့ကို ဆွဲယူမချိဖို့ ကြိုးစားသေးတယ်။ ဒါပေမယ့် မရဘူး။ အဲဒီအချိန်မှာ ငါ့ကိုယ်ပေါ်ကို အဆံမတန်လေးတဲ့ အရာဝတ္ထုကြီးတစ်ခုနဲ့ ဖိထားခံရသလို ခံစားနေရတယ်။ နောက်ဆုံးတော့ အမေဟာ လက်လျှော့လိုက်ရတယ်။ သူ့ရဲ့အနီးမှာ ရှိတဲ့ န်းပင်ပေါ်က ပန်းတစ်ပွင့်ကို ခူးပြီးသာ ငါ့ကိုယ်ပေါ်ကို ပစ်ချပေးနိုင်ခဲ့တယ်။

ဒါပေမယ့် အဲဒီပန်းလည်း ငါ့ဆီ မရောက်ပါဘူး။ အမေ့လက်ထဲက န်းပွင့်လေးကျလာကာစမှာပဲ ငါ လန့်နိုးသလို ဖြစ်သွားတယ်။ အနားကို ကြည့်လိုက်တော့ ငါ ကျခံရမယ့် ငရဲအကြောင်း ပြောပြခဲ့တဲ့ အကောင်ကြီး ့အနားမှာ မရှိတော့ဘူး။ အလာတုန်းက လမ်းပြပေးတဲ့ အကောင်ကြီးပဲ အနားမှာ ပြန်ရောက်နေတယ်။

သူက ငါ့ကို အလာတုန်းက လမ်းအတိုင်းပဲ ပြန်ပို့ပေးခဲ့တယ်။ ပေမယ့် ခရီးဆုံးထိတော့ မဟုတ်ဘူး။ 'ငရဲပြည်' ဆိုတဲ့ ဆိုင်းဘုတ်ကြီးရှိတဲ့ ံခါးဝအထိပဲ ပို့ပေးတာ။ တံခါးကြီးကိုကျော်တော့ မှောင်မှောင်မည်းမည်းထဲ ာ ငါ တစ်ယောက်တည်း ရှိတော့တယ်။ ငါလည်း စမ်းတဝါးဝါးနဲ့ပဲ ပြန်လာခဲ့ရ တာပေါ့။

ဒီလိုနဲ့ တစ်နေရာအရောက်မှာ မှောင်ထဲက တစ်ခုခုနဲ့ ငါ့ခေါင်း ်ဆောင့်ပြီး ငါ လဲကျသွားတယ်။ ငါ့မျက်လုံးတွေလည်း ပြာသွားတာပေါ့။ ှိသွားတဲ့ မျက်လုံးတွေကို ကြိုးစားပြီး ပြန်ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ါဟာ အမှောင်ထုထဲမှာ ရှိမနေတော့ဘူး။ ဂူကျဖာဆန် အကျဉ်းထောင်ထဲက ကြံလမ်းကျဉ်းလေးတစ်နေရာကို ပြန်ရောက်နေပြီ လူ့လောကထဲ ငါ ပြန် ရောက်နေပြီပေါ့။

"အဲဒီကတည်းက ငါဆုံးဖြတ်လိုက်တယ်။ ဒီတစ်ခါ ထောင်က ွတ်ရင် ဒုစရိုက်အလုပ်တွေ မလုပ်တော့ဘူး။ အကုသိုလ်နည်းနိုင်သမျှ ည်းအောင် ကြိုးစားတော့မယ်။ တရားဓမ္မဘက်ကို သေသေချာချာ လှော လိုက်စားပြီး အမေရှိတဲ့ ကောင်းကင်ပေါ်ကမြို့ဟောင်းကြီးကို သွားနိုင်အောင် ကြိုးစားတော့မယ် သူငယ်ချင်း"

လင်းနော့(ခ)ရဲ့ အကြောင်းစုံကို သိလိုက်ရတော့ ကျွန်တော့်စိတ်ထဲ ပိုပြီး ထူးဆန်းသွားသလို ခံစားလိုက်ရတယ်။ ယုံရခက်ခဲဆိုတာမျိုးလည်း ဖြစ်သွားခဲ့တယ်၊ ဒါပေမယ့် ကျွန်တော် ဘာမှအတွန့်မတက်ခဲ့ပါဘူး။ အားပေး နှစ်သိမ့်စကား အနည်းအပါးဆိုပြီး နှုတ်ဆက်ထပြန်ခဲ့တယ်။

အဲဒီအချိန်ကစလို့ လင်းနော့(ခ)နဲ့ ကျွန်တော် ပြန်ဆုံဖြစ်ခဲ့တယ်။ နောက်ပိုင်းမကြာမကြာလည်း သူ့ဆီ ထောင်ဝင်စာ အတွေ့သဘောမျိုး သွားခဲ့သေးတာပေါ့။ လင်းနော့(ခ)ကတော့ သူ့ခြေထောက်ဒဏ်ရာကြောင့် ထောင်ဆေးရုံပေါ်မှာ ခြောက်လလောက် ကြာခဲ့တယ်၊ နောက်ပိုင်းမှ အလုပ် ပြန်လုပ်နိုင်တာ။

ဘာပဲပြောပြော အဲဒီနောက်ပိုင်းမှာတော့ လင်းနော့(ခ)ဟာ အတော့်ကို နူးညံ့သိမ်မွေ့သွားခဲ့တယ်၊ ဘာသာတရားကိုလည်း အတော်လေး ကိုင်းရှိုင်း သွားခဲ့တယ်။ မြင်းသူခိုးဘဝက သူနဲ့လက်တွဲဖော် ဖြစ်ခဲ့ကြပြီး သူ့ရဲ့ ဆိုးပုံ၊ မိုက်ပုံတွေကို တွေ့ကြုံခဲ့ဖူးသူတွေ ဆိုရင် လင်းနော့(ခ)ဟာ အသက်ရှင်လျက် ဘဝနှစ်ခုပြောင်းသွားတယ်လို့တောင် ဆိုခဲ့ကြလေတယ်။

သက်ထက်စန်း

ဝန်ခံချက် ။ ။ After Death - Whatမှ ဂန်ဒဗလျူရေးနိုး(လ်) ရေး သားသည့် လင်းနော့စ်အကြောင်းဖြစ်ရပ်မှန် ဇာတ်လမ်း အား ပြန်လည်တည်ဆောက်ပါသည်။

## ဖရန့်ဖဟ်ကာ နားဆွဲပျောက်ဆုံးမှု

လူနာတွေ ထိုင်စောင့်ကြတဲ့ အခန်းနံရံက နာရီကို ဂျင်နီဖာ ကြည့်လိုက်တော့ ညရှစ်နာရီခွဲလို့ နေပါပြီ၊ ဒေါက်တာ ဂျစ်ပ်ဆင်ရဲ့ အခန်းက မီးလင်းနေဆဲပါ။ ငါတော့ အိမ်အပြန် နောက်ကျတော့မယ်ဆိုပြီး သူမဖာသာ ညည်းတွားနေမိပါတယ်။ ဆရာဝန်က ဘာကြောင့်များ မြန်မြန်ထက်ထက် လုပ်ငန်း မသိမ်းရတာပါလိမ့်၊ ကြာသပတေးနေ့ ညနေပိုင်းတိုင်း ခွဲစိတ်ခန်း အလုပ်များနေတတ်ပေမယ့် အခုညကျမှ ပိုပြီး အလုပ်ရှုပ်နေပါတယ်။

ဗီရိုထဲက သတင်းစာကို ခပ်မြန်မြန် ဆွဲယူလိုက်ရင်း ဂျူတီကုတ်အဖြူကို ချွတ်ကာ ဗီရိုထဲထည့်ပြီး သော့ခတ်လိုက်ပါတယ်၊ သူမ အခန်းမီးပိတ်လိုက်တာနဲ့ အရှေ့ဘက်အပေါက် လူခေါ်ခေါင်းလောင်း မြည်လာတာကြောင့် တံခါးဖွင့်လိုက်ပါတယ်၊ မှောင်နေပေမယ့် လက်နှစ်ဖက်လုံး အိတ်ထဲထည့်ထားတဲ့ လူတစ်ယောက်ကိုတော့ သူမမြင်နိုင်ပါသေးတယ်။ ရှေ့တိုးလာတော့မှ အဲဒီလူရဲ့ မျက်နှာအရှလင်းရောင်အောက် ရောက်လာပါတယ်။ သူမလည်း တအံ့တသြနဲ့. –

"ရစ်ချတ်၊ နင် ဒီကို ဘာလာလုပ်တာလဲ"

"အထဲကို ကျွန်တော် တစ်မိနစ်လောက် ဝင်ပါရစေ"

ပြောပြောဆိုဆို အဖြေကိုတောင် မစောင့်ဘဲ သူမကို တွန်းပြီး အထဲဝင်ခဲ့ပါတယ်။ အခါတိုင်းကတော့ ရစ်ချတ်အသံ ကြားရရင် သူမ ဝမ်းသာသွားစမြဲပါ။ ဒီနေ့မှာတော့ ပြောင်းပြန်ပါ။

"ငါ့မှာ အချိန်မရှိဘူး၊ ဆောရီးပဲ၊ ငါ့သူငယ်ချင်း ကာလယ်ယာနဲ့ ညစာစားဖို့ ချိန်းထားတယ်" လို့ ပြောရင်း ရစ်ချတ်ရဲ့ မောပန်းနွမ်းနယ်နေပြီး သောကပွားနေတဲ့ မျက်လုံးတွေကို မြင်ရတာကြောင့် –

"ဒါက ဘာဖြစ်လာတာတုန်း"

အဲဒီအချိန်မှာပဲ ဒေါက်တာ ဂျစ်ပ်ဆင်က –

"အခန်းရှေ့က မြည်တဲ့ ဘဲလ်သံက လူနာအသစ်ရောက်လာတာလားဟေ့"

"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်မ မောင်လေးပါ" လို့ ဖြေရင်း ရစ်ချတ်ကို –

"တစ်ခုခုများ ဖြစ်လာပြန်ပြီလား မောင်လေးရယ်"

ရစ်ချတ်က ခေါင်းညိတ်ပြရင်း –

"အလုပ်ထဲမှာ ပြဿနာတစ်ခု ဖြစ်ခဲ့လို့ပါ"

"ပြဿနာ"

"ဘာမဟုတ်တဲ့ ပြဿနာလေးပါ အစ်မရယ်၊ ဒါပေမဲ့ ဘော့စ်က ကျွန်တော့်ကို အလုပ်ထုတ်ပစ်လိုက်တယ်"

"ဩော် ... ရစ်ချတ်ရယ်၊ အခါပေါင်းလဲ များလှပါပြီ"

ဂျင်နီယာ စိတ်ထဲ ထောင်းခနဲ ဖြစ်သွားပြီး –

"အခု နင့်မှာ ပိုက်ဆံမရှိတော့ဘူး မဟုတ်လား"

"သိပ်လဲ ဒေါသမကြီးပါနဲ့ အစ်မရယ်၊ ငွေများများစားစားလဲ ကျွန်တော် မလိုပါဘူး၊ ပေါင်နှစ်ဆယ်တည်းပါ၊ နောက်အပတ်မှာ ပြန်ဆပ်ပါ့မယ်"

တစ်ခါ သူမရဲ့ ပခုံးပေါ်ကို လက်တင်လိုက်ရင်း –

"ကျွန်တော့်ကို ပေါင်နှစ်ဆယ် ချေးမယ် မဟုတ်လား အစ်မ၊ ပေါင်နှစ်ဆယ်တည်းပါဗျာ၊ အလကားပေးသလောက် ရှိပါတယ်"

"အေးပါ ငါသိပါတယ်၊ မင်း အဝ်မတန် မြတ်နိုးတဲ့ မိန်းကလေး အတွက် မဟုတ်လား၊ ဟို အရင်တစ်ခါအတိုင်းလေ"

ဂျင်နီဖာက သူမရဲ့မောင်အကြောင်း နောကြေနေပါပြီ။ မကြာခဏ ဒါပွပေ မယ့် ရစ်ချတ်တောင်းသလောက်ကို လိုက်လျောနေကျပါ။ အခု လည်း ပိုက်ဆံအိတ် ဖွင့်ပြီး ပေါင်နှစ်ဆယ်လှမ်းပေးပါတယ်။

"မမေ့နဲ့နော်၊ နောက်အပတ်ထဲမှာ ပြန်ဆပ်ရမယ်" –

ရစ်ချတ်ကလည်း ပြုံးရင်း –

"ကျေးဇူးပါပဲ ဂျင်နီဖာရယ်၊ အခု ကောင်မလေးကတော့ တကယ့်ကို ချစ်စရာပါ၊ အယင်ဟာတွေနဲ့ တခြားစီပါ၊ ကဲပါလေ အစ်မမှာ အရေး တကြီး ကိစ္စ ရှိနေတာမို့ ကျွန်တော် အခုပဲ သွားပါပြီ"

"မမေ့နဲ့ဟေ့ နောက်အပတ်ကျရင် ပေါင်နှစ်ဆယ်လာ ပြန်ပေး နော်"

■

မက်ဇင်စားသောက်ဆိုင်ထဲမှာ လူတွေ ပြည့်နေပါတယ်။ ရုံးအမှု ထမ်း ကျားမကြီးငယ်အတွင်းကော တတိယရွယ်တချို့နဲ့ ကျောင်းသားတစ် သိုက်ရယ်၊ ဇာတ်သမားအချို့ကို မြင်ရပါတယ်။ ဂျင်နီဖာလည်း သူငယ်ချင်းကို ကိုးကန်းတောင်းမှောက် ရှာရပါတယ်။ အရင်တုန်းကတော့ ပြတင်းပေါက် နားမှာ ကလယ်ယာက ထိုင်နေကျပါ။ ဒါပေမဲ့ အခုညမှာတော့ ကလယ်ယာ ထိုင်နေကျခုံတစ်ဝိုက်မှာ ပါတီတစ်ခု ကျင်းပနေတာမို့ တခြားလူတွေနဲ့ ပြည့် နေပါတယ်။ မကြာမီ ကလယ်ယာရဲ့ ခေါ်သံကို သူမ နောက်ဘက်က ကြားရပါတယ်။

"မင်း ငါ့ကို ရှာမတွေ့ဖူးလား၊ ဒီမှာ ငါ ထိုင်နေတာ တော်တော် ကြာခဲ့ပြီ"

"ဟုတ်တယ် ကလယ်ယာရေ၊ ငါ နောက်ကျတာကွ၊ ဆောရီးပဲ၊ ဒီနေ့ သိပ်အလုပ်များခဲ့တယ်ကွာ၊ ဒီကြားထဲ ရစ်ချတ်က ငွေလာချေးနေလို့ ကွာ၊ သူကတော့ အမြဲတမ်းငွေလိုနေတဲ့လူကွ"

သူတို့နှစ်ဦး စားပွဲလွတ်တစ်ခုဆီ သွားထိုင်ခဲ့ကြပါတယ်။ စားပွဲထိုးတစ်ဦး ရောက်လာပြီး သူတို့မှာတာတွေကို ရေးယူသွားပါတယ်။ အဲဒီအချိန်မှာ ပြတင်းပေါက် နားက ပါတီက ချီးယားစ်ဆိုတဲ့ အသံကြီး ပေါ်လာပါတယ်။ မီးခိုးရောင်ဖျော့ဖျော့ဝတ်စုံနဲ့ လူကြီးတစ်ယောက် မတ်တပ်ထရပ်ပြီး မိနစ်အနည်းငယ်ကြာ စကားပြောရင်း သူ့ဖန်ခွက်ကို မြှောက်လိုက်ပါတယ်။ ကျန်လူတွေအားလုံးပါ မတော်တဆ ထရပ်ကြပြီး အဲဒီလူကြီးနောက်မှာ ထိုင်နေတဲ့ ရွှေနားဆွဲကြီးနဲ့ မိန်းမပျိုလေးကို ဝိုင်းကြည့်ကြပါတယ်။ လူတိုင်းရယ်ရယ်မောမောနဲ့ "သင့်အတွက် ပျော်ရွှင်သော မွေးနေ့ဖြစ်ပါစေ" လို့ အစချီပြီး တေးသီဆိုကြပါတော့တယ်။ သူတို့အားလုံးဝမ်းသာ ရွှင်ပျနေကြပေမယ့် မွေးနေ့ရှင် မိန်းကလေးရဲ့မျက်နှာမှာ ပြုံးရိပ်လေးတောင် သန်းမနေပါ။ သီချင်းဆုံးသွားတော့ နောက်ထပ် ချီးယားစ်ဆိုတဲ့ အသံကျယ်ကြီးနဲ့အတူ ရယ်မောသံ အော်ဟစ်သံတွေ ဆူညံသွားပါတော့တယ်။ သီချင်းဆုံးတော့ တစ်စုံတစ်ယောက်က 'ဒီနေ့နှစ်ဆယ့်တစ်၊ ဒီနေ့ နှစ်ဆယ့်တစ်' လို့ အော်လိုက်တာနဲ့ စားသောက်ဆိုင်တစ်ဆိုင်လုံးရှိ လူတွေအားလုံးကပါ သီချင်းလိုက်ဆိုကြ ပါတော့တယ်။

ရုတ်တရက် ဖန်ခွက်ကွဲသံတစ်သံ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာပါတယ်။ တစ်ခါတစ်စုံတစ်ယောက် ထွက်သွားပြီး အော်သံတစ်သံ ပေါ်ထွက်လာပါတယ်။

"သဘက်တစ်ထည် ခပ်မြန်မြန် ယူခဲ့"

မီးခိုးရောင်ဝတ်စုံနဲ့ လူကြီးစားပွဲပေါ်မှာ လဲနေပါတယ်။ သွေးတွေလွှမ်းနေတဲ့ သူ့မျက်နှာကို သူ့ဖာသာ မထားပါတယ်။ စားပွဲပေါ်မှာတော့ ဖန်ခွက်တစ်လုံး ကွဲနေတာကို မြင်ကြရပါတယ်။

တစ်စုံတစ်ယောက်က ကျယ်ကျယ်လောင်လောင်နဲ့ –

"ဘာဖြစ်တာလဲ၊ သူ လဲသွားတာလား"

တစ်ချိန်တည်းမှာပဲ ကျန်တဲ့လူများစုကြီးကလည်း ကိုယ့်အထင်ကိုယ် ပြောနေကြပါတော့တယ်။

"မင်းတို့ မသိဘူးလား၊ သူ့မှာ နှလုံးရောဂါ ရှိတယ်ကွ။ ဂျူးက နှစ်ပေါင်း တော်တော်ကြာအောင် ဆေးရုံကို အိမ်လုပ်ရင်း တက်လိုက်ဆင်းလိုက်နေခဲ့ရတာကွ။ သူ့ခေါင်းကို ဒီမှန်တွေ ထိခဲ့တာပါ"

လူကြီးကတော့ စားပွဲဘေးမှာ လဲနေလျက်ပါ။ ဂျင်နီဖာ ခုန်ပြီး လူကြားထဲ တိုးဝင်လိုက်ပါတယ်။ ကလယ်ယာက သူမ နောက်က ပါလာပါတယ်။

"ကျွန်မတို့က သူနာပြုတွေပါ၊ အကူအညီ လိုပါသလား"

လူကြီးရဲ့ မျက်နှာပေါ်မှာ ဒဏ်ရာတစ်ချက် တွေ့ရပြီးနောက် ခပ်နက်နက် ကွဲသွားပုံရပါတယ်။ အဲဒီဒဏ်ရာက သွေးတွေ ထွက်နေတာပါ။ စားပွဲထိုးတစ်ယောက် သဘက်တစ်ထည်နဲ့ ပြေးလာပါတယ်၊ ဂျင်နီဖာလည်း သဘက်ကို ဆွဲယူပြီး ဒဏ်ရာကို သုတ်ပေးပါတော့တယ်။ လူကြီးရဲ့ ပါးစပ်ကနေပြီး ထူးထူး ဆန်းဆန်း အသံတွေ ထွက်နေပါတယ်။

"ကလယ်ယာ မင်းကားနဲ့ပဲ ဆေးရုံပို့ကြစို့"

အပြင်ဘက် တွဲချီခဲ့ပြီး ကလယ်ယာရဲ့ ကားထဲ လူနာကို ထည့်လိုက်ကြပါတယ်။ ဂျင်နီဖာက လူနာဘေးမှာ ထိုင်ပြီးလိုက်ခဲ့ပါတယ်။ လူနာရဲ့ မျက်နှာကိုတော့ သဘက်နဲ့ အုပ်ထားဆဲပါ။ အခုတော့ သွေးထွက်တာ ရပ်သွားပြီး လူနာ နည်းနည်း သက်သာလာပါတယ်။ "ဘယ်ကို သွားနေကြတာလဲ။ ကျုပ် အိမ်ကို ပြန်ပို့နေကြတာလား" လူနာ့အမေးကြောင့် ဂျင်နီဖာလည်း –

"ငြိမ်ငြိမ်လေးသာလိုက်ခဲ့ပါ၊ စကား မပြောပါနဲ့၊ ဦးကြီးဖာသာ လဲကျသွားပြီး ဒဏ်ရာရခဲ့တာပါ၊ ပြန်ကောင်းသွားမှာပါ၊ အချိန်မီ ဆရာဝန်ပြဖို့တော့ လိုတယ်။ ဆေးရုံရောက်ပါတော့မယ်'

ဆေးရုံဆိုတဲ့ အသံကြားရတာနဲ့ တစ်ပြိုင်နက် လူနာက ချက်ချင်း ထဖို့ ကြိုးစားရင်း စိတ်ဆိုးမာန်ဆိုးနဲ့ –

"မသွားဘူး ... မသွားဘူး၊ ဆေးရုံသွားစရာ မလိုဘူး၊ ဆေးရုံတင်ရမယ့် အခြေအနေ မဟုတ်ဘူး၊ ငါ့အိမ်ကိုသာ ပြန်ပို့ပေးကြပါ၊ ဒါနဲ့ မင်းတို့က ဘယ်သူတွေလဲ"

ဂျင်နီဖာကလည်း -

"ကျွန်မက သူနာပြုတစ်ယောက်ပါ၊ ဦးလေး ဆရာဝန်ပြဖို့ လို အပ်ပါတယ်။ အခု ဆေးရုံရောက်တော့မယ်။ အေးအေးဆေးဆေး ထိုင်နေပါ၊ စကားမပြောပါနဲ့"

ဒါပေမယ့် လူနာက ပိုသက်သာလာ ပုံရပြီး ငြိမ်ငြိမ်မနေတော့ပါ၊ ဂျင်နီဖာ့လက်မောင်းကို ဆွဲပြီး အော်ဟစ်ပါတော့တယ်။

"ဆရာဝန်ကို ငါ မတွေ့ချင်ဘူး ငါ့ မျက်နှာပေါ်မှာ နည်းနည်းလေး ရှသွားတာ၊ အခုကောင်းနေပြီ။ အိမ်ကို ပို့ပေးပါ"

ဂျင်နီဖာက မဖြေမီ လူနာက ညင်ညင်သာသာ လေသံပျော့လေးနဲ့

'တကယ့်ကို ကျုပ် နေကောင်းသွားပါပြီ။ ကျုပ်ကို ဆေးရုံကို ပို့ ပေးစရာ မလိုတော့ပါဘူး။ အားလုံးက ကျုပ်ကို ဆေးရုံ အမြဲတမ်း တင်ထား ချင်ကြတာပါ။ ကျုပ်ရဲ့ နှလုံးကြောင့်လေ၊ သန်ဘက်ခါကျရင် လုပ်ငန်းရှင်တစ် ယောက်နဲ့ အရေးတကြီး တွေ့စရာ ကျုပ်မှာ ရှိနေတယ်။ ကျုပ် မတွေ့လို့ မဖြစ်ဘူး။ ကားရပ်ပေးပါ၊ တက္ကစီနဲ့ ကျုပ် အိမ်ပြန်မယ်"

အခုတော့ မော်တော်ကားက ဆေးရုံ ဂိတ်ဝရောက်နေပါပြီ၊ သူနာ ပြုဆရာမတစ်ယောက် ထွက်လာလို့ ကလဲယာက အဖြစ်အပျက်ကို ရှင်းပြနေ တုန်း ဂျင်နီဖာက လူနာကိုတွဲပြီး ကားအပြင် ထုတ်လိုက်ပါတယ်။ သူနာပြု ဆရာမကို လူနာက ဒေါ်သတကြီး ပြောလိုက်ပြီး ခဏကြာတော့ သူနာပြု ဆရာမနဲ့ နောက်ကနေ ဆေးရုံထဲ ဝင်လိုက်သွားပါတော့တယ်။ ဂျင်နီဖာနဲ့ ကလဲယာတို့ကတော့ ပြန်ထွက်လာခဲ့ကြပါတယ်။

"တော်တော် ဆိုးတဲ့ လူကြီးပဲ၊ ကျေးဇူးတင်ပါတယ်လေ တစ်ခွန်း တောင် ပြောဖော်မရဘူး"

ကလယ်ယာရဲ့ မကျေနပ်ရင်ဖွင့်သံကြောင့် ဂျနီဖာကလည်း -

"တချို့လူတွေက ကျေးဇူးတင်ပါတယ်လို့ ဘယ်တော့မှ ပြောလေ့ မရှိကြဘူး။ ဂရုစိုက်မနေစမ်းပါနဲ့"

မက်ဖင်စားသောက်ဆိုင်ကို သူတို့ ပြန်ရောက်တော့ မီးလုံးပြာနဲ့ ပုလိပ်ကားတစ်စင်း ရပ်ထားတာ မြင်ကြရတယ်။ တံခါးမှာတော့ လူတစ်အုပ်

ရှပ်နေကြပါတယ်။ ဂျင်နီဖာက လူအုပ်ကို တိုးဝှေ့ဝင်သွားပါတယ်။ ကလယ်ယာလည်း ဂျင်နီဖာနဲ့ ကပ်ပါလာပါတယ်။ ဂျင်နီဖာနဲ့ ကပ်ပါလာပါတယ်။ သူတို့ စားသောက်ဆိုင်ထဲ ပြန်ဝင်ဖို့ လုံးပန်းနေကြတာပါ။ ပုလိပ်တစ်ယောက် သူတို့နှစ်ဦးရှေ့ရောက်လာကာ ဂျင်နီဖာ လက်မောင်းကို ဆွဲထားပြီး သူတို့နှစ်ဦးကို -

"မင်းတို့ ဒီမှာ စောင့်နေကြ"

ကလယ်ယာကလည်း -

"ကျွန်မတို့ ညစာမှာ ထားခဲ့ပြီးပြီ မစားရသေးဘူး"

ဒါပေမဲ့ ပုလိပ်က သူတို့ ပြောစကားကို ဂရုမပြုပါ။ မှန်တံခါးကနေပြီး အထဲကိုသာ ကြည့်နေပါတယ်။ အထဲမှာ တစ်ခုခု ဖြစ်နေပုံပါ။ လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်နေပါတယ်။ ပြီးတော့ မက်ဖင် စားပွဲထိုးတစ်ယောက်က တံခါးဆွဲဖွင့်လိုက်ပြီး ပုလိပ်နှစ်ယောက်အပြင်ဘက် ထွက်လာကြပါတယ်။ မိန်းမငယ်လေးတစ်ဦးကို သူတို့ ဖမ်းလာကြပါတယ်။ အဖမ်းခံရတဲ့ မိန်းကလေးကတော့ ရွှေနားဆွဲကြီး ပန်ထားတဲ့ မျက်နှာ မသာမယာ ဖြစ်နေတဲ့ မွေးနေ့ရှင် မိန်းကလေးပါ။ ရဲကားနောက်မှာ ထည့်ပြီး မိန်းကလေးကို ဖမ်းသွားကြပါတော့တယ်။

ဂျင်နီဖာနဲ့ ကလယ်ယာတို့ တစ်ဦးကိုတစ်ဦး ကြည့်နေမိကြပါတယ်။ ဘယ်လို ညနေပါလိမ့်။ သုံးမိနစ်လောက် သူတို့ စောင့်ကြည့်နေကြပေမယ့် စားသောက်ဆိုင်တံခါး ပိတ်ထားမြဲ ပိတ်ထားပြီး ပုလိပ်က စောင့်နေဆဲပါ။

သူတို့နှစ်ဦးလုံး ဆာလောင်တာ လွင့်ပျောက်သွားခဲ့ကြပါပြီ။ နှစ်ဦးသား မော်တော်ကားဆီ ခပ်ဖြည်းဖြည်းချင်း လျှောက်လာခဲ့ကြပါတယ်။ ကလယ်ယာက စပြီး တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်ပါတယ်။

"တို့ဖာသာ သွားပျော်ကြစို့ ဂျင်နီဖာရေ"

ဂျင်နီဖာက လုံးဝ မတုန့်ပြန်ခဲ့ပါ။ ဒါကြောင့် ကလယ်ယာကပဲ-

"တီဗွီကနေ မက်ဖင်ကြော်ငြာနေတဲ့ သီချင်းလေးကို သတိရတယ် မဟုတ်လားလို့ ပလွှင်ခံရင်း စဆိုပါတော့တယ်။

COME WHERE THE MUSIC'S WONDERfUL,
COME WHERE THE FOOD IS FINE,
LET'S ALL MEET AT MAXIM'S,
WE'LL HAVE A WONDERFUL TIME.

ဂျင်နီဖာကတော့ စိတ်မသက်မသာနဲ့ –

"ငါ့အတွက်တော့ ပျော်စရာကောင်းတဲ့အချိန် မဟုတ်ပါဘူး။ ကိုယ်ပင်ပန်း စိတ်ပင်ပန်းနဲ့မို့ အစားကောင်းကောင်းတစ်မျိုး စားပြီး အေးအေးလူလူ စောစောစီးစီး အိပ်ချင်တာပါပဲ" –

ဒါကြောင့် ကလယ်ယာက –

"ဒါဆို ... လာ တခြားဆိုင်သွားကြစို့"

ဂျင်နီဖာက ခေါင်းခါပြီး –

"ထားလိုက်ပါတော့၊ နောက်အပတ်ကျမှ ဆုံကြတာပေါ့။ ခြေလျင်ပဲ အိမ်ပြန်တော့မယ်"

သူတို့နှစ်ဦး စားသောက်ဆိုင်ကနေ လမ်းခွဲကြပါတော့တယ်။

ဂျင်နီဖာ ခပ်ဖြည်းဖြည်း လျှောက်ရင်း အိမ်ပြန်ခဲ့ပါတယ်၊ စိတ်မသက်မသာ ဖြစ်ရင်း သူ့ကောင်လေး ရစ်ချတ်အတွက် ရတက်မအေး ဖြစ်နေမိပါတယ်။ ညနေက မတိုင်မီရစ်ချတ်ဖြတ်သန်းခဲ့တဲ့ အတိတ်ကို သူမ ပြန်လည်တွေးတောနေမိပါတယ်။ အလုပ်တစ်ခုတည်းမှာ အတည်တကျ မရှိဘဲ အမြဲတမ်း ဝင်လိုက်ထွက်လိုက် လုပ်ရင်း ထာဝစဉ် ဘိုင်ကျနေခဲ့တဲ့ လူစား။ လွန်ခဲ့တဲ့ တစ်နှစ်တုန်းက ရဲတွေနဲ့ ပြဿနာ ပေါ်ခဲ့ဖူးပေမယ့် ရစ်ချတ်က အပြုံးမပျက်ပါ။ ဂျင်နီဖာ့ဆီ ငွေလာတောင်းပြီး ရှင်းခဲ့တာပါ။ မိဘနှစ်ပါး ကွယ်လွန်သွားကတည်းက ဒီမောင်နှမနှစ်ဦးသာရှိတာမို့ အစ်မကြီး ဖြစ်တဲ့ ဂျင်နီဖာက မောင်တဆိုးလေးအပေါ် သံယောဇဉ် ပိုခဲ့ပါတယ်၊ ရစ်ချတ်ထက်လည်း သူမက အသက် ၁၅ နှစ်တောင် ကြီးတာမို့ မောင်ငယ်အတွက် ပိုပြီး သောကပွားနေသူပါ။

ရတနာဆိုင်တစ်ဆိုင်ရှေ့ ဖြတ်မိနိုက်မှာ ဆိုင်ထဲက အလင်းရောင်တွေကြောင့် လှပနေတဲ့နားဆွဲတွေကို တစ်မိနစ်လောက် ငေးကြည့်ရင်း

ဟုသောက်ဆိုင်ထဲမှာ တွေ့ခဲ့ရတဲ့ မွေးနေ့ရှင်ရဲ့ ရွှေနားဆွဲကြီးကို ပြန်မြင်ယောင်နေမိခဲ့ပါတယ်။ သိပ်ကို ကြီးမားပြီး အင်မတန် ဈေးကြီးမယ့် ရွှေနားဆွဲကြီးပါ။ သူမ ဘယ်ကများရခဲ့ပါလိမ့်။ သူမ ဖာသာတွေးရင်း ပြုံးနေမိပါတယ်။ ့ လော့က်ဆို ဒီမေးခွန်းကို ပုလိပ်တွေက မေးကောင်းမေးနေပါလိမ့်မယ်။

■

## ပုလိပ်တွေ ရောက်လာခြင်း

အဲဒီညက ဂျင်နီဖာ ကောင်းကောင်း အိပ်မပျော်ခဲ့ပါ။ ဒါကြောင့် အိပ်ရာထတော့ မကြည်မလင်နဲ့ သုန်သုန်မှုန်မှုန် လေးလေးကန်ကန် ဖြစ်နေပါတယ်။ ဒေါက်တာ ဂျစ်ပ်ဆင် ခွဲစိပ်ခန်းဝ လှမ်းကြည့်လိုက်တော့ လူနာတွေ အခန်းပြည့်နီးပါး ရောက်နေကြပါပြီ။ အလုပ်များမယ့် နံနက်ခင်းပဲလို့ သူမ ဖာသာ ညည်းတွားမိပါသေးတယ်။ မကြာခင် ဆရာဝန်ကား ရောက်လာပါတယ်။ ဆရာဝန်လည်း ကမန်းကတန်း အလုပ်ခန်းထဲ ဝင်သွားပါတယ်။

သုံးနာရီလောက်ကြာတော့ နောက်ဆုံး လူနာကို အပြီးသတ်ခဲ့ပါတယ်။ ဒါကြောင့် ဂျင်နီဖာလည်း ဒေါက်တာ ဂျစ်ပ်ဆင် စားပွဲပေါ် ကော်ဖီတစ်ခွက် သွားတင်ပေးခဲ့ပါတယ်။ ဆရာဝန်က ကျေးဇူးတင်ပါတယ် ပြောပြီးတာနဲ့ ဂျင်နီဖာ လှည့်ထွက်ဖို့ ဟန်ပြင်နေတုန်းမှာ ဆရာဝန်က –

"တစ်မိနစ်လောက် ခဏလေး၊ မင်းကို စကားတစ်ခွန်း ပြောစရာရှိတယ်"

ဆရာဝန်က ခပ်စောင်းစောင်းလေး လှည့်ရင်း –

"လွန်ခဲ့တဲ့ တစ်နာရီလောက်တုန်းက မင်း တယ်လီဖုန်း လာတယ်။ င်း သိပ်အလုပ်များနေလို့ ငါပဲ ပြန်ဖြေလိုက်တယ်"

"ဘယ်သူများတုန်း ဆရာရဲ့"

"နေဦး၊ ငါရေးပြီး မှတ်ထားတယ်၊ မင်းမောင်ရဲ့ သူငယ်ချင်းတဲ့၊ ရော့ ... ဒီမှာ စာရွက်၊ ဝင်ဒီတဲ့ သူ့ဖုန်းနံပါတ်တော့ မပေးဘူး၊ မင်းအိမ်ကို ထပ်ဆက်မယ်တဲ့"

ဂျင်နီဖာက ဝင်ဆီဆိုတဲ့ နာမည်ကို အားစိုက်ရင်း သူမဖာသာ မေးခွန်း ထုတ်နေမိပါတယ်။ ပြီးမှ –

"ဝင်ဒီဆိုတာ ဘယ်သူများပါလိမ့်"

"ကျေးဇူးပါ ဆရာ"

"အေး ... အေး၊ နောင်ဆို ခွဲစိပ်ချိန်မှာ တယ်လီဖုန်း မဆက်ဖို့ ပြောပြထားနော်"

"တောင်းပန်ပါတယ် ဆရာ၊ နောင် ဒီလို မဖြစ်စေရပါဘူး"

ဂျင်နီဖာက ဝင်ဒီဆိုတဲ့ အမျိုးသမီးကို သူ မသိကြောင်း ရှင်းပြချင်ပေမယ့် စကားပြောရှည်မနေရအောင် နှုတ်ပိတ်ပစ်ခဲ့ပါတယ်။ မိနစ်အနည်းငယ်ကြာတော့ ဒေါက်တာ ဂျစ်ပ်ဆင် အလုပ်ဆင်းသွားပါတယ်။ ဂျင်နီဖာတစ်ဦးတည်း ရုံးခန်းမှာ ကျန်နေတာမို့ ဝင်ဒီကိစ္စ ခေါင်းထဲ ဝင်လာပြန်ပါတယ်။ ရစ်ချတ်ရဲ့ အမျိုးသမီးမိတ်ဆွေတွေထဲမှာ ဝင်ဒီဆိုတဲ့နာမည် သူ မကြားခဲ့ဘူးပါ။ ဒါပေမယ့် ရစ်ချတ်က ရုပ်အကျီထည့်လဲ ဝတ်သလို သူ့မိတ်ဆွေတွေကိုလည်း မကြာမကြာ နာမည်အမျိုးမျိုး ပြောင်းခေါ်တတ်တဲ့ လူစားပါ။ ဒါကြောင့် ဂျင်နီဖာလည်း ရစ်ချတ်မိတ်ဆွေတွေရဲ့ နာမည်ကို ခေါင်းရှုပ်ခံပြီး စဉ်းစားမနေတော့ပါ။

ညနေစောင်းတော့ ဂျင်နီဖာ အိမ်ပြန်ခဲ့ပါတယ်။ လှေကားပေါ်တက်နေဆဲမှာ အပေါ်က အသံတွေ ကြားရပါတယ်။ အမျိုးသားနှစ်ယောက် တံခါးပေါက်က ရပ်စောင့်နေကြပါတယ်။ တစ်ယောက်က -

"မစ္စဝေါ်တန်လား၊ ကျွန်တော်ကတော့ စုံထောက်ဘားရကဒ်ပါ၊ ခင်ဗျားကို မေးစရာလေး နည်းနည်းရှိလို့ပါ။ ကျေးဇူးပြုပြီး ကျွန်တော်တို့ကို အထဲဝင်ခွင့်ပြုပါ"

သူမက တံခါးသော့ဖွင့်ပြီး ဝင်လိုက်တာနဲ့ စုံထောက်နှစ်ဦးပါ အထဲဝင်ခဲ့ကြပါတယ်။ သုံးဦးသား ထိုင်မိကြတာနဲ့ -

"မစ္စတာရစ်ချတ်ဝေါ်တန်က ခင်ဗျားနဲ့ မောင်နှမတော်တယ်လို့ ကျွန်တော် ထင်တယ်"

လေအေးလေးနဲ့ ပြောပေမယ့် စုံထောက်ဘားရကဒ်နဲ့ အသံက မာနေပြီး အေးတိအေးစက်နဲ့ ခပ်စိမ်းစိမ်းပါ။ သူ့မျက်လုံး ပြာကြီးတွေကလည်း ဂျင်နီဖာ့ မျက်နှာကို စိုက်ကြည့်နေပါတယ်။ သူကပဲ ထပ်ပြီး -

"သူ့ကို ဘယ်တုန်းက နောက်ဆုံး တွေ့ခဲ့ပါသလဲ"
ဂျင်နီဖာကလည်း -
"သိပ်တော့ မမှတ်မိပါဘူး၊ လွန်ခဲ့တဲ့ သုံးလေးပတ်လောက်က တွေ့ခဲ့တယ် ထင်တာပဲ"
မျက်လုံးပြာကြီးက စူးစူးရဲရဲ သူမ မျက်နှာကို စိုက်ကြည့်နေဆဲမို့ ဂျင်နီဖာ ခမျာ မသက်မသာ ဖြစ်စပြုလာပါတယ်။
"ပြီးခဲ့တဲ့ အပတ်က မတွေ့ခဲ့ဘူးလား"
"မတွေ့ခဲ့ပါဘူး"
"ပြန်စဉ်းစားကြည့်ပါဦး၊ ပြီးခဲ့တဲ့ စနေနေ့ ညနေမှာ ရစ်ချတ်သည်ကို လာခဲ့တယ် မဟုတ်လား"
"မဟုတ်ပါဘူး"
"မင်း သေချာရဲ့လား"
"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မဘာက်က အသေအချာပါ"
ဘားရက်ဒ်ရဲ့အသံကို ပိုကျယ်လာပါတယ်။
"တခြားနေရာတွေမှာကော မင်းရဲ့မောင်နဲ့ မတွေ့ခဲ့ဘူးလား၊ ဥပမာ လေဆိပ်လိုနေရာမျိုး"
"မတွေ့ပါဘူး၊ သူနဲ့ မတွေ့တာ တစ်လလောက် ရှိသွားပါပြီ။ ကျွန်မ ပြောခဲ့ပြီးပြီပဲ။ မနေ့ညကထိ တွေ့ကို မတွေ့သေးတာပါ"
သူမ စကားဆုံးတာနဲ့ ဘားရက်ဒ်က -
"မနေ့ည ဟုတ်လား၊ မနေ့ညက အဖြစ်အပျက် အစုံအလင်ကို ပြန်ပြောပြပါဦး။ မက်ဇင် စားသောက်ဆိုင်ထဲကနေ လူတစ်ယောက်ကို ခင်ဗျား ထုတ်သွားပြီး ဆေးရုံပို့ခဲ့တယ် မဟုတ်လား"
"ဟုတ်ပါတယ်"
"အဲဒီလူက ခင်ဗျား မိတ်ဆွေလား"
"တစ်ခါမှ မမြင်ဖူးခဲ့တဲ့လူပါ။ သူ့ဖာသာ လဲကျပြီး ဒဏ်ရာရသွားတဲ့လူပါ။ တခြားလူတွေ ပြောတာကတော့ အဲဒီလူမှာ နှလုံးရောဂါ တော်တော် ကျွမ်းနေပြီတဲ့၊ ဒါကြောင့် ဆေးရုံမြန်မြန် ပို့ပေးခဲ့တာပါ"

"ခင်ဗျား တစ်ခါမှ မမြင်ဖူးခဲ့ဘူး မဟုတ်လား။ ကျွန်တော့်ကို ဖြီးမနေပါနဲ့ မစ္စဝေါ်တန်။ အဲဒီလူဟာ ခင်ဗျားမောင်ရဲ့ ဘော့စ် မစ္စတာဂျီးကယ်လီဆိုတာ ခင်ဗျား မသိခဲ့ဘူးလား"

"ကျွန်မ တကယ် မသိတာပါ"

"တကယ် အံ့စရာပဲ၊ အဲဒီလူကိုတောင် ခင်ဗျားက မသိခဲ့ဘူး"

အမေးတွေကြောင့် ဂျင်နီဖာ ဒေါသထွက်လာပါတယ်။ သူမ မတ်တပ်ရပ်လိုက်ပြီး ဘားရက်ဒ်ရဲ့ရှေ့ သွားရပ်ပြီး –

"ရှင် ... တော်တော် တော်တဲ့ စုံထောက်ပဲ၊ ရှင် သိချင်နေတာ ချည်း တွန်းမေးနေပြီး ဘာကြောင့် မေးနေတယ်ဆိုတာတော့ ပြောမပြဘူး။ ဘာတွေဖြစ်နေသလဲ၊ ကျွန်မ သိချင်ပါတယ်။ ရစ်ချတ်ကော ပြဿနာတက်နေသလား"

ဘားရက်ဒ်က လက်နှစ်ဖက်ကို –

"ဟုတ်ပါပြီလေ၊ စိတ် အေးအေးဆေးဆေး ထားပါ"

ဆိုပြီး တစ်ချက် ပြုံးလိုက်ပေမယ့် မျက်လုံးတွေကတော့ အေးစက်စက်နဲ့ ဂျင်နီဖာအပေါ် အမြင်မကြည်ဆဲပါ။ ကျန်စုံထောက်တစ်ယောက်က ဘားရက်ဒ် အနားကို ကပ်ပြီး တိုးတိုးလေး တစ်စုံတစ်ရာ ပြောလိုက်ပါတယ်။ ပြီးမှ ဘားရက်ဒ်က –

"မင်း မောင်နဲ့ တွဲနေတဲ့ အမျိုးသမီးအကြောင်း မင်း ဘာသိသလဲ"

"ကျွန်မ မောင်နဲ့ တွဲနေတဲ့ အမျိုးသမီး ဟုတ်လား"

"ဟုတ်တယ် ... ဝင်ဒီလေ၊ ခင်ဗျား မောင်နဲ့အတူတူ ဂျီးကယ်လီဆီမှာ အလုပ်လုပ်နေကြတာလေ"

မနက်က တယ်လီဖုန်း ဆက်တဲ့ မိန်းကလေးပဲ။ ဂျင်နီဖာက သူမရဲ့ တအံ့တသြ ဖြစ်သွားမှုကို ဖုံးကွယ်လိုက်ပြီး ဘားရက်ဒ်ကို အရင်ကြည့်ပြီး ကျန်စုံထောက်ကို စိုက်ကြည့်ပြီးမှ သူမက လေအေးလေးနဲ့ –

"ရစ်ချတ်က သူ့အမျိုးသမီးတွေအကြောင်း ကျွန်မကို ပြောပြလေ့ မရှိဘူး"

"ဝင်ဒီအကြောင်းကိုတော့ ရင်ဖွင့်ပြမှာ သေချာပါတယ်။ သူတို့နှစ်

ယောက်က သိပ်ရင်းနှီးကြတာ၊ ဂျာမဏီကိုတောင် အတူသွားခဲ့ကြတယ်လေ'' လို့ပြောရင်း ကျန်စုံထောက်ဘက်လှည့်ပြီး –

''ပြီးခဲ့တဲ့ စနေ တနင်္ဂနွေကနေ ...''

ဒုတိယစုံထောက်က ဘားရက်ဒ် နား တိုးသွားပြီး –

''ဒီမိန်းကလေး ဒါတွေ သိပုံမရဘူး။ ခင်ဗျား လာရှင်းပြလိုက်''

ဘားရက်ဒ်လည်း ဂျင်နီဖာဘက် လှည့်ပြီး –

''ဂျာမဏီက ခိုးသွားတဲ့ ရတနာတွေအတွက် ကျွန်တော်တို့ လိုက်စုံစမ်းနေကြတာပါ။ ဒါနဲ့ ပတ်သက်လို့ ခင်ဗျား မောင်ဆီက သတင်းလေး ဘာလေး ရနိုင်ပါတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားကြတယ်။ ခင်ဗျားက ရာဇဝတ်မှုကို ရှုံရှာတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ ခင်ဗျား မောင်က ရာဇဝတ်ကောင် သူခိုးတစ်ကောင်အတွက် အလုပ်လုပ်ပေးနေပါတယ်။ သူ့ကိုယ်သူ ဒုက္ခရောက်အောင် လုပ်ပေးနေပါတယ်''

''ဒါပေမဲ့ မနေ့ကပဲ ကျွန်မ မောင် အလုပ်ဖြုတ်ခဲ့ပြီးပြီ၊ မနေ့ညကပဲ ကျွန်မကို ပြောပြသွားတာပါ။ အဲဒီလူကို သူ ဆက်ပြီး အလုပ်အကြွေး လုပ်ပေးစရာ မလိုတော့ပါဘူး''

ဘားရက်ဒ်က ပြုံးလိုက်ပါတယ်။

''သူ ဆက်မလုပ်တာတော့ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် တခြားလူတွေ အမြင်မှာ ကယ်လီအတွက် အလုပ်မလုပ်တော့ဘူးလို့ ထင်လာအောင်အတွက် ထွင်တာလဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်''

ပြီးတော့ သူကပဲ ဆက်ပြီး ''ခင်ဗျား မောင် တောင့်မကျချင်ရင် ကယ်လီကောဝင်ဒီကို ဝေးဝေးက ရှောင်ပါလို့ ပြောလိုက်ပါ''

ဂျင်နီဖာက ဘားရက်ဒ်ကို ငေးကြည့်နေပြီး စကားတစ်လုံးမှ မဟာပါ။ ဘားရက်ဒ် မတ်တပ်ရပ်လိုက်တာနဲ့ ကျန်စုံထောက်ကပါ နောက်က ကပ်လိုက်သွားပြီး ဂျင်နီဖာ တံခါးဖွင့်ပေးတာကို စောင့်နေကြပါတယ်။

''ကောင်းသောညပါ မစ္စဝေါ်တန်၊ အခုလို ကူညီတဲ့ ကျေးဇူးတင်ပါတယ်'' လို့ နှုတ်ဆက်ပြီး အခန်းထဲက ထွက်သွားကြပါတယ်။

ဂျင်နီဖာကတော့ အခန်းထဲမှာ တစ်ယောက်တည်း ထိုင်ရင်း –

'အို ... ရစ်ချတ်ရယ်၊ ဘာတွေများ ဖြစ်နေပြီလဲ။ ဘာတွေ လျှောက်လုပ်နေပါလိမ့်။ ဘာကြောင့်များ ရာဇဝတ်အမှောင်ရိပ်နဲ့ ဝေးရာမှာ မနေနိုင်ရတာလဲကွယ်'' လို့ သူမဖာသာ တွေးတောနေမိခဲ့ပါတယ်။

ရစ်ချတ်နေတဲ့ အိမ်ဆီ တယ်လီဖုန်း ဆက်တော့လည်း ဖုန်းကိုင်မယ့် လူ မရှိပါ။ ဒါကြောင့် သူမ အိပ်ရာထဲဝင်ရင်း ညတစ်ဝက်လုံး သူမမောင်လေး အတွက် သောက ရောက်နေခဲ့ရပါတယ်။

နောက်နေ့ကတော့ စနေမို့ နံနက်ပိုင်းသာ အလုပ်ဆင်းရပါတယ်။ ဒေါက်တာ ဂျစ်ပ်ဆင် ခွဲစိပ်ပြီးတာနဲ့ နေ့လယ်စာစားဖို့ အိမ်ပြန်ခဲ့ပါတယ်။ တစ်ခါ ရစ်ချတ် နေအိမ်ဝန်းကျင်ဆီ သွားစုံစမ်းဖို့ပါ စိတ်ကူးယားပါသေးတယ်။ ဒါပေမယ့် သူမ အိမ်ထဲရောက်တာနဲ့ တယ်လီဖုန်း ခေါ်သံကြားရပါတော့ တယ်။

''ဟဲလို ... ဂျင်နီဖာဝေါတန်လားရှင်''

''ဟုတ်ပါတယ်၊ ကျွန်မ ဂျင်နီဖာပါ။ စကားပြောနေတာ ဘယ်သူပါ လဲ''

တယ်လီဖုန်း ခေါ်တဲ့သူက ခေတ္တ ငြိမ်သွားပြီးမှ ''ရှင် ကျွန်မကို မသိဘူးလား။ ဒင့်မောင်ရဲ့ မိတ်ဆွေလေ၊ ရှင် အားတယ် မဟုတ်လား။ သိပ်အရေးကြီးလို့ ရှင့်ရဲ့တိုက်ထောင့်မှာ ရောက်နေပါတယ်။ တက်ခဲ့ရမလား။ သုံးမိနစ်လောက်ပဲ အချိန်ပေးနိုင်ပါ့မယ်'' ဆိုပြီး တယ်လီဖုန်း ချသွားပါတော့ တယ်။

ဂျင်နီဖာက တံခါးဝမှာနေပြီး ဧည့်သည်ကို စောင့်နေပါတော့တယ်။ တအံ့တဩနဲ့ ကြည့်နေမိပါတယ်။ ဒီမျက်နှာကို သူမ သိမြင်ခဲ့ပါတယ်။ မက်ဇင် စားသောက်ဆိုင်မှာ မြင်ခဲ့ရတဲ့ မိန်းမငယ်လေးပါ။ ဒါပေမဲ့ ဒီနေ့တော့ သူမနားမှာ ရွှေနားဆွဲကြီး ပန်မထားပါ။

မိန်းမလေးလည်း အံ့ဩနေပါတယ်။

''ကြာသပတေးညတုန်းက မက်ဇင် စားသောက်ဆိုင်မှာ အစ်မကို ကျွန်မ တွေ့ခဲ့တယ်နော်။ ကိုးကယ်လီကို ဆေးရုံ သယ်သွားတယ် မဟုတ် လား။ ရှင့်က ဂျင်နီဖာ ရစ်ချတ်ရဲ့ အစ်မနော်'

''ဟုတ်ပါတယ်''

ဂျင်နီဖာက ပြန်ဖြေရင်း –

''မင်း ဝင်ဒီ ဖြစ်ရမယ်''

မိန်းကလေးကလည်း –

''ဟုတ်ပါတယ်''

မိန်းကလေးပါ ဂျင်နီဖာနဲ့အတူ အခန်းထဲ ဝင်ခဲ့ပါတယ်။ နှစ်ဦးသား ထိုင်မိကြတော့ ဂျင်နီဖာက မိန်းကလေးငယ်ကို အေးတိအေးစက် ကြည့်လိုက်တယ်။ ရစ်ချတ်ရဲ့ အမျိုးသမီး ဂိုးကယ်လီ ဆိုတဲ့ ရာဇဝတ်ကောင်အတွက် အလုပ်လုပ်ပေးနေတဲ့ မိန်းကလေး။ လှလှပပ သေးသေးသွယ်သွယ် မျက်နှာလေးမှာ မရှင်မပျ ဖြစ်နေပါတယ်။ ဂျင်နီဖာကတော့ သူမကို မနှစ်မြို့ပါ။ ဒါကြောင့် –

''ဘာကိစ္စကြောင့် ငါ့ကို တွေ့ချင်ရတာလဲ''

''ရှင်းပြဖို့တော့ တော်တော် ခက်ပါတယ်'' ဆိုပြီး ဂျင်နီဖာရဲ့ စိမ်းပြင်ပြင် မာမာကြောကြော မျက်နှာကိုကြည့်ရင်း –

''ရစ်ချတ်ကတော့ အစ်မကြီးအကြောင်း ပြောပြဖူးပါတယ်။ အစ်မကြီးက သိပ်သနားကြင်နာတတ်ပြီး သူ့ကို အမြဲတမ်း ကူညီတဲ့အကြောင်း။ ဒါကြောင့် သူက အစ်မကြီး ဖုန်းနံပါတ် ကျွန်မကို ပေးထားပါတယ်။ အကူအညီ လိုတဲ့အခါ ဖုန်းဆက်ဖို့တဲ့''

ဂျင်နီဖာ သူ့ဖာသာ ပြုံးနေမိပါတယ်။ အမြဲတမ်း ကြင်နာတတ်တဲ့ အစ်မလို့များ. ဒီကလေးမ အထင်ရောက်နေလေသလား။ ကလေးမလေးရဲ့ ထိတ်လန့်နေတဲ့ မျက်နှာကို ကြည့်ရင်း –

''ကဲ ... ဆက်ပါဦး။ ဖြစ်ကြောင်းကုန်စင် အကုန်လုံးသာ ပြောပြပါ။ ဒါနဲ့ ရစ်ချတ် ဘာပြဿနာမှ မဖြစ်ဘူးနော်''

''ကျွန်မက ဂိုးကယ်လီအတွက် အကြာကြီး အလုပ်လုပ်ပေးခဲ့တာပါ'' လို့ အစချီပြီး ရင်ဖွင့်ပါတော့တယ်။ ဝင်ဒီက အောက်ပါအတိုင်း ပြောပြခဲ့တာပါ။

## ဝင်ဒီပုံပြင်

ကယ်လီက လူကောင်း မဟုတ်ပါ။ သူ့ကို ကျွန်မ မလိုလားပါ။ အခုဆို သူ့အတွက် အလုပ်လုပ်ပေးခဲ့တာ တစ်နှစ်လောက် ရှိပါပြီ၊ ဒီအလုပ်ကို ကျွန်မ ဖေဖေက ရှာပေးခဲ့တာပါ။ အလုပ်ကြိုးကြိုးစားစား လုပ်ဖို့နဲ့ ဘာနိုင်းနိုင်း ပြန်မမေးဖို့ ကယ်လီက မှာထားပါတယ်။ ကယ်လီက မကြာမကြာ ဒေါသ ထွက်တတ်ပါတယ်။ သူ ဒေါသဖြစ်တဲ့အခါ သူ့မျက်နှာကြီး နီရဲလာပြီး လူတိုင်းကို ဆူပူကြိမ်းမောင်းအော်ဟစ်ပါတော့တယ်။ သူ့ကို ကျွန်မ သိပ်ကြောက် ပေမယ့် အလုပ်ပြုတ်မှာ စိုးတာကြောင့် ငြိမ်နေခဲ့ရပါတယ်။ ကျွန်မအတွက် ဝင်ငွေ လိုပါတယ်။ တခြား အလုပ်တစ်ခုရဖို့ကလည်း ခက်တယ်လေ။

လွန်ခဲ့တဲ့တစ်လလောက်ကမှ ရစ်ချတ် ရောက်လာတာပါ။ ကျွန်မတို့ နှစ်ယောက် ရင်းရင်းနှီးနှီး ခင်မင်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်မတို့ လုပ်ငန်း တွေအကြောင်းကိုတော့ မဆွေးနွေးမိခဲ့ကြပါဘူး။ ကယ်လီလုပ်ငန်းကိုလည်း အတိအကျ မသိကြပါ။ မြို့ထဲမှာ အပိုင်မော်တော်ကား ရုံနှစ်ရုံ ရှိပါတယ်။ ကားဟောင်းတွေကို ဝယ်ရောင်းလုပ်ပါတယ်။ ဒါပေမယ့် တခြားပစ္စည်း အမျိုးမျိုးကိုလည်း ဝယ်ရောင်းလုပ်ပါသေးတယ်။ ပရိဘောဂတွေ၊ ပန်းချီကား ဟောင်းတွေနဲ့ ရတနာတွေ စုံလို့ပါပဲ။ ကျွန်မအထင်တော့ အားလုံးဟာ ခိုး ရာပါပစ္စည်းတွေချည်းပါ။ ဒါပေမဲ့ ကျွန်မတစ်ခါမှ မစပ်စုမိခဲ့ပါ။

လွန်ခဲ့တဲ့ ဆယ်ရက်ကတော့ ကယ်လီက သူ့အခန်းထဲ ကျွန်မကို ခေါ်သွင်းပါတယ်။ ကျွန်မ ရပ်ပြီး စောင့်နေခဲ့ရပါတယ်။ သူ စကားစပြောမယ် ပြင်ပြီးမှ သူ့စာရွက်တွေကို ပြန်ငုံ့ကြည့်ခဲ့ပါတယ်။ တစ်ခါ သူ့ဒိုင်ယာယီ ထုတ်ပြီး ဖွင့်လိုက်ပါတယ်။

"ဝင်ဒီ မင်း ဒီအပတ် ရုံးပိတ်ရက်မှာ ဘာလုပ်စရာရှိလဲ"

"အခုထိတော့ အစီအစဉ် မရှိသေးပါဘူး မစ္စတာကယ်လီ"

"လုပ်ငန်းနဲ့ ခရီးမသွားချင်ဘူးလား၊ ကုန်ကျစရိတ် ကျုပ် တာဝန်ယူ ပါ့မယ်"

ကျွန်မ တော်တော် အံ့အားသင့်သွားပါတယ်။ ချက်ချင်း ပြန်မပြော နိုင်တဲ့အထိပါ။ ခဏကြာမှ –

"အလုပ်ကိစ္စနဲ့ ခရီးသွားရမှာလား မစ္စတာကာယ်လီ"

"ဟုတ်တယ် ဂျာမဏီကို သွားရမယ်၊ နေ့ချင်းပြန်ခရီးပါ။ သိပ်ခက်တဲ့အလုပ် မဟုတ်ပေမယ့် အရေးကြီးတယ်"

မစ္စတာကာယ်လီရဲ့ လုပ်ငန်းတွေကို ကျွန်မ ထဲထဲဝင်ဝင် မရှိခဲ့ပါ။ ပေမယ့် တခြားနိုင်ငံကို သွားလုပ်ရမယ့် ကိစ္စကတော့ ထူးခြားနေမှန်း ကျွန်မ တွေးမိပါတယ်။ နှစ်လတစ်ကြိမ် သုံးလတစ်ကြိမ်လောက် နိုင်ငံခြား သားတွေ မစ္စတာကာယ်လီ အခန်းမှာ လျှို့ဝှက်လာစုဝေးကြတာတော့ ခဲတွေ့ရ လေ့ရှိပါတယ်။ သူတို့ စုကြတဲ့အချိန်ကာလည်း များသောအားဖြင့် ညနေဖက် စုံစုံချုပ်မှုချည်းပါ။ ဒါကြောင့် ဒီခရီးကို မသွားသင့်ဘူးလို့ ကျွန်မ ဆုံးဖြတ် ခဲ့ပါတယ်။

"ဒါပေမဲ့ ကျွန်မ တစ်ခါမှ ဂျာမဏီကို မရောက်ဖူးဘူး ဒါကြောင့် တခြားသင့်တော်တဲ့သူကိုသာ လွှတ်ပါ မစ္စတာ ကာယ်လီ"

"မင်းကိုပဲ ငါ မေးနေတာကွ။ ဒီလုပ်ငန်း သိပ်အရေးကြီးတယ်။ မင်းနဲ့ပဲ သင့်တော်တယ်" စကားဖြတ်ပြီး ကျွန်မ ဝင်ပြောဖို့ ကြိုးစားပေမယ့် သူကပဲ တွန်းပြောနေပါတော့တယ်။

"ဖရန့်ဘက်မှာ ငါ့မိတ်ဆွေ အများကြီးရှိတယ်။ သူတို့က ပစ္စည်း တချို့ ငါ့ဆီကို ပို့ပေးချင်နေကြတယ်။ သူတို့ ပေးမှာ ဘူးလေးသုံးဘူးတည်းပါ။ အဲဒီဘူးလေးတွေ လက်ခံယူပြီး မင်းပြန်လာရုံပါ။ ဒါဟာ သိပ်ခက်တဲ့ အလုပ် မဟုတ်ပါဘူး"

ကျွန်မ နှုတ်ပိတ်ထားခဲ့ပါတယ်။

"ငါ ပြောနေတာတွေ မင်း ကြားရဲ့လား။ ဒီလုပ်ငန်းကို ငါ့အတွက် မင်း လုပ်ပေးစေချင်တယ်"

သူ့အသံ ပိုမာပြီးကျယ်လာခဲ့ပါတယ်။ သူ့မျက်နှာကို ကျွန်မ စိုက်ကြည့်ပြီး -

"ဝမ်းနည်းပါတယ် မစ္စတာကာယ်လီ။ လာမယ့်အပတ်မှာ ကျွန်မ လုပ်စရာရှိနေတာ အခုမှ သတိရပါတယ်။ ဂျာမဏီကို ကျွန်မ မသွားနိုင်ပါဘူး"

ဂုန်းခနဲ သူက ထရပ်လိုက်ပါတယ်။ ဒါကြောင့် သူ ထိုင်နေတဲ့ ကုလားထိုင်တောင် နောက်လန်သွားခဲ့ပါတယ်။

"မင်း သေသေချာချာ နားထောင်စမ်း။ မင်း ငါ့အတွက် ငါ ခိုင်းတာ လုပ်ဖို့ လခပေးပြီး ခန့်ထားကယ်ဆိုတာ သဘောပေါက်ရဲ့လား"

ပိုင်စိုးပိုင်နင်း ကျွန်မ လက်မောင်းတစ်ဘက်ကိုတောင် ဆွဲပြီး –

"ငါ ထပ်ပြောမယ်၊ စောဒက တက်မနေနဲ့၊ မင်း ဆန္ဒကို ငါမေးမှာ မဟုတ်ဘူး။ စနေနေ့ မနက်အစောဆုံး လေယာဉ်ပျံနဲ့ မင်း လိုက်သွားပြီး ညနေခရီးစဉ်နဲ့ ပြန်လာရမယ်။ ဘူးလေးသုံးဘူး ယူလာခဲ့ရမယ်။ ဘယ်သူနဲ့မှ စကားတစ်ခွန်းတောင် ပြောစရာမလိုဘူး။ နားလည်လား ဒါပဲ"

အမိန့်ပေးပြီး သူ ထွက်သွားပါတော့တယ်။

အဲဒီညက တစ်ညလုံး ကျွန်မ အိပ်မပျော်ခဲ့ပါ။ ရစ်ချတ်ကို တိုင်ပင်ချင်ပေမယ့် သူကလည်း ကယ်လီ ခိုင်းထားတဲ့ကိစ္စနဲ့ ဘယ်ပျောက်နေမှန်း မသိခဲ့ပါ။ ကျွန်မ ဘာလုပ်ရမလဲ။ ဒူး ဆတ်ဆတ်တုန်အောင် ကြောက်နေပါတယ်။ ကယ်လီကလည်း လူပါးပါ။ ကျွန်မ ကြောက်ရွံ့နေတာ သူ သဘောပေါက်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းအကြောင်း ကျွန်မကို သူက ထပ်မပြောတော့ပါ။ ဒါပေမယ့် သောကြာနေ့ ရောက်တော့ သူ့ရုံးခန်းထဲ ကျွန်မကိုခေါ်ပြီး လေယာဉ်လက်မှတ်နဲ့ ငွေအနည်းငယ် ပေးပါတယ်။ ကျွန်မ မလွှဲမရှောင်သာ ဂျာမဏီကို သွားရပါတော့မယ်။

စနေနေ့မနက်မှာ ကျွန်မ လေယာဉ်ကွင်းဆီ ထွက်ခဲ့ပါတယ်။ လေယာဉ် စောင့်နေဆဲမှာ ကျွန်မ နာမည်ခေါ်သံ ကြားရပါတော့တယ်။ ချက်ချင်း ဒီအသံကို ကျွန်မ မှတ်မိနေပါတယ်။ ကျွန်မ နောက်ပြန်လှည့်ပြီး အော်လိုက်မိပါတယ်။

"ဟော ... ရစ်ချတ်၊ ဝမ်းသာလိုက်တာ ရစ်ချတ်ရယ်။ ဒါနဲ့ မင်းက ဒီကို ဘာလာလုပ်နေတာလဲ"

"ဖရန်းပတ်ကို မင်းနဲ့အတူ လိုက်ဖို့ကွ၊ ဒီမှာ လေယာဉ်လက်မှတ်"

"ဟုတ်မှလည်း လုပ်ပါ၊ ကာလီက ဘာမှာလိုက်သေးလဲ"

ရစ်ချတ်က ပြုံးပြရင်း –

"မင်းနဲ့အတူ ဂျာမဏီကို လိုက်သွားရမယ် ဒါပဲတဲ့။ ဒါပေမဲ့ တို့အတွက်တော့ လေယာဉ်ပျံတစ်စီးတည်းမှာ အတူတွဲပြီး ခရီးသွားရတဲ့ အခွင့်အရေးရတာပေါ့ကွာ။ နောက်ပြီး ဖရန့်ဖတ်မှာ စုံတွဲလဲ ရတာပေါ့"

ကျွန်မ နားလည်သဘောပေါက်လိုက်ပါတယ်။

"ရစ်ချတ် မင်းကို ကျွန်မရဲ့ ကိုယ်ရံတော်တာဝန် ခန့်လိုက်တာပါလား"

လေယာဉ်ပျံပေါ်မှာ အတူထိုင်မိကြမှ ရစ်ချတ်ခမျာ ကယ်လီက ကျွန်မကို ဘာခိုင်းလိုက်တာလဲလို့ မေးပါတယ်။ သူ ဘာမှ မသိရသေးပါ။ ဖရန့်ဖတ်ကို ကျွန်မနဲ့အတူ ခရီးသွားရမယ်ဆိုတာလောက်သာ သူ သိခွင့်ရခဲ့တာပါ။ ဒါကြောင့် ကျွန်မလည်း လုပ်ငန်းအသေးစိတ်နဲ့ ညွှန်ကြားလိုက်တာတွေကို ပြန်ဖောက်သည်ချရပါတော့တယ်။ ပြီးမှ –

"ဘူးသေးသေးလေး သုံးဘူးအတွက် အခုလောက် အကုန်အကျခံလို့လို့ဝှက်ဝှက် စီစဉ်နေတာကတော့ တော်တော် တန်ဖိုးရှိတဲ့ ပစ္စည်းတွေပါနေတယ် ထင်တာပါပဲ။ ရတနာတွေများလား မသိဘူး။ ခိုးရာပါပစ္စည်းတွေများ ဖြစ်နေမလားပဲ"

ရစ်ချတ် ဒေါသအိုးပေါက်ကွဲသွားပြီး –

"ဒီလုပ်ငန်းမျိုးမှာ ကယ်လီက မင်းကို မလွှတ်သင့်ဘူး။ သူကိုယ်တိုင် ဘာဖြစ်လို့ လာမယူတာလဲ"

"ဒါကတော့ ရစ်ချတ်ရယ်၊ တစ်ခါမှ ဒီကိစ္စမျိုး မလုပ်ဖူးတဲ့ အမျိုးသမီးကို အသုံးချရင် သူ့အတွက် ပိုအဆင်ပြေမှာပေါ့။ ဒါပေမဲ့ ကျွန်မ သိပ်ပြီး ကြောက်ရွံ့နေတာ သူ သဘောပေါက်ပုံရပါတယ်။ ဒါကြောင့် ရှင့်ကို အဖော်အဖြစ် ထည့်လိုက်တာပေါ့"

ရစ်ချတ် ခဏကြာ ငေးပြီးတွေးနေပါတယ်။ ပြီးမှ ကျွန်မဘက်လှည့်ပြီး –

"မင်း မလုပ်ရဘူး။ ဒီကောင်ကြီးအတွက် ခိုးရာပါတွေ မင်း မသယ်ရဘူး။ အားလုံး ငါ့တာဝန်ထားလိုက်၊ ငါ စီစဉ်မယ်"

ဖရန့်ဖတ် ရောက်တော့ ဟိုတယ်တစ်ခုမှာ နံနက်စာ စားကြပါတယ်။ ရစ်ချတ်ကတော့ သတင်းစာတစ်စောင် သွားဝယ်ပါတယ်။ ပြီးတော့ ကျွန်မတို့နှစ်ယောက် တစ်နာရီခွဲလောက် ထိုင်နေခဲ့ကြရပါတယ်။

ကယ်လီမိတ်ဆွေတွေနဲ့ ဟိုတယ် အပြင်မှာ ဆုံခဲ့ကြပါသေးတယ်။ မာစီဒီး အဖြူတစ်စီးတည်းကနေ လူနှစ်ယောက်က ကျွန်မတို့ကို စောင့်နေကြပါတယ်။ ကားတွေ ရှုပ်တဲ့ လမ်းမကြီးတွေကို ဖြတ်ပြီး မြို့ထဲကို ကျွန်မတို့ဝင်ခဲ့ကြပါတယ်။ တစ်ခါ မြို့စွန်ဘက် ထွက်ခဲ့ကြပါတယ်။ သစ်ပင်တွေ ဝန်းရံထားတဲ့ အိမ်အိုကြီးတစ်ဆောင်ရှေ့မှာ ကားထိုးရပ်လိုက်ပါတယ်။ ကျွန်မတို့အားလုံး အိမ်ထဲဝင်ခဲ့ကြပြီး နောက်ဖေးခန်း မှောင်မှောင်ထဲမှာ ကျွန်မတို့နှစ်ယောက်ကို ထားခဲ့ကြပါတယ်။ အဲဒီ အခန်းထဲမှာ သိပ်အေးတာကြောင့် ရစ်ချတ်က သူ့ကုတ်အင်္ကျီကို ကျွန်မကိုယ်မှာ ခြုံပေးခဲ့ပါတယ်။ သူ့ဖာသာ ပြုံးနေပါသေးတယ်။

အဲဒီမှာ ကျွန်မတို့ ငြိမ်ငြိမ်လေး ထိုင်စောင့်နေခဲ့ရပါတယ်။ တစ်ဘက်ခန်းက လူတွေ ပြောဆိုနေကြသံတွေကိုလည်း ကြားနေရပါတယ်။ ကားဒရိုင်ဘာ ရောက်လာပြီး အဖော်ထပ်ထိ ခေါ်ဆောင်ခဲ့ပါတယ်။

အစိမ်းရင့်ရောင် ရှပ်အင်္ကျီဝတ်ထားတဲ့ အရပ်ခပ်ပုပု လူတစ်ယောက် စားပွဲမှာထိုင်နေတာ တွေ့ရပါတယ်။ သူ့ရှေ့က စားပွဲပေါ်မှာ ဘူးလေးသုံးဘူး တင်ထားပါတယ်။ မုင်တံတစ်ချောင်းကို ဆော့ကစားရင်း ကျွန်မတို့ကို အသေအချာ စိုက်ကြည့်နေပါတယ်။ ရစ်ချတ်က အဲဒီလူကို ဂျာမန်လို လှမ်းပြောလိုက်ပါတယ်။ တစ်ခွန်းမှ ကျွန်မ နားမလည်ခဲ့ပါ။ ဒါပေမဲ့ ကယ်လီနာမည်ကို ထည့်ပြောနေတာလောက်တော့ သိရပါတယ်။ အစိမ်းရင့်ရောင် ရှပ်အင်္ကျီနဲ့ လူကလည်း ရစ်ချတ်ကို ပြန်ပြောခဲ့ပါသေးတယ်။

ချက်ချင်းပဲ အပြင်က အသံတွေ ကြားကြရပါတယ်။ ကားသံတွေကော လူတွေ ပြေးလွှားကြတဲ့ အသံတွေကို ကြားနေရပါတယ်။ စားပွဲမှာ ထိုင်နေတဲ့ လူလည်း ခပ်မြန်မြန် ခုန်ထွက်ပြီး သူ့အိတ်ထဲက သေနတ်ထုတ်ကာ အသင့်ပြင်လိုက်ပါတယ်။ ဒါ့အပြင် ပြတင်းပေါက်က ခုန်ပြေးဖို့ သူကြိုးစားနေဆဲမှာ တံခါးမပေါက်ကြီး ပွင့်လာပြီး ပုလိပ်သုံးလေးယောက်

ပြေးဝင်လာကာ သူ့အပေါ် ခုန်အုပ်လိုက်ကြပါတယ်။ ခဏကြာ ဗလုံးဗထွေး ဖြစ်သွားပြီး ပုလိပ်က အဲဒီလူ သေနတ်ရသွားပါတော့တယ်။ သူ့ကိုလည်း ကြမ်းပြင်မှာ မှောက်လျက်ချုပ်ထားကြပါသေးတယ်။ အသက်ခပ်ကြီးကြီး ပုလိပ်အရာရှိတစ်ယောက် ပေါ်လာပြီး ကျွန်ုပ်သားတွေကို အမိန့်ပေးရင်း ကျွန်မတို့ ရှေ့တည့်တည့်ဆီ ခေါ်လိုက်ပါတယ်။ သူ့လက်ကို ကမ်းရင်း အင်္ဂလိပ်စကား ပီပီသသနဲ့ –

"ချောချောမောမော ဖြစ်သွားပါပြီ၊ ခင်ဗျား အခုလို ကူညီတာ သိပ်ကို ကျေးဇူးတင်ပါတယ်" ဆိုပြီး ကျွန်မဘက် လှည့်ကာ –

"မင်းကိုလည်း ကျေးဇူးတင်ပါတယ်၊ မင်းတို့နှစ်ယောက်လုံးကိုပါပဲ၊ ကျုပ်တို့ အားလုံးရဲ့ စုပေါင်းအောင်ပွဲခံတဲ့နေ့ပါပဲ"

ရစ်ချတ်ကို ကျွန်မက ငေးကြည့်ရင်း –

"ဒါက ဘာကို ဆိုလိုတာလဲ၊ ဘာတွေ ပြောနေတာလဲ"

ရစ်ချတ်ထံက အဖြေထွက်မလာခဲ့ပါ။ ပုလိပ်အရာရှိကပဲ ဆက်ပြီး

"အဲဒီနေ့မနက် ခင်ဗျား သူငယ်ချင်းက စခန်းကို ဖုန်းနဲ့ အကြောင်းကြားပေးတယ်။ ဒါကြောင့် ကျုပ်တို့အတွက် သိပ်ကို အခင်ပြေသွားတာပေါ့၊ ဟိုတယ်မှာ လာကြိုတဲ့ မာစီဒီးအဖြူနောက်ကနေ မသိမသာ လိုက်လာရုံပဲလေ"

မြို့ထဲကို ပုလိပ်အရာရှိက သူ့ကားနဲ့ ခေါ်သွားပြီး ရုံးခန်းရောက်တော့ ကော်ဖီ သောက်နေကြခိုက် –

"ခင်ဗျားတို့ အများကြီး အကူအညီ ပေးခဲ့ပြီးပါပြီ။ ဒါပေမဲ့ တစ်ခုတော့ ထပ်ကူညီကြပို့ မေတ္တာရပ်ခံပါရစေ။ ကယ်လီ လွတ်နေပါသေးတယ်။ ဒါ့အပြင် သူ့ဂိုဏ်းသားတွေကောပေါ့ဗျာ။ သူတို့အတွက် စီမံချက်လေး ရှိနေပါသေးတယ်"

သူက ဘူးလေးသုံးဘူးကို စားပွဲပေါ် တင်ပေးရင်း –

"အဲဒီဘူးလေးတွေ အင်္ဂလန်ကို ခင်ဗျားတို့ သယ်သွားပါ" ရစ်ချတ်ကော ကျွန်မပါ တအံ့တသြနဲ့ ပုလိပ်အရာရှိကို ငေးနေမိခဲ့ကြပါတယ်။

ဒါကြောင့် ပုလိပ်အရာရှိကပဲ –

"မကြောက်ကြပါနဲ့ အစစအရာရာ ပြင်ဆင်ပြီးသားပါ။ လန်ဒန်က ပုလိပ်မင်းကြီး အက်ဒွပ်ဆီ ပြန်ပြီး အကြောင်းကြားပေးထားပါတယ်။ ခင်ဗျားတို့အတွက် အန္တရာယ်မရှိစေရပါဘူး။ သေသေချာချာ နားထောင်ကြပါ"

သူကပဲ ဆက်ပြီး –

"ရောက်ရောက်ချင်း ကယ်လီလက်ထဲ ဒီရတနာတွေ အပ်လိုက်ပါ။ ဒီမှာ ဖြစ်ပျက်ခဲ့သမျှတွေ သူ မသိစေရပါဘူး။ ခင်ဗျားတို့ဆီကသာ မပေါက်ကြားပါစေနဲ့။ ကျွန်တော်နဲ့ ဆုံခဲ့တာတောင် မပြောပြပါနဲ့၊ သိပ်အရေးကြီးပါတယ်။ ထိပ်တန်းလျှို့ဝှက်ချက်ပဲ။ ဗြိတိသျှရဲတွေက ကယ်လီကို စောင့်ကြည့်နေကြပါလိမ့်မယ်၊ ရှင်းတယ်နော်"

ဒီအစီအစဉ်ကတော့ ကျွန်မအတွက် တော်တော် အန္တရာယ်ကြီးပါတယ်။ ဒါပေမယ့် ရစ်ချတ်က –

"ဘယ်လိုပဲဖြစ်ဖြစ် တို့ ဆက်လုပ်ကြဖို့ပဲ ရှိတော့တယ် ဝင်ဒီရေ" တဲ့ ရစ်ချတ်ကတော့ ကယ်လီကို လုံးဝ ဂရုမစိုက်တဲ့ သတ္တိခဲ့ပါ။

ဒါကြောင့် စနေနေ့ညနေ လေယာဉ်မှာ ဘူးသုံးဘူးနဲ့အတူ ဖရန့်ဖတ်မှ ပြန်ခဲ့ကြပါတယ်။ ညသန်းခေါင်လောက်ကမှ အင်္ဂလန်ပြည် ရောက်ကြပေမယ့် ရောက်ရောက်ချင်း ကယ်လီ့အိမ် တန်းသွားခဲ့ပါတယ်။ သူက စောင့်နေဖို့ပြောပြီး တစ်ဘက်ခန်းဆီ ကူးသွားပါတယ်။ ပြန်ထွက်လာတော့ သူ သိပ်ဝမ်းသာနေပါတယ်။ သူ့အင်္ကျီအိတ်ထဲ နှိုက်လိုက်ပြီး ရွှေနားဆွဲတွေ ထုတ်ကာ –

"ဒါ မင်းအတွက် ဝင်ဒီ၊ လာမယ့် ကြာသပတေးနေ့မှာ ကျင်းပမယ့် မင်း မွေးနေ့အတွက်"

"မယူပါရစေနဲ့ မစ္စတာကယ်လီ၊ ကျွန်မ ဘာမှ မလိုချင်ပါဘူး တကယ်ပါ"

ကယ်လီက ရယ်ရယ်မောမောနဲ့ –

"ဘာပဲဖြစ်ဖြစ် မင်း လက်ခံရမယ်။ ငါ့အတွက် မင်း အများကြီး အကျိုးပြုခဲ့တာတွေ၊ ငါတို့ မင်းမွေးနေ့ပါတီ ကျင်းပမယ်၊ တခြားလူတွေကိုလဲ ဖိတ်မယ်။ ဘယ်မှာ ပါတီလုပ်ချင်သလဲ။ ကြိုက်တဲ့ နေရာပြော"

ရစ်ဇ်လား၊ ဒစ္စကိုလား၊ ငါသတိရပြီ

'LET'S ALL MEET AT MAXIM'S,

WE'LL HAVE WOXDERFUL TIME'

ကျွန်မ သုံးကြိမ်တိတိ ငြင်းခဲ့ပါသေးတယ်။ သူ့ဖာသာ ဝမ်းသာ ရွှင်မြူးနေပြီး –

"လောလောဆယ် လက်ခံပါ၊ နောင်ကျတော့ မလိုချင်လဲ ငါ့ကို ပြန်ပေးပါ အခုအချိန်မျိုးမှာ စိတ်အနှောင့်အယှက် ဖြစ်စရာဆိုလို့ ဘာကိုမှ မလုပ်ပါနဲ့"

နောက်ရက်တွေကလည်း ကုန်ခဲ့ပါဘီ။ တနင်္လာနဲ့ အင်္ဂါနေ့တွေမှာ ခါတိုင်းလို ဒွေးအေးဆေးဆေးပါ။ ကယ်လီကလည်း ဖရန့်ဖတ် ခရီးနဲ့ပတ်သက်ပြီး လုံးဝ မဟာတော့ပါ။ သူ့ရုံးခန်းထဲမှာသာ ထိုင်ရင်း တယ်လီဖုန်းနဲ့ အလုပ်ရှုပ်နေခဲ့ပါတယ်။ ပုလိပ်တစ်ယောက်မှလည်း မလာခဲ့ပါ။ ဘာမှလည်း ထပ်မဖြစ်တော့ပါ။ ကျွန်မ ကြောက်စပြုလာပါတယ်။

ဗုဒ္ဓဟူးနေ့ မနက်စောစောမှာ ရစ်ချတ်က ကယ်လီရုံးခန်းတံခါး ဖေးရင်း –

"သူ မရောက်သေးဘူးလား"

"ရောက်မလာသေးဘူး။ ဘာကြောင့်လဲ"

"သူ့အခန်းသော့ ခဏပေးပါ၊ တစ်မိနစ်တည်းပါ"

"ဖြစ်ပါ့မလား ရစ်ချတ်ရဲ့"

"လာစမ်းပါ သူ မသိစေရပါဘူး"

"မဝင်နဲ့ ရစ်ချတ်၊ သူ ရောက်လာတော့မယ်"

"အကြာကြီးမှ မဟုတ်တာ၊ ပြောနေတာက ကြာသေးတယ်။ ချက်ချင်း ပြန်ထွက်လာမှာပါ"

"ဘာလိုချင်လို့လဲ"

"မေးမနေပါနဲ့၊ သော့သာ မြန်မြန်ပေးပါ"

ကာလီအခန်း ဖွင့်ပြီး ရစ်ချတ် ဝင်သွားပါတော့တယ်။ မိနစ်အနည်းငယ်ကြာတော့ – – – – – – – –

"ငါ့တော့ ရခဲ့ပြီဟေ့"

ကယ်လီစားပွဲရှေ့မှာ ရစ်ချတ် စာရွက်လေးတစ်ရွက်ကိုင်ပြီး –

"ဒါက တို့နှစ်ယောက်ကို ကယ်မှာကွ"

"ဘာများတုန်း ရစ်ချတ်ရဲ့"

"နားထောင် ဥတွေ ပြီးခဲ့တဲ့ စနေက ရောက်တယ်။ အားလုံး ကျွန်တော့်အိမ်မှာ သိမ်းထားတယ်။ ချိန်းထားတဲ့ နေရာမှာ ဧပြီလ (၁၈) ရက် နေ့လယ် (၁၁) နာရီမှာ ဆုံကြမယ်"

ကားရပ်သံကြောင့် ရစ်ချတ်ကို နောက်ချန်ပြီး အခန်းထဲကနေ ကျွန်မ ပြေးထွက်ခဲ့ပါတယ်။

"သူ လာနေပြီ၊ ခပ်မြန်မြန်ထွက် စာရွက်ကို ပုံမပျက် ပြန်ထား"

ပြောပြောဆိုဆို ရစ်ချတ်ကိုလည်း မီးဖိုခန်းထဲ ထည့်ထားလိုက်ပါတယ်။ မကြာခင် တံခါးပွင့်လာပြီး ကယ်လီ ဝင်လာပါတော့တယ်။

"ကောင်းသော မနက်ခင်းပါ ဝင်ဒီ" လို့ နှုတ်ဆက်ပြီး သူ့ရုံးခန်းထဲ တန်းဝင်သွားကာ တံခါးပိတ်လိုက်ပါတော့တယ်။

ရစ်ချတ်လည်း ကမန်းကတန်း အပြင် ထွက်သွားပြီး အဲဒီတစ်နေ့လုံး ပေါ်မလာတော့ပါ။ နောက်နေ့ ကြာသပတေးနေ့ နေ့လယ်ကျမှ ကျွန်မဆီ တယ်လီဖုန်း ဆက်ပါတယ်။ တစ်ခုခုကြောင့် သူ စိတ်မသက်မသာ ဖြစ်နေတာကို ကျွန်မ သိလိုက်ပါတယ်။ ဒါကြောင့် –

"ရစ်ချတ် ဘာတွေများ ဖြစ်နေလဲ"

"နောက်ထပ် ကယ်လီအတွက် ငါ ထပ်မလုပ်တော့ဘူး။ နောက် အလုပ်ကလေးတစ်ခု ထပ်လုပ်စရာရှိတယ် ပြောနေပြန်ပြီကွ။ ငါ ငြင်းလိုက်တယ်။ ဒါကြောင့် သူက ငါ့ကို မောင်းထုတ်ပစ်ခဲ့တယ်။ 'အခု နောက်အလုပ်သစ် ငါရှာရတော့မယ်' ဆိုပြီး ရယ်ရင်း –

"ပိုဆိုးတာက ငွေတစ်ပြားမှ မပေးဘဲ အလုပ်ထုတ်ပစ်လိုက်တာကွ။ အခု လောလောဆယ် မင်းမွေးနေ့အတွက် လက်ဆောင်ဝယ်စရာ ငွေတောင် တစ်ပြားမှ မရှိဖြစ်နေတယ်"

"ဒါလား အရေးမကြီးပါဘူး ရစ်ချတ်ရယ်။ ဒါနဲ့ ဒီညမှာ ကယ်ရီ လုပ်ပေးမယ့် မက်ဇင်ကလဲ မွေးနေ့ပါတီကို လာမယ် မဟုတ်လား။ ရှင် မလာရင် ကျွန်မ မသွားဘူး။ ရှင်လာကို လာရမယ်"

"မင်းဆီတော့ လာမခေါ်နိုင်ဘူး ဝင်ဒီ။ မက်ဇင်ကိုတော့ ငါ လာခဲ့ပါ့မယ်။ မင်း သိတယ် မဟုတ်လား။ ဒါပေမဲ့ စနေနေ့ထိ တို့ တွေ့လို့ မဖြစ်သေးဘူးလေ"

"ဘာကြောင့်လဲ စနေနေ့မှာ ဘာဖြစ်မှာမို့လဲ၊ ဟိုညတွေနဲ့ ဘူးတွေရဲ့ ကိစ္စလား။ ပုလိပ်တွေက ဘယ်လိုစီစဉ်ထားလို့လဲ၊ ပါတီမှာ ဟိုရွှေနားဆွဲကြီး ဆွဲလာရမယ်လို့ ကယ်လီက ကျွန်မကို အမိန့်ပေးထားတယ်၊ ကျွန်မကတော့ မဆွဲချင်ဘူး၊ ခိုးရာပါပစ္စည်းမှန်း သိသိကြီးနဲ့ ဆွဲရမှာ ကြောက်စရာကြီးပါ ရစ်ချတ်ရယ်"

"အားလုံး အဆင်ပြေသွားမှာပါ ဝင်ဒီ၊ ငါ့မှာ အစီအစဉ်တစ်ခု ရှိပါတယ်။ မစိုးရိမ်ပါနဲ့၊ ပါတီကိုသာ ကယ်လီ ခိုင်းတဲ့အတိုင်း သွားလိုက်ပါ၊ မကြာခင် မင်းနဲ့ လာတွေ့ပါ့မယ်' တယ်လီဖုန်းချသွားပြီးကတည်းက ရစ်ချတ်နဲ့ မဆုံတော့ပါ။ တယ်လီဖုန်းနဲ့တောင် ကျွန်မကို မဆက်သွယ်တော့ပါ။

▪

## နောက်ထပ် မွေးနေ့လက်ဆောင်တစ်ခု

ဂျင်နီဖာက ဝင်ဒီအပေါ် ဂရုဏာ တော်တော်လေး သက်သွားခဲ့ပါ တယ်။ ဝင်ဒီ လက်တွေ ခါရမ်းနေပြီး မငိုမိအောင် မနည်းထိန်းထားတာပါ။ ဒါကြောင့် ဂျင်နီဖာက သူမနောက် သွားထိုင်ပြီး ပခုံးပေါ် လက်တစ်ဘက် တင်ရင်း နှစ်သိမ့်လိုက်ပါတယ်။

"ဒါနဲ့ အဲဒီကြာသပတေးည ပါတီမှာ မင်းကို ပုလိပ်တွေ ခေါ်ထုတ် သွားပြီးတော့ ဘာတွေ ထပ်ဖြစ်ကြသေးတုန်း"

"အမယ်လေး ကြောက်စရာ လန့်စရာပါ ဂျင်နီဖာရယ်။ ကျွန်မဆီက နားဆွဲကြီး သူတို့ ချွတ်ယူကြပြီး မေးခွန်းတွေ တန်းပြီး မေးတော့တာပါပဲ။ ဒီနားဆွဲကြီးက ကယ်လီပေးတဲ့ လက်ဆောင်ဆိုတာရယ် ဂျာမဏီပုလိပ်ဌာနမှာ ဖြတ်သန်းခဲ့တဲ့ ဖြစ်ကြောင်းရယ်ကုန်စင် အားလုံးကို ဖွင့်ပြောခဲ့ပါတယ်။

ဒါပေမဲ့ သူတို့က ကျွန်မကို အယုံအကြည် မရှိကြပါဘူး။ သောကြာနေ့မှာ ပုလိပ်ဌာန လာတွေ့ဖို့ ဒီကိစ္စတွေကို ဘယ်သူ့မှ မပြောဖို့ နှုတ်ပိတ်လိုက်ပါသေးတယ်။ သူတို့ ရစ်ချတ်နဲ့လဲ တွေ့ချင်သေးတယ် ပြောသွားပါတယ်''

တစ်ခါ ဝင်ဒီက ဂျင်နီဖာလှည့်လိုက်ပြီး –

''ကဲ ... အခု ကျွန်မ ဘာဆက်လုပ်ရမလဲဟင်။ ဂျာမန် ပုလိပ်တွေက အင်္ဂလန်ကို အကြောင်းကြားမထားကြဘူးလား။ ရစ်ချတ်ကကော ဘယ်ရောက်နေလဲ။ ကျွန်မ သူ့ကို လုံးဝ ရှာမရဖြစ်နေပါတယ်'' လို့ ပြောရင်း ဝင်ဒီ ငိုပါတော့တယ်။

ဂျင်နီဖာ မတ်တတ်ရပ်လိုက်ပြီး –

''ငါတို့ ဂျာမဏီဌာနကို ဖုန်းဆက်ကြမယ်၊ ငါ့ကို မနေ့ညက လာတွေ့တဲ့ စုံထောက် ဘားရက်ဒ်နဲ့လဲ ဆွေးနွေးရမယ်''

အဲဒီအချိန်မှာပဲ တံခါးခေါက်သံ တစ်ချက် ကြားလိုက်ရပါတယ်။ ဒါကြောင့် ဂျင်နီဖာက – ''ဘယ်သူလဲဟေ့''

''ကျွန်တော်ပါ ရစ်ချတ်''

ဂျင်နီဖာ ခပ်သွက်သွက် တံခါး ဖွင့်လိုက်ပါတယ်။ ဘားရက်ဒ်နဲ့ အရပ်မြင့်မြင့် တစ်ယောက်တို့ပါ ရစ်ချတ်နဲ့ ပါလာကြပါတယ်။

ရစ်ချတ်က ရွှင်ရွှင်ပျပျနဲ့ –

''အားလုံး အိုကေမှာ စိုပြေသွားပါပြီ'' လို့ ပြောရင်း ပုလိပ်နှစ်ယောက်ဘက် လှည့်ကာ –

''ကျွန်တော့်ကို မဖမ်းကြတော့ပါဘူးနော်''

ရစ်ချတ်စကားဆုံးတာနဲ့ ဂျင်နီဖာကလည်း –

''ဒီသတင်းကောင်း ကြားရတာ ရင်ကို အေးသွားတာပဲ။ ကဲ ... ရှင်းပြကြပါဦး''

အားလုံး ဧည့်ခန်းထဲ ထိုင်မိကြတော့ ဝင်ဒီ ပြေးထွက်လာခဲ့ပါတယ်။ ပုလိပ်တွေကို မြင်ရတော့ သူမ မျက်နှာဖြူဖတ်ဖြူရော် ဖြစ်သွားပါသေးတယ်။ ချက်ချင်းပဲ တစ်ယောက်က ရှင်းပြပြီး ရစ်ချတ်က ဝင်ဒီကို ဖက်လိုက်ပါတယ်။

အရပ်မြင့်မြင့်နဲ့ ပုလိပ်ကြီး ရယ်မောရင်း ဂျင်နီဖာဘက် လှည့်ကာ

"ကျွန်တော့်နာမည် အက်ဒွပ်ပါ၊ မနေ့ညက ခင်ဗျားဆီ ဘားရက်ဒ်ထံ စုံစမ်းတာ တောင်းပန်ပါတယ်။ ရစ်ချတ်နဲ့ ဝင်ဒီတို့ရဲ့ ဆင်ကွက်ကိုလဲ ကျွန်တော်တို့ မသိခဲ့ကြတာ အမှန်ပါ။ လွန်ခဲ့တဲ့ တစ်နာရီကမှ ဖရန့်ဖတ် ပုလိပ်ဌာနနဲ့ ဆက်သွယ်ခဲ့တာပါ။ ဂျာမဏီမှာ ရတနာတွေ အခိုးခံရတာနဲ့ ပတ်သက်ပြီး ကယ်လီကို ကျွန်တော်တို့ စောင့်ကြည့်နေခဲ့ကြတာတော့ အမှန်ပါ။ ရစ်ချတ် အပါအဝင် သူ့လူတွေကောပေါ့ဗျာ။ ဒါပေမဲ့ အဲဒီရတနာခိုးမှုနဲ့ ပတ်သက်တဲ့ ဂျာမဏီက သူခိုးအားလုံးကို ဖမ်းထားတာရယ်။ ရစ်ချတ်နဲ့ ဝင်ဒီကို ပြန်လွှတ်ပြီး ကယ်လီနဲ့ တစ်ဂိုဏ်းလုံးကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့တာ တွေကိုတော့ ပြောမပြကြပါဘူး။ သူတို့က သိပ်ကိုလျှို့ဝှက်ကြပါတယ်။ အထူးသဖြင့် ပေါက်ကြားသွားပြီး ကယ်လီ သိသွားမှာ စိုးရိမ်ကြတယ်လေ။ ကဲ... အခုတော့ ကျွန်တော်တို့အားလုံး ဓာတ်ပေါင်းမိပါပြီ။ တရားခံအားလုံးကို ထဲ ဖမ်းမိထားပါပြီ"

"ဒါနဲ့ နေပါဦး၊ ကယ်လီနဲ့ ဘူးတွေကကော" ဝင်ဒီ အမေးကြောင့် ဘားရက်ဒ် ပြုံးပြရင်း -

"မင်းအတွက် လုပ်ငန်းရှင်အသစ် တစ်ယောက် ရှာထားပါတယ်။ ပုပါနဲ့၊ ကယ်လီကတော့ နှစ်ရှည်ထောင်ဒဏ်ကို ခံရပါလိမ့်မယ်။ ကျန်တဲ့ အပိုင်းကိုတော့ ရစ်ချတ်ကပဲ ပြောပြပါလိမ့်မယ်။ ကျုပ်တို့ကို အကူအညီ ထိထိရောက်ရောက် ပေးခဲ့တာ ရစ်ချတ်ပါ"

ပုလိပ်နှစ်ယောက် အခန်းထဲက ထွက်သွားကြတော့ ဂျင်နီဖာက ဝင်ဒီကို ဖက်ထိုင်နေတဲ့ ရစ်ချတ်ဘက် လှည့်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ -

"ကဲ ... ရစ်ချတ်ရေ ဇာတ်လမ်းလေး ဆက်ပါဦး"

ဝင်ဒီက ကြားဝင်ပြီး -"ပြီးခဲ့တဲ့ အပတ်က ဇာတ်လမ်းစုံကိုတော့ ဂျင်နီဖာ ပြောပြပြီးပါပြီ။ ကြာသပတေးနေ့က မက်ဖင်မှာ ပါတီလုပ်တဲ့ထိပါ။ အခုမနက်ပိုင်း အဖြစ်အပျက်တွေတော့ ကျွန်မလဲ မသိဘူးလေ"

ရစ်ချတ်က ရယ်ရယ်မောမောနဲ့ -

"လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ကယ်လီ ရုံးခန်းထဲမှာ ဥတွေရတယ်ဆိုတဲ့

စာ ငါတွေ့ခဲ့ရတာ မင်းသိတယ် မဟုတ်လား။ ဂျာမန် ပုလိပ်တွေက ဘာမှ မလုပ်ပါနဲ့လို့ မှာလိုက်ပေမယ့် ငါလာတော့ အင်္ဂလိပ်ပုလိပ်တွေ ကယ်လီကို ဖမ်းထားစေချင်တယ်လေ။ သူတို့ စောင့်ကြည့်ကောင်း စောင့်ကြည့်နေကြမှာ ဖြစ်ပေမယ့် လွတ်သွားမှာ ငါက စိုးရိမ်တယ်။ ဒါကြောင့် ဒီနေ့မနက်မှာ ပုလိပ်ဌာနကို သွားသတင်းပေးခဲ့တယ်။ သူတို့က ငါ့ကို မယုံသင်္ကာနဲ့ ဖမ်းချုပ်ထားလိုက်ကြတယ်။ ဒါပေမဲ့ ကယ်လီ အိမ်ကိုတော့ မနက် ၁၁ နာရီမှာ သူတို့ သွားဝိုင်းခဲ့ကြတယ်။ ကယ်လီနဲ့အတူ ခိုးရာပါရတနာတွေ လာဝယ်ကြတဲ့ ကုန်သည် နှစ်ဦးကိုပါ အရောင်းအဝယ် လုပ်နေဆဲ လက်ပူးလက်ကြပ် ဖမ်းမိကြတယ်။ ဒါကြောင့် ကယ်လီကော ဝယ်လက်နှစ်ဦးကိုပါ ရဲစခန်းမှာ ချုပ်ထားလိုက်ကြပါတယ်။ သက်သေခံပစ္စည်းဖြစ်တဲ့ ရတနာဘူးလေးနဲ့အတူ ပေါ့။ ကယ်လီက ဒေါသထွက်နေပြီး ဒါတွေဟာ ငါနဲ့မင်း ခိုးလာတာတွေလို့ ဖြောင့်ချက်ပေးတယ်။ ငါကလဲ ဘားရက်ဒ်နဲ့ အက်ဒွပ်တို့ကို ဂျာမန်ပုလိပ်တွေနဲ့ စီမံချက်အကြောင်း ထပ်တလဲလဲ ရှင်းပြခဲ့တယ်။ နောက်ဆုံးတော့ သူတို့ ဂျာမဏီက ဖရန့်ဖတ်ပုလိပ်ဌာနကို တယ်လီဖုန်း ဆက်ပြီး စုံစမ်းကြတော့တယ်၊ ဂျာမန် ပုလိပ်ရုံးက အပြည့်အစုံ ရှင်းပြခဲ့တာကြောင့် အခုလို ငါတို့ ပျော်ပျော်ရွှင်ရွှင် ပြန်ဆုံရတာပါ''

ရစ်ချတ်က အားရပါးရ ရယ်မောရင်း သူ့လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ နှိုက်လိုက်ပါတယ်။

''ပေါင်နှစ်ဆယ်ကတော့ အစ်မကို အကြွေးပြန်ဆပ်တာပါ။ ဒီပစ္စည်းလေးကတော့ အချစ်လေးရဲ့ မွေးနေ့လက်ဆောင်ပါ''

ဂျင်နီဖာက ပြုံးပြုံးရွှင်ရွှင်နဲ့ ရစ်ချတ်ကို ပြန်ကြည့်ရင်း –

''အဲဒီပေါင်နှစ်ဆယ်ကို မင်းဟာသာ ပြန်သိမ်းထားပါ။ ငါ့အတွက် အရေးမကြီးပါဘူး။ ဒါပေမဲ့ မင်းကို လွှန်ခဲ့တဲ့ ကြာသပတေးညတုန်းက ချေးခဲ့တာတွေလေ၊ ဘယ်လိုလဲ''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အခု အလုပ်သစ်ရနေပါပြီ။ မနက်ဖြန်မှစပြီး အလုပ်ဝင်ရမယ်။ ဒီတစ်ခါတော့ ရတနာသူခိုးတစ်ယောက်အတွက် လုပ်ပေးရမှာ မဟုတ်ပါဘူး''

ဝင်ဒီက ရစ်ချတ်ပေးတဲ့ လက်ဆောင် ဘူးလေးကို ဖွင့်ကြည့်ပြီး ထမဆုံး ရယ်မောခြင်းအနေနဲ့ နှစ်နှစ်ခြိုက်ခြိုက် ရယ်ပါတော့တယ်။

"ကြည့်ပါဦး။ ရွှေနားဆွဲလေးပါလား။ ချစ်စရာလေးနော်"

ရစ်ချတ်ပါ ရောနှောရယ်မောရင်း –

"နားဆွဲသေးသေးလေးပါ ဝင်ဒီ၊ ဒါပေမဲ့ ငါ ပြောရဲတာကတော့ နားဆွဲလေးက ဖရန့်ဖတ်က သယ်လာတဲ့ ဘူးလေးထဲက မဟုတ်ပါဘူး"

အောင်သန်းချစ်

RF: EAR-RINGS FROM FRANKFURT BY REG WRIGHT.

## တစ္ဆေ့ဖြစ်ထွေ

နယူးယောက် ဘရော့ဝေးလမ်းမကြီး အထက်ပိုင်းမှာ အိမ်အိုကြီး တစ်လုံး ရှိလေသည်။ ထိုအိမ်အိုကြီး၏ အခန်းကျယ်ကြီးတစ်ခန်းကို ကျွန်တော် ယူလိုက်၏။ အိမ်အိုကြီးအပေါ်ထပ်ကတော့ လူမနေတာ နှစ်အတော် ကြာနေပုံပါပဲ။ ဖုန်တွေ၊ ပင့်ကူအိမ်တွေသာ ကြီးစိုးမင်းမူနေကြပါသည်။ ခြောက်ကပ်ငြိမ်သက်နေသည်။ ကျွန်တော် ယူထားသော အခန်းကျယ်ကြီးသို့ တက်အသွားတွင် လူအများ၏ အုတ်ဂူတွေကြား ဖြတ်သွားနေရသလို၊ လူသေများ၏ ပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်နေရသလို ခံစားလိုက်ရ၏။ ယင်းကြောင့်ပေလား မသိ၊ ကျွန်တော့်ဘဝမှာ တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ဖူး သော ကြောက်လန့်စိတ်က သိသိသာသာ ဝင်ရောက်လာပါတော့သည်။ ကျွန်တော် အယူသည်းနေလို့၊ ဒါမှမဟုတ် အစွဲအလန်းကြီးနေလို့၊ ယင်း ကြောက်စိတ် ဝင်လာသည်ဟုလည်း ထင်မိ၏။ လှေကားအထက် မှောင်မည်း နေသော တစ်နေရာ၌ ကျွန်တော် မမြင်ရသော ပင့်ကူအိမ်တစ်ခုက မျက်နှာ အရှေ့မှာ လွဲရမ်းနေသလိုပါပဲ။ ထိုအခါ ကျွန်တော့် တစ်ကိုယ်လုံးသည် တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသူပမာ တဆတ်ဆတ် တုန်ခါသွား၏။

အခန်းကျယ်ကြီးထဲ ရောက်ခဲ့ပြီး တံခါးသော့ကို ခတ်လိုက်ခါမှ
စိတ်ငြိမ်သွား၏။ ဝမ်းသာသလို ဖြစ်သွား၏။ ချယ်ရီသားနှင့် မွေးထားသော
ီးဖိုမှ မီးတောက်မီးညွန့်များ ထိုးထွက်နေ၏။ မီးဖိုဘေး၌ ထိုင်မိသည့်အခါ
ကတော့ စိတ်အတော်သက်သာသွား၏။ နေရထိုင်ရတာ သက်သောင့်သက်
သာ ဖြစ်သွား၏။ မီးဖိုဘေးမှာ နှစ်နာရီလောက်ကြာအောင် ထိုင်ပြီး အတိတ်က
အချိန်တွေကို တွေးနေမိ၏။ ထိုအခါ အတိတ်က အရိပ်ဟောင်းများ ထင်ဟပ်
လာ၏။ အတိတ်မြူတွေထူကြားမှာ တစ်ဝက်တစ်ပြက် မေ့ပျောက်နေပြီဖြစ်
သော မျက်နှာများ ရေးရေးပေါ်လာ၏။ နှစ်ပေါင်းများစွာ တိတ်ဆိတ်နေခဲ့သော
အသံများနှင့် ယခုအခါ ဘယ်သူမှ မဆိုတော့သော တေးအိုများ ကိုပါ အာရုံ
စိတ်နှင့် နားထောင်နေမိ၏။

ခဏကြာတော့ ကျွန်တော့်အတွေးနယ် ကျဉ်းကျဉ်းလာတော့၏။
မ်းနည်းသလို ခံစားလာရ၏။ အပြင်ဘက်က လေတိုက်နေသံ တရှဲရှဲသည်
ည်း တိုးညင်းသွား၏။ မိုးပေါက်တွေရဲ့ ရိုက်ခတ်သံ၊ ငြိမ်သက်တိတ်ဆိတ်
ွား၏။ နောက်ဆုံး၌ လမ်းပေါ်က ခွာသံတွေပါ တိတ်သွား၏။ ဟိုး
ဝေးမှ ပေါ်ထွက်နေသော သွက်သွက်လှမ်းနေသည့် ခြေသံတွေပါ ပျောက်
ွယ်သွားချိန်မှာတော့ ဘာသံမှ မကြားရတော့၊ ပကာတိ အံသံမဲ့ လောကကြီး
ဖြစ်သွားတော့၏။

မီးတောက်မီးညွန့်တွေ အရှိန်သေသွားကြလေပြီ။ အထီးကျန် ဖြစ်
နေသလို ခံစားလာရ၏။ ကျွန်တော် မတ်တတ်ရပ်ပြီး အဝတ်အစားတွေကို
ွတ်လိုက်ကာ အခန်းကျယ်ကြီးထဲ ခြေဖျားထောက် လှည့်ပတ်ကြည့်နေမိ၏။
ကျွန်တော် လုပ်နေပုံက လုပ်စရာတွေကို တိတ်တဆိတ်လုပ် နေရသလိုပါပဲ။
ဖ်လွယ်လွယ် ပြန်နိုးလာနိုင်သော အိပ်နေကြသည့် ရန်သူတွေ အဝိုင်းခံနေရ
သလို ကျွန်တော် ခံစားလာရပြန်၏။ ထို့ကြောင့် အိပ်ရာထဲ လဲချပြီး
တင်ဆွဲခြုံလိုက်၏။ ခပ်ဝေးဝေးက ပေါ်ထွက်လာသော ပြတင်းပေါက်တွေ၏
ကျိုကျို မြည်သံများနှင့် မိုးသံလေသံတွေကို ဂရုတမပြိမ်စိတ်နှင့် နားထောင်
နေမိ၏။ မည်သို့ပင်ဖြစ်စေ၊ နောက်ဆုံးတော့ ထိုအသံများကပင် ကျွန်တော့်
အား ချော့သိပ်လိုက်သလို ဖြစ်သွားပါတော့သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည်ကိုတော့ မသိ၊ နိုးလာသည်ကိုပဲ သိလိုက်၏။ နွမ်းနွမ်းချင်း ကြောက်စိတ်ဝင်လာ၏။ လက်တွေ ခြေတွေတုံချင်သလို ဖြစ်လာ၏။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း တိတ်ဆိတ်ငြိမ်သက်လွန်းလှပါကလား။ ဟုတ်ပါသည်။ တကယ့် သုသာန်တစ်စပြင်လို တိတ်ဆိတ်နေ၏။ ငြိမ်သက်နေ၏။ မငြိမ်မသက် ဖြစ်နေသည်က ကျွန်တော့်နှလုံးသားပင်။ နှလုံးခုန်သံကို အတိုင်းသား ကြားနေရ၏။ သည်အချိန်မှာ တစ်ယောက်ယောက်က ဆွဲယူနေသလို အိပ်ရာခင်းက ခုတင်ခြေရင်းဘက် ဖြည်းဖြည်းချင်း လျှောကျသွား၏။ ကျွန်တော့် အကြောအခြင်တွေ ရုတ်တရက် ဆိုင်းသွားတော့၏။ စကားမပြောနိုင်တော့။ စက္ကန့်ပိုင်းလေးအတွင်းမှာ စောင်တွေ ခြေရင်းဘက် လျှောကျသွားကြပြန်၏။

ရင်ဘတ်ဟာလာဟင်းလင်း ဖြစ်သွား၏။ လျှောကျသွားသော စောင်တွေကို အားစိုက်ပြီး ပြန်ဆွဲယူကာ ခေါင်းမြီး ခြုံထားလိုက်၏။

ဘာတွေ ကြားရဦးမည်နည်း။ ငြိမ်ငြိမ်လေး နားစိုက်ထောင်ကြည့်၏။ အိုး ... စောင်တွေကို လာဆွဲပြန်ပြီ။ ရင်ဘတ် ဟင်းလင်းဖြစ်သွားပြန်၏။ ကျွန်တော်အားနှင့် ပြန်ဆွဲယူလိုက်၏။ ပြန်ပါ မသွားရအောင် စောင်အနားစကို တင်းတင်း ဆုပ်ကိုင်ထားလိုက်၏။ အခြေအနေကို စောင့်အကဲခတ်နေ၏။ ခဏကြာတော့ စောင်တွေကို ဆောင့်ဆွဲယူလိုက်သလို ခံစားလိုက်ရ၏။ ကျွန်တော် လန့်ဖျတ်ပြီး အားနှင့် ပြန်ဆွဲယူလိုက်၏။ သို့သော် ဆွဲသူကတော့ ဆက်၍ဆက်၍ ဆွဲယူနေဆဲ။ ဆွဲအားတော့ လျော့သွား၏။ ဆောင့်ဆောင့် မဆွဲတော့ဘဲ မျှင်းမျှင်းလေး ဆွဲယူနေ၏။ တစ်ချိန်မှာတော့ ရုတ်တရက် အားပြင်းပြင်း ဆောင့်ဆွဲလိုက်၏။ စောင်တွေ ကျွန်တော့်လက်တွင်းမှ လွတ်ထွက်သွားပြီး ခုတင် ခြေရင်းသို့ ရောက်သွား၏။

ကျွန်တော် တစ်ချက် ညည်းမိ၏၊ ချက်ချင်းပင် ခုတင်ခြေရင်းဘက်မှ ပြန်၍ ညည်းလိုက်သံကြီး ထွက်လာ၏။ ကျွန်တော့်မျက်နှာမှာ ချွေးစေးတွေ သီးလာ၏။ ကျွန်တော် လူသေကြီးလို ဖြစ်သွား၏။ ခဏကြာတော့ လေးပင်

သော ခြေသံကြီးကို ကြားလိုက်ရ၏။ ဘာသံလဲ၊ ဆင်တစ်ကောင် ခြေလှမ်းသံလား။ ဟုတ်သည်။ ကျွန်တော့်အမြင်မှာတော့ ဆင်မှဆင်။ လူနဲ့တူတာဆိုလို့ ထိုသတ္တဝါကြီးမှာ ဘာတစ်ခုမှ မရှိ၊ ဒီဆင်ကြီးသည် ကျွန်တော့်ကိုယ်ထဲမှ ထွက်သွားသော ဆင်ကြီး။ အပြင်ရောက်သွားတော့ ထိုဆင်ကြီးအတော် စိတ်သက်သာသွားပုံရ၏။

ဆင်ကြီး တံခါးနား ချဉ်းကပ်သွားသံ ကြားရ၏။ မင်းတုတ် သို့ဟုတ် သော့ကို တစ်ချက်ကလေးပင် မကိုင်မလှုပ်ဘဲ ထွက်သွား၏။ ဆင်ကြီးသည် ကော်ရစ်ဒါတွေပေါ်မှာ လျှောက်သွားနေ၏။ သူ အနင်းခံရသည့် ကြမ်းပြင်တွေ တကျွိကျွိ မြည်လာ၏။ မကြာခင် အသံတွေ တိတ်သွား၏။

လှုပ်ရှားနေသော ကျွန်တော့်စိတ် ပြန်လည် တည်ငြိမ်လာသလိုဖြစ်သွားလေသည်။ အင်း … ဒါ အိပ်မက်ပဲ၊ ကြောက်စရာ အိပ်မက်ဆိုးကြီးပဲ။ အိပ်မက်ဖြစ်ကြောင်း ယုံကြည်စိတ်ချရသည်အထိ လှဲရင်း စဉ်းစားနေမိ၏။ အိပ်မက်အဖြစ် ယုံကြည်သွားသည့်အခါ စိတ်ပေါ့ပါးသွား၏။ ပျော်သွား၏။ ပြုံးနိုင်ရယ်နိုင် ဖြစ်လာတော့၏။ ကျွန်တော်ထပြီး မီးထွန်း၏။ ဩ … မင်းတုတ်နဲ့ သော့ခလောက်က ငါ ထားခဲ့တဲ့အတိုင်းပါလား၊ ခြေရာလက်ရာလုံးဝ မပျက်စီးပါလား။ ကျွန်တော် သဘောကျသွား၏။ ရယ်လိုက်မိ၏။ ဆေးတံယူပြီး မီးညှိ၏။ မီးဖိုနားမှာ ထိုင်ဖို့ ပြင်၏။ ထိုစဉ် … ခွန်အားမဲ့လက်ချောင်းတွေကြားမှ ဆေးတံလွတ်ကျသွား၏။ ပါးပြင်မှာ သွေး ရုတ်တရက်ဆုတ်သွားသည် ထင်လိုက်၏။ အသက်ရှူမြန်လာ၏။ မောဟိုက်လာ၏။ဟော … ဒါက ဘာကြီးပါလိမ့်။ မီးဖိုရှေ့က ပြာတွေပေါ်မှာ ကျွန်တော့်ခြေရာနှင့် ဘေးချင်းယှဉ်လျက် ခြေရာကြီးတစ်ခု၊ အလိုလေးလေး … ကြီးလိုက်တဲ့ ခြေရာကြီး။ ကျွန်တော့် ခြေရာနှင့် ယှဉ်လိုက်တော့၊ ဟား … ကျွန်တော့်ခြေရာတကယ့်သေးသေးလေး ဖြစ်သွားပါပေါ့လား။ အင်း … ဒီအတိုင်းဆိုရင်ဒီအခန်းထဲ ဧည့်သည်တစ်ဦးဦးတော့ ရောက်နေတာ သေချာနေပြီ။ ဆင်ခြေရာ ပြဿနာလည်း ရှင်းသွားပြီ။

မီးပိတ်ပြီး ကျွန်တော် အိပ်ရာထဲ ဝင်လိုက်၏။ ကြောက်စိတ်နှင့်

အကြောအချဉ်တွေ ဆိုင်းနေ၏။ အမှောင်ထုထဲ ထိုးဖောက်ကြည့်ရင်း နားစွင့်ထားလိုက်၏။

ဦးခေါင်းထက်က ပွတ်တိုက်သံလို အသံမျိုး ပေါ်ထွက်လာ၏။ ကြမ်းပြင်ကို ဖြတ်လျက် လေးပင်သော ခန္ဓာကိုယ်ကြီးကို ဒရွတ်တိုက် ဆွဲသွားသံကိုပါ ကြားလိုက်ရ၏။ မကြာခင် ခန္ဓာကိုယ်ကြီးကို ဘုံးခနဲ ပစ်ချလိုက်သံ။ ပစ်ချလိုက်သည့် အားက ပြင်းလွန်း၍လားမသိ၊ ပြတင်းပေါက်တွေ တုန်ခါသွား၏။ ကျွန်တော့် အခန်းနှင့် အတော်လှမ်းလှမ်းက တံခါးကြီးတွေ ဒိုင်းခနဲ၊ ဂျိုင်းခနဲ ပွင့်သွားသံ၊ ပိတ်သွားသံတွေ ... နောက် ကော်ရစ်ဒါပေါ် ခိုးကြောင် ခိုးဝှက် လှည့်ပတ် လျှောက်သွားနေသော ခြေသံ၊ လှေကားက ဆင်းသွားသံ၊ ပြန်တက်လာသံ။ တစ်ခါတစ်ခါကျတော့ အသံတွေက ကျွန်တော့်အခန်းနှင့် နီးလာ၏။ အသံ ရုတ်တရက် ပျောက်သွား၏။ ရုတ်တရက် ပြန်ပေါ်လာသည်။ ဟိုး ... ခပ်လှမ်းလှမ်း စကြံလမ်းပေါ်မှ ပေါ်ထွက်လာသော သံကြိုးချင်း ထိခတ်သံ တချွင်ချွင်ကို သဲ့သဲ့လေး ကြားနေရ၏။ ခဏချင်းမှာ သံကြိုးသံက ကျွန်တော့်နား ရောက်လာ၏။ အာရုံစိုက် နားထောင်နေစဉ်မှာပဲ အသံက တိုးသွား၏။ ဟော ... လှေကားက တက်လာနေသံလေလား။ ပင်ပန်းတကြီး တက်လာသံ တစ်ချက် တစ်ချက်၊ လှမ်းတက်လိုက်တိုင်း အသံ တစ်ချက် ပေါ်လာ၏။ သံကြိုးချည်ထားသော ကြွပ်ကောင်တစ်ကောင် တက်လာသံမျိုး။ တီးတိုးပြောသံတွေ ရောပါလာ၏။ ကျွန်တော် အကြီးအကျယ် တုန်လှုပ်ချောက်ချားလာတော့၏။ အသက်မရှူနိုင်အောင် တစ်ခုခုနှင့် ဖိသဲတ်ခံရသူလို ငယ်သံပါအောင် စူးစူးရဲရဲအော်လိုက်မိ၏။ နောက် မမြင်ရသော အဝတ်ကို တရှမ်းရှမ်းမြည်အောင် တုန်ခါထွက်နေသံ။ မမြင်ရသော တောင်ပံတွေ အမြန်ဆုံး ပျံသွားသံ။ ကျွန်တော် သေချာပေါက် သိလိုက်ပြီ။ ကျွန်တော့်အခန်းထဲမှာ ကျူးကျော်ဝင်ရောက်သူ ရှိနေပြီ။ ကျွန်ုပ်ငော်တစ် ယောက်တည်း မဟုတ်နိုင်တော့။ ဟော ... သက်ပြင်းချသံကြီးပါလား။ မှန်းဘယ်နားကပါလိမ့်။ ဩ ... အိပ်ရာနားက ကက်လာသံပဲ။ ဟုတ်တယ်၊ သက်ပြင်းချသံကြီး၊ နောက် ... အသက်ရှူသံကြီး၊ နောက်တော့ ... လျှို့ဝှက် ဆန်းကြယ်လှသော တီးတိုးပြောသံတွေ နားထဲ လုံးထွေးဝင်လာကြ၏။

ကျွန်တော် အမှတ်မထင် မော့ကြည့်လိုက်၏။ အပေါ်ဘက် ခေါင်းတည့်တည့်က မျက်နှာကျက်မှာ မီးစုန်းအဝိုင်းလေး သုံးဝိုင်း ချိတ်ဆွဲနေတာ မြင်ရ၏။ မီးစုန်းတွေ ခဏလေးသာ တောက်နေကြပြီး မီးစုန်းနှစ်ခုက ကျွန်တော့်မျက်နှာပေါ် ပြုတ်ကျလာ၏။ ကျန်မီးစုန်းတစ်ခုကတော့ ခေါင်းပေါ်တည့်တည့် ပြုတ်ကျလာ၏။ ကျလာသော မီးစုန်းတွေ တစ်ဖျောက်ဖျောက် ညည်ပြီး တစ်စစီ စင်ထွက်သွားတော့၏။ စင်ထွက်သွားသော မီးစုန်းအပိုင်းအစတွေက ပူနွေးသော ရေပေါက်တွေ ဖြစ်သွား၏။ တကယ်တော့ ရေပေါက်တွေ ဟုတ်မှန်း ခဏအတွင်းမှာ ကျွန်တော် ထိုးထွင်းသိလိုက်ရပါ၏။ သွေးစက်တွေပါ၊ တစ်ပေါက်ပေါက် စင်ထွက်နေသော သွေးစက်တွေပါ။ သွေးစက်သွေးပေါက်တွေ ဟုတ်မဟုတ် မီးထွန်းကြည့်စရာမလိုပါ။ ဟော ... အမြင်အာရုံမှာ ပင်ဟပ်လာကြပြန်ပါပြီ။ ဘာတွေများပါလိမ့်။ အိုး ... ဖြူဖတ်ဖြူရော် မျက်နှာကြီးတွေပါလား။ အမှောင်ထဲမှာ ခပ်မှိန်မှိန်တောက်နေတဲ့ အရာတွေကတည်း အများကြီး။ ဟောဟိုမှာ လက်ဖြူဖြူကြီးတွေ၊ လေထဲမှာ ပေါလောမျောပါနေတဲ့ ခန္ဓာကိုယ်ကြီးတွေ၊ အိုး ... ပျောက်သွားကြပြန်ပြီ။ တီးတိုးသံတွေ ကြားရပြန်ပြီ။ တချွင်ချွင် မြည်သံတွေ ထွက်လာပြန်ပြီ၊ နောက်စကားပြောသံတွေ။ ခဏအကြာမှာ အားလုံးတိတ်သွား၏။ အပ်ကျသံကြားရသည်အထိ ငြိမ်သက်သွား၏။ ကျွန်တော် ကျောက်ရုပ်လို မလှုပ်ဘဲ နားထောင်နေ၏။

အလင်းရောင် ... အလင်းရောင်၊ အလင်းရောင် သိပ်ကို လိုအပ်နေ၏။ အလင်းရောင်မရှိလျှင် ကျွန်တော် သေသွားတော့မည် ထင်၏။ ကြောက်လွန်း၍ အားအင်တွေ ဆုတ်ယုတ်သွားတော့၏။ ထိုင်ဖို့ ကြိုးစားကြည့်၏။ ထိုစဉ်မှာပင် ကျွန်တော့်မျက်နှာက စေးထန်းထန်း လက်နှစ်ဖက်နှင့် ထိသွား၏။ ကျန်နေသေးသည့် အားကလေးတွေ တစ်စက်မှ မကျန်တော့အောင် ဆုတ်ယုတ်သွားသလို ခံစားလိုက်ရ၏။ ယင်းခံစားမှုနဲ့အတူ ရောဂါဖိစီးနေသော လူကြီးတစ်ယောက်ကဲ့သို့ ကျွန်တော် အိပ်ရာပေါ် ပက်လက်လဲကျသွား၏။ သည့်နောက်တော့ အဝတ်ခါသံ၊ ထိုအသံသည် တံခါးမကြီးကို ဖြတ်ပြီး အပြင်ထွက်သွားပုံရ၏။

အခြေအနေအားလုံး ပြန်၍ ပုံမှန်ဖြစ်သွားသည့်အခါမှသာ ကျွန်တော်သည် အိပ်ရာထဲမှ ထွား၍ထွက်လိုက်နိုင်ပါသည်။ ကျွန်တော် နေထိုင်မကောင်း ဖြစ်နေပါပြီ။ အားနည်းနေပါပြီ။ ကျွန်တော့်လက်ချောင်းတွေက သက်တမ်း တစ်ရာရှိနေသည့် လက်ချောင်းတွေလို တုန်ယင်ချိနဲ့နေကြ၏။ ထိုလက်ချောင်းတွေ၏ အကူအညီနှင့်ပင် မီးထွန်းလိုက်ရ၏။

အလင်းရောင် မြင်လိုက်ရတော့ အားနည်းနည်းတက်လာ၏။ ထိုင်လိုက်၏။ ပြာထဲက ခြေရာကြီးကို အလိုလို ကြည့်မိရက်ဖြစ်သွား၏။ ကြည့်ရင်း ဝါးဝါးသွား၏။ မှိန်မှိန်သွား၏။ ခြေရာမှ အကြည့်ကို ခွာလိုက်သည့်အခါ အလင်းရောင်သည်ပင် မှေးမှိန်သွား၏။ ဟော ... ခုနက ဆင်ခြေသံကြီး ပြန်ပေါ်လာပြန်ပြီ၊ ခြေသံက ကျွန်တော့်အခန်းတံခါးဝမှာ ရပ်သွား၏၊ အလင်းရောင်မှိန်မှိန်အောက်မှာ အရာအားလုံး လှုပ်ရှားမှုမဲ့နေကြ၏၊ တံခါးဖွင့်သံ မကြားရပေ၊ ပါးအစုံကိုလည်း လေညင်းက တိုးသွားသဖြင့် အေးခဲနဲ ခံစားလိုက်ရ၏။ ထိုအချိန်မှာပင် ကျွန်တော့်ရှေ့မှာ တိမ်ထုကြီးတစ်ခု ပေါ်လာ၏။ ထိုတိမ်ထုကြီးပေါ်မှာ အလင်းရောင် မှိန်မှိန်ကလေးတစ်ခု၊ လက်လက်လက်လက်နှင့်။ ခဏကြာတော့ တိမ်ထုကြီးက ရုပ်လုံး ပေါ်လာ၏။ ပထမ လက်မောင်းတစ်ဘက်၊ နောက် ... ခြေထောက်၊ နောက် ကိုယ်ထည်ကြီး၊ နောက်ဆုံးမှာ ဝမ်းနည်းညှိုးငယ်နေသော မျက်နှာကြီး။

ထိုသတ္တဝါကြီးက သူ့ကိုယ်ကြီးကို ဗလာကျင်းပစ်လိုက်၏။ ခန္ဓာကိုယ်ကြီးက တောင့်တင်းကြံ့ခိုင်လွန်းလှ၏။ ကျောက်သားရုပ်တုကြီးနှင့်တူသော၊ ကားဒစ်ကျိုင်းယင့်ဟုခေါ်သော၊ သမိုင်းမတင်မီခေတ်က ထိုလူသားသည် ကျွန်တော့်အပေါ် မိုးနေချေပြီ။ သည်အချိန်မှာတော့ အခြေအနေ အရပ်ရပ်သည် လျှို့ဝှက်ဆန်းကြယ်ဖြစ် မနေတော့ပါ။ ကျွန်တော့်အား ထိုသတ္တဝါကြီးက အန္တရာယ်ပေးမဲ့ပုံလည်း မပေါ်ပါ။ ထို့ကြောင့် ဝမ်းသာစိတ်ကလေး ပြန်ဝင်လာ၏။ မီးအိမ်အလင်းရောင်သည်ပင် ပို၍ဝင်းလက်တောက်ပလာသည် ထင်လိုက်၏။ ကျွန်တော်က ခင်မင်တတ်ပုံရသော သမိုင်းမတင်မီခေတ်က ထိုလူသားကြီးအား နှုတ်ဆက်ဖို့ အလုပ်မှာ အပေါင်းအဖော်တစ်

ယောက်ကို ကြုံဆိုရတော့မလို ခံစားလိုက်ရ၏။ အထီးကျန် ကျွန်တော် ပျော်သွားရတော့၏။

"အိုး ... လက်စသတ်တော့ ခင်ဗျားကိုး။ အင်း ... လွန်ခဲ့တဲ့ နှစ်နှစ်ရှိ သုံးနှစ်ရှိလောက်က ကျွန်တော့်မှာ သေလုမတတ် ကြောက်နေရတဲ့ အဖြစ်ကို ခင်ဗျား သိရဲ့လား။ အေးလေ ... ခုတော့ ခင်ဗျားကို တွေ့လိုက်ရလို့ ကျွန်တော် ဝမ်းသာရပါပြီ။ အေးဗျာ ... ကုလားထိုင်တစ်လုံးလောက်ရှိရင် သိပ်ကောင်းမှာပဲ။ အဲ ... အဲ ... အဲဒီမှာ မထိုင်နဲ့လေဗျာ"

ကျွန်တော် နောက်ကျသွားပါပြီ။ ကျွန်တော့်စကား မဆုံးခင်မှာ သူ ထိုင်ချလိုက်ပါပြီ။ သို့သော် ထိုင်ချလိုက်သည်နှင့် သူ့ကိုယ်ကြီးလည်း ကျွံကျသွားတော့၏။ ကုလားထိုင် ယိမ်းထိုးပြီး ခွေကျ ပြိုဆင်းသွား၏။

"ဟာဗျာ၊ ခင်ဗျားကြောင့် အားလုံး ပျက် ..."

သည်တစ်ကြိမ်မှာလည်း ကျွန်တော် နောက်ကျသွားရပြန်ပါပြီ။ နောက် ကုလားထိုင်တစ်လုံး တစ်စစီ ကြေမွပျက် စီးသွားရပြန်ပြီမဟုတ်လား။

"ဟေ့လူကြီး၊ အရူးကြီး၊ ခင်ဗျားမှာ ဆင်ခြင်တိုင်းထွာနိုင်တဲ့ အသိတရား မရှိတော့ဘူးလား၊ ဘာလဲ၊ ဒီမှာရှိတဲ့ ပရိဘောဂတွေအားလုံးကို ခင်ဗျားက ဖျက်ဆီးပစ်ချင်နေတာလား"

တားနေသည့်ကြားမှပင် သူအိပ်ရာပေါ် ထိုင်ချလိုက်ပြန်၏။ အားလုံးပျက်စီးသွား၏။ အင်း ... နမြောစရာ ကောင်းလိုက်တာ။ "ဟာ သတ္တဝါကြီး၊ ခင်ဗျား အပြုအမူတွေက ဘာသဘောလဲ၊ ခင်ဗျားဟာ ကြွက် ကောင်တွေ ခေါ်လာပြီး ဟောဒီနား တစ်ပိုက်အနှံ့ လျှောက်သွားနေတယ်။ အဲဒီလိုနေတော့ ကြောက်လိုက်ရတာ သေမတတ်ပဲ။ နောက် ... ခင်ဗျား ဝတ်စားထားတာတွေ သိပ်ရိုင်းတယ်၊ ခင်ဗျားပုံကို ဘယ်လူယဉ်ကျေးကမှ လက်မခံနိုင်ဘူး။ ခင်ဗျားဟာ ကျွန်တော့်ကို သက်သက်မဲ့ မိုက်မိုက်ရိုင်းရိုင်း စော်ကားနေသလိုပဲ။ ဒါနဲ့တောင် အားမရနိုင်သေးဘဲ တွေ့သမျှ ပရိဘောဂ တွေကို ဖျက်ဆီးပစ်ပြန်တယ်။ အေး ... အဲဒီလိုလုပ်တော့ ခင်ဗျားလည်း ထိတာပဲလေ။ ကျောရိုး ကျိုးသွားပြီ မဟုတ်လား။ နောက်ပြီး ခင်ဗျားရဲ့

ဝက်ပေါင်ခြောက်တွေ၊ ကြမ်းပြင်ပေါ်မှာ မြင်မကောင်းပဲ။ ရှက်ဖို့ ကောင်းလိုက်တာဗျာ၊ ခင်ဗျားအရွယ်နဲ့ ဒီထက် ပိုသိသင့်တယ်''

''အေးပါကွာ၊ ပရိဘောဂတွေကို မဖျက်ဆီးတော့ပါဘူး။ ငါ မထိုင်ရတာ ရာစုနှစ်ချီကြာနေပြီမို့ မအောင့်နိုင်ဘဲ ထိုင်ချမိလိုက်တာပါကွာ''

ပြောရင်း သူ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ဝိုင်းလာတော့သည်။

''အင်း ... ဒီလိုဆိုတော့လည်း သနားစရာပါပဲကလား။ တကယ်တော့ ကျွန်တော် ခင်ဗျားကို ဒီလောက်အထိ ခက်ခက်ထန်ထန် မဆက်ဆံသင့်ပါဘူး။ ကဲ ... ကဲ ... ဟောဒီ ကြမ်းပြင်ပေါ်မှာပဲ ထိုင်ပါ။ ခင်ဗျားကိုယ်အလေးချိန်ကြီးရဲ့ ဒဏ်ကို ဘယ်ဟာမှ ခံနိုင်မှာမဟုတ်ဘူး။ ခင်ဗျားက ကျွန်တော့်ကို မိုးနေပြန်ရင်လည်း စကားပြောလို့ကောင်းမှာ မဟုတ်ဘူး။ ဟောဒီခုံပုကလေးပေါ် ကျွန်တော်က ထိုင်ပြီး ခင်ဗျားနဲ့ မျက်နှာချင်းဆိုင် စကားပြောလို့ရအောင် ခင်ဗျားကို ကြမ်းပြင်ပေါ်မှာ ထိုင်ခိုင်းရတာ''

သူ ကြမ်းပြင်ပေါ်ထိုင်လိုက်၏။ ကျွန်တော် လှမ်းပေးသော ဆေးတံကို မီးညှိ၏။ နောက် ... စောင်တစ်ထည်ကို ဆွဲယူပြီး ခြုံထားလိုက်၏။ ထိုင်ချိုးရေကန်ကိုမှောက်၍ ခေါင်းမှာ စွပ်ထားလိုက်၏။ နောက်တော့ သက်သောင့်သက်သာရှိအောင် ပြင်ဆင်၏။ ကျွန်တော်က မီးဖိုမီးကို ဆွပေးလိုက်သည့်အခါ သူက ခြေထောက်ကြီးကို ဆန့်ထုတ်ပြီး မီးလှုံလေ၏။

''ဟာ ... ခင်ဗျား ခြေထောက်က ဘာဖြစ်တာလဲ''

''အိုး ... ပြောချင်ပါဘူးကွာ။ သောက် ... ရောဂါပေါ့။ ခြေလက်ယောင်ရောဂါဆိုလား၊ သိပ်ဆိုးတဲ့ ရောဂါပဲကွ။ 'နီးဝဲ' ယာခင်းထဲက ငါ့ကိုတူးထုတ်လိုက်ကတည်းက ရခဲ့တဲ့ရောဂါလေ။ အင်း ... 'နီးဝဲ'ယာခင်းဟာ ငါ သိပ်ချစ်ရတဲ့ နေရာလေကွာ။ လူတိုင်း နေရာဟောင်းကို ချစ်တတ်ကြတာပဲ မဟုတ်လား၊ အင်း ... အဲဒီမှာ နေစဉ်က ခံစားရတဲ့ ငြိမ်းချမ်းမှုမျိုး အခု ငါ မခံစားရတော့ပါဘူးကွာ''

နာရီဝက်လောက်ကြာအောင် ကျွန်တော်တို့ စကားပြောကြသည်။ သူ မောလာတာကို သတိပြုမိလို့ မေးကြည့်လိုက်ရာ သူက –

"မောသလား၊ ဟုတ်လား၊ အင်း ... မောတယ် ထင်တာပဲ။ ကဲ ဘားထောင်ဦးကွ၊ မင်းက ငါ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံတော့ ငါ့အကြောင်းတွေ ပြောပြရသေးတာပေါ့။ ငါက ဟောဒီ လမ်း၊ ဟိုဘက်က ပြတိုက်ထဲမှာရှိတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းလူသားရဲ့ ဝိညာဉ်လေ၊ ဟိုကွာ ကားအစ်ဂျိုင်းယင့်ကြီးရဲ့ တစ္ဆေပေါ့။ အဲဒီရုပ်အလောင်းကြီးကို မသဂြိုဟ်သေးသ၍ ငါ နားရမယ် မထင်ဘူးကွ။ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်မှာလည်း ဟုတ်ဘူးကွ။ ဘာကြောင့်လဲဆိုတော့ သဘာဝအလျောက် လုပ်ရတဲ့အလုပ်ကို ဆက်လုပ်နေရဦးမှာကြောင့်မို့ပေါ့ကွာ။ အဲဒီရုပ်အလောင်းကြီး လဲလျောင်းနေတဲ့နေရာမှာ ငါ ခြောက်နေရတယ်လေ၊ ပြတိုက်ထဲမှာပေါ့။ ငါ့ကို ကူညီကြတဲ့ ဝိညာဉ်တွေတောင် ရှိပါသေးတယ်။ ဒါပေမဲ့ အလုပ်မဖြစ်ပါဘူး။ သန်းခေါင်ယံလွဲ အချိန်ကြီးမှာ ပြတိုက်ထဲ ဘယ်သူလာမှာလဲကွ။ ဒီတော့ လမ်းဖြတ်ကူးခဲ့ပြီး ဟောဒီ အဆောက်အဦးကြီးထဲ ဝင်ခြောက်ရတာပေါ့။ အင်း ခြောက်စရာ အသံလေး ကြားလိုက်ရတယ်ဆိုရင်ပဲ ငါတို့ အလုပ်ဖြစ်နိုင်ပါပြီကွာ။ ငါ့မှာ အရည်အချင်းပြည့်ဝတဲ့ ဝိညာဉ်ကောင် ရှိနေတာပဲ။ ငါတို့ ညတိုင်း ဟောဒီ အခန်းဟောင်းကြီးထဲမှာ သံကြိုးတွေကို ဒရွတ်တိုက်ဆွဲပြီး လှည့်ပတ်သွားနေကြတာပေါ့ကွ။ အဲဒီလို လှည့်ပတ်သွားရင်း ညည်းသံတွေ ပေးတယ်၊ တီးတိုးသံတွေ ပေးတယ်၊ လေခွင်းတွေမှာ တက်လိုက် ဆင်းလိုက် လုပ်ကြတယ်။ အမှန်အတိုင်း ပြောရရင်ကွာ သိပ်ကို ပင်ပန်းနွမ်းနယ်လာတဲ့အထိ ကြိုးစားပမ်းစား ခြောက်ကြတာပဲ။ အဲ ... ကနေ့ညတော့ မင်း အခန်းထဲမှာ မီးရောင် မြင့်လိုက်တယ်လေ။ ဟဲ ... ဟဲ ... အားပျက်နေတဲ့ ကိုတစ်တွေ အားတက်လာကြတာပေါ့။ ဒါပေမဲ့ကွာ နောက်ဆုံးမှာတော့ ခြေပစ်လက်ပစ် ဖြစ်သွားရတာပါပဲ။ အေးကွာ ... ခြောက်စရာ မျှော်လင့်ချက်ကလေးများ ပေးစမ်းပါဦး"

ကျွန်တော် လှုပ်ရှားစိတ်နှင့် မီးထွန်းလိုက်၏။

"အင်း ... ခင်ဗျားက ခုလို ရှင်းပြလိုက်မှပဲ ဇာတ်ရည်လည်သွားတော့တယ်။ တကယ်တော့ ခင်ဗျားဟာ သိပ်ကို သနားစရာကောင်းတာပဲဗျ၊ ဘာမဟုတ်တာအတွက်နဲ့ ဒုက္ခခံနေရတယ်။ ဒီမှာ ... ဒီမှာ ... ခင်ဗျားဟာလေ

ခင်ဗျားရဲ့ ကျောက်ပတ်တီးရုပ်တုကြီးကို ကိုယ်စားပြု ခြောက်နေရတာဗျ။ အစစ်အမှန်ကား ဒစ်ကျိုင်းယင့်က အယ်လ်ဘာနီမှာ။ ဟင်း ... ခင်ဗျားနယ်ဗျာ၊ ကိုယ့်ရုပ်ကြွင်းဘယ်မှာ ရှိနေတယ်ဆိုတာကိုတောင် မသိရှာဘဲကိုး၊ အဖြစ်က ဆိုးပါ့ဗျာ''

အဓိကအချက်ကို သူသိသွားပြီ ထင်ပါသည်။ ကလိန်ကကျစ် ဉာဏ်နီဉာဏ်နက်တွေ သုံးပြီး ရုပ်အလောင်းအတုကြီးလုပ်၊ ပြီးတာနဲ့ ကား ဒစ်ကျိုင်းယင့်ရဲ့ အစစ်အမှန် ရုပ်အလောင်းအဖြစ်နဲ့ နယူးယောက်မှာ လာထား လိုက်ကြ၏။ (ပုဂ္ဂိုလ်ကျော်ကြီးရဲ့ ဆွေမျိုး မိတ်သင်္ဂဟာတွေအတွက်တော့ မသတီစရာ လုပ်ရပ်ကြီးပဲပေါ့။) အဲဒီအချိန်မှာ အယ်လ်ဘာနီပြတိုက်၌ ထား သော ရုပ်အလောင်းအစစ်ကို လူတွေက စိတ်ဝင်စားကြလေတော့ လာကြည့် သူတွေ ဝင်လာမစဲ တဖွဲဖွဲကိုး။

ကျွန်တော် ရှင်းပြလိုက်တော့ သူ အလွှန် ရှက်သွား၏။ သနားစရာ လည်း အလွန့်ကို ကောင်းသွားပါသည်။ သူ ရုတ်တရက် မတ်တပ်ရပ်လိုက် ၏။

''ဒါအမှန်ပဲလားကွ''

''ခြော် ... ခက်ပါလားနော်၊ အခု ကျွန်တော် ပောဒီနေရာမှာ ပောဒီလို ထိုင်နေတာ သေချာသလိုပဲ၊ ကျွန်တော် ပြောတာတွေဟာလည်း သိပ်သေချာတယ်။ သိပ်မှန်တယ်''

သူက ပါးစပ်မှာ တပ်ထားသော ဆေးတံကို ချွတ်ပြီး မီးဖိုဘောင် ပေါ် တင်လိုက်သည်။ တွေဝေစိတ်နှင့် ခဏတာ ဆက်ရပ်နေသည်။ ထို့နောက် မှ ခေါင်းငိုက်စိုက်ချပြီး –

''အေးကွာ၊ ဒီလောက် ရယ်စရာကောင်းတဲ့ အဖြစ်မျိုးနဲ့ ဘယ်တုန်း ကမှ မကြုံခဲ့ဖူးပါဘူး။ ကျောက်ဖြစ်ရုပ်ကြွင်းကြီးကတော့ လူတွေဆီက ငွေကို နည်းမျိုးစုံနဲ့ကို ယူနေတော့တာကိုးကွ။ နောက်ဆုံး သူကိုယ်ပိုင်တဆွေကိုတောင် ရောင်းစားပြီး ငွေယူလိုက်သေးရဲ့။ ဘာပဲဖြစ်ဖြစ်လေ ... ခုတော့ ဒီဇာတ်လမ်း က အဆုံးသတ်သွားပါပြီ။ ကဲပါကွာ၊ ငါ့လို အဖော်မဲ့နေတဲ့ တစ္ဆေတစ်ကောင် အတွက် သတင်းစကားပါးစရာ ရှိနေသေးရင်တောင် မင့်နှလုံးသားထဲမှာပဲ

သူ လေ့ကားမှ ဆင်းသွားသံက တဖြည်းဖြည်း တိုးညင်းသွားသည်။

လူသူကင်းမဲ့နေသည့် လမ်းမကြီးပေါ် သူ ရောက်သွားလောက်ချိန်မှာ ထိုသနားစရာ သတ္တဝါကြီးအတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိလိုက်ပါသည်။ ထို့ထက် ပို၍ စိတ်မကောင်းစရာကတော့ ကျွန်တော့်စောင်နီတစ်ထည်နှင့် ထိုင်ချုံးရေကန် သူနောက်ပါသွားခြင်းပင် ဖြစ်ပါတော့၏။

ခင်မောင်တိုး(မိုးမိတ်)

**A Ghost Story by Mark Twain**

## အမှတ်လိုအရာလေး

သင့်နတ်ဖုရားများနဲ့ ကျွန်တော့် နတ်ဖုရားများ။ ဘယ်နတ်ဖုရားများက ပိုအားကောင်းကြပါသလဲ၊ သင်ရော ကျွန်တော်ရော သိကြပါရဲ့လား။

(ဇာတ်စကားပုံ)

ရှုးအက်အရှေ့ပိုင်းဒေသအား တိုက်ရိုက်အုပ်ချုပ်မှုကို ရပ်စဲလိုက်ပြီဖြစ်သည်။ ထို့ကြောင့် ထိုဒေသရှိ လူများ၏ ကံကြမ္မာသည် အာရှတိုက်၏ နတ်ဘုရားများနှင့် မကောင်းဆိုးဝါးများအောက် ပြားပြားမှောက် ရောက်သွားရလေတော့သည်။ အင်္ဂလန်ဘုရားကျောင်းတော်ကမူ အင်္ဂလိပ်လူမျိုးများ၏ အရေးလောက်တွင်သာ မကြာမကြာ ပါဝင်ပတ်သက်တော့၏။

အောက်တွင် ဖော်ပြလိုက်သော အကြောင်းအရာသည် အိန္ဒိယနိုင်ငံ၌ ဖြစ်ပျက်ခဲ့သော ကြောက်ဖွယ်လိလိဖြစ်ရပ် ပေါင်းများစွာအနက် ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ဇာတ်ရည်လည်အောင် ကျွန်တော် ဝိတ္တာရချဲ့ပြပါအံ့။

ကျွန်ုပ်၏ သူငယ်ချင်း စထရစ်လန်းသည် ရဲဝန်ထမ်းတစ်ဦး ဖြစ်သည်။ အိန္ဒိယတိုင်းရင်းသားများအကြောင်း ကောင်းကောင်းသိသူဖြစ်၏။ ယခုပြောပြမည့် ဇာတ်လမ်းနှင့် ပတ်သက်၍ မျက်မြင်သက်သေ တစ်ဦးလည်း

မြစ်ပါသည်။ ကျွန်တော်တို့၏ဆရာဝန် ဒူးမို့ကူ်သည်လည်း စထရစ်လန်းနှင့် ကျွန်ုပ် မြင်တွေ့ခဲ့ရသည်များကို မြင်တွေ့ခဲ့သူပင် ဖြစ်သည်။ သို့သော် ယင်းဖြစ်ရပ်နှင့် ပတ်သက်သော သူ့မှန်းဆချက်ကမူ လုံးဝ မှားယွင်းခဲ့လေသည်။ အင်းလေ ... ခုတော့ သူလည်း သေဆုံးသွားခဲ့ပါပြီ။ သူ သေဆုံးသွားခြင်းနှင့် ပတ်သက်၍ သံသယဖြစ်စရာတွေ အများအပြားရှိနေပါသည်။

အိန္ဒိယသို့ 'ဖလိ' ရောက်စမှာ ငွေစ အနည်းငယ်ပါလာ၏။ ဟိမဝန္တာတောင်တန်းမှာလည်း သူပိုင်မြေကွက်အချို့ရှိ၏။ အမှန်တော့ ယခု သူပိုင်ထားသော မြေကွက်အချို့ကို သူ့ဦးလေးက ပေးခဲ့ခြင်းဖြစ်သည်။ ဖလိသည် ထိုင့်၏။ ဖော်ရွေ၏။ စိတ်သဘောထားရိုးသား၏။ သို့သော် ဇာတိသားများအကြောင်းကိုတော့ သူသိပ်မသိပါ။ ဇာတိသားများ၏ ဘာသာစကားသည် အလွန်ခက်သည်ဟု သူက မကြာမကြာ ညည်းပြောပြောတတ်၏။

ဖလိသည် နှစ်သစ်မှာ စထရစ်လန်းနှင့် အတူနေပြီး နှစ်ယောက်အတူ ပျော်ကြဖို့ ရောက်လာခြင်းဖြစ်သည်။ နှစ်သစ် အကြိုညဉ့် ကလပ်တွင် ညစာစားပွဲကြီး တပျော်တပါး ကျင်းပကြသည်။ အဝေးနှင့်အဖျား ဒေသများမှ လူတွေပါလာသဖြင့် အစွမ်းကုန် ပျော်ခွင့်ရကြလေသည်။ ရှေ့တန်းတစ်နေရာမှလည်း နိုင်ငံကိုယ်စားပြု တပ်ဖွဲ့တစ်ဖွဲ့ကို လွှတ်လိုက်၏။ ထိုတပ်ဖွဲ့သည် တကယ်တော့ တစ်နှစ်မှာ မျက်နှာဖြူ အယောက်နှစ်ဆယ်လောက်ကိုပင် မမြင်ဖူးကြချေ။ သို့သော် ထိုတပ်ဖွဲ့ဝင်များသည် ၁၅ မိုင်လောက် ခရီးကို မြင်းစီးသွားပြီး စားသောက်ပွဲများကို တက်ရောက်နိုင်ခွင့် ရထားသူများတော့ ဖြစ်ကြ၏။ ယခု ညစာစားပွဲသို့ တောင်ပိုင်းဒေသမှ ခြံစိုက်ပျိုးသူ ၆ ယောက်လည်း တက်ရောက်လာကြသည်။ သူတို့ကတော့ မြင်းဇာတ်လမ်းများကို လုပ်ကြံပြောကြပြီး စကားဝိုင်းကို ဦးဆောင်နိုင်ရန် ကြိုးစားကြလေသည်။ ညစာစားပွဲတက်ရောက် လာကြသူများသည် လွန်ခဲ့သောနှစ်က အသေအပျောက်၊ အကျအဆုံး စာရင်းများကိုလည်း ညစာ စားတုန်းမှာပင် ပြုစုကြ၏။ ညစာစားပွဲ ကျင်းပသော ထိုညသည် စွတ်စိုသည်။ ကျွန်ုပ်တို့ စုပေါင်း၍ သီချင်းဆိုကြသည်။ ကျွန်ုပ်တို့အားလုံးသည် ချစ်ခင်သော မိတ်ဆွေ သူငယ်ချင်းများအဖြစ် ကျိန်ဆိုကြသည်။ သို့သော် ... ယင်းသို့ ကျိန်ဆဲပြီး မကြာခင်မှာ

ပင် ကျွန်ုပ်တို့ ခွဲခွာလိုက်ကြရပါသည်။ တချို့က ကျွန်ုပ်တို့နှင့်ခွဲပြီး တခြားနိုင်ငံ တစ်နိုင်ငံကို သွားရောက်တိုက်ခိုက်ကြ၏။ တချို့က မရောက်ဖူးသေးသည့် ဒေသများသို့ စွန့်စွန့်စားစား သွားကြ၏။ အောင်မြင်ကြသူတွေရှိသလို ကျဆုံးသွားသူတွေလည်း အများအမြင်ပင်။ တချို့ကတော့ အိမ်ထောင်ရက်သားကျသွား၏။ တချို့ကမူ ကျွန်ုပ်တို့နှင့် အဆက်မပြတ်ဘဲ အတူနေသွားကြကာ အတွေအကြုံ လုံလုံလောက်လောက် မရှိသော်ငြား ငွေရှာရန် ကြိုးစားနေကြလေသည်။

နှစ်သစ်ကူး အကြိုညကို ဖလိက ဘရက်အမျိုးမျိုး၊ ဘီယာအမျိုးမျိုး၊ ဝိစကီ အမျိုးမျိုးနှင့် စဖွင့်လိုက်လေသည်။ သူ ကလပ်က ထွက်လာတော့ မနက် ၃ နာရီခွဲနေလေပြီ။ အပြင်မှာ သိပ်ကို အေးနေ၏။ အရေးထဲ သူ မြင်းနှင့်ပတ်သက်ပြီး သူ စိတ်တိုလိုက်ရပါသေးသည်။ သူ မြင်းပေါ် ခုန်အတက်မှာ မြင်းက မြင်းဇောင်းထဲမှာ ပြေးသွားသဖြင့် စထရစ်လန်းနှင့် ကျွန်ုပ်ကပင် သူ့အိမ်အရောက် ပို့ပေးလိုက်ရ၏။

ကျွန်ုပ်တို့ သူ့အား လိုက်ပို့သည့် လမ်းသည် ဈေးကို ဖြတ်သွားသောလမ်း ဖြစ်သည်။ နတ်ဘုရား ဟာနုမန်မျောက်သည် ကျောင်းနှင့် အတော်လေး နီး၏။ ဟာနုမန်သည် လေးစားကြည်ညိုအပ်သော နတ်ဘုရားတစ်ပါး ဖြစ်သည်။ တကယ်တော့ နတ်ဘုရားများမှာ ရဟန်းတော်များလိုပင် ကောင်းသည့်အချက်တွေ ရှိကြပါသည်။ ကျွန်ုပ်ကတော့ ဟာနုမန်ကို များစွာ အရေးထားပါသည်။ ဟာနုမန်သည် သူ့လက်အောက်က မျောက်ဝံတွေ လူဝံတွေကို အလွန်သနားကြင်နာသည်ဟု ပြောကြပါသည်။

ကျွန်ုပ်တို့ ဟာနုမန်ဘုရားကျောင်းနား ရောက်သွားချိန်မှာ ဘုရားကျောင်းထဲ၌ မီးလင်းနေသည်။ ရွတ်ဖတ်သရဇ္ဈာယ် နေသံတွေကိုပါ ကြားနေရ၏။ ဘုရားကျောင်းထဲမှာတော့ ဘုန်းတော်ကြီးတွေက ညညဆိုလျှင် အချိန်မရွေးထ၍ နတ်ဘုရားများကို ပူဇော်ပသကြသည်။ ကျွန်ုပ်တို့ မတားလိုက်နိုင်ခင်မှာပင် ဖလိသည် ဘုရားကျောင်းလှေကားအတိုင်း ပြေးတက်သွားပြီး ရွတ်ဖတ်နေကြသော ဘုန်းတော်ကြီးနှစ်ပါး၏ ကျောကို သပ်ပေးလိုက်၏။

းနောက် ဟာနုမန်ရုပ်တု နဖူးပြင်ကို စီးကရက်တိုဖြင့် ဖိထိုးလိုက်၏။ ထရစ်လန်းက သူ့အား ဆွဲထုတ်ခေါ်ခဲ့ရန် ကြိုးစား၏။ သို့သော် ...

သူက ရုပ်တုရှေ့မှာ ဖိုင်ချလိုက်ကာ တည်ကြည်လေးနက်သော သံကြီးဖြင့် –

"ဟောဒီမှာ ကြည့်လိုက်ကြဗျို့၊ ဟာနုမန်နဖူးမှာ အမှတ်ကြီး င်သွားပြီလေ၊ ဟဲ ... ဟဲ ... ကျွန်တော် လုပ်ပေးလိုက်တာ၊ ဘယ့်နှယ်လဲ၊ လှဘူးလား"

ရုတ်တရက်ပင် ဘုရားကျောင်း တစ်ခုလုံး သက်ဝင်လှုပ်ရှားလာ တော့၏။ ဆူဆူညံညံအသံတွေ ပေါ်ထွက်လာတော့၏။ ဟာနုမန်နတ်ဘုရား ကို ကိုယ်ထိ လက်ရောက်မလေးမစား ပြုလုပ်လိုက်သဖြင့် ပေါ်ထွက်လာ တော့မည့် ဆိုးကျိုးကို စထရစ်လန်းက ကြိုတင်သိမြင်လိုက်ပြီ ဖြစ်၏။ သူ က ရာထူးရှိသည်။ ဒီနေရာမှာ အနေကြာပြီ၊ ထို့ကြောင့် ဘုန်းတော်ကြီး များက သူ့ကို သိနေကြသည်။ ယင်း အကြောင်းခံများကြောင့် သူ့ ယခုမျက်နှာ ပွင့်နေရလေပြီ။ ဖလိကတော့ မြေကြီးပေါ် ထိုင်ချလိုက်ပြီး ဘုရားကျောင်းထဲမှ ပြန်ထွက်ရန် ငြင်းဆန်နေ၏။ ထို့အပြင် ဟာနုမန်ရုပ်တုကို မှီအိပ်ရတာ အကောင်းစား ခေါင်းအုံးနှင့် အိပ်ရသလို သိပ်ကို ဇိမ်ရှိသည်ဟု ပြောလိုက် သေး၏။

အဲ ... နောက်တော့ ဘယ်လို အရိပ် အခြေမှ ထင်ထင်ရှားရှားမပြဘဲ ရုပ်တုနောက်ကွယ်မှ ဆွတ်ဆွတ်ဖြူနေသော လူတစ်ယောက် ဘွားခနဲ ထွက်လာ၏။ သည်မျှ အရိုးခိုက်အောင် အေးစက်လှသော ညမျိုးမှာပင် ထိုဆွတ်ဆွတ်ဖြူ လူသည် ဗလာကျင်းထား၏။ သူ့တစ်ကိုယ်လုံးသည် ကွက်လပ်မရှိအောင် ဖြူဆွတ်နေ၏။ သမ္မာကျမ်းအထွက်အတိုင်းဆိုလျှင် ထိုလူသည် နှင်းလိုဖွေးနေသော ကုဋ္ဌနူနာသည်ပင်ဖြစ်၏။ ရောဂါသက်တမ်း ရှည်ခဲ့ပြီဖြစ်သဖြင့် သူ့မျက်နှာသည်ပင် မျက်နှာပုံ မပေါ်တော့အောင် ပျက်နေ ချေပြီ။ ကျွန်ုပ်တို့က ဖလိကို ဒရွတ်တိုက်ဆွဲခေါ်ရန် အလုပ်မှာ မြေအောက်မှ ထိုးထွက်လာ ပုံရသော လူအုပ်ကြီးတွေ ဟိုနားက ဘွားခနဲ သည်နားက ဘွားခနဲ ပေါ်ပေါက်လာလေတော့၏။ ထိုအချိန်မှာ ဆွတ်ဆွတ်ဖြူ နေသော

လူက ကျွန်ုပ်တို့၏ လက်မောင်းအောက်မှ တိုးလျှိုးပြေးလွှားရင်း ဖွဲ့တစ်ကောင်လို အော်သံပြုနေ၏။ ဖလီ၏ ကိုယ်ကြီးကို ဖက်တွယ်ထားပြီး ရင်ဘတ်ပေါ်သူ့ခေါင်းတင်ထား၏။ ကျွန်ုပ်တို့က သူ့ကို ဆောင့်ဆွဲပြီး ဖလီနှင့် ခွဲလိုက်ရ၏။ သည့်တော့မှ ထိုအနူကြီးသည် ထောင့်တစ်ထောင့်မှာသွား၍ ထိုင်လျက် အနားယူနေလေသည်။ ထိုစဉ်မှာ လူအုပ်တွေက ဘုရားကျောင်းတံခါးတွေကို ပိတ်ဆို့ထားလိုက်ကြ၏။

ဆွတ်ဆွတ်ဖြူနေသော လူက ဖလီကို မတွယ်ဖက်မီခင်အထိ ဘုန်းတော်ကြီးတွေ အလွန်စိတ်ဆိုးနေကြ၏။ ဒေါသ ထွက်နေကြ၏။ ဆွတ်ဆွတ်ဖြူအနူကြီးက ဖလီကို တွယ်ဖက်လျက် ပွတ်သပ်ပေးခြင်းသည်ပင် ဘုန်းတော်ကြီးများအား ပြန်လည် ငြိမ်ကျသွားအောင် ပြုလုပ်ဖန်တီးပေးလိုက်ပုံရလေသည်။

တိတ်ဆိတ်ငြိမ် သက်သွားလို့ ခဏအကြာမှာ ဘုန်းတော်ကြီးတစ်ပါးက စထရစ်လန်းထံလာ၍ လုံးဝအပြစ်ကင်းစင်သော အင်္ဂလိပ်စကားဖြင့်

''သင်တို့၏ မိတ်ဆွေကို ပြန်ခေါ်သွားကြပါ။ သူဟာ ဟာနုမာန်နတ်ဘုရားကို မတော်မလျော် စော်ကားမှုပြုခဲ့တယ်။ သို့သော် ဟာနုမန်နတ်ဘုရားကမူ မည်သို့မျှ လက်တုံ့ပြန်လိမ့်မည် မဟုတ်ပါ''ဟု ပြောပြလေသည်။

ယင်းသို့ ပြောလိုက်သည်နှင့် လူအုပ်ကြီးက ကျွန်ုပ်တို့အား လမ်းဖယ်ပေးလေသည်။ ကျွန်ုပ်တို့သည် ဖလီအား လမ်းမ အရောက်သယ်ခဲ့ကြလေ၏။

ထိုအချိန်မှာ စထရစ်လန်း သိပ်ကို စိတ်ဆိုးနေ၏။ သူက သုံးယောက်စလုံး ခါးထိုးခံရမယ့် ကိန်းဆိုက်တော့မည့်အဖြစ်မျိုးဟု ဆို၏။ တစ်စုံတစ်ရာ ထိခိုက်အနာတရ မဖြစ်ဘဲ လွတ်မြောက်နိုင်ခဲ့သည့်အတွက် ဖလီက ကျွန်ုပ်တို့အား ကျေးဇူးတင်သင့်သည်ဟု ပြော၏။

ဖလီကမူ မည်သူ့ကိုမှ ကျေးဇူးမတင်ပါ။ အိပ်ချင်သည်ဟုသာ ပြောနေ၏။ တကယ်တော့ သူသည် အရက်မျိုးစုံကို အလွန်အကျွံ သောက်ထားခဲ့သည် မဟုတ်ပါလား။

ကျွန်ုပ်တို့ အိမ်အပြန်လမ်းတစ်လျှောက်လုံးမှာ စထရစ်လန်း လုံးဝ
ာ်ဆိတ်နေပါသည်။ သို့သော် အလွန်အမင်း ဒေါသထွက်နေပုံရ၏။ ဖလိ
ည်လည်း တစ်ကိုယ်လုံး တုန်ယင်နေ၏။ ချွေးတွေ ထွက်နေ၏။ သူက
ူထဲက အနံ့ဆိုးတွေက တထောင်းထောင်း ထွက်နေကြောင်း၊ အင်္ဂလိပ်
ျိုးများနေအိမ်နှင့် သားသတ်သမားအိမ် အဘယ့်ကြောင့် သည်မျှ နီးနီးကပ်
ပ် ဆောက်ခွင့်ပြုထားသည်ကို သူနားမလည်နိုင်ကြောင်းများ ပြောပြီး
င်များတို့ သွေးနံ့မရကြဘူးလား'' ဟု မေးလိုက်၏။

ကျွန်ုပ်တို့က သူ့အား အိပ်ရာထဲ အရောက်ပို့ပြီးချိန်မှာ အရုဏ်ပင်
ျင်းနေလေပြီ။ စထရစ်လန်းက ဝီစကီနှင့် ဆိုဒါ သောက်ရန် ကျွန်ုပ်ကို
ာ်ခေါ်၏။ ကျွန်ုပ်တို့ ဝီစကီသောက်နေခိုက်မှာ ဘုရားကျောင်းတွင် ဖြစ်
ျက်ခဲ့သည်များကို ပြန်ပြောင်းပြောကြပြီး ယင်းသို့ ဖြစ်ရသည့်အတွက်
ု အတော်ခေါင်းခြောက်သွားရကြောင်း ဖွင့်ပြောပြပါသည်။ သူက ဇာတိ
ားများနှင့် ပဋိပက္ခ မဖြစ်ချင်ပေ။ သူ့အလုပ်ကိုယ်နှိုက်ကလည်း ဇာတိသား
း၏ လက်နက်များအပေါ် အနိုင်ရအောင် လုပ်နေရသည့်အလုပ်။ ထိုအလုပ်
ာ ခုထိ ကောင်းကောင်း မအောင်မြင်သေး။ သို့သော် နောက် ၁၅ နှစ်၊
ှစ် ၂၀ အတွင်းမှာတော့ အနည်းငယ် အောင်မြင်မှုရနိုင်လိမ့်မည်ဟု
ျှော်လင့်နိုင်ပါသည်။

''တကယ်တော့ ကျုပ်တို့ကို အော်သံပေးပြီး ချောက်လန့်ရုံ
ာတ်ဘဲ ချိုးပဲ့ပစ်သင့်တာဗျ။ အခု အော်သံပေးတာ ဘာသဘောလဲ
သိဘူး။ ကျုပ်တော့ နည်းနည်းလေးမှကို ဘဝင်မကျဘူးဗျာ၊ စိတ်ထဲမှာ
စ်မျိုးကြီးပဲ''

ကျွန်ုပ်က သူတို့ ဘာသာရေးကို ကိုယ်ထိလက်ရောက်စော်ကားခဲ့မိ
ဲ့အတွက် ဘုရားကျောင်းဂေါပကအဖွဲ့က ကျွန်ုပ်တို့အား တရားစွဲမည်ထင်
ြောင်း ပြောပြလိုက်သည်။ စထရစ်လန်းက လည်း ယင်းသို့ပင် မျှော်လင့်
ားကြောင်း၊ တရားစွဲပါစေဟု ဆုတောင်းမိကြောင်း ကျွန်ုပ်ကို ပြောပြပါ
ည်။ ကျွန်ုပ် သူ့အိမ်မှ ပြန်ထွက်မလာခင်မှာ ဖလီအခန်းထဲသို့ လှမ်းကြည့်
်၏ သူက ညာဘက်စောင်း အိပ်နေရင်း ဘယ်ဘက်ရင်ဘတ် ကုတ်နေတာကို

မြင်လိုက်ရပါသည်။ အိမ်ပြန် ရောက်သည်နှင့် ကျွန်ုပ် အိပ်ရာဝင်၏။ ကျွန်ုပ် တစ်ကိုယ်လုံး အေးစက်နေပါသည်၊ စိတ်မာတ်ကျနေပါသည်။ စိတ်မချမ်းမသာ ဖြစ်နေပါသည်။ ကျွန်ုပ်အိပ်ရာဝင်ချိန်မှာ မနက် ၇ နာရီပင် ထိုးနေပါပြီ။ နေ့ခင်း ၁ နာရီလောက်မှာ ဖလိ အခြေအနေကို သိလို၍ ကျွန်ုပ်မြင်းစီး ထွက်လာခဲ့၏။ ကျွန်ုပ်ရောက်တော့ ဖလိက နေ့လယ်စာစားနေသည်။ သူ ကြည့်ရတာ နေမကောင်းပုံပါပဲ။ စိတ်ဆိုးနေပုံတော့ မရပါ။ သူ့ထမင်းချက်က အသားကို မနူးမနပ် အနေအထားနှင့် ချက်မကျွေးသည့်အတွက် သူက ဆဲဆိုထားပြီပြီကိုး။ လွန်ခဲ့သော ညက သူသည် သားစိမ်း ငါးစိမ်းတွေကို စားခဲ့သည် မဟုတ်လား။ ကျွန်ုပ်က ထိုအကြောင်း သူ့အား ပြန်ပြောပြသည်တွင် သူက ရယ်ချလိုက်ပါသည်။

"ခင်ဗျားတို့က ဒီနားမှာ ထူးဆန်းတဲ့ ခြင်တွေ မွေးထားကြတာကိုး ဗျ ကျွန်တော့်ကို ကိုက်လိုက်ကြတာဗျာ၊ အသားတွေ တစ်စစီ ပါသွားတော့ မတတ်ပဲ။ ဒါပေမဲ့ ခြင်တွေက တစ်နေရာတည်းကိုပဲ ကိုက်ကြတာဗျ ဆန်းတော့ အဆန်းသား"

"ဒီလိုဖြင့်လည်း ကြည့်စမ်းပါရစေဗျာ"

ဖလိက ရှပ်အင်္ကျီကို ချွတ်ပြပါသည်။ ဟုတ်ပေသားကပဲ၊ သူ့ဘယ်ဘက် ရင်ဘတ်ပေါ်မှာ အစက်အပြောက်ကလေးတွေနဲ့ တစ်ထေရာတည်း။ အရာကလေးက နှင်းဆီနက်ကလေးနှင့်ပင် တူနေသေးတော့။ စထရစ် ကလန်းက အမှတ်ကို ကြည့်ပြီး "မနက်က ပန်းရောင်ဗျ၊ အခု မည်းသွားပြီ"ဟုပြောပြ၏။

ထိုစဉ်မှာပင် ဖလိက ဖန်ခွက်ကို ပြေးယူသည်။

"ဟ ... ဆိုးလှချည်လား။ ဘာတွေလဲကွ"

ကျွန်ုပ်တို့လည်း ဘာမှန်းမသိကြ။ သည်အခိုက် သူ့ထမင်းချက်က အအားတွေ ယူလာသည်။ နီရဲပြီး အဆီတွေဝင်း နေ၏။ ရွှဲနေ၏။ ဖလိက အငမ်းမရ စား၏။ သူစားပုံက ထူးဆန်းနေသည်မှာ သိသာ၏။ ပါးစပ်ထဲ ပစ်သွင်းလိုက်သော အသားတုံးကို ညာဘက်အံသွားတွေနှင့်ပဲ ဝါး၏။ ခေါင်းကိုလည်း ညာဘက် ပခုံးပေါ် ငဲ့စောင်းထား၏။ စားလို့ပြီးသွားသည့်အခါ

"ကျွန်တော် တစ်ခါမှ ဒီလောက် မဆာဖူးဘူး။ စားလို့ ကောင်း
က်တာဗျ" ဟု အားရကျေနပ်သွားပုံဖြင့် ပြောပြလေသည်။

နံနက်စာစားပြီးသည့်အခါ စထရစ်လန်းက ကျွန်ုပ်အား –

"ခင်ဗျား မပြန်နဲ့တော့၊ ဒီမှာပဲနေပါ၊ ဒီညဒီမှာပဲ အိပ်ပေးပါ"

စထရစ်လန်းအိမ်နှင့် ကျွန်ုပ်အိမ် သိပ်မဝေးလှပါ။ ကျွန်ုပ် သူ
မ်းလှမ်းချက်ကို လက်ခံလိုက်ပါသည်။ စထရစ်လန်းက ကျွန်ုပ်အား
ကားထပ်ပြောမည် အလုပ်မှာ ဖလိက ရှက်သလို မျက်နှာပေးဖြင့် သူ
ပ်ဆာလာပြန်ပြီဟု ပြောပါသည်။ စထရစ်လန်းက ကျွန်ုပ်၏ အိမ်သို့
တစ်ယောက် လွှတ်၍ ကျွန်ုပ်၏ အိပ်ယာနှင့် မြင်းကိုယူခိုင်း၏။ ထိုလူ
ွက်သွားသည့်အခါ ကျွန်ုပ်တို့သုံးယောက် မြင်းဇောင်းထဲမှာ အချိန်ဖြုန်းကြဖို့
တ်ကူးရလာသဖြင့် မြင်းဇောင်းဘက် လျှောက်လာခဲ့ကြသည်။

မြင်းဇောင်းထဲမှာ မြင်းငါးကောင် ရှိနေပါသည်။ ထိုမြင်းငါးကောင်ကို
ကျွန်ုပ်တို့ မြင်လိုက်ရသည့်တွင် တစ်သက် မမေ့နိုင်သော မြင်ကွင်းမျိုးနှင့်
ကြုံလိုက်ရပါတော့သည်။ မြင်းငါးကောင်စလုံး ရုတ်တရက် ရူးသွပ်သွားပုံ
ပေါက်သွားကြပါသည်။ သူတို့ ပတပ်ရပ်ကြ၏။ အော်ကြ၏။ တိုးဝှေ့နေကြ
သဖြင့် သစ်သားတန်းတွေပင် ကျိုးပျက်လုနီး ဖြစ်ကုန်၏။ မြင်းတွေမှာ
ချွေးသီးချွေးပေါက်တွေ ထွက်လာ၏။ တုန်ယင်လာကြ၏။ ပါးစပ်မှလည်း
အမြှုပ်တွေ ထွက်လာကြ၏။ တစ်စုံတစ်ရာကို ကြောက်လန့်ပြီး တုန်လှုပ်
ချောက်ချားနေကြပုံ ပေါ်နေ၏။ စထရစ်လန်း၏ မြင်းများသည် တကယ်တော့
သူတို့သည် စထရစ်လန်းကိုရော၊ သူ့ခွေးတွေကိုပါ သိကြပါ၏။ ယင်းသို့
သိနေခြင်းကပင် လတ်တလော အခြေအနေကို ပို၍ ဆန်းကြယ်သွားအောင်
ဖန်တီးလိုက်သလို ဖြစ်နေ၏။ မြင်းတွေ ယောက်ယက်ခတ်နေပုံက အတော့်ကို
လန့်စရာကောင်း နေ၏။ အန္တရာယ်ကို စိုးရိမ်သဖြင့် ကျွန်ုပ်တို့ မြင်းဇောင်းထဲမှ
ထွက်လာခဲ့ကြ၏။ နောက်မှာ ကျန်ရစ်သော စထရစ်လန်းက ကျွန်ုပ်အား
လှမ်းခေါ်၏။ ကျွန်ုပ် သမင်လည်ပြန်ကြည့်လိုက်သည့်အခါ မြင်းတွေ ထိတ်
လန့်နေဆဲ၊ သို့သော် သူတို့နား ကျွန်ုပ်တို့ အရဲစွန့်၍ တိုးကပ်သွားသည့်အခါ

တွင်မှ သူတို့ဦးခေါင်းတွေကို ကျွန်ုပ်တို့၏ ရင်ဘတ်တွေထဲ ထိုးထည့်ကြပါသည်။

စထရစ်လန်းက "မြင်လား၊ ကျုပ်မြင်းတွေက ကျုပ်တို့ကို မကြောက်ကြပါဘူးဗျ" ဟု ခပ်ပြုံးပြုံး ဆိုလေသည်။

ကျွန်ုပ်တို့ မြင်းဇောင်းထဲမှာ ရှိနေခိုက် ဖလိ ရောက်လာ၏။ သူ့ကို မြင်းတွေက မြင်လိုက်သည်နှင့် မြင်းတွေ အမူအရာ ရုတ်တရက် ပျက်သွားပြန်၏။ ကြောက်လန့်သွားကြပြန်၏။ မြင်းတွေ၏ အကန်အကြောက်ခံရမှာပင် စိုးရိမ်လာသဖြင့် ကျွန်ုပ်တို့ ခပ်သွက်သွက် ပြန်ထွက်လာခဲ့ကြ၏။ ယင်းသို့ ပြန်အထွက်တွင် စထရစ်လန်းက ဖလိအား –

"ဟော့ ... ဖလိ၊ မြင်းတွေက မောင်ရင့်ကို ချစ်ပုံမပေါ်ဘူး" ဟု စလိုက်၏။

"အို ... အမိပ္ပာယ်မရှိလိုက်တာ၊ ကျွန်တော့် မြည်းမကလေးဆိုရင် ခွေးလိုပဲ ကျွန်တော့်နောက်က တကောက်ကောက် လိုက်နေတာဗျ"

သူက ထိုသို့ပြောပြီး သူ့မြည်းမကလေးဆီ သွား၏။ သူ တန်းကို ကျော်၍ ဝင်လိုက်သည်နှင့် မြည်းမလေးက သူ့အား ခေါင်းနှင့်ထိုးတော့၏။ ကန်ကြောက်တော့၏။ ပြီးတော့ ဥယျာဉ်ထဲ ထွက်ပြေးသွား၏။

ကျွန်ုပ်က အားရပါးရ ရယ်ချလိုက်သည်။ သို့သော် စထရစ်လန်းကမူ မရယ်နိုင်ရှာပါ။ အလေးအနက်စဉ်းစားသလို လုပ်ရင်း နှုတ်ခမ်းမွေးတွေကို သပ်နေပါသည်။ ဖလိကလည်း ထွက်ပြေးသွားသော မြည်းမကလေးနောက် မလိုက်ဘဲ အသည်းညည်း တညူညူလုပ်ရင်း အိပ်ချင်လိုက်တာ ... အိပ်ချင်လိုက်တာဟု တစာစာ ရေရွတ်နေ၏။ နောက်ဆုံး ဣန္ဒြေမဆည်နိုင်ဖြစ်လာသည်နှင့် အိမ်ဘက်သို့ ထွက်သွားပါတော့သည်။

အင်း ... နှစ်သစ်ကို ဒီအခြေအနေမျိုးတွေနဲ့သာ ကြိုရမယ်ဆိုရင်ဖြင့် သိပ်ကို စိတ်ပျက်စရာကြီး ဖြစ်သွားတော့မှာပဲ။

စထရစ်လန်းနှင့် ကျွန်ုပ် မြင်းဇောင်းထဲမှာ ကျန်ရစ်ခဲ့စဉ် စထရစ်လန်းက ကျွန်ုပ် ဘေးမှာ ထိုင်ချလိုက်ပြီး ဖလိ၏ ထူးခြားသော အပြုအမူများကို ကျွန်ုပ် သတိ ပြုမိ မပြုမိမေးပါသည်။

ကျွန်ုပ်က ဖလိသည် စားစရာတွေကို တိရစ္ဆာန်တစ်ကောင်လို
းကြောင်း၊ ဒါဟာလည်း တောင်ကုန်းဒေသမှာ သူတစ်ယောက်တည်း
နေကြာခဲ့လို့ ဖြစ်နိုင်ကြောင်း၊ ကျွန်ုပ်တို့လို ယဉ်ကျေးသော လူအဖွဲ့အစည်း
းနှင့် ကင်းကွာခဲ့ရ၍ဖြစ်ကြောင်း ပြောပြလိုက်ရပါသည်။ ကျွန်ုပ် ပြောပြ
ာတွေကို စထေရစ်လန်း သိပ်ဘဝင်ကျဟန်မပေါ်ပါ။ သိပ်အာရုံဝင်စားပုံလည်း
ပါ။ အဘယ်ကြောင့်ဆိုသော် သူဆက်ပြောသော စကားတွေသည် ကျွန်ုပ်
ပြာသည့်အကြောင်းအရာများနှင့် လုံးဝဆက်စပ်မှုမရှိဘဲ ဖလိရင်ဘတ်ပေါ်
 အမှတ်အကြောင်း ရောက်သွား၍ဖြစ်ပါသည်။ သည်တော့လည်း ကျွန်ုပ်
 အနာဖြစ်စေသော ယင်ကောင်တွေကြောင့် ထိုအမှတ်ပေါ်လာတာဖြစ်
ကြောင်း၊ ဒါမှမဟုတ်လျှင်လည်း မွေးစက တည်းက ပါလာပြီး အခုမှ မြင်မြင်
င်ထင်ထင်ဖြစ်လာတာဖြစ်နိုင်ကြောင်း ပြောပြလိုက်ရ၏။ မည်သို့ပင်ဖြစ်စေ
နိုင်ရတာ စိတ်မချမ်းသာစရာပဲဟု ကျွန်ုပ်တို့ နှစ်ဦးစလုံးက လက်ခံထားကြပါ
သည်။

စထေရစ်လန်းက ဆိုပါသည်။

''ကျုပ်အထင်ကို အခုပြောလို့ မဖြစ်သေးဘူး။ ပြောလိုက်ရင်
င်ဗျားက ကျုပ်ကို အရူးလို့ ခေါ်တော့မှာပဲ။ ဒီမှာ ခင်ဗျား ကျုပ်နဲ့ ရက်နည်း
ည်းလောက် အတူနေပေးစမ်းပါ။ ခင်ဗျား ဖလိကို စောင့်ကြည့်စမ်းပါ။
ဒီလို စောင့်ကြည့်လို့ အတွေးတစ်ခုခု ပေါ်လာရင်လည်း ကျုပ်ကို မပြော
နဲ့ဦး။ ဟုတ်လား''

ကျွန်ုပ်က –

''ကျွန်တော် ကန္နေ့ညစာအပြင်ထွက် စားမလားလို့''

''အိုး ... ကျုပ်လည်း အပြင်ထွက်စားမှာပဲလေ၊ ဖလိတောင်
ထွက်စားမယ်ဆိုလား၊ အေးပေါ့ ... သူ စိတ်မပြောင်းသွားဘူးဆိုရင်ပေါ့ဗျာ''

ကျွန်ုပ်တို့ ဥယျာဉ်ထဲမှာ လမ်းလျှောက်ရင်း ဆေးတံခဲနေကြပါ
သည်။ စကားမပြောကြပါ။ ကျွန်ုပ်တို့သည် မိတ်ဆွေသူငယ်ချင်းတွေ မဟုတ်
ပါလား။ စကားပြောလျှင် ဆေးတံဖွာရသည့် အရသာပျက်သွားနိုင်ပါသည်။

ဆေးဆုံထဲမှာ ဆေးကုန်သွားသည့်အခါ ဖလီကို သွားနှိုးကြသည်။ ကျွန်ုပ်တို့ မန္တလေးခင် သူက နိုးနေပါပြီ။ ဂဏှာမငြိမ်လည်း ဖြစ်နေပါပြီ။ သူက -

"ဟော့ ... ကျွန်တော် အသားထပ် စားချင်ပြန်ပြီဗျ။ ရနိုင်မလား"

ကျွန်ုပ်တို့ ပြိုင်တူရယ်လိုက်ကြသည်။

"ကဲ ... မောင်ရင် အဝတ်အစားလဲ ထားပါ၊ ခဏနေရင် မြင်းပု ကလေးတွေ ရောက်လာကြတော့မှာ"

"ကောင်းပြီ၊ အသားသာ စားရမယ်ဆိုရင် ဘယ်ခေါ်ခေါ် လိုက် မယ်။ အဲ ... အဲ မကျက်တကျက် မနူးမနပ် အသားမျိုးနော် သတိထားဦးဗျ"

ယခု လေးနာရီထိုးနေပါပြီ။ ကျွန်ုပ်တို့ မနက်စာကို ၁ နာရီမှာ စားကြသည်။ သို့တိုင် ဖလီကတော့ အသားကို တောင်းနေဆဲပါ။ သူက မြင်းစီးရန် အဝတ်အစားလဲပြီး ဝရန်တာဘက်ထွက်လာခဲ့ပါသည်။ ခုတိုင် သူ့မြည်းမလေးကို ဖမ်းမရနိုင်သေးသဖြင့် မြင်းပုကလေးကိုသာ သူ စီးရပါတော့ မည်။ သို့သော် မြင်းပုကလေးကလည်း ဖလီအကာပ်ကို မခံ။ အမှန်တော့ ကျွန်ုပ်တို့ အသုံးပြုမည့် မြင်းပုသုံးကောင်စလုံး ထိန်းချုပ်မရ ဖြစ်နေပါ၏။ မြင်းတွေ ကြောက်လန့်ပြီး ရှူးရှူးသွမ်းသွပ် ဖြစ်နေကြ၏။ နောက်ဆုံးမှာ ဖလီက သူ့အိမ်မှာပဲ နေခဲ့တော့မည်ဟု ပြော၏။ သို့ဖြင့် စထရစ်လန်းနှင့် ကျွန်ုပ် အတွေးကိုယ်စီပိုက်လျက်ဖြင့် မြင်းစီးထွက်လာခဲ့ကြပါသည်။ ဟာနုမန် ဘုရားကျောင်း နားရောက်သည့်အခါ ကုဋ္ဌနူနာသည်ကြီးက ထွက်လာပြီး ကျွန်ုပ်တို့အား အော်သံပေးနေပါသေးသည်။

စထရစ်လန်းက -

"သူဟာ ဒီဘုရားကျောင်းက ဘုန်းတော်ကြီးတော့ မဟုတ်ဘူးဗျ။ အင်း ... ကျုပ်လည်း ဘယ်လိုဖြစ်မှန်းမသိပါဘူးဗျာ၊ သူ့ကို လက်နဲ့ စမ်း သပ်ကြည့်ချင်စိတ် ဖြစ်လာတယ်"

ကျွန်ုပ်တို့ ဘန်ဂလို ပြန်ရောက်တော့ ၇ နာရီထိုးနေပါပြီ၊ မှောင်နေ ပါပြီ။ သို့သော် မီးထွန်းမထားသေးပါ။ စထရစ်လန်းက ဘာဝင်မကျူမာနှင့် ဆူပူတော့၏။

ကျပ်အစေခံတွေဟာ အတော့်ကို အသုံးမကျတဲ့ လူဆိုးလူတေ တွေပဲဗျာ''

သူ ယင်းသို့ ပြောလိုက်စဉ်မှာ ကျွန်ုပ်၏ မြင်းက တစ်စုံတစ်ခုကို မြင်လိုက်သည့်အလား ရုတ်တရက် ပတတ်ရပ်လိုက်၏။ ကျွန်ုပ် မျက်စိကစား လိုက်ရာ ထရပ်လိုက်သော ဖလီကို လှမ်းမြင်လိုက်၏။

"ဟေ့ ... ဖလီ၊ မောင်ရင် ဘာတွေ လျှောက်လုပ်နေတာလဲ"

သူ့ကို မြင်လိုက်သော ကျွန်ုပ်တို့၏ မြင်းနှစ်ကောင်စလုံးက ခုန် လိုက်ရာ ကျွန်ုပ်တို့ပင် မြင်းပေါ်က ကျလုမတတ် ဖြစ်သွားကြ၏။ မြင်းဖောင်း နားရောက်တော့ မြင်းပေါ်က အမြန်ဆင်းလိုက်ပြီး ဖလီထံ ခပ်သွက်သွက် လျှောက်သွားကြ၏။ ဖလီကား ဇလီမွှော်ချုံအောက်မှာ လေးဘက်ထောက်ရက် ကြီး။

"ဖလီ၊ မောင်ရင်ဘာတွေ လုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး။ ဉယျာဉ်စိုက်မလို့လေ၊ မြေနုကလည်း **သိပ်ကို** မွှေးကြိုင်နေတာပဲ၊ အေးဗျ ... ကျွန်တော်လည်း လမ်းလျှောက်ချင်ပါတယ်၊ အကြာကြီး လျှောက်မှာနော်၊ တစ်ညလုံးပဲ ဆိုပါတော့လေ''

အင်း ... တစ်နေရာရာမှာ တစ်စုံတစ်ခုကတော့ အကြီးအကျယ် ကမောက်ကမ ဖြစ်နေတာ သိပ်ကို သေချာနေပါပြီ။ ထို့ကြောင့် ကျွန်ုပ်က စေ့ရစ်လန်းအား –

''ကျွန်တော် အပြင်ထွက်မစားတော့ ဘူး''ဟု ပြောလိုက်တော့၏။

''ကောင်းတာပေါ့၊ ဟေ့ ဖလီ၊ လာတော့ကွာ၊ မင်း နေထိုင်မကောင်း ဖြစ်နေလိမ့်မယ်၊ လာ ... လာ ... ညစာစားကြမယ်၊ မီးလည်း ထွန်းရဦးမှာကွ။ အေးကွာ ... ကနေ့ညစာကိုတော့ အိမ်မှာပဲ စားလိုက်ကြဦးစို့ရဲ့''

ဖလီက မထချင် ထချင် ထလိုက်သည်။ သူက –

''မီးအိမ်မရှိဘူး မီးအိမ်မရှိဘူး။ ဒီမှာ နေရတာက ပိုကောင်းတယ် လေ။ အပြင်ဘက်မှာပဲ စားကြတာပေါ့။ အသားတွေ ယူခဲ့ဦးနော်၊ ဟဲ...ဟဲ မကျက်တကျက် အသားတွေ အများကြီးယူခဲ့ဗျ၊ သွေးသံရဲရဲနဲ့ အသားမှာ ဆတ်ဆတ်တွေ''

အိန္ဒိယနိုင်ငံမြောက်ပိုင်း၏ ဒီဇင်ဘာ ညနေခင်းသည် အရိုးကွဲမတတ် အေးလှပါသည်။ သို့သော် ဖလိကမူ အပြင်မှာပဲ ညစာစားကြဖို့ကိုသာ အကြံပြုနေပါ၏။ ထို့ကြောင့် စထရစ်လန်းက ခပ်မာမာ ပြန်ပြောလိုက်ရ၏။

"ဟေ့ ... ဖလိ၊ အထဲဝင်စမ်း။ ချက်ချင်း ဝင်ခဲ့စမ်း"

ဖလိ အိမ်ထဲ ဝင်လာပါသည်။ မီး ထွန်းလိုက်သည့်အခါ သူ့တစ်ကိုယ်လုံး မြေမှုန့်တွေ ပေကျံနေတာ မြင်လိုက်ရ၏။ အင်း ... ဥယျာဉ်ထဲမှာ လူးလိမ့်ခဲ့လေသလား။ အလင်းရောင်ကို မြင်လိုက်ရသဖြင့် သူ ရှုံ့သွားပုံရ၏။ အပြင်မှာ ကြာကြာမနေဇတော့ဘဲ သူ့အခန်းထဲ တန်းဝင်သွား၏။ သူ့အခန်းထဲ မဝင်ခင်မှာ သူ့မျက်လုံးတွေကို ကျွန်ုပ် သတိထားမိလိုက်သည်။ အယွန်ကြောက်စရာ ကောင်းနေပါသည်။ သူ့မျက်လုံးအစုံနောက်မှာ (မျက်လုံးအစုံထဲမှာ မဟုတ်ပါ) အစိမ်းရောင်တွေ ဖြူးနေ၏။ သူ့အောက်နှုတ်ခမ်းကြီးကလည်း တွဲကျနေ၏။

စထရစ်လန်းက –

"အင်း ... ကနေ့ညတော့ ဒုက္ခ အကြီးအကျယ် ဖြစ်တော့မယ် ထင်တယ်ဗျာ" ဟု စိတ်မချမ်းသာ ပြောလိုက်၏။

ဖလိ ပြန်ထွက်အလာကို ကျွန်ုပ်တို့ စောင့်နေကြပါသည်။ ခဏကြာတော့ ညစာ ပြင်ခိုင်းလိုက်၏။ ထိုအချိန်မှာ သူ့အခန်းထဲမှ ပေါ်ထွက်လာသော ရှေ့လျားသံတွေ ကြားနေရ၏။

သူ့အခန်းထဲမှာ မီးတော့ ထွန်းမထားပါ။ မကြာခင် သူ့အခန်းထဲမှ ပေါ်ထွက်လာသော ဝံပုလွေတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူသံကြီးကို ကျွန်ုပ်တို့ အမှတ်မထင် ကြားလိုက်ကြ၏။

ကြောက်စရာ ထိတ်စရာနှင့် ပတ်သက်လာလျှင် တောင့်တင်းအေးခဲသွားသည်၊ ဆံပင်တွေ ထောင်ထလာသည်၊ ကြက်သီးတွေ ဖျန်းလာသည် ဟု လူတွေက ပြောကြရေးကြ၏။ ကျွန်ုပ်ကတော့ ထိုသို့မပြောချင်၊ နှလုံးသားကို ဓားနှင့် ထိုးစိုက်လိုက်သဖြင့် နှလုံး အခုန်ရပ်ဆိုင်း သွားရတော့သည်ဟုသာ ပြောလိုက်ချင်ပါ၏။ စထရစ်လန်း၏ မျက်နှာသည်လည်း စားပွဲခင်းလို ဖြူဆွတ်သွား၏။

ဆွဲဆွဲငင်ငင် အူသံကြီး ထပ်ပေါ်လာ၏။ ယင်းအူသံကပင် ပွဲတင်က်သည် ထင်၏။ ဟိုး အဝေးလယ်ကွင်းတွေကို ဖြတ်လျက် အူသံကြီးတစ်ခု ါ်ထွက်လာလေသည်။

စထရစ်လန်းက ဖလီအခန်းထဲ ပြေးဝင်သွား၏။ ကျွန်ုပ် သူနောက် ပြေးလိုက်သွား၏။ ဖလီသည် ပြတင်းပေါက်မှနေ၍ အပြင်ထွက်ရန် ပြင်းအထန် ကြိုးစားနေ၏။ တစ်ချိန်တည်းမှာ တိရစ္ဆာန် တစ်ကောင်လို ဆက်မပြတ် အော်နေ၏။ ကျွန်ုပ်တို့က သူ့ကို အော်ဟစ်ပြောနေကြသော် ည်း သူက လုံးဝ ဂရုမစိုက်တော့ပါ။ တံတွေးသာ ထွေးချလိုက်၏။

နောက်ပိုင်း ဘာတွေဖြစ်သည်ကို ကျွန်ုပ် မသိတော့ပါ။ ကျွန်ုပ် ပ်လိုက်သည်မှာ စထရစ်လန်းက ဖလီအား သတိမေ့သွားအောင် လုပ်နိုင် ိုက်၍သာ ကျွန်ုပ်သည် ဖလီ၏ ရင်ဘတ်ပေါ်၌ ထိုင်နေနိုင်ခြင်းဖြစ်သည် ိုခြင်းပင်။ ဖလီစကား မပြောနိုင်တော့ပါ။ မာန်ဖဲ ရှိနိုင်ပါတော့သည်။ ဝံပု လွေတစ်ကောင် မာန်ဖီသလိုပင် မာန်ဖီနေပါသည်။ လူသံလုံးဝ မပေါက်တော့ ။ လူစိတ်သည် အဲ့ကိုယ်တွင်းမှ တစ်နေ့ကုန်အချိန်ယူ၍ ထွက်ရန် ကြိုး းနေရာမှ ခုလို ညနေဆည်းဆာချိန်အရောက်၌ လူစိတ်သေဆုံးသွားပုံရပါ ည်။ ထို့ကြောင့် ယခုအချိန်မှာ ကျွန်ုပ်တို့သည် တစ်ချိန်က ဖလီဖြစ်ခဲ့သော ားရိုင်းတိရိစ္ဆာန်ကြီးနှင့် ဆက်ဆံနေကြရပါပြီ။

ဖြစ်ရပ်ကတော့ ကျိုးကြောင်းဆက် စပ်ကြည့်လျှင်ပင် အဖြေမှန် ရနိုင်သော ဖြစ်ရပ်မျိုးပါ။ လူသားတွေ နားမလည်နိုင်အောင် လျှို့ဝှက်ဆန်း ကြယ်သော ဖြစ်ရပ်မျိုးပါ။ ကျွန်ုပ်၏ ဖလီ၏ ရောဂါကို ခွဲခြားပြန်ရောဂါဟု အမည်တပ်လိုပါ၏။ သို့သော် ထိုစကားလုံးက နှုတ်မှ ထွက်မလာပါ။ မည်သို့ ထွက်လာနိုင်ပါမည်နည်း။ ကျွန်ုပ် လိမ်ညာနေတာကို ကျွန်ုပ်ကိုယ်တိုင်ကပင် သိနေပေသကိုး။

ကျွန်ုပ်တို့က ဖလီကို ခိုင်ခန့်တောင့်တင်းသည့် ကြိုးများနှင့် တုပ် နှောင်ပြီး ထမင်းစားခန်းထဲ သယ်သွားကြ၏။ ပြီးလျှင် ဒေါက်တာ ဒူးမို့ရဲ့အား သွားခေါ်ရန် လူတစ်ယောက်ကို လွှတ်၏။

စထရစ်လန်းက ပြော၏။

"ဒေါက်တာ့ကိုခေါ်လည်း ဘာမှထူးမှာ မဟုတ်ပါဘူး။ ဒါ ဒေါက်တာတွေရဲ့ အလုပ် မဟုတ်ဘူး ထင်တာပဲ"

သူပြောတာမှန်သည်ဟု ကျွန်ုပ် ထင်မိသည်။

တိရိစ္ဆာန်ကြီး၏ ဦးခေါင်းကို ကျွန်ုပ်တို့က တုပ်နှောင်မထားကြပါ၊ ထို့ကြောင့်လည်း ဦးခေါင်းကြီးက ဟိုဘက်စောင်းလိုက် သည်ဘက်စောင်းလိုက်လုပ်နေ၏။ အကာယ်၍သာ တစ်ယောက်ယောက်ကများ အခန်းထဲဝင်လာလျှင် ကျွန်ုပ်တို့သည် တိရိစ္ဆာန်တစ်ကောင်ကို ဆေးကုပေးနေကြသည်ဟု ထင်သွားမှာ သေချာပါသည်။

စထရစ်လန်းက ငြိမ်၍ထိုင်ရင်း မေးစေ့ကို ပွတ်သပ်နေ၏။ သူသည် လှုးလိမ့်နေသော တိရိစ္ဆာန်ကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်၏။ ဖလိ၏ ရုပ်အင်္ကျီက စုတ်ပြတ်နေသဖြင့် ဘယ်ဘက်ရင် ဘတ်ပေါ်က နှင်းဆီနက်သဏ္ဍာန်အမှတ်ကို ကောင်းကောင်းကြီး မြင်နေရပါသည်။ ခုတော့ ထိုအမှတ်သည် အနာလို ဖူးယောင်နေ၏။

ဒူးမွိုက် ရောက်လာပါပြီ။ သူ့ကို မြင်လိုက်ရတော့ ကျွန်ုပ် များစွာ အံ့အားသင့်သွားရပါ၏။ သူသည် လူနာကို မြင်လိုက်သည်နှင့် လုံးဝ ပညာရှင်မဆန်စွာ တုန်လှုပ်ချောက်ချားသွားတော့၏။ သူက ဖလိကို ကြည့်၍ အင်မတန် စိတ်မချမ်းသာစရာကောင်းတဲ့ ခွေးရူးပြန်ရောဂါဟု ပြော၏။ ထိုရောဂါအတွက် လုပ်ပေးနိုင်တာ ဘာမှ မရှိကြောင်းလည်း ပြောပြ၏။ သက်သာအောင် လုပ်ပေးလိုက်ပြန်လျှင်လည်း လူနာကို တာရှည်ဒုက္ခပေးသလိုဖြစ်မှာပဲဟု ဆို၏။

ထိုအချိန်မှာ တိရစ္ဆာန်ကြီးပါးစပ်ထဲမှ အမြှုပ်တွေ တစီစီ ထွက်နေ၏။ ကျွန်ုပ်တို့က ဒူးမွိုက်အား ဖလိသည် တစ်ခါ နှစ်ခါလောက် ခွေးကိုက်ခံရဖူးကြောင်း ပြောပြကြသည်။ အမှန်တော့ ယုန်လိုက်ခွေး ဒါဇင်ဝက်လောက် မွေးထားသူတိုင်း မကြာခဏ ခွေးကိုက်ခံရတာ မဆန်းလှပါ။ ယခုကိစ္စ၌ ဒေါက်တာ ဒူးမွိုက်ကတော့ ဘယ်လိုမှ အကူအညီ မပေးနိုင်ပါ။ လောလောဆယ်တွင် ခွေးရူးပြန်ရောဂါကြောင့် ဖလိ သေသွားနိုင်သည်ဟုသာ သူပြောနိုင်ပါသည်။ ဒူးမွိုက်က ဖလိဘဝ အဆုံးသတ်ချိန် သိပ်မဝေးတော့ဟု

လည်း ပြောပြ၏။ ဒေါက်တာ ဒူးမှိုက်သည် လူကောင်းတစ်ယောက်ဖြစ်သည်။ ကျွန်ုပ်တို့နှင့်အတူ နေပေးပါမည်ဟုလည်း စေတနာစကားဆိုပါသည်၊ သို့သော် ထရစ်လန်းက လက်မခံပါ။ စထရစ်လန်းက ဒေါက်တာဒူးမှိုက်အား တစ်ခုပဲ မေတ္တာရပ်ခံပါသည်။ အကယ်၍ ဖလီ သေဆုံးသွားခဲ့လျှင် ဖလီသေဆုံးသွားရ ခြင်း၏ အကြောင်းရင်းကို လူသိရှင်ကြား မဖော်ထုတ်ဖို့ပင်ဖြစ်သည်။

ဒေါက်တာ ဒူးမှိုက်စိတ်မကောင်း ခြင်းကြီးစွာ ဖြစ်သွားရှာပါသည်၊ သူ စီးသွားသော လှည်းသံမကြားရတော့သည့် အခါကျမှ စထရစ်လန်းက သူ့သံသယတွေကို ဖွင့်ဟလိုက်၏။ သူ့သံသယတွေကလည်း မဖြစ်နိုင် ကောင်းသော သံသယမျိုးတွေမို့ ကျယ်ကျယ်လောင်လောင် မဖွင့်ဟရဲ။ နစ်ကိုယ်ကြားနိုင်ရုံ တိုးတိုးလေး ပြောရပါသည်။ ကျွန်ုပ်အနေနဲ့ကလည်း ထရစ်လန်း ယုံကြည်မှုများကို လက်ခံခဲ့သဖြင့် သံသယဖြစ်စရာတွေ ကျွန်ုပ် မှာလည်း ရှိနေကြောင်း ဝန်ခံရာ စထရစ်လန်းယုံကြည်မှုများကို လက်ခံခဲ့ သဖြင့် သံသယဖြစ်စရာတွေ ကျွန်ုပ်မှာလည်း ရှိနေကြောင်း ဝန်ခံရမှာ အလွန့်အလွန် ရှက်မိပါသည်။ ထို့ကြောင့် သံသယတွေကို မယုံနိုင်ကြောင်း ဟန်ဆောင်လိုက်ရ၏။

"ဒီလိုတွေးမိတယ်ဗျ၊ ဟာနုမန်ရုပ်တု ကို ညစ်နွမ်းစေတဲ့အတွက် ဖလီကို အနူကြီးက ပြုစားလိုက်တယ်ဆိုရင် အပြစ်ဒဏ်က ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ဖလီအပေါ် ကျရောက်နိုင်ပါ့မလား။ ဒါ သံသယဖြစ် စရာပဲ"

ကျွန်ုပ်က ယင်းသို့ တီးတိုးပြန်ပြောလိုက်သည့်အခါ အိမ်အပြင် ဘက်က အော်သံကြီး ပေါ်လာပြန်၏။ တိရစ္ဆာန်ကြီး၏ ဝေဒနာ ပို၍ ပြင်း ထန်လာသည် ထင်၏။ သူ ပို၍ ရှုန်းလေသည်၊ တုတ်ထားသည့် ကြိုးများပင် ပြတ်ထွက်သွားမှာ စိုးရိမ်နေရ၏။

စထရစ်လန်းက -

"ကဲ ... ကြည့်ကြသေးတာပေါ့လေ၊ အခုလို ခြောက်ခါလောက် ဖြစ်ကြည့်လိုက်စမ်း၊ ကျုပ်တရားဥပဒေနဲ့ ရင်ဆိုင်တော့မယ်။ ကျုပ်ကို ကူညီဖို့ ခင်ဗျားကို ကျုပ် အမိန့်ပေးတယ်"

ထိုသို့ပြောပြီး သူအခန်းထဲ ဝင်သွား၏။ အတော်လေးကြာမှ ပြန်ထွက်လာ၏။ သူနှင့်အရွယ် တုတ်တွေ၊ သစ်သားချောင်း၊ ကြိုးအတုတ်ကြီးတွေ၊ ကွင်းရှော်ကြိုးတွေ၊ သေနတ်ပြောင်းများ ထည့်ထားသော သေတ္တာတွေကို သယ်ထုတ်လာ၏။ ကျွန်ုပ်က လူနာ အော်ဟစ်ပြီးတိုင်း တုန်တုန်သွားကြောင်း၊ နှစ်စက္ကန့်လောက် ကြာအောင် တုန်နေကြောင်း၊ တိရစ္ဆာန်ကြီး အားနည်းသွားတာကတော့ သိသာကြောင်း ပြောပြလိုက်၏။

သည်တော့ စထရစ်လန်းက -

"ဒါပေမဲ့ဗျာ သူ့အသက်ကိုတော့ ယူမသွားနိုင်ပါဘူးလေ၊ အသက်ကိုတော့ ယူမသွားနိုင်ပါဘူး" ဟု လေးလေးနက် နက်ပြောလိုက်၏။

သူက ကြိုးတစ်ချောင်းကို ကွင်းရှော ဖြစ်အောင်လုပ်သည်။ တုတ်တွေ၊ သစ်သားချောင်းတွေကို ခွဲစိတ်သည်၊ ဖြတ်တောက်သည်။ သေနတ်ပြောင်းတွေကို မီးဖုတ်သည်။ လုပ်စရာတွေအားလုံးပြီး သွားသည်တွင် သူက

"ကဲ ... သူ့ကို ဘယ်လို အမိဖမ်းမလဲ၊ အရှင်မိရမှာ၊ အနာတရလည်း မဖြစ်မှဖြစ်မှာ"

ကျွန်ုပ်က ပြောပြလိုက်ပါသည်။

"ဘုရားသခင်အပေါ် ယုံကြည်စိတ် ရှိရမယ်ဗျာ၊ ယုံကြည်စိတ်ရှိရှိနဲ့ ဆောင်ရွက်ရမှာပဲ။ အိမ်ရှေ့က ချုံပုတ်ထဲမှာ ပုန်းနေကြမယ်။ အော်သံပေးနေတဲ့လူ၊ ဒါမှမဟုတ် တိရစ္ဆာန်တစ်ကောင်ကောင်ဟာဟာ ဘုရားကျောင်းကို ညစောင့်လို လှည့်ပတ်သွားလာနေမှာပဲ။ အဲဒီလူ ကျွန်တော်တို့ အနားရောက်လာတဲ့အထိ သည်းခံစောင့်ရမယ်၊ အဲ ... အနီးကပ်လာပြီဆိုတာနဲ့ သူ့ကို အလဲထိုးဖမ်းချုပ်ရုံပေါ့"

ကျွန်ုပ်ပြောပြတာကို စထရစ်လန်းက လက်ခံသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ နှစ်ယောက်သည် အိမ်မှ လျှို့ဝှက်စွာ ထွက်လာခဲ့ကြ၏။

လရောင်ရှိနေသည့်အတွက် ဘုရားကျောင်းတစ်ထောင့်မှနေ၍ အနူကြီး ထွက်လာသည်ကို အထင်းသား မြင်လိုက်ရ၏။ သူသည် လုံးဝ ဗလာကျင်းထား၏။ သူက မကြာခဏ အော်သံပြု၍ သူ့အရိပ်နှင့် ကလေသည်။ အင်း ... ဘယ်လိုမှ ကြည့်ချင်စရာမကောင်းတဲ့ မြင်ကွင်းပါပဲ။ သူ

ပြိုင်လိုက်တော့ သနားစရာ ဖလိမျက်နှာကို ကွက်ခနဲ ပြေးမြင်မိလိုက်ပါသေး သည်။ ဖလိခမြာသည်မျှ ရိုင်းပျသော သတ္တဝါ၏ ရက်ရက်စက်စက်ပြုစားခံရ သခြင်း။ ကျွန်ုပ်မချိတင်ကဲ ခံစားလိုက်ရပါသည်။ တစ်ချိန်တည်းမှာ ထိုသတ္တဝါ ကြီးအပေါ် နာကျည်းစိတ်တွေ တဖွားဖွား ပေါ်လာ၏။ ကျွန်ုပ် သံန္နိဋ္ဌာန် ချလိုက်ပါသည်။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် စထရစ်လန်းကို ကျွန်ုပ် ကူညီတော့ မည်။ ယင်းသို့ ကူညီရာ၌ ရက်စက်မှုအပေါင်း သရဖူ ဆောင်းရချင်လည်း ဆောင်းရပါစေတော့။

ကဲ ... အချိန်ကျပြီထင့်။ အန္တကြီးကတော့ ကျွန်ုပ်တို့အိမ် ဆင်ဝင် အောက်မှာ ရပ်လိုက်လေပြီ။ ကျွန်ုပ်တို့ အချိန်ဆွဲမနေတော့။ လသာတုန်း ဗိုင်း ထိုးကြလေပြီ။ ပုန်းအောင်းနေရာမှ ရုတ်တရက် ထွက်ပြီး သူ့အပေါ် ခုန်အုပ် လိုက်ကြ၏။ ဟား ... အံ့ဩစရာကောင်းလောက်အောင်ကို သန်မာကြံ့ခိုင်တဲ့ ကောင်ပဲ။ လွတ်သွားမှာတောင် စိုးရိမ်နေရ၏။ ရိုက်ရနက်ရလို့ သေစေလောက် အောင် အနာတရ ဖြစ်သွားလေမလား။ အန္တများသည် အားအင်ချိနဲ့ကြသည် ကို ကျွန်ုပ်တို့ ကြားဖူးထားကြပါတယ်။ သို့သော် ယခု အန္တကြီးက ကျွန်ုပ် တို့ ကြားဖူးထားတာ မှားကြောင်း ကောင်းကောင်းကြီး သက်သေပြနေချေ ၏။ ဆရာလန်းက အန္တခြေထောက်တွေကို ထိုးကြိတ်၏။ ကျွန်ုပ်က အန္တ လည်ပင်းကို နင်းထား၏။ ထိုအခါ အန္တကြီးက ကြောက်စရာကောင်းလောက် အောင် အော်လေ၏။ မြင်းစီးဖိနပ်အောက်၌ ပိနေသော သူ့အသားသည် ယုကောင်းတစ်ယောက်၏ အသားမျိုး မဟုတ်ကြောင်း ကျွန်ုပ် သိလိုက်ရ၏။ သူကလည်း လက်နှင့် ခြေထောက်ကို သုံး၍ ကျွန်ုပ်တို့အား ပြန်လည် တန်ကြောက်၏။ ထိုးကြိတ်၏။ သို့သော် နောက်ဆုံးကျတော့ ကျွန်ုပ်တို့က သူ့အား ကြိုးကွင်းစွပ်၍ ဖမ်းနိုင်လိုက်တော့၏။ သူ့ကို အိမ်ထဲအရောက် ကော်ချင်း ဒရွတ်တိုက် ဆွဲသွားပြီး ဖလိ လဲလျောင်းနေရာ ထမင်းစားခန်းထဲ သို့လိုက်၏။ သူ့ကို တိုင်မှာ ကြိုးနှင့် တုတ်ထားလိုက်၏။ သူ ထွက်ပြေးရန် ကြိုးစားပါ။ သို့သော် ကြောင်အော်သလို အော်အော်နေ၏။

သူ့အား တိရစ္ဆာန်တစ်ဖြစ်လည်း ဖလိနှင့် ရင်ဆိုင်ပေးလိုက်သည့် အခါမှာတော့ မြင်ကွင်းက ဖော်မပြနိုင်လောက်အောင် ထူးဆန်းသွားပါတော့

သည်။ ဖလိက နောက်ဆုတ်လိုက်၏။ နောက်ဆုတ်လိုက်သော အရှိန်က အတော်ပြင်းသွားသဖြင့် သူ့ကိုယ်ကြီး ကွေးသွား၏။ နောက် သနားစဖွယ် ညည်းညူနေရှာ၏။ တခြားသော အဆန်းတကြယ်ကိစ္စများ ဖြစ်လာ ပါသေးသည်။ သို့သော် ဖော်ပြရန် မသင့်တော်သဖြင့် ကျွန်ုပ်မဖော်ပြလိုက်တော့ပါ။ စထရစ်လန်းက ပြောပါသည်။

"ကျော့လုပ်တာ မှန်တယ်ဗျ။ ကဲ ... ဒီကိစ္စ သူ့ကိုပဲ ကုခိုင်းရမယ်"

အနူကြီးကတော့ ကြောင်လို အော်မြည် အော်နေ၏။ စထရစ်လန်းက သူ့လက်ကို ပဝါတစ်ထည်နှင့် ရစ်ပတ်လိုက်လေပြီ။ သူသည် စောစောက မီးဖုတ်ထားသော ယေနတ်ပြောင်းတွေကို မီးဖိုထဲမှ ပြန်ထုတ်ယူ၏။ ထိုအချိန်မှာ ကျွန်ုပ်သည် တစ်စုံတစ်ခုကို ရုတ်တရက် အမှတ်ရလိုက်၏။ စုန်းမတစ်ယောက်ကို အရှင်လတ်လတ် မီးတင်ရှို့သည့်အခါ အမျိုးသားတွေရော၊ အမျိုးသမီးတွေရော၊ ကလေးတွေရော ဘယ်သူမှ မကြည့်ဝံ့ကြပါ။ ယင်းမကြည့်ဝံ့သည့်အဖြစ်ကို ကျွန်ုပ် အမှတ်ရလိုက်ခြင်းဖြစ်၏။ ဖလိက ကြမ်းပြင်ပေါ်မှာ ဖညည်းညည်း တညူညူ လုပ်နေသလို အနူကြီးကလည်း အလွန့်အလွန် ထိတ်လန့်ကြောက်ရွံ့နေပုံ ပေါက်နေပါသည်။ ပျက်နေပြီဖြစ်သော သူ့မျက်နှာအထက်မှာ ထိတ်လန့်နေမှု၏ အသွင်သဏ္ဌာန်တွေ အဆက်မပြတ် ထင်ဟပ်နေပါသည်။

စထရစ်လန်းက သူ့မျက်နှာကို လက်ဝါးနှင့် ကာပြီး လုပ်စရာကို စလုပ်တော့၏။ ကျွန်ုပ်ကလည်း သူ အလုပ်လုပ်ရာမှာ စိတ်ပါလက်ပါ ကူညီနေမိ၏။

(ကျွန်ုပ်တို့ လုပ်နေကြသော အလုပ်အားလုံးကို ဖော်ပြရန် မသင့်သဖြင့် ယခု တစ်ကြိမ်မှာလည်း ချန်လှပ်ထားခဲ့ရပါသည်။)

အနူလက်မြှောက်အရှုံးပေးပြီး စကားစပြောချိန်မှာ အရုဏ်ပင် ကျင်းနေပါပြီ။ သူ့ညည်းညူသံပင်လျှင် အတော် အားပျော့သွားပြီဖြစ်၏။ တိရစ္ဆာန်ကြီးသည်လည်း အလွန်နွမ်းရိသွားချေပြီ။ ထိုအခိုက်မှာ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ စထရစ်ရန်းက တုပ်ထားသော ကြိုးကို ဖြည်ပေးလိုက်ပြီး ပြုစားထားတာကို ပြန်နုတ်ပေးဖို့ အနူကြီးကို ပြောလိုက်၏။

ည့်တော့ အနူကြီးက တိရစ္ဆာန်နားအရောက်တွားသွားပြီး တိရစ္ဆာန်ကြီး၏ ယ်ဘက်ရင်ဘတ်ပေါ် သူ့လက်ဝါးတင်လိုက်၏။ သူလုပ်တာ သည့်ထက် တစ်ခုမှ မပိုပါ။ သို့သော် ရင်ဘတ်ပေါ်လက်တင်ထားခိုက် ခေါင်းကို က်စိုက်ချပြီး စူးစူးရဲရဲ တစ်ချက်တော့ အော်လိုက်၏။ ထို့နောက် အသက် င်းပြင်း ရှူသွင်းလိုက်၏။

ကျွန်ုပ်တို့က တိရစ္ဆာန်၏ မျက်နှာကို မျက်ခြည်မပြတ် စောင့်၍ ကဲခတ်နေကြသည်။ မကြာခင်မှာ ဖလီ၏ ဝိညာဉ် သူ့မျက်လုံးအိမ်ထဲ ဲ့ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။ ဖလီနဖူးထက်မှာ ချွေးတွေ ထွက် ာ၏။ မျက်လုံး (လူသား စစ်စစ်၏ မျက်လုံး) အစုံကတော့ မှိတ်နေသေး၏။

ကျွန်ုပ်တို့ တစ်နာရီလောက် စောင့်နေကြရသည်။ သို့သော် ဖလီ မှ အိပ်နေဆဲပဲ။ ထို့ကြောင့် ကျွန်ုပ်တို့က ဖလီအား သူ့အခန်းထဲ သယ်ယူ ွားပြီး အနူကြီးကို ပြန်လွှတ်လိုက်၏။ ကိုယ်လုံးတီးဖြစ်မနေရလေအောင် ိပ်ရာခင်းတစ်ခုကိုပါ ပေးလိုက်သည့်အပြင် သူနှင့် ပတ်သက်ခဲ့သမျှအားလုံး ိုလည်း ပေးလိုက်၏။ သူက အိပ်ရာခင်းကို ကိုယ်မှာပတ်ပြီး အရှက်တက် နှ်ဲ့ စကားမပြော၊ အော်လည်း မအော်တော့ဘဲ ထွက်သွားလေသည်။ ထရစ်လန်းက မျက်နှာကို ပွတ်သပ်ပြီး ထိုင်ချလိုက်သည်။ ဟိုး ... အဝေးက ာင်းသံပေါ်ထွက်လာ၏။ ဩ ... ၇ နာရီတောင် ထိုးပါပေါ့လား။

အင်း ... ခုမှ သတိထားမိသည်။ မီးဖုတ်ထားသော သေနတ်ပြောင်း တွက ကော်ဇောပေါ်ကျနေသကိုး။ ကော်ဇောပင် မီးစွဲနေချေပြီ။ ညှော်နံ့ တွေလည်း ထွက်လာသည်။

ထိုနေ့နံနက် ၁၁ နာရီမှာ ကျွန်ုပ်တို့က ဖလီကို သွားနှိုးကြသည်။ သူ့ရင်ဘတ်ကို ကြည့်လိုက်တော့ နှင်းဆီပွင့်ပုံ အစက်အပြောက်တွေ လုံးဝ မရှိတော့တာကို တွေ့လိုက်ရ၏။ ဖလီသည် အလွန်အားအင်ကုန်ခန်းနေပုံ ပေါက်နေပါသည်။ အလွန်လည်း နွမ်းရိနေသည် ထင်ရ၏။ သို့သော် ကျွန်ုပ်တို့ နှစ်ယောက်ကို မြင်လိုက်သည်နှင့် –

"ဟော့ ... လူတွေ၊ ခင်ဗျားတို့အတွက် ပျော်စရာကောင်းတဲ့ နှစ် သစ် ဖြစ်ပါစေ၊ ဟေး ... ဟေး ... နောက်ဆိုရင် ကောက်တေးတော့

မလုပ်ကြနဲ့တော့ဗျာ၊ ကျွန်တော့်မှာ ခံယိုက်ရတာ သေလုမတတ်ပဲဗျ''

စထရစ်လန်းက –

''ကျေးဇူးပါပဲ မောင်ရင်ရှာ၊ ဒါပေမဲ့ အချိန်တွေ လွန်ကုန်ပြီကွ၊ ဒီနေ့က နှစ်ဆန်းတစ်ရက်တောင် ဖြစ်နေပြီလေ။ ကိုယ့်လူက နာရီတစ်ပတ်ကြာအောင် အိပ်သွားတာကိုးကွ၊ ဟား ... ဟား ... ဟား''

ထိုအခိုက်မှာ တံခါးပွင့်သွား၏။ ဩ ... ဒေါက်တာ ဒူးမွိုက်ကိုး။ ဟသွားသည့် တံခါးနှစ်ရွက်ကြားမှ သူ့မျက်နှာကို လှမ်းတွေ့လိုက်၏။

''ကျွန်တော့် နှုတ်ခွန်းဆက်ခါလာတယ်၊ လိုအပ်ရင် အကူအညီရဖို့ပေါ့ဗျာ''

ဒေါက်တာ ဒူးမွိုက် အသံကြားတော့ ဖလီသည် အိပ်ရာထက်မှ ငေါက်ခနဲ ထထိုင်လိုက်သည်။

''အို ... လိုပြီလားဗျာ၊ ကဲ ... ကဲ ... ခေါ်ခဲ့စမ်းပါ ခင်ဗျားနှုတ်တွေ''

ဒေါက်တာ ဒူးမွိုက်ပါးစပ်အဟောင်း သားကြီးဖြစ်သွားပြီး ကြက်သေသေသွားတော့၏။ သူ့အခြေအနေကို ရိပ်မိလိုက်သော စထရစ်လန်းက အိမ်အပြင် ခေါ်ထုတ်သွားပြီး ဖြစ်ကြောင်း ကုန်စင်ရှင်းပြလိုက်သည်။ ဒေါက်တာ ဒူးမွိုက်အံ့အား သင့်နေဆဲ၊ စကားမပြောနိုင်ဖြစ်နေဆဲ။ အတန်ကြာမှ သူက ဆေးပညာနှင့် ပတ်သက်သော သူ့ကျော်ဇောသတင်းကတော့ ယိုယွင်းပျက်စီးသွားရပါပြီဟု လေးလေးကြီး ရေရွတ်လိုက်သည်။ သူပြန်သွားသည့်အခါ စထရစ်လန်းလည်း လိုက်သွား၏။ သူပြန်လာတော့ ဟာနုမန်ဘုရားကျောင်းကို သူဝင်ခဲ့ကြောင်း၊ ဟာနုမန်ရုပ်တုကို ဖျက်ဆီးသလို လုပ်မိသည့်အတွက် နဂိုနေအတိုင်းဖြစ်သွားအောင် ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း၊ နောင်ဘယ်လူဖြူမှ ယင်းရုပ်တုကို မကိုင်တွယ်မိစေရန် စောင့်ရှောက်ကာကွယ်သွားဖို့ ကတိပြုခဲ့ကြောင်း၊ ထင်ယောင်ထင်မှား ဖြစ်ချင်စရာတွေ အောက်က ကောင်းမြတ်မှုအစုစုအတွက် သူဟာ စံပြတစ်ယောက်ဖြစ်ခဲ့ပြီ ဖြစ်ကြောင်းများ ပြောပြပါသည်။

ထို့နောက် သူက –

''ခင်ဗျား ဘယ်လို သဘောရသလဲ'' ဟု မေးလိုက်၏။

ကျွန်ုပ်က –

"စဥ်းစားစရာတွေ အများကြီး ရှိပါသေးတယ်"ဟု ပြန်ပြောလိုက်ရာ ထူက မကျေမနပ်ဖြစ်သွားပုံ ရပါသည်။

"အင်း ... ခင်ဗျားက ကျုပ်ပြောခဲ့တာတွေကို အလေးအနက် ထားပဲကိုးဗျ"

ထိုညမှာ ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခု ထပ်မံပေါ်ပေါက်လာ ခဲ့ပါသည်။ ယင်းမှာ ဖလိက အဝတ်အစားလဲပြီး ထမင်းစားခန်းထဲ ဝင်လာစဥ် နှာချေလိုက်၏။ သူနှာချေသည့်အခါ နှာခေါင်းက ထူးထူးခြားခြားပင် ရှုံ့ပွသွား တတ်၏။

"ခွေးနံ့နံနေတယ်ဗျ၊ ခင်ဗျားတို့ မွေးထားတဲ့ ခွေးတွေကို စနစ်တကျ ထားသင့်တယ်။ ဟော့ ... စထရစ်လဲန်း၊ ဆာလဖာနဲ့ ကြီးမရဘူးလား"

စထရစ်လဲန်းက ဘာမှပြန်မပြောဘဲ ကုလားထိုင်နောက်မှီကို ဆွဲ ဆိုင်လိုက်၏။ ဘယ်လိုမှ မထင်မှတ်ထားပါဘဲလျက် စထရစ်လဲန်းသည် စိတ်ကစဥ့်ကလျား ရောဂါကောက်ကာင်ကာရသွားပုံ ပေါက်သွား၏။ လူသန် ကြီးတစ်ယောက် စိတ်ကစဥ့်ကလျား ရောဂါဖြစ်လျှင် အလွန်ထိတ်လန့်စရာ ကောင်း၏။ သူ့အဖြစ်ကို မြင်လိုက်ရသည့်အခါ ဖလိ၏ ဝိညာဥ်အတွက် ဆွတ်ဆွတ်ဖြူ အနူကောင်ကြီးနှင့် အခန်းထဲမှာ သတ်ပုတ်ခဲ့ရတာတွေ၊ အင်္ဂလိပ်လူမျိုး၏ ဂုဏ်သိက္ခာကျဆင်းအောင် ကျွန်ုပ်တို့ ဖန်တီးခဲ့တာတွေကို ပြန်လည်မြင်ယောင်မိပြီး ကျွန်ုပ် ရယ်ချမိလိုက်ပါသည်။ ၎င်းနောက် ဟောဟဲ သံကြီးထွက်လာသည်အထိ ပင့်သက်ခါခါရှိုက်မိလေသည်။ ၄က်လိုလည်း အော်မိလိုက်၏။ ဖလိကတော့ ကျွန်ုပ်တို့နှစ်ယောက်စလုံး သွက်သွက်ခါအောင် ရူးသွပ်သွားချေပြီဟု ထင်လိုက်မှာ သေချာလှပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ ပြုလုပ်ခဲ့ကြတာတွေကိုတော့ သူသိအောင် ဖွင့်ပြောမနေတော့ပါ။

နောက်နှစ်အနည်းငယ်ကြာတော့ စထရစ်လဲန်းတစ်ယောက် လက် ထပ်သွားပါသည်။ မိန်းမအလိုကို ငဲ့ကွက်၍ သူသည် ဘုရားကျောင်းသို့ ပုံ မှန်သွားသော မိသားစုဝင်တစ်ဦး ဖြစ်သွားခဲ့ပါသည်။ ထိုအချိန်မျိုးသို့ ရောက် လာသည့်အခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်တွေ့ဖြစ်ရပ်ကို ဓမ္မဓိဋ္ဌာန် ကျကျ ပြန်လည်သုံးသပ်မိကြပါသည်။ ထိုအခါ စထရစ်လဲန်းက လူများသိရ

လေအောင် ထိုအဖြစ်အပျက်ကို ရေးသားတွေတ်ဝေဖို့ ကျွန်ုပ်အား အကြံပြုလာပါသည်။

သို့သော် ထိုသို့ရေးသားလိုက်သည်နှင့် လျှို့ဝှက်ဆန်းကြယ်နေသည့်ကိစ္စသည် ရှင်းလင်းသွားလိမ့်မည်ဟု ကျွန်ုပ် မထင်မိပါ။ ယင်းသို့ မထင်မိခြင်းတွင် နိုင်လုံသော အကြောင်းနှစ်ခု ကျွန်ုပ်မှာ ရှိနေပါသည်။ ပထမ စိတ်မချမ်းမသာစရာ ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို မည်သူကမှ ယုံကြည်လက်ခံကြမှာ မဟုတ်ပါ။ ဒုတိယ ရုပ်တုသည် ရုပ်တုမျှသာ ဖြစ်သည်ဟု ယုံကြည်လက်ခံထားသူတွေက အလွန်များနေသည် မဟုတ်ပါလား။

ခင်မောင်တိုး (မိုးမိတ်)

**The Mark of Beast by Rudyand Kipling**

# ချောကလက်ရောင် လက်ဖာစ်ဖက်

ဆာဒိုမင်နစ်ဟိုလ်ဒင်သည် အိန္ဒိယလူမျိုးနာမည်ကြီး ခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်သည်။ သူသည် ကျွန်ုပ်အား သူ၏ အမွေခံအဖြစ်ထားခဲ့ရာသူ သေဆုံးချိန်၌ ကျွန်ုပ်၏ဘဝမှာ တစ်နာရီမျှ အချိန်အတွင်းမှာပင် လုံးဝ ပြောင်းလဲသွားခဲ့သည်။ လွန်စွာပင်ပန်းဆင်းရဲလှသည့် ဆရာဝန်တစ်ဦးဘဝမှ လူချမ်းသာ မြေပိုင်ရှင်ကြီး ဖြစ်လာရခြင်းပင်။ စင်စစ် ကျွန်ုပ်နှင့် အမွေခံနိုင်ခွင့်မှာ အလှမ်းဝေးလှ၏။ ကြားတွင် အနည်းဆုံး လူငါးဦးမျှ ခြားနေသေးသည်။ ထို့ကြောင့် ဆာဒိုမင်နစ်၏ ရွေးချယ်မှုမှာ အများအမြင်၌ ဆန္ဒရှိ၍ ထလုပ်ခဲ့သော စိတ်ရူးပေါက်ခြင်းတစ်ခုမျှသာဟု ယူဆဖွယ်ရာရှိသည်။ မည်သို့ဆိုစေ ထိုသို့ အမြင်တက်တက် စင်လွဲမှားကြောင်း ကျွန်ုပ်က အခိုင်အမာ ဆိုချင်၏။ သူ့ဘဝနေဝင်ချိန်ရောက်ခါမှ ဆာဒိုမင်နစ်နှင့် ကျွန်ုပ်တို့ ရင်းနှီးရသည်ဆိုသော်လည်း သူ ကျွန်ုပ်အပေါ် အဘယ်ကြောင့် ဤမျှ ကောင်းရသည်ဆိုခြင်းကို ရှင်းပြရန် ကျွန်ုပ်ဘက်က အကြောင်းခိုင်လုံ၏။ အမှန်ကိုဆိုရလျှင် (မိမိကိုယ်မှတစ်ပါး အခြားသူများအား ထုတ်ဖော်မပြောမိသော်လည်း) ကျွန်ုပ်ဘဝတွေး အိန္ဒိယကြီးအပေါ် ကျွန်ုပ် ကောင်းခဲ့သည်ထက်

အခြားသူများသာနိုင်ဖွယ်ရာ မရှိ။ ဤဇာတ်လမ်းကို ပြန်လည်ဖောက်သည် ချပါက လက်ခံယုံကြည်ကြလိမ့်မည်ဟု ကျွန်ုပ် မမျှော်လင့်မိပေ။ သို့သော် မယုံသော်မှရှိစေ၊ လွန်စွာ ဆန်းကြယ်လှသဖြင့် အကယ်၍ မှတ်တမ်းမတင် မိပါလျှင် ကျွန်ုပ်၏တာဝန်မကင်းဟု ယူဆပါသောကြောင့် ယခုဖော်ပြလိုက် ရပေသည်။ ယုံခြင်း မယုံခြင်းမှာ စာဖတ်သူများ၏ ကိုယ်ပိုင်လွတ်လပ် ခွင့်တစ်ရပ် ဖြစ်ပေကြောင်း။

ဆာဒိုမင်နစ်ဟိုလ်ဒင် (စီ ဘီ ကေ စီ အက်စ် အိုင် အခြား ဘွဲ့ထူးများကို ဆက်လက်၍ မသိတော့) သည် သူ့အချိန် သူ့အခါက လွန်စွာ ထင်ရှားသည့် အိန္ဒိယလူမျိုးခွဲစိတ်ကုဆရာဝန်ကြီးတစ်ဦး ဖြစ်၏။ မူလက စစ်တပ်ဆရာဝန်အဖြစ် တာဝန်ထမ်းရွက်ခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် အရပ်ဘက် ဆေးရုံများသို့ ပြောင်းရွှေ့လျက် ဘုံဘေ( အခြေချနေထိုင်ခဲ့သည်။ သူသည် အိန္ဒိယပြည်တစ်နံတစ်လျားသို့ ဆေးဘက်ဆိုင်ရာ အကြံပေးအရာရှိ အဖြစ် ခရီးများစွာ ထွက်ခဲ့ရ၏။ စင်စစ် သူ၏အမည်ကို 'အိုးရီးယင့် ဆေးရုံ ကြီးနှင့် တွဲဖက်ဖော်ပြမှသာ ပိုမိုပြည့်စုံပေလိမ့်မည်။ အကြောင်းမှာ သူသည် ယင်းဆေးရုံကြီးကို တည်ထောင်သူဖြစ်သကဲ့သို့ ကူညီထောက်ပံ့မှု အများဆုံး ပေးခဲ့သူလည်း ဖြစ်သည်။ မည်သို့ပင် ဆိုစေမများသော ရှေ့နေ၊ မသေသော ဆေးသမားမရှိဟူဘိအလား သူ၏ဒေါင်ဒေါင်မြည်ကျန်းမာရေးမှာ နှစ်ရှည်လ များ တာဝန်ပိခဲ့ရခြင်း၏ အကျိုးဆက်အဖြစ် ရောဂါလက္ခဏာများ စတင်တွေ့ လာခဲ့ရသည်။ ဤတွင် သူ၏လုပ်ဖော်ကိုင်ဖက် ဆရာဝန်များက (၎င်းတို့၏ အကျိုးအမြတ်မပါရှိဟူ၍ကား အတတ်မဆိုနိုင်) သူ့အား အင်္ဂလန်သို့ ပြန်ရန် တညီတညွတ်တည်း ဝိုင်းဝန်း၍ ထောက်ခံကြကုန်၏။ သူသည် တတ်နိုင်သမျှ အချိန်ဆွဲနေခဲ့သည်။ သို့ရာတွင် အဆုံး၌ သူ၏ အာရုံကြောဆိုင်ရာ ရောဂါ လက္ခဏာများမှာ ပို၍ ပို၍ ဆိုးရွားလာခဲ့သည်။ ထို့ကြောင့် အင်္ဂလန်ရှိ သူ၏မွေးရပ်မြေ ဝိလ်ရှိုင်းယားသို့ ရောဂါသည်တစ်ဦးအဖြစ် သူ ပြန်လည် ရောက်ရှိလာခဲ့သည်။ ယင်းဒေသတွင် သူက မြေကေမြောက်များစွာကို ဝယ်ယူသည်။ ထိုမြေပေါ်တွင် ရှေးခေတ်ပုံစံအိမ်အိုကြီးတစ်လုံး ပါဝင်လျက် ဆယ်လစတာရီလွင်ပြင်ကွင်းစပ်၌ တည်ရှိလေသည်။ ထို့နောက် သူ့ဘဝ

တစ်သက်တာမျိုး စေ့ချလေ့လာဆည်းပူးခဲ့သည့် ရောဂါဗေဒဆိုင်ရာ ရှုးစမ်းမှုများကို ဖောက်ချလုပ်ကိုင်တော့သည်။ သူသည် ယင်းဘာသာရပ်တွင် အထူးထင်ရှားသူဖြစ်၏။

ဤကဲ့သို့ ငွေကြေးချမ်းသာ၍ သားထောက်သမီးခံမရှိသော ဘထွေးတော်တစ်ဦး လန်ဒန်သို့ ပြန်လည်ရောက်ရှိလာသည့် သတင်းမှာ (စဥ်းစားကြည့်က) ကျွန်ုပ်တို့ ဆွေမျိုးတစ်သိုက်အကြား အတော်လှုပ်လှုပ်ရွရွ ဖြစ်ရသည့်ကိစ္စတစ်ရပ်ပင်။ သူ့ဘက်ကမူ တကယ်တမ်း ဟက်ဟက်ပက်ပက် မရှိလှသည်ဆိုစေဦး မိမိ၏ ဆွေမျိုးညာတကာအပေါ် တာဝန်သိစိတ်တစ်ရပ်ကိုကား ပြသရှာပေသည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီအား သူ့ထံသို့ အလှည့်ကျလာရောက်လည်ပတ်ရန် ဖိတ်မန္တကပြုခဲ့၏။ ကျွန်ုပ်၏ ဝမ်းကွဲညီအစ်ကိုတော်များအဆိုအရမူ ဤအပြုအမူမှာ လွန်စွာ သိမ်ငယ်လှသည်။ ၎င်းတို့၏ အယူအဆသည် ကျွန်ုပ်၏ကိုယ်ပိုင်ခံစားချက်ကို မီးလောင်ရာ လေပင့်သကဲ့သို့ ရှိတော့၏။ အကြောင်းမှာ ရှေ့ဒင်ဟတ်စ်သို့ ဖိတ်ကြားခြင်းခံရသူများ စာရင်းတွင် ကျွန်ုပ်မှာ နောက်ဆုံးလူဖြစ်နေခဲ့ရသောကြောင့်ပင်။ တစ်ဖန် ဖိတ်ကြားရာတွင်လည်း ကျွန်ုပ်၏ဇနီးသည်အား တမင်ချန်လှပ်ထားခဲ့ပြန်ရာ ပထမပိုင်းတွင် ကျွန်ုပ်သည် ယင်းဖိတ်ကြားချက်ကို ငြင်းပယ်လိုက်ရန်အထိ စိတ်ကူးမိသေး၏။ သို့ရာတွင် ကျွန်ုပ်တို့ကလေးငယ်များ၏ ရေရှည်အကျိုးကို ထည့်သွင်းစဥ်းစားရပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဇနီးသည်၏ ခွင့်ပြုချက်ဖြင့် အောက်တိုဘာလ၏ တစ်ခုသော ညနေချိန်တွင် ပိလ်ရှိုင်းယားခရီးစဥ်သို့ ထွက်ခွာလာခဲ့လေ၏။ ယင်းခရီးစဥ်နှင့် ပတ်သက်၍ကား ကျွန်ုပ်အဖို့ တစ်စုံတစ်ရာကို မျှော်လင့်ချက် အလွန်အမင်း မထားခဲ့ချေ။

ကျွန်ုပ် ဘထွေးတော်၏ ယာတောခြံမှာ ပြန့်ဖြူးသည့် ထွန်ယက်စိုက်ပျိုးမြေများနှင့် လုံးဝန်းသော မြေဖြူကုန်းတန်းများအကြား၊ စပ်ကူးမတ်ကူး ဆင်ခြေလျှောကုန်းစပ်တွင် တည်ရှိလေသည်။ ယင်းမြေကုန်းတန်းတို့မှာ ဤဒေသ၏ ပြယုဂ်တစ်ခု ဖြစ်၏။

အလင်းရောင်ပါးလျားစပြုနေသည့် ဆောင်းဦးပေါက် ညနေခင်းအချိန်၌ ဒင်တန်ဘူတာရုံမှ ကျွန်ုပ် ရထားစီး၍လာသည်။ လမ်းဘေးဝဲယာရှိ

သဘာဝ၏ဆန်းကြယ်သော ရှုခင်းများအပေါ် ကျွန်ုပ်၏ စိတ်အစဉ်မှာ နစ်မျော လျက်ရှိသည့် ။ ဟိုတစ်တဲ ဒီတစ်တဲ ပြန့်ကြဲနေသည့် လယ်သမားတို့၏ တဲကလေးအချို့သည် သမိုင်းဦးခေတ်၏ တောတောင်သဘာဝရှုခင်းများနှင့် ယှဉ်တွဲ၍ ကြည့်မိသည့်အခါ ပိုမိုသိမ်ငယ်သွားသည်ဟု ထင်ရလျက် ပစ္စုပ္ပန်သည် အိမ်မက်တစ်ခုကဲ့သို့လည်းကောင်း၊ အတိတ်ကာလသည် ကြီးမားသော နိယာမတရားတစ်ခုကဲ့သို့လည်းကောင်း ကျွန်ုပ်၏ စိတ်ဝယ် ထင်မိသေး၏။ မြက်ခင်းစိမ်းစိမ်းကုန်းတန်းများက မြစ်ဝှမ်းတို့ကို အနားသတ် ပေးထားသည်။ ယင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ရထားလမ်းတို့သည် အကွေ့ အကိုက်လွန်စွာများသည်။ ကုန်းကမူထိပ်များ၌ ရှုပ်ထွေးဆန်းပြားသည့် ခံတပ် သဏ္ဌာန် အဆောက်အဦးများကို မြင်တွေ့ရသည်။ အချို့မှာ ပိုင်းပိုင်းစက်စက်၊ အချို့ကားလေးထောင့်သဏ္ဌာန် စုံလင်ပေသည်။ ၎င်းတို့၏ တူညီသည့် အချက်မှာ လေပြင်းမိုးကြမ်းတို့၏ ဒဏ်ကို ရာစုနှစ်များစွာ ကြံ့ကြံ့ခံတွန်းလှန် ခဲ့ကြခြင်းပင် ဖြစ်သည်။ ယင်းခံတပ်များသည် ရောမတို့၏ လက်ရာဖြစ် ကြောင်း၊ အချို့ကမူ ဗြိတိသျှတို့ တည်ဆောက်ခဲ့ကြကြောင်း အမျိုးမျိုး ပြောဆိုခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့၏ မူလဇစ်မြစ်မှန်နှင့် တစ်ဖန် ဤဒေသ၌ အဘယ်ကြောင့် ကာကွယ်ရေးအခြေအနေများကို မြင်တွေ့နေရသနည်းဆို သည့် အရင်းခံအကြောင်းတရားတို့မှာ ယနေ့အထိ မရှင်းလင်းနိုင်သေးသည့် ပဟေဠိတစ်ပုဒ်ဖြစ်နေရဆဲပင်။ နုညက်ရှည်လျားသော သံလွင်ရောင်ကုန်း ပြောင်ပြောင်ချောချောတွင် မို့မို့ဝိုင်းဝိုင်း အုတ်ဂူကလေးများကို ဟိုတစ်စ ဒီတစ်စ မြင်တွေ့နေရ၏။ ယင်းအုတ်ဂူကလေးများ၏အောက်၌ လူသားမျိုးနွယ်တစ်စု၏ အရိုးပြာများရှိနေမည်မှာ သေချာလှသည်။ ကျောက်ကမ်းပါးယံများအတွင်း နက်ရှိုင်းစွာ တူးဖောက်၍နေထိုင်ခဲ့ကြဖူးသည့် ဂူနေလူများ၏ သင်္ချိုင်းမြေ ဖြစ်တန်ရာသည်။ စင်စစ်ပြောပြနိုင်သည်ဆိုစေဦး နေမင်း၏ အလင်းရောင် အောက်၌ နိစ္စဓူဝလုပ်ငန်းများဖြင့် မအားမလပ်နိုင်ရှာသည့်လူသားတစ်ဦး၏ဘဝ ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်ပေလိမ့်မည်။ အရိုးပြာလက်တစ်ဆုပ်စာက ပြော ပြနိုင်လည်းထက် ပိုမိုလိမ့်မည်ဟု ကျွန်ုပ် မထင်မိပေ။

ဤရှုခင်းဆန်းဆန်းများကို မြင်တွေ့လာရခြင်းသည် ကျွန်ုပ် ဘထွေး တော် နေထိုင်ရာ ရောဒင်ဟတ်ဒ်သို့ နီးကပ်နေပြီဖြစ်ကြောင်း နားလည် လိုက်သည်။ ဘထွေး၏ အိမ်မှာ ပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်ဖက် လှပေသည်။ ဝင်ပေါက်ဝတွင် ရာသီဥတု၏ဒဏ်ကို ခံထားရသော မှန်ဦးတိုင် ကြီးကြီးနှစ်လုံးကို ဦးစွာ မြင်တွေ့ရ၏။ ၎င်းတို့အထက်ရှိ သံတော်ဆင့်ပုံအမှတ် တံဆိပ်မှာ ရုပ်လုံးပင်မပေါ်ချင်တော့။ တစ်စစီ ဖြစ်နေ၏။ ထိုမှလွန်သော် အိမ်သို့အဝင်လမ်းကလေးတစ်ခု ရှိနေသည်။ ၎င်းမှာလည်း ထူးမခြားနားပင်။ အိမ်ရှင်၏ လျစ်လျူရှုပစ်ပယ်ခြင်းကို ခံထားရကြောင်း မြင်ရုံနှင့်ပင် သိသာနိုင် သည်။ ထိုလမ်းကလေးအတိုင်း ကျွန်ုပ် လျှောက်ဝင်လာစဉ် လမ်းဘေး တစ်ဘက်တစ်ချက်ရှိ ကညင်ပင်အိုကြီးများအကြားမှ လေတိုးသံ တရှဲရှဲကို ကြားလိုက်ရသည်။ လေသည် သူနှင့်အတူ ရွက်ကြွေတစ်သိုက်ကိုပါ အဖော် အဖြစ် ခေါ်ဆောင်လာသည်။ အတန်ငယ် ဝေးသည့်လမ်း၏ အဆုံးတွင်မူ ကိုင်းချင်းယှက်နေသည့် ညို့ညို့ဆိုင်းဆိုင်း သစ်ပင်အုပ်ကလေးများကို လှမ်း၍ မြင်တွေ့နေရသည်။ ယင်းသစ်ပင်အုပ်များအောက်၌ ဝါကျင့်ကျင့် မီးအိမ် တစ်လုံးကို ထွန်းညှိ၍ထားသည်။ မီးအိမ်မှာ လှုပ်ရှားယိမ်းယိုင်ခြင်း အလျှင်းမရှိ ကျွန်ကောင်းလှစွာဖြင့် တည်တည်ငြိမ်ငြိမ်ပင်။ ညဉ့်၏အမှောင်ရိပ် သန်း စပြုနေသည့် တစ်ဝက်တစ်ပျက် အလင်းရောင်ဖြင့် ရှည်မျှော့မျှော့၊ ပုပြား ပြား အဆောက်အအုံတစ်ခုကို မြင်တွေ့နေရသည်။ အိမ်၏ ဘေးဝဲယာထုတ် ထားသည့် အဆောင်နှစ်ခုမှာ တစ်ဘက်နှင့်တစ်ဘက် တူညီခြင်း မရှိချေ။ ပန်းဆွဲပြားကြီးများ တပ်ထားသည့် အိမ်အမိုးမှာ စောက်လျက် အကာကို သစ်သားတန်းများဖြင့် ဆန္ဒင်းမကင်းပုံ၊ ကြက်ခြေခတ် ရိုက်ထားသည်။ ကျူးဒါးခေတ်အိမ်ပုံစံမျိုးပင် (အင်္ဂလန်နန်းဆက်သတ္တမမြောက် ဟင်နရီဘုရင်နှင့် ပထမ မြောက်အယ်လီဇဘက်ဘုရင်မ အုပ်စိုးသည့်ကြားကာလ ခေတ်ကို ဆိုလိုသည်–စာရေးသူ)။ ခပ်နိမ့်နိမ့် ဆင်ဝင်တံခါးပေါက်လက်ဝဲဘက်ရှိ မှန်ကူကွက်ပြတင်းပေါက်ကြီးတစ်ခုမှ မီးရောင်များကို မြင်နေရသည်။ ကျွန်ုပ် ဘထွေး၏ စာကြည့်ဆောင် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ် မှန်းဆချက်မလွဲချေ။

အကြောင်းမှာ အိမ်ရှင်နှင့်တွေ့ရန် ဘဏ္ဍာစိုးကြီး ကျွန်ုပ်အား ခေါ်ဆောင်သွားခဲ့သည့်မှာ ထိုအဆောင်ဖြစ်နေခဲ့ခြင်းကြောင့်ပင်။

ကျွန်ုပ်၏ အိမ်ရှင်မှာ မီးလင်းဖိုပေါ်တွင် သူ၏ကိုယ်ကို ကျုံ့ထားသည်။ အင်္ဂလိပ်ဆောင်းဦးပေါက်၏ စိုစွတ်သော အအေးဓာတ်သည် သူ့အား နိုက်နိုက်တုန်နေစေခဲ့၏။ မီးအိမ်ထွန်းညှိထားခြင်း မရှိ။ မီးလင်းဖို၏ နီရဲသော မီးကျီခဲအရောင်ဖြင့်သာ သူ့ကို တွေ့မြင်နိုင်သည်။ အဖုအထစ်များ ထူပြောသည့် မျက်နှာကြီးတစ်ခုပင်၊ နှာခေါင်းနှင့် ပါးရိုးကျဆင်းပုံမှာ လူနီမျိုးဆန်သည်။ သူ၏မျက်လုံးမှ မေးဖျားအထိ နက်ရှိုင်းသော အရေးအကြောင်းများနှင့် အမာရွတ်များစွာကို တွေ့မြင်နေရသည်။ ပမာဆိုရလျှင် မြုံနေသည့် မီးတောင်တစ်ခုအတွင်းက အလျှံညီးညီး ချော်ရည်ပူများကို တွေ့နေရသည့်နှယ်။ လွန်စွာ အကျည်းတန်လှသည်။ သူသည် ကျွန်ုပ်ဝင်ရောက်လာသည်ကို မြင်သည်နှင့် ထိုင်ရာနေရာက ပြုန်းခနဲ ထရပ်လိုက်သည်။ ယင်းအပြုအမူမှာ ရှေးကျသည့် ယဉ်ကျေးမှုတစ်ရပ်ဟု ကျွန်ုပ်၏ စိတ်ကမှတ်ယူမိ၏။ ထို့နောက် ရှောဒင်ဟာက်စ်က ကျွန်ုပ်အား လှိုက်လှဲစွာ ကြိုဆိုကြောင်း သူက နှုတ်ခွန်းဆက်စကားဆိုသည်။ အခန်းတွင်းသို့ ယူဆောင်လာခဲ့သည့် မီးအိမ်၏ အလင်းရောင်၌ သူ့ကို အကဲခတ်ခွင့်ရလေ၏။ ထူထည်း ရှည်လျားသည့် မျက်ခုံးမွေးများအောက်ရှိ သူ၏ အပြာရောင်ဖျော့မျက်လုံးအစုံမှာ ကျွန်ုပ်ကို စူးစိုက်ကြည့်ရှုလျက်ရှိသည်။ ဓတ္တာချုံတစ်ခု၏ အောက်မှ ရန်သူကို ချောင်းမြောင်းနေသည့် ကင်းထောက်တပ်ဖွဲ့များနှင့်ပင် တူလှသည်။ ကျွန်ုပ်အဖို့ အထူးအဆန်း ဖြစ်နေရ၏။ ဘထွေးတော်သည် သူ၏ကျင့်သားကျ၊ အတွေ့အကြုံများလှသော စူးစမ်းပုံမျိုးဖြင့် ကျွန်ုပ်တစ်ကိုယ်လုံးကို သိမ်းကျုံး၍ အသေးစိတ်လေ့လာလျက်ရှိကြောင်း ကျွန်ုပ်အလိုလို သိရှိနေလေသည်။

ကျွန်ုပ်မှာမူ သူ့ကိုကြည့်မိသည်နှင့် နောက်တစ်ကြိမ် ပြန်၍မကြည့်ဘဲ မနေနိုင်ခဲ့။ သူ တစ်ထူး၏အာရုံကို ဖမ်းစားရာ၌ သူ့ထက် ပိုမိုထူးသူ မကြုံစဖူး။ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ လူထွားကြီးတစ်ဦး၏ အချိုးအဆစ်မျိုးဖြစ်၏။ သို့သော် ရှေ့သို့ ကိုယ်ကိုင်းကျနေသဖြင့် သူ၏ ကုတ်အင်္ကျီမှာ အရိုးငေါ၍ ကျယ်ပြန့်သော ပခုံးနှစ်ဖက်မှ ရှေ့သို့ ပုံကျလျက်ရှိသည်။ လွန်စွာ

employment division
. dol @ gmail.com



ချိုးမပြေသည့် ဝတ်စားဆင်ယင်မှုဟု ဆိုရလိမ့်မည်။ ခြေလက်တို့မှာ ကြီးဂေါင်ဂင်မျိုး ပိပိကြီးမားသလောက် ပိန်လှီလှသည်။ တစ်ဖန် သူ၏ လက်ကောက်ဝတ်များနှင့် လက်တံရှည်ကြီးများဆီမှ ကျွန်ုပ်၏အကြည့်ကို ရွဲဖယ်နိုင်ခဲ့ခြင်း မရှိချေ။ အကြောင်းမှာ ၎င်းတို့တွင် အဖုအထစ်များစွာ မြင်တွေ့နေရခြင်းကြောင့်ပင်။ မည်သို့ဆိုစေ သူ၏ လွန်စွာ စူးရှသည့် အပြာရောင် ဖျော့ဖျော့မျက်လုံးများကား အားလုံးအနက် အဖမ်းစားနိုင်ဆုံးဟု ဆိုရမည်။ မျက်လုံးများ၏ အရောင်တစ်ခုတည်းကြောင့် မဟုတ်။ ထို့အတူ သားကောင်ကို ချုံတွင်းမှ ချောင်းမြောင်းသည့် တူလှသော သူ၏မျက်လုံးများ ပေါ်ရှိ ဆံပင်ဖုတ်သိုက်နှင့်လည်း မဆိုင်ချေ။ မျက်လုံးများ၌ ကျွန်ုပ် ကျက်မိသည့် အဓိပ္ပာယ်တစ်ရပ် ရှိနေသည်။ စင်စစ် လူပုံသဏ္ဌာန်နှင့် သူ့ဟန်ပန်ကို ကြည့်၍ ဆုံးဖြတ်ရလျှင် ရှိသေကြည်ညိုလောက်ဖွယ် ဖြစ်သည်။ ထိုအရှိန်အဝါနှင့် လိုက်ဖက်မည့် ဟိတ်ဟန်မျိုး၊ သူ့မျက်လုံးများ၌ မြင်တွေ့ရလိမ့်မည်ဟု မထင်လိုက်ပါနှင့်။ ၎င်းအစား အကြောက်တရားနှင့် စိတ်မာတ်ပျက်ပြားနေသူတစ်ဦး၏ မျက်လုံးများကို တွေ့နေရသည်။ သခင်၏ လက်တွင်းက ကြာပွတ်ကို မြင်လိုက်ရသည့် ခွေးတစ်ကောင်၏ အကြည့်မျိုးဟု ကျွန်ုပ် နှိုင်းနှိုင်းရလျှင် ရိုင်းရာကျသော်လည်း ဆိုချင်သည့် အဓိပ္ပာယ်ပေါ်နိုင်ပေသည်။ ထို့ထက် အကျဉ်းချုံး၍ ဖော်ပြရလျှင် သူ့၌ ဝေဖန်စောကြောလိုစိတ် ရှိသည်။ သို့သော် တစ်စုံတစ်ရာကိုလည်း လန့်ဖျပ်၍ နေလေသည်။ ကျွန်ုပ်အဖို့ တစ်ကြိမ်ကြည့်မိရုံနှင့် သူ၏ မျက်လုံးများက တစ်ဆင့် ရောဂါအမည်ကို ဖော်နိုင်ခဲ့လေပြီ။ သေစေလောက်သည့် ရောဂါတစ်မျိုးမျိုး သူ့တွင် ရရှိနေသည်ဟု ကျွန်ုပ် ယုံကြည်၏။ ၎င်းရောဂါဖြင့် ရက်တရက် သေနိုင်သည်ကိုလည်း သူကိုယ်တိုင်က သိရှိပြီး ဖြစ်လိမ့်မည်။ ယင်းအကြောက်တရားဖြင့် နေထိုင်နေရဟန်တူသည်။ ဤသည်မှာ ကျွန်ုပ်၏ ဆုံးဖြတ်ပုံဖြစ်သည်။ သို့ရာတွင် အဖြစ်မှန်ကို တကယ်တမ်း သိရချိန်၌ ကျွန်ုပ်၏ ဆုံးဖြတ်ချက်မှာ တက်တက်စင် လွဲလေတော့သည်။ မည်သို့ဆိုစေ ကျွန်ုပ် အကဲခတ်ရသမျှ တင်ပြလိုရင်းသာ ဖြစ်ပေသည်။

ဆိုခဲ့သည့်အတိုင်းပင် ဘထွေး၏ လောကဝတ်မှာ ယဉ်ကျေးပျူငှာ ရှိလှသည်။ နောက်တစ်နာရီကျော်လျှင် ကျွန်ုပ်၊ ဘထွေးနှင့် သူ၏ဇနီးတို့ သည် ညစာစားကြရန် ထမင်းစားခန်းအတွင်း၌ ထိုင်မိကြလေပြီ။ ၎င်းတို့နှစ်ဦး အကြားတွင် ကျွန်ုပ် ထိုင်ခွင့်ရ၏။ စားပွဲပေါ်၌ ဟင်းအမယ်များ စုံလင်လှသည်။ ရနံ့တသင်းသင်း ရှိနေ၏။ ဘထွေး၏ ကုလားထိုင်နောက်တွင် လွန်စွာ မျက်စိကစားသော ရှေ့တိုင်းသား စားပွဲထိုးတစ်ဦးက ကုပ်ချောင်းချောင်း ရပ်လျက်ရှိသည်။ လူအိုနှစ်ဦးမှာ ဇရာဒုဗ္ဗလအရွယ်၊ ဘဝ၏နေဝင်ချိန်သို့ ရောက်ခဲ့ကြပြီ။ ချစ်သူခင်သူတို့နှင့် ကွေကွင်းရသဖြင့်လည်းကောင်း၊ တစ်နည်း စွန့်ခွာသွားကြ၍လည်းကောင်း မိမိတို့နှစ်ဦးသာ အဖော်မဲ့ အထီးကျန်၍ တိုးတိုး ဖော် ကျန်ရစ်ကြရလေ၏။ ဘဝ၏တာဝန်များ ပြီးဆုံးခြင်းနှင့်အတူ နိဂုံးပိုင်းမှာ လည်း လွန်စွာ နီးကပ်၍လာချေပြီ။ ချစ်ခြင်းမေတ္တာ၏ ချိုမြိန်မှုကို နားလည် ကြသူများ ဖြစ်သကဲ့သို့ အေးစက်သည့် ဆောင်းကာလအား နွေးထွေးသော အိန္ဒိယ နွေဂိမာန်အဖြစ် ပြောင်းလဲနိုင်သူများပင်။ ထို့ကြောင့် လောကဓံ၏ စမ်းသပ်ခြင်းမှ အောင်မြင်ခဲ့ကြသူများဟု ဆိုနိုင်ပေသည်။ လေဒီဟိုလ်ဒင်မှာ သေးညှက်သည့် ကိုယ်ခန္ဓာနှင့် ချက်ချာသော အမျိုးသမီးကြီးတစ်ဦး ဖြစ်၏။ သူမ၏ မျက်လုံးများတွင် ကြင်နာရိပ်များကို တွေ့မြင်နေရသည်။ ဘထွေး ကိုကြည့်ရှုသည့် သူမ၏ အကြည့်၌ သဘောထားမှန်ကန်မှုကို အကဲခတ်ခွင့် ရပေသည်။ ရှိပေသေး၏။ ၎င်းတို့နှစ်ဦး၏ အကြည့်များက တစ်ဦးကိုတစ်ဦး မည်မျှ ကြင်နာကြောင်း၊ ခံစားချက် တစ်စုံတစ်ရာကို မျှဝေခံစားလျက်ရှိကြောင်း နှင့် ဘထွေး၏ အကြောက်တရားမှာ သူမ၏ မျက်နှာတွင် ထင်ဟပ်၍နေ ကြောင်း ကျွန်ုပ် မြင်တွေ့ရလေ၏။ ရယ်ရွှန်းဖတ်ရွှန်း ပြောနေချိန်၌ ဆွေးမြေ့ သည့် လေသံများ မကြာမကြာ ဖောက်ဝင်လာတတ်သည်။ ရယ်ရွှန်းဖတ်ရွှန်း ဟု ဆိုသော်လည်း တမင်တကာ အားထုတ်ယူရခြင်းကို ဖြစ်သည်ကို ကျွန်ုပ် နားလည်နိုင်ပေသည်။ စင်စစ် ဝမ်းနည်းပူဆွေးခြင်းသာပင်ကို ဖြစ်နေ၏။ ကျွန်ုပ်သည် လူအိုနှစ်ဦး၏ ကြားတွင် ထိုင်လျက်ရှိရာ ၎င်းတို့၏ နှလုံးခုန်သံ များကိုပင် ကြားရသည်ဟု ထင်မြင်မိလေ၏။

ထမင်းပိုင်း သိမ်း၍ အစာပိတ်အဖြစ် ပိုင်တစ်ခွက်စီ သောက်မိချိန်
ကျွန်ုပ်တို့၏ စကားဝိုင်းမှာ ပိုမိုစိုပြည်၍ လာသည်။ မကြာမီ အိမ်ဧည့်သည်များ
က်ခွာသွားကြ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့စကားဝိုင်းမှာ အကြောင်းအရာတစ်ခု
သို့ ဦးတည်မိလေသည်။ ယင်းစကားကို အမှတ်တမဲ့ စလိုက်မိသည်နှင့်
ပြိုင်နက် အဘိုးအိုစုံတွဲမှာ ကွက်ခနဲ မျက်နှာပျက်၍ သွားသည်။ သဘာဝ
ကိစ္စရပ်များဆီသို့ စကားစ အဘယ်ပုံ ရောက်သွားသည်ကို ကျွန်ုပ်ကိုယ်
ပင် မမှတ်မိတော့။ စိတ်ပိုင်းဆိုင်ရာ ဖောက်ပြန်မှုကို လေ့လာခြင်းသည်
ရုံကြော အထူးကုဆရာဝန်များကဲ့သို့) ကျွန်ုပ် တစိုက်မတ်မတ် ပြုလုပ်
သည့် ဘာသာရပ်တစ်ခုဖြစ်ကြောင်း ၎င်းတို့ကို ရှင်းပြသည်။ ထို့ပြင်
ျွန်ုပ်သည် မနောသုတေသနအသင်းကြီး၏ အဖွဲ့ဝင်တစ်ဦးပီပီ တစ်ညသ၌
ျွန်ုပ်နှင့် အခြားအဖွဲ့ဝင်နှစ်ဦးတို့ တစ္ဆေခြောက်သည်ဟု နာမည်ကြီးသော
ိမ်တစ်အိမ်အတွင်း အဘယ်သို့ ကြုံတွေ့ခဲ့ရပုံကို စိတ်ဝင်တစား ပြန်လည်
ပြောပြမိလေ၏။ စင်စစ် ကျွန်ုပ်တို့ သုံးဦး၏ စွန့်စားခန်းမှာ စိတ်လှုပ်ရှားဖွယ်ရာ
ကောင်းသည့် အပြင်ပီပြင်ခြင်းလည်း မရှိခဲ့ပေ။ သို့ရာတွင် လက်တွေ့၌မူ
ျွန်ုပ်၏ ဇာတ်လမ်းသည် နားဆင်နေသူ ပရိသတ်နှစ်ဦးအား အထူးပင်
ိခိုက်ခံစားရဟန်ရှိသည်။ အဘိုးအိုစုံတွဲမှာ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်
က်သား ကောင်းလှ၏။ ၎င်းတို့နှစ်ဦးအကြား အပြန်အလှန် ကြည့်ပုံထူးနေ
သည်ကိုသာ မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ကျွန်ုပ်အဖို့ နားမလည်နိုင်
ခဲ့ချေ။ ထို့နောက် လေဒီဟိုလ်ဒင်သည် ရုတ်တရက် ထိုင်နေရာက ထ၍
အခန်းတွင်းမှ ထွက်ခွာသွားသည်။

ဆာဒိုမင်နစ်က ဆေးပြင်းလိပ်သေတ္တာကို ကျွန်ုပ်ဘက်သို့ တွန်း
သည်။ ထို့နောက် ကျွန်ုပ်တို့သည် ဆေးပြင်းလိပ်ကိုယ်စီဖြင့် အတန်ကြာမျှ
ငြိမ်သက်နေကြပြန်၏။ ဆေးပြင်းလိပ်ကိုင်ထားသည့် သူ၏ အရိုးအဆစ်ကြီး
၍ အင်္ဂရေအသား နည်းပါးသော လက်ကို ကျွန်ုပ်က အမှတ်တမဲ့ ငေးကြည့်
နေမိသည်။ ဆေးပြင်းလိပ်ကို သူ၏ နှုတ်ခမ်းဝသို့ တေ့၍ဖွာရှိုက်သည့်အခါ
တိုင်း လက်မှာ လိမ်ဖယ်လျက်ရှိသည်။ လက်ကြောများသည် တယောကြိုး
များကဲ့သို့ တုန်ယင်နေသည်ဟု ကျွန်ုပ်စိတ်က ထင်မိသည်။ သူ၏အနီး၌

ကျွန်ုပ် ရှိနေသည်ကိုပင် သူ့အဖို့ မေ့လျော့နေဟန်တူ၏။ တစ်ကိုယ်တည်း အတွေးနယ်ချဲ့လျက်ရှိသည်။ ထို့ကြောင့် အနှောင့်အယှက်မပေးလိုသဖြင့် ကျွန်ုပ်မှာ စကားမစခဲ့ချေ။ အဆုံး၌ သူ၏စိတ်ကို တုံးစုံးချလိုက်သည့်အလား တစ်ချက်မျှ ဆတ်ခနဲ အကြောဆွဲလိုက်ပြီးနောက် ကျွန်ုပ်ဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင်လေ၏။

"ဒေါက်တာဟာဒက်ကရိုး ကိုရင့်ကို ကျုပ် အကဲခတ်ရသလောက် ပြောပါဆိုရင် ကျုပ် အတွေ့ချင်ဆုံးလူဟာ ကိုရင်ပဲ"

"အခုလို ကြားရတဲ့အတွက် ဝမ်းသာပါတယ် ခင်ဗျာ"

"ကိုရင်က ခေါင်းအေးပြီး တည်ငြိမ်ပုံရတယ်၊ မြှောက်ပြောတာများ ပါရင် ကျုပ်ကို နားလည်ပါ။ အခြေအနေက မပွင့်မလင်း လုပ်လို့မရဘူး။ အလွန်လေးနက်တယ်။ ကိုရင့်မှာ ဒီသဘာဝလွန်ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး အထူးရင့်ကျက်တဲ့ အသိဉာဏ်ရှိတယ်။ ဒါ့အပြင် သဘာဝကျတဲ့ ရှုထောင့်က နေ အမြင်ရှင်းရှင်းနဲ့ ကြည့်နိုင်တယ်၊ ဒီအမြင်က အပေါ်ယံ ထိတ်လန့်ကြောက်ရွံ့စရာကို ဖယ်ရှားပစ်လိမ့်မယ်၊ တကယ်လို့ သေဆုံးသွားတဲ့ လူတစ်ယောက်ရဲ့ ဝိညာဉ်ကိုများ ကိုရင် မြင်ရရင် ဘယ်နှယ်လဲ၊ သွေးပျက်သွားရလောက်တဲ့ အထိတော့ မဖြစ်တန်ကောင်းပါဘူးနော်"

"မဖြစ်တန်ဘူး ထင်ပါရဲ့ ခင်ဗျာ"

"ကိုရင် စိတ်တော့ ဝင်စားတယ်နော်"

"အတိုင်းထက် အလွန်ပါပဲ"

"စူးစမ်းတဲ့နေရာမှာ ဆိုပါစို့ စကြဝဠာထဲမှာ ပျံသန်းနေတဲ့ ကြယ်တံခွန်တစ်လုံးကို လေ့လာတဲ့ နက္ခတ္တဆရာတစ်ဦးလိုပေါ့၊ ကိုရင်ကလည်း မနောသုတေသီတစ်ဦးပီပီ လာချင်ရာလာစမ်း၊ တွေ့ပစ်လိုက်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ လေ့လာမယ် ဒီလိုလား"

"အတိအကျပါပဲ"

သူက သက်ပြင်းတစ်ချက် လေးလေးပင်ပင် ချလိုက်သည်။

"ကျုပ်ပြောတာကို ယုံပါ၊ ဒေါက်တာဟာဒက်ကရိုး၊ ကိုရင် အခု ပြောသလို တစ်ချိန်က ကျုပ်လည်း ပြောခဲ့တာပေါ့။ ကျုပ်သတ္တိပြောင်ကြောင်း

အိန္ဒိယမှာ ပြောစမှတ်ပြုကြရတယ်။ အိန္ဒိယမှာ သူ့ပုန်ထတုန်းကတောင် ကျုပ်တစ်ချက်ကလေး သွေးမကြောင်ခဲ့ဘူး။ အင်း ... ဒါပေမဲ့ ကိုရင် အခု ကျုပ်ပုံကို ကြည့်လိုက်ဦး။ ဝိလ်ရှိုင်းယားတစ်နယ်လုံးမှာ သူရဲဘောအကြောင်ဆုံး လူတစ်ယောက်ပဲ။ ဒီကိစ္စမှာ အတင့်မရဲနဲ့ ကိုရင်၊ အတင့်ရဲရင် ကျုပ်လို လုံးပါးပါး သွားလိမ့်မယ်။ နောက်ဆုံး စိတ္တဇဆေးရုံရောက်ရင်ရောက်၊ အဲ မရောက်ရင် သုသာန်ရောက်မယ့် ကိန်းပဲ''

ရှေ့ဆက်၍ ပြောသင့်မပြောသင့် သူ ဆုံးဖြတ်ပြီးချိန်အထိ ကျွန်ုပ်မှာ စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေရသည်။ သူ ပျိုးလိုက်သည့် စကားစမှာ (အထူးမေးရန် မလို) ကျွန်ုပ်၏ သိလိုစိတ်အား ဆွပေးလိုက်သကဲ့သို့ ရှိသည်။

''ဆိုကြပါစို့ ဒေါက်တာဟာဒက်ကရီးရယ်'' သူက စကားကို ဆက်သည်။ ''အကြောင်းအရာတစ်ခုက ကျုပ်ဇနီးနဲ့ ကျုပ်ရဲ့သဝကို အတော် ဒုက္ခပေးခဲ့တာကလား။ ကျုပ်တို့အဖြစ်က အတော် အူကြောင်ကြောင်နိုင်လွန်းလို့ ရယ်စရာတောင် ကောင်းပါသေးတယ်။ ဒါပေမဲ့ နေ့စဉ်ရက်ဆက် ကြုံတွေ့လာရတဲ့အခါ သည်းခံလို့ မရနိုင်အောင် ဖြစ်လာရတယ်။ တစ်နည်းဆိုရင် အချိန်ကြာလာတာနဲ့အမျှ ကျုပ်ရဲ့ သတ္တိတွေဟာ လုံးပါးပါးပြီး တဖြည်းဖြည်း ပွန်းပဲ့လာတယ်ဆိုပါစို့။ ဒေါက်တာဟာဒက်ကရီးအနေနဲ့ ရုပ်ဒြပ် အကောင်အထည်အပေါ် အကြောက်အရွံ့မရှိဘူးဆိုရင် ကျုပ်တို့ကို ဒုက္ခပေးနေတဲ့ ဖြစ်ရပ်နဲ့ပတ်သက်ပြီး ကိုရင် ပေးတဲ့ အကြံဉာဏ်ကို အလေးအနက် စဉ်းစားပါမယ်''

''ကျွန်တော် ပေးတဲ့ အကြံဉာဏ်ကို တန်ဖိုးထားတယ်ဆိုရင် အစွမ်းကုန် ကူညီဖို့ ဝန်မလေးပါဘူး။ ကဲ ... အဖြစ်အပျက်ရဲ့ သဘောသဘာဝကို တစ်ဆိတ်ပြောပြပါဦးလား''

''ကိုရင် ရင်ဆိုင်ရမယ့် အရာကို ကြိုတင်ပြောပြမထားဘူးဆိုရင် ကိုရင့် အတွေ့အကြုံတွေက ပိုပြီး လေးနက်ပါလိမ့်မယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ကိုရင့် မသိစိတ်မှာ လက်ရှိလက်ခံထားတဲ့ အစွဲအငြေန်းတွေ ယုံကြည်ချက်တွေ ရှိကောင်းရှိနေနိုင်တယ်။ ကိုရင့်ရဲ့ ထွက်ဆိုချက်ကို အယုံ

အကြည် မရှိတဲ့ သိပ္ပံသမားတစ်ဦးက လက်ခံလိမ့်မယ် မဟုတ်ဘူး။ ကြိုတင်ပြီး လျှောက်လဲချက် ပေးသလို ဖြစ်မနေဘူးလား ကိုရင်''

''ကဲပါ၊ ဒီလိုဆို ကျွန်တော် ဘာလုပ်ရမှာလဲ ပြော''

''ကျုပ် ကိုရင့်ကို ပြောမယ်။ တစ်ဆိတ်ကလေး ကျုပ်နဲ့လိုက်ခဲ့ပါ''

သူက ပြောပြောဆိုဆို ထမင်းစားခန်းအတွင်းမှ ထွက်သွားသည်။ ထို့နောက် ရှည်လျားသော စင်္ကြံလမ်းအတိုင်း အောက်ဘက်သို့ ဆင်းခဲ့ကြပြီးနောက် အဆုံးတွင် ပိတ်ထားသည့် တံခါးတစ်ချပ်၌ အဆုံးသတ်သွားသည်။ တံခါး၏ အတွင်းဘက်တွင် ကြီးမားသော အခန်းကျယ်ကြီးတစ်ခန်းရှိနေ၏။ သိပ္ပံစမ်းသပ်ခန်းတစ်ခုအဖြစ် သိပ္ပံဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ဖန်ပူး ဖန်ပုလင်း မြောက်မြားစွာ တပ်ဆင်ထားသည်ကို တွေ့ရသည်။ နံရံတစ်ဘက်၌ ရှည်လျားသော စင်တစ်ခုကို နံရံပြည့်ကပ်ရိုက်ထား၏။ ၎င်းစင်ပေါ်တွင် ရောဂါဗေဒနှင့် ခန္ဓာဗေဒဆိုင်ရာ နမူနာပစ္စည်းများ ထည့်ထားသော ဖန်အိုးကြီးများ အစီအရီ ရှိနေသည်။

''ကျုပ် ဝါသနာဟောင်းကို မစွန့်နိုင်သေးဘူးဆိုတာ ကိုရင် မြင်ပြီ မဟုတ်လား'' ဆာဒိုမင်နစ်က ဆိုသည်။ ''ဒီဖန်အိုးကြီးတွေက ကျုပ်ရဲ့ လက်ကျန်ပဲ။ တစ်ချိန်က အလွန်ပြည့်ပြည့်စုံစုံ အတွဲလိုက်ရှိခဲ့ပေတာပေါ့။ ဒါပေမဲ့ ဆိုးတာက ၁၉၂၀ ဘုံဘေမှာ မီး အကြီးအကျယ် လောင်တုန်းက ဒီအထဲက အများဆုံး ပါသွားတယ်။ ကျုပ်အတွက်ကတော့ ကံအဆိုးဆုံး ကိစ္စတစ်ရပ်ပေါ့ ကိုရင်။ မီးကြောင့် ဆုံးရှုံးရတာထက် အများကြီး ပိုတယ်။ ကျုပ်မှာက အလွန်ရှားပါးတဲ့ ပစ္စည်းတွေ အမြောက်အမြား ရှိခဲ့တာကလား။ ကျုပ် စုဆောင်းထားတဲ့ ပစ္စည်းတွေက တကယ်ရှာမှရှားပါ။ ဒီပစ္စည်းတွေက တော့ မီးဘေးလွတ်ပစ္စည်းတွေဆိုပါစို့''

ကျွန်ုပ်က စင်များပေါ်ရှိ ဖန်အိုးကြီးများကို ကြည့်လိုက်သည်။ မှန်ပေသည်။ ရောဂါဗေဒဆိုင်ရာ ရှုထောင့်မှ ကြည့်လျှင် လွန်စွာ ရှားပါး၍ တန်ဖိုးကြီးမားသည့် ပစ္စည်းများပင်။ ဆေးရည်စိမ်ထားသဖြင့် ဖြေဝနေသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများ၊ အဆီထုတ်ထားသော အဖုအကျိတ်များ၊ ပုံပန်း ပျက်နေသော အရိုးများနှင့် စက်ဆုပ်ဖွယ်ရာ ကောင်းသည့် ကပ်ပါးကောင်း

မျိုးမျိုး အစရှိသည်ဖြင့် စုံလင်လှသည်။ အိန္ဒိယပြည်တွင်းဖြစ် ထူးခြားအံ့မခန်း သော ပြခန်းတစ်စုံဟုဆိုလျှင် မမှားပေ။

"ကိုရင် မြင်တဲ့အတိုင်းပါပဲ၊ ပရိဘောဂဆိုလို့ ဆက်တီကာလေးတစ် ပဲ ဒီမှာ ရှိတယ်" ကျွန်ုပ်၏အိမ်ရှင်က အားနာဟန်ဖြင့် ဆိုသည်။ "ကျုပ် တို့ရဲ့ ဧည့်သည်တစ်ဦးကို ဒီလောက် နုံချာပါးရှားတဲ့ ဧည့်ဝတ်ပြုပုံမျိုးနဲ့ ည့်ခံဖို့ ကျုပ်တို့မှာ လုံးဝရည်ရွယ်ချက်မရှိခဲ့ရိုး အမှန်ပါ ကိုရင်။ ဒါပေမဲ့ ခြေအနေတွေက ဒီလို ဖြစ်လာရတယ်လေ၊ ဒီအခန်းထဲမှာ တစ်ညအိပ်ဖို့ ကိုရင် သဘောတူမယ်ဆိုရင် ကျုပ်တို့အပေါ် ကိုရင်ထားတဲ့ စေတနာကို းလည်ပါပြီ။ ဒီအစီအစဉ်က ကိုရင့်အတွက်ပဲ မနှစ်မြို့စရာ ဖြစ်နေရင်လည်း ကျုပ်တစ်ခါတည်း သိပါရစေ"

"အခု ပြောနေတာတွေနဲ့ အားလုံး ဆန့်ကျင်ဘက်ပဲ" ကျွန်ုပ်က င်ကို ကော့လျက် "အကြွင်းမဲ့ လက်ခံပါတယ်"

"ကျုပ်ရဲ့အခန်းက ဝဲဘက် ဒုတိယမြောက်အခန်းပဲ၊ ဆိုလိုတာက ရေးအကြောင်းရှိလို့ ကျုပ်ကို ခေါ်လိုက်တာနဲ့ ကိုရင့်ဆီ ချက်ချင်း ရောက် တမယ်ဆိုတာပါ"

"လူကြီးမင်းကို ဒီလိုနှောင့်ယှက်ရတဲ့အထိ ဖြစ်မလာနိုင်ပါဘူး"

"ကျုပ်လည်း အိပ်လို့ ပျော်မယ် မဟုတ်ဘူး၊ ကျုပ်က အအိပ် နေ နည်းတယ်။ လိုအပ်ရင် အသံပြုပါ၊ အားမနာပါနဲ့"

ထိုသို့ အချိန်းအချက် ပြုလုပ်ကြပြီးနောက် ကျွန်ုပ်တို့နှစ်ဦးသည် လဒီဟိုလ်ဒင် ရှိရာ ဧည့်ခန်းသို့ လျှောက်လာခဲ့ကြသည်။ တစ်ဖန် ဝိုင်းဖွဲ့၍ ကွရာလေးပါး ပြောဆိုနေကြပြန်၏။

အကယ်၍ ကျွန်ုပ် သဘောတူခဲ့သည့် ညစွန့်စားခန်းအပေါ် ကျွန်ုပ် ကိုယ်တိုင်က လိုလားနှစ်ခြိုက်လျက် ရှိသည်ဟုဆိုလျှင် ထိုစကားမှာ လွန်အံ့ ထင်၊ ယုတ္တိမတန်ဟု မဆိုနိုင်။ စင်စစ် ကျွန်ုပ်၏အိမ်ရှင်များထက် ပိုမို တွှိကောင်းကြောင်း ကြွားဝါလို၍လည်း မဟုတ်ပေ။ သို့ရာတွင် အကြောင်း ရာတစ်ခုနှင့် ရင်းနှီးတွေ့ မှုများခြင်းကြောင့် ယုတ္တိမတန်သည့် လက်ဆုပ် က်ကိုင်မပြနိုင်သော ယင်းအကြောင်းအရာ (ထိတ်လန့်ဖွယ်ရာများ)အပေါ်

အဆန်း မဟုတ်တော့ခြင်းမျှသာ ဖြစ်သည်။ စိတ်ကူးယဉ်သမားများအဖို့ ထိုကိစ္စမျိုးသည် ချောက်ချားဖွယ်ရာ ဖြစ်ပေလိမ့်မည်။ လူ၏ဦးနှောက်သည် တစ်ချိန်တွင် အာရုံတစ်ခုကိုသာ လက်ခံနိုင်စွမ်းရှိသည်။ ထို့ကြောင့် သိလိုစိတ် သို့မဟုတ် သိပ္ပံဆိုင်ရာ စူးစမ်းလိုစိတ် ထက်သန်နေချိန်တွင် ကြောက်စိတ်ဝ နိုင်စရာ လမ်းမရှိချေ။ ကျွန်ုပ်၏ ဘထွေးတော် ကိုယ်တိုင် မူလက ဤအမြင် မျိုး ရှိခဲ့သည်ကို ကျွန်ုပ် အသေအချာ သိသည်။ သို့ရာတွင် ကျွန်ုပ် စဉ် စားကြည့်သည်။ သူ၏ စိတ်ပိုင်းရုပ်ပိုင်း ယခုကဲ့သို့ ဗုန်းဗုန်းကျသွားရခြင်းသည် အိန္ဒိယတွင် နှစ်လေးဆယ်လုံးလုံး တာဝန်ထမ်းဆောင်ခဲ့ရသဖြင့်လည်းကောင်း သူ့အား ဖိစီးနှိပ်စက်လျက်ရှိသည့် စိတ်ဒုက္ခ၏ အကျိုးဆက်ကြောင့်လည်း ကောင်း ဖြစ်နိုင်ပေသည်။ ကျွန်ုပ်မှာမူ အနည်းဆုံး စိတ်ရောကိုယ်ပါ ကျန်းမာ နေသူဖြစ်သည်။ ထို့အပြင် ဘာများ ဖြစ်လာနိုင်မလဲဟူသည့် အတွေးမျိုးဖြင့် တစ်စုံတစ်ရာကို ကျောချမ်းချမ်းဖြင့် စောင့်ကြည့်လိုစိတ်က ပိုပေသေးသည်။ ပွဲမောင်းမီ စိတ်လှုပ်ရှားနေရသည့် အားကစားသမားများကဲ့သို့ပင်။ ကျွန်ုပ်သည် ထိုသို့ တွေးတောရင်း စမ်းသပ်ခန်းတံခါးကို ပိတ်လိုက်သည်။ ထို့နောက် အပေါ်ယံ ဝတ်စုံများကို ချွတ်လျက် ကော်ဇောကြမ်းခင်းထားသည့် ဆက်တီ ခုံပေါ်သို့ ကိုယ်ကိုလှဲချလိုက်တော့သည်။

ပတ်ဝန်းကျင် လေထုမှာ အိပ်ခန်းတစ်ခန်းအတွက် မသင့်လျော်လှ ချေ။ မာတုဆေးပစ္စည်းနံ့များဖြင့် မွှန်ထွန်၍ နေသည်။ အဆိုးဆုံးမှာ မီသိုင် ဆေးနံ့ ဖြစ်သည်။ အခန်း၏ ပြင်ဆင်ပုံမှာလည်း စိတ်နှလုံး မငြိမ်သက်စရာပင် မနစ်မြို့ဖွယ်ရာ ကောင်းသည့် ဖန်အိုးကြီးများမှာ ရောဂါပေါင်းစုံ ဝေဒနာပေါင်းစုံ ဖြင့် ကျွန်ုပ်၏ မျက်စေ့နှင့် တည့်တည့်နေရာတွင် အစီအရီ ရှိနေပြန်သည်။ ပြတင်းပေါက်၌ ခန်းဆီးတပ်မထားချေ။ ထို့ကြောင့် လဆုတ်ရက်လ၏ အလင်း ရောင်သည် ကြေးနီဘောင်ကွပ်ထားသည့် ပြတင်းပေါက်မှတစ်ဆင့် တစ်ဘက် နံရံပေါ်သို့ လေးထောင့်စပ်စပ် ငွေရောင်ကွက်တစ်ခုကို ဖြစ်ပေါ်စေ၏။ ကျွန်ုပ်၏ ဖယောင်းတိုင်ကို ငြိမ်းသတ်လိုက်သောအခါ ယင်းတောက်ပသော အလင်း ကွက်မှာ မှောင်နှင့်မည်းမည်း အခန်းတွင်းဝယ် ကြောက်မက်ဖွယ်ရာအသွင်ကို ပင် ဆောင်နေသေး၏။ သည်းမခံနိုင်စရာ တိတ်ဆိတ်မှုကြီးမှာ အိမ်ကြီး

တစ်ခုလုံးကို လွှမ်းခြုံ၍ ထားသည်။ ထို့ကြောင့် ဥယျာဉ်တွင်းဆီက တိုးတိတ်သော သစ်ကိုင်းချင်း ပွတ်သံ တရှဲရှဲသည့် ကျွန်ုပ်၏နားတွင် ညင်ညင်သာသာ ကြားနေရသည်။ ယင်းတိုးတိတ်ညင်သာသော ကလေးချော့သိပ်သည့် အသံမျိုးကြောင့် သို့မဟုတ် တစ်နေ့လုံးလုံး ပင်ပန်းထားမှုကြောင့် ကျွန်ုပ်မှာ လွန်စွာ ငိုက်မျဉ်းလျက် ရှိရာ မည်မျှပင် အိပ်ချင်စိတ်ကို ထိန်း၍ အားတင်းထားသော်လည်း ၎င်းကြားမှပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းသို့ ရောက်ခဲ့ရလေ၏။

ကျွန်ုပ်မှာ အခန်းတွင်းရှိ အသံများကြောင့် အိပ်ပျော်ရာက လန့်နိုးခဲ့ရသည်။ နိုးလျှင် နိုးချင်း တံတောင်ဆစ်နှစ်ဖက်ပေါ်သို့ အားပြုလျက် ကိုယ်ကို ကြွလိုက်၏။ နာရီပိုင်းမျှ ကျွန်ုပ်အိပ်ပျော်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နံရံပေါ်ရှိ လေးထောင့်စပ်စပ် အလင်းကွက်မှာ ယခုအခါ အောက်ဘက်သို့ ရွှေ့ဆင်းလျက် ကျွန်ုပ်၏ ခုတင်ခြေရင်း၌ ခပ်စွေစွေ တစောင်းကျနေခြင်းကြောင့် ပင်။ အခန်း၏ ကျန်နေရာများမှာ လုံးလုံးမှောက်လျက် ရှိသည်။ ပထမပိုင်းတွင် ကျွန်ုပ်အဖို့ ဘာကိုမျှ မမြင်ရ။ မကြာမီ ကျွန်ုပ်၏ မျက်စိများမှာ မှုန်မွှားသော အလင်းရောင်၌ ကျင့်သားရလာ၏။ တစ်ချိန်တည်းမှာပင် နံရံအတိုင်း ကပ်လျက် တစ်စုံတစ်ရာသည် တဖြည်းဖြည်း ရွေ့လျားနေကြောင်း ရုတ်တရက် တွေ့မြင်လိုက်ရသည်။ ကျွန်ုပ်မှာ ချက်ချင်းပင် ခေါင်းနားပန်းကြီး၍ သွားသည်။ ကျွန်ုပ်အားကိုးသော သဘာဝ ဝတ္ထုနည်းကျကျ ဆင်ခြင်တုံတရားသည်လည်း ကျွန်ုပ်ကို မကယ်နိုင်ခဲ့ချေ။ ကျွန်ုပ်၏ နားတွင် ခပ်ပျော့ပျော့ ခြေသုပ်ဖိနပ်တစ်ရံ၏ တရွက်ဆွဲသွားနေသည့် ရှပ်တိုက်သံမျိုး ကြားရခြင်းနှင့် အတူ တံခါးဆီမှ ကုပ်ချောင်းချောင်းဖြင့် လျှောက်လာနေသော လူရိပ်လိုလို အရာတစ်ခုကို ရိုးတိုးရိပ်တိတ် မြင်ရလေ၏။ ထိုအရာမှာ လရောင်ကျရောက်ရာ အလင်းကွက်အတွင်းသို့ ဝင်လာသည့်အခါ ကျွန်ုပ်အဖို့ ပိုမို ရှင်းလင်းစွာ မြင်လိုက်ရသည်။ လူတစ်ယောက်ပင်။ အရပ်ပုပုပြတ်ပြတ်၊ ညိုညစ်သော ဝတ်စုံကို ဝတ်ဆင်ထားသည်။ အိန္ဒိယလူမျိုးများ ဝတ်လေ့ရှိသည့် ဝတ်စုံမျိုးဖြစ်ပြီး သူ၏ ပခုံးမှ ခြေဖျားအထိ ဖြောင့်စင်းစွာ ကျသည်။ လရောင်သည် သူ၏မျက်နှာတစ်ခြမ်းကို ထိုးလျက်ရှိသည်။ ထို့ကြောင့် ချောကလက်

ညိုရောင် အသားအရေမျိုးဖြစ်ကြောင်း သိရ၏။ သူ၏ မည်းနက်သော ဆံပင်ကို မိန်းမတစ်ဦးလို နောက်ဘက်၌ ထုံးထားသည်။ သူသည် ရှေ့သို့ တရွေ့ရွေ့ တိုးရင်း မျက်လုံးများက ဖန်အိုးကြီးများ ရှိရာ စင်ဆီသို့ စူးစိုက်ကြည့်နေသည်။ ဖန်အိုးကြီးများအတွင်းတွင် မြင်ရရုံနှင့် ကြက်သီးထလောက်သည့် လူ့ကိုယ်ခန္ဓာအပိုင်းအစများ ထည့်ထားသည်။ သူက ယင်းဖန်အိုးကြီးများကို တစ်လုံးချင်းစီ ဂရုတစိုက် စစ်ဆေးနေဟန် တူသည်။ ထိုသို့ တစ်ခုပြီးတစ်ခု စစ်ဆေးလာရာက နောက်ဆုံး ဖန်အိုးကို ရောက်သည်နှင့် သူက ဖြုန်းခနဲ ရပ်တန့်လိုက်သည်။ ထိုနေရာမှာ ကျွန်ုပ်၏ ခုတင်နှင့် အနီးဆုံး မျက်နှာချင်းဆိုင်ကျလျက် ရှိသည်။ သူက ကျွန်ုပ်ကို ကြည့်သည်။ ထို့နောက် လွန်စွာ စိတ်ပျက်နေပုံမျိုးဖြင့် သူ၏ လက်နှစ်ဖက်ကို မြှောက်ပြသည်။ မကြာမီ ကျွန်ုပ်၏ မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။

သူ၏လက်နှစ်ဖက်ကို မြှောက်ပြသည်ဟု ကျွန်ုပ် ပြောခဲ့သည်။ သို့ရာတွင် စင်စစ်၌ သူ၏ လက်မောင်းနှစ်ဖက်ဟုသာ ကျွန်ုပ် ဖော်ပြသင့်ပေသည်။ အကြောင်းမှာ သူ၏ စိတ်ပျက်မှုကို ပြသစဉ် သူ့အသွင်အပြင်နှင့် ပတ်သက်၍ ကျွန်ုပ် သတိပြုမိလိုက်သော ထူးခြားချက်တစ်ရပ်ရှိနေခဲ့ခြင်းကြောင့်ပင်။ အခြား မဟုတ်ပေ။ သူ့တွင် လက်တစ်ဖက်သာ ရှိနေချေသည်။ လက်မောင်းနှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်သည့်ခဏ၌ သူ၏ဝဲဘက်လက်ကို ထင်ရှားစွာ မြင်ရသော်လည်း လက်ယာဘက်လက်မှာမူ တွဲလွဲကျနေသည့် ရုပ်အင်္ကျီလက်များအတွင်း၌ ဘုလုံးသဏ္ဌာန် ငုံးတိတိပြတ်နေသည်ကို တွေ့မြင်ခဲ့ရ၏။ မည်သည့် ရှုထောင့်မှ ကြည့်သည်ဖြစ်စေ သူ၏ အသွင်အပြင်မှာ သဘာဝကျသည်သာမက ကျွန်ုပ် မြင်ရကြားရသမျှမှာလည်း လွန်စွာ ပီပြင်လွန်းရကား စင်စစ် ထိုသူမှာ ဆာဒိုမင်နစ်၏ အိန္ဒိယလူမျိုးအစေခံတစ်ဦး ဖြစ်နိုင်ကြောင်း၊ တစ်စုံတစ်ရာကို ရှာဖွေရန် ကျွန်ုပ်၏ အခန်းတွင်းသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း အစရှိသည်ဖြင့် လက်ခံနိုင်ဖွယ်ရာရှိပေသည်။ ကျွန်ုပ်အဖို့ ဘဝင်မကျမိသည့် အချက်မှာ ကျွန်ုပ်မျက်စိအောက်က ထိုသူ ရုတ်ခြည်း ပျောက်ကွယ်သွားခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ခုံတန်းပေါ်၌ လှဲလျောင်းနေရာက ချက်ချင်း ထ၍ ဖယောင်းတိုင်တစ်တိုင်ကို

သို့လိုက်သည်။ ထို့နောက် အခန်းတစ်ခန်းလုံးကို စေ့စေ့စပ်စပ် ရှာဖွေကြည့်လေတော့သည်။ မဖိတ်ခေါ်ဘဲ ရောက်ရှိလာသည့် ကျွန်ုပ် ညွှသည်တော်၏ အရိပ်အယောင်အစအနကိုမျှ မတွေ့ရချေ။ ထို့ကြောင့် ထိုသူ၏ ကြွန်အင်ကျွထာ၌ လူ့ခန္ဓာထက် ပိုမိုထူးခြားသည့် တစ်စုံတစ်ရာ ရှိနေခဲ့ရကြောင်း ကျွန်ုပ်အဖို့ လက်မခံချင်ဘဲ လက်ခံလိုက်ရတော့သည်။ နောက်ပိုင်းတွင် ကျွန်ုပ်သည် ဆက်လက်အိပ်စက်ခြင်း မပြုဘဲ အိပ်ရာထက်၌ အသာလဲလျောင်းနေခဲ့သည်။ သို့ရာတွင် ကျွန်ုပ်ကို အနှောင့်အယှက်ပေးရန် ဘာတစ်ခုမှ မပေါ်လာခဲ့ချေ။

ကျွန်ုပ်သည် နံနက်စောစော ထတတ်သူဖြစ်၏။ သို့ရာတွင် ကျွန်ုပ်၏ ဘထွေးတော်က ပိုလို့ပင် ဝိရိယကောင်းနေသေး၏။ ကျွန်ုပ် အိပ်ရာမှ နိုးချိန်၌ သူ့အား အိမ်ဘေးဘက်ရှိ မြက်ခင်းပြင်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့ရလေ၏။ တံခါးဝမှာ ကျွန်ုပ် ထွက်လာသည်ကို မြင်သည်နှင့် သူက အလွန်စိတ်အား ထက်သန်စွာဖြင့် ကျွန်ုပ်ထံ ပြေးရောက်လာသည်။

''ဘယ်နှယ့်၊ ဘယ်လိုလဲ'' သူက အသံကို မြှင့်လျက် ''သူ့ကို တွေ့ရဲ့ မဟုတ်လား''

''လက်တစ်ဘက်နဲ့ အိန္ဒိယလူမျိုးလား''

''သူပဲ''

''ဟုတ်ကဲ့ တွေ့ပါတယ်'' ထို့နောက် ညက ကျွန်ုပ် ကြုံတွေ့ရ အလုံးစုံကို သူ့အား ပြောပြလိုက်သည်။ ကျွန်ုပ်၏ စကားဆုံးသည်နှင့် သူ၏ စာကြည့်ခန်းဆီသို့ ကျွန်ုပ်ကို ခေါ်ဆောင်၍ သွားသည်။

''နံနက်စာ မစားခင် ကျုပ်တို့ အချိန်နည်းနည်းတော့ ရပါတယ်'' သူက ဆိုသည်။ ''ဒီသွေးရိုးသားရိုး မဟုတ်တဲ့ ကိစ္စနဲ့ပတ်သက်လို့ ကိုရင့်ကိုလည်းအောင် ရှင်းပြဖို့ လိုလိမ့်မယ်။ အဲ ... ရမယ်ဆိုရင် ဘုံဘေမှာ ဖြစ်ဖြစ်၊ သင်္ဘောပေါ်မှာ ဖြစ်ဖြစ်၊ အဲ ... အခု အင်္ဂလန်မှာပေါ့လေ။ ဒီလူ ကျုပ်ကိုလာမနှိုးတဲ့၊ လာမနှောင့်ယှက်တဲ့ ညရယ်လို့ လေးနှစ်လုံးလုံး တစ်ညမှ

မရှိခဲ့ပါဘူး ကိုရင်။ ဒါလောက်ပြောရင် ကျုပ် ပင်ကိုစိတ်ဓာတ် ဘာကြောင့် ပျက်ပြားခဲ့ရတယ်ဆိုတာ ကိုရင် သဘောပေါက်မှာပါ။ သူ့ရဲ့ အစီအစဉ်က တော့ အမြဲတမ်း ဒီအတိုင်းပဲ။ ကျုပ် အိပ်ရာနံဘေးကို သူရောက်လာမယ်။ ကျုပ်ရဲ့ ပခုံးကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်ပြီး နှိုးလိမ့်မယ်။ ပြီးတော့ ကျုပ်အခန်းကနေ ဓာတ်ခွဲခန်းထဲ ရောက်သွားပြီး ဖန်အိုးတွေ ထားတဲ့ စင် အတိုင်း တဖြည်းဖြည်း လျှောက်ကြည့်သွားမယ်။ နောက် ပျောက်သွားပါရော။ အကြိမ်ပေါင်း တစ်ထောင်မက ဒီအချိုးမျိုးချည်း သူချိုးခဲ့တာပဲ''

''သူက ဘာကိုလိုချင်တာလဲ''

''သူ့လက်ကိုလေ''

''သူ့လက်''

''ဟုတ်တယ်၊ ဒီအတိုင်းဖြစ်ခဲ့တာပဲ။ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ဆေးဘက်ဆိုင်ရာ အကြံပေးတစ်ဦးအနေနဲ့ ပတ်ရှဝါကို ကျုပ်သွားရတယ်။ အဲဒီမှာ တာဝန်ကျနေတုန်း တစ်နေ့တော့ အာဖဂန်ခရီးသည် လှည်းတန်းမှာ ပါလာတဲ့ တိုင်းရင်းသား အာဂန္တုလူနာတစ်ဦးရဲ့ လက်ကို ကြည့်ပေးဖို့ ကြုံလာပါရော၊ ဒီလူနာက တောင်ပေါ်တိုင်းရင်းသားတစ်ဦးပဲ။ ကာဖာရစ္စတန်ရဲ့ အခြားတစ်ဘက် ဟိုအဝေးနောက်ဘက်က ဆိုပါတော့။ ပွတ်ရှတွန်း စကားကို ပေါက်ချို ပေါက်ချာပဲ ပြောတတ်တယ်။ သူ ပြောတာကို နားလည်နိုင်တာ ဒီစကားပဲ ရှိတယ်။ သူ့ရဲ့ လက်ဖဝါးအဆစ်တစ်ခုမှာ အဖုအကျိတ် ဖြစ်ပြီး ဖူးဖူးယောင်နေတာကိုး။ ဒါကြောင့် သူ့လက်ကို ဖြတ်ပစ်မှသာ သူ့အသက်ကို ကျုပ် ကယ်တင်နိုင်မှာ ဖြစ်ကြောင်း သူနားလည်အောင် ရှင်းပြရတယ်။ အချိန်အတော်ကြာအောင် နားချပြီးတဲ့နောက် သူက ခွဲစိတ်ဖြတ်တောက်ဖို့ကို သဘောတူခဲ့တယ်။ ခွဲစိတ်ကုသမှုပြီးတော့ သူက ကျွန်ုပ်ကို အဖိုးအခ မေးလာတယ်။ သနားစရာပါ။ ဒီလူဟာ အတော်နုံချာပါတယ်။ သူတောင်းစား သာသာပဲ။ သူလို လူမျိုးကို အဖိုးအခ တောင်းရမှာ သဘာဝမကျဘူးလေ။ အဲ ... ဒါပေမဲ့ ကျုပ်က ရယ်စရာအဖြစ် ပြောခဲ့တယ်။ အဖိုးအခအဖြစ် သူ့ လက်ကိုပဲ ယူမယ်။ ကျွန်ုပ်ရဲ့ ရောဂါဗေဒဆိုင်ရာ သုတေသနလုပ်ငန်းအတွက် တောင်းဆိုရခြင်းသာဖြစ်ကြောင်း ရှင်းပြခဲ့တယ်။

ကျုပ် အကြံပြုတာကို သူက အပြင်းအထန် ငြင်းဆန်တယ်။ မတော့ ကျုပ်လည်း အံ့ဩမိတယ်။ နောက်ပိုင်းမှာ ဒီကိစ္စကို သူက းပြခဲ့ပါတယ်။ သူ ကိုးကွယ်တဲ့ ဘာသာရေးအရ အလွန်အရေးပါဆိုပဲ ရှင်။ လူတစ်ဦး သေဆုံးတဲ့အခါ ဘယ်လို အကြောင်းတရားနဲ့ သေသည် စေ သူရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို ပြန်လည်ပေါင်းဆုံပေး သင့် ယ်။ ဒါမှသာ သူ့ဝိညာဉ်အတွက် နောင်တမလွန်မှာ ငြိမ်းချမ်းမှုရမယ်။ ကယ်တော့ ဒီယုံကြည်ချက်က ရှေးကျတဲ့ အယူအဆတစ်ရပ်ပါလေ။ ဂျစ်က 'မုမ်မီတွေဟာ ဒီအယူသီးစိတ်တစ်ခုတည်းနဲ့ နှစ်ပရိစ္ဆေဒ ဘယ် ာက်ပင် သမနီရှည်နေပါစေ ထလာတတ်ကြတာပဲ ကိုရင်။ ကျုပ်က ကို ပြန်မေးတယ်။ လက်ကိုလဲ ဖြတ်ပြီးနေပြီ။ ခင်ဗျားရဲ့လက်ကို မပျက် းအောင် ဘယ်လိုထိန်းသိမ်းမယ် ကြံသလဲပေါ့လေ။ ဒီတော့ သူက က်ကို ဆားနယ်ပြီး ချဉ်ဖတ်လုပ်မယ်။ နောက် သူနဲ့အတူ တစ်ပါတည်း သွားမယ်လို့ ပြန်ဖြေတယ်။ ကျုပ်က သူ့ဆီမှာ ထားတာထက်စာရင် ပ်ဆီမှာက ပိုမိုလုံခြုံရှိကြောင်း။ ကြာရှည်ခံအောင် လုပ်ဖို့ဆိုရင်လဲ ဆားထက် ကောင်းတဲ့ နည်းတွေ ကျုပ်မှာ ရှိကြောင်း ရှင်းပြခဲ့တယ်။ ကျုပ်က သူ့ရဲ့ က်ကို အမှန်တကယ် ဂရုစိုက်မယ်ဆိုတာ သူ သဘောပေါက်သွားတဲ့အခါမှာ စောက ငြင်းဆန်နေမှုတွေဟာ တစ်ခါတည်း ပျောက်ကုန်တယ်။ ပြီးတော့ က 'ကောင်းပါပြီ ဆပ်၊ ကျွန်တော်မျိုး သေရင်တော့ ကျွန်တော့်လက်ကို န်လိုချင်ပါတယ်' အဲဒီတုန်းက သူပြောတာကို ကျုပ်က ရယ်တောင် ယ်မိခဲ့သေးတယ်။ ဒါနဲ့တင် ကိစ္စပြတ်ခဲ့ရော ဆိုပါတော့။ ကျုပ်လည်း ဘိုဘောကို ပြန်ခဲ့တယ်။ သူလည်း အချိန်တန်တော့ သူ့ခရီးစဉ်အတိုင်း ာဖဂန်နစ္စတန်ကို ရောက်သွားပါလိမ့်မယ်။

''အင်း ... မနေ့ညက ကျုပ် ပြောခဲ့သလိုပေါ့။ ဘုံဘေမှာ ကျုပ် မ် မီး အကြီးအကျယ် သင့်ခြင်း ခံခဲ့ရတယ်။ အိမ်တစ်ဝက် မီးထဲမှာ ပါ ားပြီး အဲဒီအထဲက ကျုပ် စုဆောင်းထားတဲ့ ရောဂါဗေဒဆိုင်ရာ ပစ္စည်းတွေ အများဆုံး ဆိုပါတော့။ ကိုရင်တွေ့ခဲ့ရတဲ့ ပစ္စည်းက မဆိုစလောက် က်ကျန်ပါ။ တောင်တန်းသားရဲ့ လက်လည်း မီးသင့်ခံရတဲ့အထဲ ပါသွား

တယ်။ ဒါပေမဲ့ အဲဒီတုန်းကတော့ ဒီကိစ္စကို အလေးအနက် မထားခဲ့ရိုး အမှန်ပဲ။ လွန်ခဲ့တဲ့ ခြောက်နှစ်ကပေါ့။

''အဲ ... မီးလောင်ပြီး နှစ်နှစ်အကြာ၊ လွန်ခဲ့တဲ့ လေးနှစ်က ဆို ပါတော့၊ တစ်ညာ ကျုပ် အိပ်ပျော်နေစဉ်မှာ တစ်စုံတစ်ယောက်က ဆောင့်ဆွဲ ပြီး နှိုးလိုက်လို့ ကျုပ် အိပ်ပျော်နေရာက လန့်နိုးခဲ့ရတယ်။ ကျုပ်ကို ကျုပ်ရဲ့ခွေး ကလေးက လာနှိုးတယ် အထင်နဲ့ ငေါက်ခနဲ ထထိုင်လိုက်မိတယ်။ ဘာဟုတ် ရမလဲ၊ လားလား ... တစ်ချိန်က ကျုပ်ရဲ့ အိန္ဒိယလူနာကိုး။ သူတို့ လူမျိုးရိုးရာ မွဲပြာရောင် အင်္ကျီအရှည်ကြီး ဝတ်လိုက်လို့။ သူ့ရဲ့ ငုံးတိတိ လက်မောင်းကို မြှောက်ပြပြီး ကျုပ်ကို ရှုတ်ချတဲ့အကြည့်နဲ့ ကြည့်နေခဲ့တယ်။ နောက် ကျုပ်ရဲ့ ဖန်အိုးကြီးတွေရှိရာကို လျှောက်သွားတယ်။ အဲဒီတုန်းက ဖန်အိုး တွေကို ကျုပ်အခန်းထဲမှာ ထားခဲ့တာ။ သူက ဖန်အိုးတွေကို အသေအချာ ကြည့်တယ်။ ပြီးတော့ မျက်နှာကြီး နီလို့။ နောက်ဆုံးပျောက်သွားရော ဆိုပါတော့။ ကျုပ် သဘောပေါက်ခဲ့ပါပြီ။ သူ သေပြီကိုး။ သူ့ရဲ့လက်ကို ကျုပ် ထိန်းသိမ်းပါ့မယ်ဆိုတဲ့ ကတိကို တောင်းဆိုဖို့ သူရောက်လာတာပါပဲ။

''ကဲ ... အဖြစ်ကတော့ ဒါပါပဲ၊ ဒေါက်တာဟာဒက်ကာရီ။ ညစဉ် ညတိုင်း ဒီအချိန်ရောက်လာရင် ဒီဇာတ်ကွက်ကို ကခဲ့တာ လေးနှစ်လုံးလုံး ရှိပါပြီလား၊ သာမန်ကြည့်ရင် အလွန် ရိုးစင်းတဲ့ ကိစ္စတစ်ရပ်လို့ ထင်စရာရှိပေ မယ့် ရေတိုက်စားခံရတဲ့ ကျောက်တုံးတစ်တုံးလို ကြာတော့လည်း ပွန်းပဲ့လာ ရတယ်။ အိပ်မပျော်တဲ့ ရောဂါတစ်ရပ် မရသင့်ဘဲ ရခဲ့တယ်။ ဘယ်အိပ်ပျော် နိုင်စရာ ရှိမလဲ။ သူ ရောက်လာမှာကို ကြိုတွေးနေမိတာကိုး။ ကျုပ် အရွယ်အိုမင်းချိန်မှာ ဒီကိစ္စဟာ အဆိပ်အတောက်ပဲ။ ကျုပ်ဇနီးလည်း အတူတူပေါ့။ သူ့ခမျာ ဒီဒုက္ခကြီးကို မျှဝေခံစားနေရရှာတာ။ နေဦး ကိုရင် နံနက်စာ စားဖို့မောင်းထုနေပြီ။ အဲ ... ကျုပ်ဇနီး မေးလုရော့မယ်။ မနေ့ည က ကိုရင့် တိုးတက်မှုအခြေအနေ ဘယ်လိုဆိုတာ သူ သိချင်ရှာမှာ။ ကိုရင့်ရဲ့ ရဲဝံ့စွန့်စားမှုက ကျုပ်တို့နှစ်ဦးစလုံးအတွက် ကျေးဇူးတင်စရာ ဖြစ်သွား ပြီ။ မိတ်ဆွေတစ်ဦးနဲ့ တစ်ညတာပင် နေရပါစေဦး။ ကျုပ်တို့ရဲ့ဒုက္ခတွေကို အခုလို မျှဝေခံစားပေးခြင်းဟာ တစ်စုံတစ်ရာ သက်သာခွင့်တော့ ရခဲ့ပါတယ်။

ပ်တို့ရဲ့ စိတ်ဓာတ်ကြံ့ခိုင် ကျန်းမာမှုကို ပိုမိုရရှိစေတယ်။ တစ်ခါတစ်ရံ ယ့်ကိုယ်ကို ရှုးများသွားခဲ့ပြီလားလို့တောင် ထင်မိတာပဲ။

ဤထူးဆန်းသော အကြောင်းအရာများမှာ ဆာဒိုမင်နစ်ဟိုလ်ဒင် ကျွန်ုပ်အား ပြန်လည် ပြောပြသည့် အဖြစ်အပျက်များပင်။ အခြားသူများ တွက် မဖြစ်နိုင်စရာဟု ယူဆမည့်အပြင်၊ လွန်စွာလည်း အူကြောင်ကြောင် ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်အဖို့ မူလယံမန်နေ့ညဉ့်၏ အတွေ့အကြုံများ ရလည်းကောင်း၊ ဤကိုစ္စရပ်များ၌ မူလကပင် ယှဉ်ပါးခဲ့ဖူးသူဖြစ်နေရခြင်း ကြောင့်လည်းကောင်း ဖြစ်ရပ်မှန်တစ်ခုအဖြစ် လက်ခံရန် အသင့်ရှိပေသည်။ င်းကိစ္စတစ်ရပ်ပေါ်၌ ကျွန်ုပ် အလေးအနက် စဉ်းစားကြည့်သည်။ စာတွေ့ ကျွှထောင့်ပေါင်းစုံက ဆက်စပ်ယူသည်။ ဤသို့ဖြင့် နံနက်စာ စားပြီးချိန်၌ န်ုပ်သည် နောက်ထွက်မည့် ရထားဖြင့် လန်ဒန်တို့ ပြန်မည်ဖြစ်ကြောင်း ပ်ရှင်များကို ပြောပြသည့်အခါ ၎င်းတို့နှစ်ဦးမှာ လွန်စွာအံ့သြသွားကြလေ၏။

"မိုင်းဒီးယား ဒေါက်တာ" ဆာဒိုမင်နစ်က လွန်စွာ စိတ်ပျက်သည့် မှုအရာမျိုးဖြင့် "ကိုရင် လုပ်ပုံက ကျုပ်တို့ရဲ့ ဒုက္ခဝန်ထုပ်ဝန်းပိုးတစ်ခုကို ည့်သည့်အပေါ်တင်မိတဲ့အဖြစ်မျိုး ရောက်အောင် လုပ်လိုက်တာပဲ။ အင်း ယ့်အဖြစ်နဲ့ကိုယ် ငြိမ်ငြိမ်နေလိုက်ရင် အစက အကောင်းသား"

"ကျွန်တော် လန်ဒန်ကို သွားရတာက ဒီကိစ္စကြောင့်ပဲ" ကျွန်ုပ် ပြေသည်။ "ဒါပေမဲ့ မနေ့ညက အတွေ့အကြုံကြောင့် စိတ်ပျက်ပြီး ျွန်တော် လန်ဒန်ကို ပြန်တယ်ထင်ရင်တော့ လုံးဝမှားတယ်။ ရှင်းရှင်း ပြောရရင် ဘထွေးတော်ရဲ့ ခွင့်ပြုချက်ရမယ်ဆိုရင် ညနေ ဒီကို ပြန်လာပြီး ထွေးရဲ့ ဓာတ်ခွဲခန်းမှာ တစ်ညထပ်မံ အိပ်ဖို့ ခွင့်တောင်းချင်တာပါပဲ။ ျွန်တော်တို့ရဲ့ ဧည့်သည်တော်ကြီးကို တစ်ကြိမ် ထပ်တွေ့ဖို့ လိုပါတယ်"

ကျွန်ုပ်၏ ဘထွေးတော်မှာ ကျွန်ုပ် ဘာလုပ်မည်ကို လွန်စွာ သိ ျင်နေသည်။ သို့ရာတွင် သူ့အား မျှော်လင့်ချက် လွန်စွာပေးလျက် တလွဲ ာချော် တွေးမိမည်ကို စိုးရိမ်မိရကား ကျွန်ုပ်၏ အကြံအစည်ကို သူ့အား ပြောပြဖို့ ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် နေ့လယ်စာ စားချိန်ကျော်ကျော် ယာက်တွင် ကျွန်ုပ်၏ ကိုယ်ပိုင်ဆေးခန်းသို့ ကျွန်ုပ် ပြန်လည်ရောက်ရှိ

လာခဲ့သည်။ ထို့နောက် ကျွန်ုပ်၏စိတ်တွင် မရှင်းလင်းသည့် စာပိုဒ်တစ်ခုကို နောက်ဆုံးထုတ် ဂမ္ဘီရ စာအုပ်တစ်အုပ်တွင် ရှာဖွေဖတ်ရှုခဲ့သည်။ ယင်းစာပိုဒ်သည် ကျွန်ုပ်အား လွန်စွာ စိတ်ဝင်စားစေခဲ့၏။

"ဘဝသံသရာမှ မကျွတ်မလွတ်ရခြင်း၏ အကြောင်းတရားကား အခြားမဟုတ်။ လူတစ်ဦးတစ်ယောက် သေတွင်းသေဝသို့ ရောက်ရှိချိန်၌ ထိုသူတွင် စွဲကပ်သော 'ဇောစိတ်' မှာ ၎င်းအား ဤရုပ်လောကသို့ ပြန်လာရသည့် အကြောင်းဖြစ်လေသည်" ဟု အတိအလင်း ဖော်ပြထားသည်။ စင်စစ် ၎င်းတို့သည် ဘဝနှစ်မျိုးတွင် ကျင်လည်နိုင်သူများဟု ဆိုရချိမ့်မည်။ ဥပမာဆိုရလျှင် ကုန်းပိုင်းနှင့် ရေပိုင်းနှစ်မျိုးလုံးတွင် ကျက်စားနိုင်သည့် လိပ်သတ္တဝါများကဲ့သို့ပင်တည်း။ မိမိစွန့်လွှတ်ခဲ့သည့် ရုပ်ခန္ဓာပေါ်တွင် အလွန်အမင်း တပ်မက်မှုဖြစ်ခြင်းကြောင့် ပြင်းပြသော ဆန္ဒများပေါ်ပေါက်ရသည်။ လောဘစိတ်၊ လက်စားချေလိုစိတ်၊ သောကစိတ်၊ ချစ်ခင်စွဲလန်းစိတ်နှင့် နောက်ဆံတင်းစိတ်တို့သည် 'ဇောစိတ်' ကို ဖြစ်ပေါ်စေသည့် အကြောင်းခံများဖြစ်၏။ နိယာမအားဖြင့် ၎င်းတို့သည် ဆန္ဒတစ်စုံတစ်ရာ မပြည့်ဝခြင်းမှ အခြေခံခဲ့ခြင်းဖြစ်ရာ ယင်းဆန္ဒပြည့်ဝသည်နှင့် တစ်ပြိုင်နက် ငြိမ်သက်အေးချမ်းမှုကို ရရှိကြစမြဲ ဖြစ်သည်။ သို့မဟုတ် အချို့ဖြစ်ရပ်များ၌မူ အကျိုးကြောင်းသင့်သော ညှိနှိုင်းဆောင်ရွက်မှုတစ်ခုခုကို ဆောင်ရွက်ပေးနိုင်သဖြင့် ပြေလည်နိုင်ပေသည်။

"ကျိုးကြောင်းသင့်သော ညှိနှိုင်းဆောင်ရွက်မှုတစ်ခုခုကြောင့် ပြေလည်နိုင်သည်၊ ကျွန်ုပ်အဖို့ ယင်းစကားလုံးများကို တစ်နံနက်ခင်းလုံး အဖန်ဖန်တလဲလဲ ရွတ်ဆိုနေမိသည်။ ယခုအခါ ၎င်း၏ ဆိုလိုချက်ကို ကျွန်ုပ် စောကြောနားလည်ခဲ့လေပြီ။ ယခုကိစ္စ၌ မူလပစ္စည်းမှန်ကို ပေးဆပ်နိုင်တော့မည်မဟုတ်။ သို့ရာတွင် ကျိုးကြောင်းသင့်သော ဆောင်ရွက်မှုတစ်ရပ်ကိုကား ပြုလုပ်နိုင်ပေသေးသည်။ ထို့ကြောင့် ကျွန်ုပ်သည် အချိန်ဖြုန်းမနေတော့ဘဲ သဘော်သားများ ဆေးရုံကြီးရှိရာ ရာဒဝဲလ်ဆီးမင်းစ် ပေါ်စပီတယ်လ်ဆီသို့ ရထားစီး၍ လာခဲ့သည်။ ယင်းဆေးရုံကြီး၌ ကျွန်ုပ်၏ သူငယ်ချင်း ဂျက်ပေါး

ဲ့ဘဲ့က ဟောက်စ်ဆာဂျင် ဖြစ်နေသည်။ သူ့အား အထွေအထူး ရှင်းပြ
နေတော့ဘဲ ကျွန်ုပ် လိုချင်သည့်အရာကိုသာ ပြောပြလိုက်သည်။

"အသားညို လူမျိုးတစ်ဦးရဲ့လက်၊ ဟုတ်စ"

အံ့အားသင့်စွာဖြင့် သူက ဆိုသည်။

"အို ... မောင်ရင်က ဒါကို ဘာအတွက် လိုချင်ရတာတုန်း"

"ဒါက အရေးမကြီးပါဘူး၊ ကိုယ့်လူကို တစ်နေ့ကျရင် ပြောပြပါ့
မ်။ ကိုယ့်လူရဲ့ ဝဒ်စ်တွေမှာ အိန္ဒိယလူမျိုးတွေနဲ့ ပြည့်နေတာ ကိုယ် သိ
ားတယ်လေ"

"အမှန်ပဲ မောင်၊ ဒါပေမဲ့ လက်တစ်ဘက်ဆိုတော့..."

သူက တစ်ခဏမျှ စဉ်းစားနေ၏။ ထို့နောက် အနီးရှိ ခေါင်းလောင်း
ဲ နှိပ်လိုက်သည်။

"ထရေဗားစ်" အလုပ်သင် ဒရက်ဆာတစ်ဦးကို လှမ်းပြောသည်။
တို့တွေ မနေ့က ဖြတ်ခဲ့တဲ့ အရှေ့အိန္ဒိယတိုင်းသား သင်္ဘောသားကြီးရဲ့
က်တွေကို ဘာလုပ်ထားလဲ၊ ငါဆိုလိုတာက ရေချွေးငွေ့ကြိုးရစ် စက်ထဲ
က်ညပ်သွားတဲ့ အရှေ့အိန္ဒိယသင်္ဘောကျင်းက ဟိုပုဂ္ဂိုလ်ကို ပြောနေတာ"

"သူ့လက်တွေ ရင်ခွဲရုံထဲမှာ ရှိပါတယ် ဆရာ"

"အေး ... အဲဒီထဲက လက်တစ်ဘက်ကို ပိုးသတ်ဆေး ဖျန်းပြီး
ုပ်လိုက်၊ ပြီးရင် ဟောဒီက ဒေါက်တာ ဟာဒက်ကရီးကို ပေးလိုက်ပါ"

ဤသို့ဖြင့် မြို့သို့ ပြန်၍ တစ်နေ့တာလုံး ကြိုးပမ်းရယူခဲ့သည့်
ိုထူးဆန်းသော ပစ္စည်းနှင့်အတူ ရှောဒင်ဟတ်စ်သို့ ညစာစားချိန် မတိုင်မီ
ကျွန်ုပ် ပြန်ရောက်လာခဲ့သည်။ ဆာဒိုမင်နစ်ကိုမူ တစ်လုံးတစ်ပါဒမျှ ပြောပြ
ခြင်း မရှိသေးချေ။ သို့ရာတွင် ထိုညက ဓာတ်ခွဲခန်းအတွင်း၌ ကျွန်ုပ်
အိပ်စက်ခဲ့၏။ တစ်ဖန် ကျွန်ုပ် ယူဆောင်လာခဲ့သည့် အရှေ့အိန္ဒိယသား၏
လက်ကို အိပ်စင်ကလေးအစွန်ရှိ ဖန်အိုးကြီးများအနက် တစ်လုံးတွင် ထည့်
ထားလိုက်သည်။

ကျွန်ုပ်အဖို့ မိမိကြိုးပမ်းစမ်းသပ်မှု၏ ရလဒ်အပေါ် လွန်စွာ စိတ်အား
ထက်သန်လျက် ရှိရာ အိပ်စ်ရန်ပင် အလျင်း သတိမရမိချေ။ အလင်းရောင်

ကာထားသည့် မီးအိမ်တစ်လုံးကို ဘေးတွင် ချကာ ရောက်ရှိလာမည့် ကျွန်ုပ်၏ ညွှန်သည်တော်အား စိတ်ရှည်စွာ စောင့်ဆိုင်းရင်း ငုတ်တုတ်ထိုင်နေခဲ့သည်။ ဤတစ်ကြိမ်တွင်မူ သူ့အား အစကတည်းကပင် ကျွန်ုပ်အဖို့ ရှင်းလင်းစွာ မြင်ခဲ့ရ၏။ တံခါးမကြီး၏ ဘေးတွင် သူ၏ ပုံညွှန့်ကျက်နက်ပေါ်ထွက်လာခြင်း ဖြစ်သည်။ တစ်ခဏကြာမျှ မထင်မရှားရှိရာက မကြာမီ ကိုယ်ရိုပ်ပုံကောက်ကြောင်းတို့ သည်သက်ရှိလူသားတစ်ဦး အသွင်ကဲ့သို့ ပီပြင်ထင်ရှား၍ လာတော့သည်။ သူ၏ မွဲပြာရောင် ဝတ်စုံရှည်ကြီးနောက်ဘက်တွင် ခုံမြင့်မပါသော အနီရောင် ခြေညှပ်ဖိနပ်တစ်ရံကို စီးထား၏။ ထို့ကြောင့် သူ လမ်းလျှောက်သည့်အခါတိုင်း လွန်စွာ တိုးညှင်းသော ခြေသံရှပ်ရှပ်ကို ဖြစ်ပေါ်စေခဲ့ခြင်းပင်။ ယမန်နေ့ညက နည်းတူ ဖန်အိုးကြီးများတစ်လျှောက် သူက ဖြည်းညင်းစွာ လျှောက်သွားရင်း လက်ထည့်ထားသည့် ဖန်အိုးကြီးတွင် ရပ်တည်သွားသည်။ ဖန်အိုးရှိရာသို့ သူက လက်လှမ်းလိုက်သည်။ ထိုခဏတွင် သူ၏တစ်ကိုယ်လုံးမှာ မျှော်လင့်ချက်ဖြင့် တုန်ရီနေသည်ကို တွေ့ရလေ၏။ ဖန်အိုးကို အောက်သို့ ယူချသည်။ အသေအချာ ကြည့်၏။ ထို့နောက် လွန်စွာ စိတ်ပျက်လျက် စိတ်ဆိုးသော အမူအရာမျိုးဖြင့် မျက်နှာကြီး ရှုံ့မဲ့သွားပြီးလျှင် ဖန်အိုးကို ကြမ်းခင်းပေါ်သို့ ပစ်ပေါက်လိုက်တော့သည်။ ခွမ်းခနဲ ကျကွဲသံကြီးမှာ အိမ်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားလေ၏။ ထို့နောက် လက်ပြွတ်ကို ကျွန်ုပ်ရှာဖွေနေစဉ်မှာပင် အိန္ဒိယန်းကြီးမှာ ပျောက်ကွယ်၍သွားသည်။ တစ်ခဏမျှ ကြာပြီးနောက် အခန်းတံခါး ဝုန်းခနဲ ပွင့်ထွက်လာသည်။ တစ်ချိန်တည်းမှာပင် အခန်းတွင်းသို့ ဆာဒိုမင်နစ်အပြေးအလွှား ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

"ကိုရင် ဘာမှ မဖြစ်ဘူးနော်"

သူက စိုးရိမ်တကြီး မေးသည်။

"မဖြစ်ပါဘူး၊ ဒါပေမဲ့ အလွန် စိတ်ပျက်မိတယ်"

သူက ဖန်အိုးကွဲ အစအနများကို အံ့အား တသင့် ကြည့်ရှုလေ၏။ ထို့နောက် ကြမ်းခင်းပေါ်၌ ကျနေသော အညိုရောင်လက်ပြွတ်ကို တွေ့ရှိသွားသည်။

သူက ဖန်အိုးကွဲ အစအနများကို အံ့အား တသင့် ကြည့်ရှုလေ၏ ထို့နောက် ကြမ်းခင်းပေါ်၌ ကျနေသော အညိုရောင်လက်ပြတ်ကို တွေ့ရှိသွားသည်။

"အလို ဘုရားသခင်" သူက မြည်တမ်းလျက် "ဒါက ဘာလဲ"

ကျွန်ုပ်က မိမိ၏ အကြံအစည်နှင့် စိတ်ပျက်စရာ အကျိုးဆက်ကို သူ့အား အစအဆုံးပြောပြခဲ့လေသည်။ သူက အသေအချာ နားထောင်သည်။ သို့ရာတွင် အဆုံး၌ သူ၏ခေါင်းကို တွင်တွင်ယမ်းခါသည်။

"ကိုရင့် စိတ်ကူးအလွန်ကောင်းပါတယ်" သူက ထိုသို့ ဆိုလျက် ဒါပေမဲ့ ကျုပ်ရဲ့ ဒုက္ခကို အဆုံးသတ်ပေးဖို့က ဒါလောက်လွယ်လွယ်နဲ့ မဟုတ်ဘူး ကိုရင်၊ သို့သော် ကျုပ် ကိုရင့်ကို အလေးအနက် တိုက်တွန်းလိုတာက နောက်ထပ် ဥပါယ်တံမျဉ်နည်း သုံးဦးမယ်ဆိုရင် ဒီအခန်းကို ဘယ်တော့မှ ပြန်မချပါနဲ့လို့၊ ကျုပ်စိုးရိမ်သွားတာက ကိုရင် တစ်စုံတစ်ခု ဖြစ်ပြီထင်တာ၊ ခန်းခနဲ အသံကြီး ကြားလိုက်ရတော့ ကျုပ် ခံစားနေခဲ့ရတဲ့ စိတ်ဖိစီးမှုဟာ အိုးရှားဆုံးအဆင့်ကို ရောက်သွားတယ်ဆိုပါတော့၊ ကိုယ့်အထုပ်ကို လူပုံအလယ် ဖွင့်ပြသလို ထပ်ပြီး မလျော့ချင်ဘူးလေ"

မည်သို့ဆိုစေ ကျန်ရှိသည့် ညတာကိုမူ ကျွန်ုပ် လက်ရှိ အိပ်စက်သော အခန်းမှာပင် ဆက်၍နေရန် သူက ခွင့်ပြုပေသေး၏။ ကျွန်ုပ်သည် မိမိ၏ အကြံအစည်မှ မအောင်မြင်ရခြင်းအပေါ် လွန်စွာ စိတ်ဓာတ်ကျဆင်းခြင်းနှင့် အတွယ်သင်းပြဿနာရပ်အတွက် အာရုံနောက်လျက်ရှိ၏။ နောက်တစ်နေ့ နံနက်အရုဏ်ဦး၏ အလင်းရောင်၌ အရှေ့အိန္ဒိယတိုင်းရင်းသားကြီး၏ လက်ကို ကြမ်းခင်းပေါ်၌ မလှုပ်မယှက် တွေ့ရလေ၏။ ကျွန်ုပ်၏ ကျရှုံးမှုကို သတိပေးနေသည့်နှယ် ထင်မှတ်ရသည်။ ကျွန်ုပ်သည် ၎င်းကို မမှိတ်မသုန် ကြည့်ရှုနေမိလေ၏။ ယင်းအခိုက်အတန့်မှာပင် အတွေးစတစ်ခုသည် လျှပ်ပြက်လိုက်သကဲ့သို့ ကျွန်ုပ်၏ ဦးခေါင်းတွင်းသို့ ရုတ်ခြည်း ဝင်ရောက်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် လွန်စွာ စိတ်လှုပ်ရှားလျက် အိပ်ရာထက်က ငေါက်ခနဲ ထ၍ ထိုင်မိလေသည်။ ထို့နောက် ကြမ်းခင်းပေါ်၌ ကျနေသည့် လက်ကို ကောက်ယူ၍ အသေအချာ ကြည့်လိုက်သည်။

ဟုတ်ပြီ၊ ကျွန်ုပ်ထင်သည့် အတိုင်းပင် လက်မှာ အရှေ့အိန္ဒိယန်းကြီး၏ လက်ဝဲဘက်လက် မဟုတ်ပါလော။

နံနက်ထွက်သည့် ပထမဆုံးရထားဖြင့် မြို့သို့ ကျွန်ုပ် ပြန်လာခဲ့သည်။ ထို့နောက် ဆီးမင်းဆေးရုံကြီး ရှိရာသို့ သုတ်ခြေတင်၍ သွားတော့သည်။ အရှေ့အိန္ဒိယသင်္ဘောသားကြီး၏ လက်နှစ်ဖက်လုံးအား ဖြတ်တောက်ခဲ့သည်ကို ကျွန်ုပ် သိထားသည်။ သို့ရာတွင် ကျွန်ုပ် လိုချင်သည့် ယင်းအဖိုးထိုက်ရတနာမှာ မီးသဂြိုဟ်စက်အတွင်း ရောက်ရှိနေမည်ကို ကျွန်ုပ် လွန်စွာစိုးရိမ်မိလေ၏။ ကျွန်ုပ်၏ သံသယမှာ မကြာခင် အဖြေပေါ်လာခဲ့သည်။ ၎င်း ကို ရင်ခွဲရုံ၌ ဆေးစိမ်ရင်၍ သိမ်းဆည်းထားဆဲပင်။ သို့ဖြင့် အင်အားဖြည့်နည်း ဗျူဟာသစ်နှင့်အတူ စမ်းသပ်မှု ထပ်မံပြုလုပ်ရန် လက်နက်တပ်ဆင်လျက် ရော့ဒင်ဟာတ်စ်သို့ ညနေပိုင်းတွင် ကျွန်ုပ် ပြန်လည်ရောက်ရှိလာခဲ့သည်။

သို့ရာတွင် ဆာဒိုမင်နစ်အနေဖြင့် ဓာတ်ခွဲခန်းအတွင်း ကျွန်ုပ်အိပ်စက်မည့် ကိစ္စကို လုံးလုံး ခွင့်မပြုတော့ချေ။ ကျွန်ုပ်က အနူးအညွတ်တောင်းဆိုသော်လည်း အရေးတယူ နားထောင်ခြင်းပင် မရှိခဲ့။ ကျွန်ုပ်အပေါ်သူ၏ ဖော်ရွေပျူငှာမှုတို့မှာ ဆိတ်သုဉ်းခဲ့လေပြီ။ သူ့အနေဖြင့် ကျွန်ုပ်ကိုထပ်မံခွင့်မပြုနိုင်တော့သည်မှာ ရှင်းလှသည်။ ထို့ကြောင့် ယမန်နေ့ညဦးကပြုလုပ်ခဲ့သည့်နည်းတူ ကျွန်ုပ် ယူဆောင်လာသော လက်ကို ဓာတ်ခွဲခန်းအတွင်းရှိ ဖန်အိုးကြီးအတွင်း၌ ထည့်ထားပစ်ခဲ့၏။ ထို့နောက် အိမ်၏အခြားတစ်ဘက်ရှိ သက်တောင့်သက်သာရှိသော အိပ်ခန်းတစ်ခုအတွင်းသို့ ကျွန်ုပ်ရောက်ရှိလာခဲ့သည်။ ဓာတ်ခွဲခန်းနှင့်မူ အနည်းငယ် လှမ်းသည်။

သို့ရာတွင် ဤသို့ အိပ်ရာပြောင်းအိပ်လိုက်သဖြင့် ကျွန်ုပ်အဖို့အိပ်ရေးပျက်ရန် အကြောင်းမရှိတော့ဟု မထင်လိုက်ပါနှင့်။ အပ်ကျသံပင်ကြားနိုင်အောင် လွန်စွာ တိတ်ဆိတ်သည့် ညဉ့်ယံကို ဖြိုခွင်းလျက် ကျွန်ုပ်၏ အိမ်ရှင်သည် လက်တွင် မီးအိမ်တစ်လုံးကို ဆွဲကာ ကျွန်ုပ်၏ အခန်းတွင်းသို့အူယားဖားယား ပြေးဝင်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ သူ၏ ရှည်ရှည်ကိုင်းကိုင်းရှိုးကြီး ဂေါင်ဂင်ခန္ဓာကိုယ်အား ဖားလျားသည့်

ညအိပ်ဝတ်စုံဖြင့် စည်းနှောင်ထားသည်။ ရုတ်တရက် တွေ့လိုက်ရသည်မို့ အကယ်၍ ကျွန်ုပ်သာ လိပ်ပြာငယ်တတ်သူဖြစ်ပါက ယခု သူ၏ပုံကြောင့် ယမန်နေ့ညက တွေ့ခဲ့ရသည့် ကုလားဖာဆွဲထက်ပင် အခြေအနေ ပိုမို ဆိုးဖွယ်ရာ ရှိပေသည်။ သို့ရာတွင် သူ၏ စကားကို ကြားရသည့်အခါ၌ သူ ဝင်လာစဉ်ကထက်ပင် ကျွန်ုပ်မှာ ပို၍ အံ့သြခဲ့ရပြန်၏။ သူကိုယ်တိုင်သည် အသက်အရွယ်နှစ်ဆယ်မျှ ချက်ချင်း နုပျိုသွားသကဲ့သို့ မျက်လုံးများ တောက်ပနေသည်။ အမူအရာမှာလည်း သွက်လက်ချက်ချာလှ၏။ ထို့ပြင် လက်တစ်ဘက်ကို သူ၏ခေါင်းပေါ်သို့ မြှောက်လျက် အောင်မြင်မှု အထိမ်း အမှတ်အဖြစ် ဝှေ့ယမ်း၍နေပြန်သည်။ ကျွန်ုပ်မှာ အိပ်ရာထက်တွင် ကြောင်စီစီ ထိုင်ရင်း တစ်မူထူးခြားနေသော အနီးဧည့်သည်တော်ကြီးကို ကျွန်ုပ်၏ အိပ်ချင်စိတ်မပြေသည့် မျက်လုံးများဖြင့် ငေးမောကြည့်နေမိတော့သည်။ သို့ရာတွင် သူ၏ စကားများကို ကြားလိုက်ရသည့်အခါ ကျွန်ုပ်၏ မျက်လုံးများ ကျယ်လာပြီး အိပ်ချင်စိတ်လုံးလုံး ပျောက်သွားသည်။

"ကျုပ်တို့ အကြံအောင်ပြီ၊ ကျုပ်တို့ လုပ်နိုင်ခဲ့ပြီ" သူက အော်တစ်လျက် "မိုင်ဒီးယား ဟာဒက်ကရီ။ ဒီဘဝမှာဖြင့် ကိုရင့် ကျေးဇူးကို ကျုပ် ဘယ်လို ပြန်ဆပ်လို့ကျေမှာလဲ"

"အားလုံးနေရာကျပြီလို့ရော မပြောနိုင်ဘူးလား"

"တကယ်တမ်း ကျုပ် ပြောနိုင်တယ်။ ဒီမက်လာသတင်းကို ကိုရင် သိစေချင်လို့ ကျုပ်လာပြီး နှိုးပြောတာ ကိုရင် စိတ်မဆိုးလောက်ပါဘူး"

"စိတ်ဆိုးရမယ် ဟုတ်စ၊ ကြံကြံဖန်ဖန် ခင်ဗျာ။ နို့နေပါဦး၊ တကယ်ရော သေချာလို့လား"

"ဘာကြောင့်ရယ်ပဲဖြစ်ဖြစ် ကျုပ်ကတော့ လုံးဝ သံသယ မရှိဘူး။ ကိုင်း ... ကိုရင့် အကြွေး ကျုပ်အပေါ် တင်သွားပြီ တူတော်မောင်ရေ၊ ဘယ်သူ့ အကြွေးမျိုးမှ ကျုပ်အပေါ်မှာ မရှိခဲ့ဖူးဘူး။ မျှော်လည်း မမျှော်လင့် ခဲ့ဘူး။ ဒီကျေးဇူးနဲ့ တူညီတဲ့ တုံ့ပြန်မှုမျိုး ကျုပ် ဘာလုပ်ပေးရပါ့မလဲ။ ကျုပ် ဒုက္ခကို ကယ်တင်နိုင်အောင် ဘုရားသခင်က ကိုရင့်ကို စေလွှတ်လိုက်တာပဲ။ ဒီဆောင်ရွက်ချက်က ကျုပ်ရဲ့ အသက်ကို ကယ်တင်လိုက်နိုင်ရုံမက

နေဦးမယ်ဆိုရင် ကျုပ်ဟာ စိတ်ကျန်းမာရေး ဆေးရုံကြီးရောက်ချင်ရောက်၊ မရောက်ရင် ခေါင်းတလားထဲ ရောက်ဖို့က သေချာနေပြီ။ ကျုပ်ဖနီးရောအတူတူပါပဲ။ ကျုပ်မျက်စိအောက်မှာတွင် လုံးပါးပါး နေတယ်မို့လား။ ဘယ်လိုလူသားမျိုးကမှ ကျုပ်ရဲ့ ဒုက္ခဝန်ထုပ်ဝန်ပိုးကို ဖယ်ရှားပေးနိုင်လိမ့်မယ်လို့ မယုံကြည်ခဲ့ဘူး'' သူက ပြောပြောဆိုဆို ကျွန်ုပ်၏ လက်ကို ဆွဲယူ၍ သူ၏ အရိုးပြိုင်းပြိုင်း လက်အတွင်း ဖျစ်ညှစ်ဆုပ်နယ်လျက် ရှိတော့သည်။

''စမ်းသပ်မှုတစ်ရပ်မျှသာ ဖြစ်ပါတယ်။ စွန့်စားမှုပါ၊ ဒါပေမဲ့ အောင်မြင်မှုရရှိခဲ့တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်မိပါတယ်။ နို့နေပါဦး အောင်မြင်တယ်ဆိုတာ ဘယ့်နှယ်သိရတာတုန်း။ ဘာထွေးကိုယ်တိုင် တစ်ခုခုကို မြင်ခဲ့ရတာလား''

သူက ကျွန်ုပ်၏ ခုတင်ခြေရင်းဘက်တွင် အကျအန ထိုင်ချလိုက်သည်။

''ကောင်းကောင်း မြင်ခဲ့ရတာပေါ့'' သူက ဆိုသည်။ ''ကျုပ် ဒုက္ခ မရောက်တော့ဘူးဆိုတာ သေချာတယ်။ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာလည်း ပြောရမှာ မခဲယဉ်းပါဘူးလေ။ ကိုရင် သိတဲ့အတိုင်း ဒီသတ္တဝါက တစ်ချိန်မဟုတ် တစ်ချိန် ညစဉ် ကျုပ်ဆီ အမြဲလာတယ်မို့လား။ ဒီကနေ့ ညမှာလဲ ရောက်လာခဲ့တယ်။ ကျုပ်ကို သူ နှီးပုံက ခါတိုင်းညတွေထက် ပိုကြမ်းတယ်။ ကျုပ် တွေးမိလိုက်တယ်။ မနေ့ညကိစ္စကြောင့်မို့ စိတ်ပျက်သွားပြီး ကျုပ်ကို ဒေါသူပုန်ထနေပြီလို့ အဟုတ်ပဲ။ ကျုပ်ကို မျက်ထောင့်နီကြီးနဲ့ ကြည့်လိုက်လို့၊ အဲဒီနောက် သူ့ထုံးစံအတိုင်း ဝတ္ထုရားမပျက် ဓာတ်ခွဲခန်းရှိရာကို ယွန်းသွားပါရော။ ဒါပေမဲ့ မိနစ်အနည်းငယ်အတွင်းမှာ သူ ပြန်ရောက်လာခဲ့တယ်၊ ပြောရရင် ဒီဝင်္ကြေး စကာတည်းက ပထမဆုံးအကြိမ် ဆိုပါတော့ ကိုရင်၊ မလာစဖူး ကျုပ် အခန်းကို ပြန်ရောက်လာခဲ့တာပဲ။ သူ့မျက်နှာကြီးက ပြုံးရွှင်လို့၊ မှုန်မှုန်မွှားမွှား အလင်းရောင်မှာ သူ့သွားအဖွေးသားကို တွေ့မြင်နေရတယ်။ သူက ကျုပ်ရဲ့ခုတင်ခြေရင်းက မျက်နှာချင်းဆိုင် ရပ်လိုက်လို့၊ ပြီးတော့ အရှေ့တိုင်းသားတို့ရဲ့ ထုံးစံအတိုင်း ဆလံ သုံးကြိမ်ပေးတယ်။ ဒီအပြုအမူရဲ့ အဓိပ္ပာယ်က သူတို့ရဲ့ နောက်ဆုံးနှုတ်ဆက်တဲ့

သင်္ကေတပဲ။ အဲ ... တတိယအကြိမ် ဆလံပေးတဲ့ အလှည့်မှာ သူ့လက်တွေကို သူ့ခေါင်းပေါ်ကို မြှောက်လိုက်တယ်။ ဒီတော့မှပဲ သူ့လက်မောင်းနှစ်ဖက်စလုံးကို ကျုပ်မြင်လိုက်ရတော့တာကိုး။ နောက် သူပျောက်ကွယ်သွားပါရော။ အင်း ... ကျုပ် နားလည်လိုက်ပြီ၊ သင်း ဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူးလို့"

▪

ဤသည်မှာ အိန္ဒိယလူမျိုး နာမည်ကြီး ခွဲစိတ်ဆရာဝန်ကြီးတစ်ဦး ဖြစ်သည့် ကျွန်ုပ်ဘထွေးတော်၏ ချစ်ခင်မှုနှင့် ကျေးဇူးတင်ရှိမှုကို ကျွန်ုပ် အဘယ်သို့ ရရှိခဲ့ပုံအား ပြန်လည်ဖော်ပြခဲ့ခြင်းပင်။ သူ၏ ထင်မြင်ချက် မလွဲချေ။ မိမိလက်တစ်ဘက်ကို အရှုံးအမူး ရှာဖွေခဲ့သည့် တောင်တန်းသား တာဗ္ဗေ၏ လာရောက်နှောင့်ယှက်ခြင်းကို ဘယ်အခါမှ မခံရတော့။ ကျွန်ုပ်သိရှိရသမျှ ဆိုရလျှင် ဆာဒိုမင်နစ်နှင့် လေဒီဟိုလ်ဒင်တို့ နှစ်ဦးအဖို့ အသက်အရွယ်အိုမင်းချိန်၌ မည်သည့်ပူပင်သောကမျိုးမှ မတွေ့ရဘဲ ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြရလေသည်။ အဆုံးတွင် ကူးစက်တုပ်ကွေးရောဂါကြီးတစ်နယ်လုံး ဖြစ်ခဲ့ရာ ထိုအထဲနှစ်ဦးလုံး ပါသွားရရှာသည်၊ တစ်ဦးနှင့်တစ်ဦး ရက်သတ္တပတ် အနည်းငယ်မျှသာ ခြား၏။ သူ အသက်ရှင်စဉ်က အင်္ဂလိပ်လူနေမှုစနစ်နှင့် သက်ဆိုင်သည့်အခါတိုင်း ကျွန်ုပ်၏ အကြံဉာဏ်ကို အမြဲလိုယူလေ့ရှိသည်။ ယင်းကိစ္စရပ်၌ သူ့အဖို့ အတွေ့အကြုံ လွန်စွာ နည်းပါးသည်။ ထို့အပြင် ဝယ်ရေး ခြမ်းရေးကိစ္စများနှင့် သူ့ဥယျာဉ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ကအစ ကျွန်ုပ်၏ အကူအညီ မပါလျှင် မပြီးချေ။ ထို့ကြောင့် ကျွန်ုပ် အထက် ဝါစဉ်ကြီးဝမ်းကွဲနောင်တော် ငါးဦးကို ကျော်တက်လျက် အနုညာတ ကျေးလက်ဆရာဝန်ကလေးဘဝမှ လွန်စွာ အရေးပါသည့် ပိုလ်ရှိုင်းယားမြို့သားစုကြီး၏ အကြီးအကဲဘဝသို့ နေ့ချင်းညချင်း ရောက်လာရခြင်းအတွက် ကျွန်ုပ်အဖို့ ထူး၍ မအံ့သြမိခဲ့ပေ။ စင်စစ် ကျွန်ုပ်လုပ်သင့်သည့် အလုပ်မှာ အခြားမဟုတ်၊ အသားညိုလက်နှင့် တောင်တန်းသားအတွက် အောက်မေ့ဖွယ်ရာ ဆုတောင်းပွဲ ပြုလုပ်ပေးရန်နှင့် ရော့ဒင်ဟတ်စ်ကို ပိုင်ဆိုင်ခွင့်ရရှိခြင်း အတွက် ကျွန်ုပ်၏ ကုသိုလ်ကံကို ချီးမွမ်းရန်သာ ဖြစ်ပေသည်။ အသားညို

လက်နှင့် တောင်တန်းသားသည် ရှေ့ဒင်ဟာတ်စ်သို့ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့သည် မဟုတ်ပါလား။

မင်းစည်သူ

(မူရင်း ဆာအာသာကိုနင်ဒွိုင်း၏ 'သည်ဘာရောင်းဟင်းဒ်'ကို ဆီလျော်အောင်ပြန်ဆိုပါသည်။)

## ရွှေးချယ်ခွင့်

အဖေ့ရဲ့နောက်ဆုံးအချိန်ကို ရောက်လာခဲ့ပြီဆိုတော့ ကျွန်တော့်ရဲ့ ်ကူးတချို့ကို အကောင်အထည်ဖော်ဖို့ ဖြစ်လာခဲ့ရပါတယ်။ အဲဒီစိတ်ကူး ွထဲက တစ်ခုအတော့ ကျွန်တော့်ကို အကြီးအကျယ် စိတ်အနှောင့် ယှက်ပေးပြီး စိတ်သောကရောက်စေခဲ့ပါသည်။ ဒီစိတ်ကူးဟာ အဖေ့ တွက်ရော ကျွန်တော့်အတွက်ပါ သိပ်ပြီးအရေးကြီးတယ်။ အရင်ကတော့ ိတ်ကူးကို အကောင်အထည်ဖော်ဖို့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။ အကောင် ထည်ဖော်ရမယ့် ဒီစိတ်ကူးဟာ တခြားစိတ်ကူးတွေနဲ့ မတူပါဘူး။ ဒီစိတ်ကူး အကောင်အထည်ဖော်ရတာဟာ အဓိပ္ပာယ်မရှိဘဲ မှားယွင်းမှုတစ်ခု နေမလားလို့ ကျွန်တော်အများကြီး စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ နောက် အဖြေကတော့ စိတ်ကူးကို အကောင်အထည်ဖော်ဖို့သာ ဖြစ်လာခဲ့ပါ ယ်။ ဒီစိတ်ကူးကို မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုအနေနဲ့ လျစ်လျူရှုမေ့ထားလိုက်ဖို့ တာလည်း ကျွန်တော့်အတွက် မဖြစ်နိုင်တော့ပါဘူး။ ဒီကိစ္စကို ကျွန်တော် ယ်တိုင်လုပ်ခဲ့တာလို့ မထင်မှတ်တော့ဘဲ ကျွန်တော် မဟုတ်တဲ့ လူတစ် ယာက်က အကောင်အထည်ဖော်လုပ်ခဲ့တာပဲလို့ စိတ်ထဲမှာ သွင်းယူထား

လိုက်ပါတော့တယ်။ နောက်ဆုံး ကျွန်တော် စဉ်းစားမိတာကတော့ အခုချိန်ဟာ အရင်တုံးကနဲ့ မတူတော့ဘူးဆိုတာကိုပဲ။ အရေးကြီးဆုံးအချိန်ကို အဖေနဲ့ ကျွန်တော် ရင်ဆိုင်နေခဲ့ရပြီ။

ဒါကြောင့်မို့ တစ်ညမှာတော့ ကျွန်တော်ဟာ 'ဂျင်မီဘာလင်ဒန်' ကို တွေ့ဖို့ ဆေးရုံက ထွက်လာခဲ့တယ်။ ဂျင်မီဟာ သူ့ဘဝတစ်ဝက်လောက်ကို မသိတော့ဘဲ မေ့နေတဲ့အချိန်ကစပြီး သူ ဘယ်မှာနေတယ်ဆိုတာ ကျွန်တော် မသိတော့ဘူး။ ဒါကြောင့် သူငယ်ချင်း 'ဂျိုးဒင်းနက်' ကို အရင်တွေ့ဖို့ ကော်ဖီဆိုင်ကို လာခဲ့တယ်။ သူလည်း ဂျင်မီကို မတွေ့မိပါဘူး။ ဒါပေမဲ့ ဂျင်မီ ရှိနိုင်မယ့်နေရာတွေကိုတော့ ပြောပြလိုက်တယ်။ ကျွန်တော်ဟာ ကော်ဖီဆိုင်ရဲ့ ပြတင်းပေါက်ကနေ လမ်းဘက်ငေးကြည့်ရင်း တစ်နာရီလောက် ထိုင်နေမိတယ်၊ နောက်တော့ ကော်ဖီဖိုးရှင်းပေးပြီးမှ ဂျင်မီကိုတွေ့ရင်လည်း ကျွန်တော်နဲ့လာတွေ့ဖို့ ပြောလိုက်ပါလို့ ဂျိုးကိုမှာခဲ့ပြီး ထွက်လာခဲ့တယ်။ ဆိုင်တံခါးဝရောက်မှ ဂျိုးကို ပြန်လှည့်ကြည့်ပြီး –

"ကိစ္စက အရေးကြီးတယ်လို့ ဂျင်မီကို ပြောပြလိုက်ပါ"

ကျွန်တော့်စကားကြောင့် ဂျိုးရဲ့မျက်နှာ ပျက်သွားတာကို သတိထားလိုက်မိတယ်။ ဂျိုးဟာ ကျွန်တော့်နဲ့ ဂျင်မီကြားမှာ အရေးကြီးတဲ့ ကိစ္စမရှိဘူးဆိုတာကို သိထားတဲ့လူတစ်ယောက်ဆိုတော့ ကျွန်တော့်စကားက သူ့စိတ်ကို အနှောင့်အယှက် ပေးလိုက်သလို ဖြစ်သွားပါတယ်။

ကျွန်တော်ဟာ ဆိုင်ထဲကထွက်လာပြီး ပက်တီရဲ့ စာအုပ်ဆိုင်ကို လာခဲ့တယ်။ ကျွန်တော်ရောက်တော့ ပက်တီဟာ စားပွဲပေါ်ခေါင်းငုံ့ပြီး စာအုပ်စာရင်းတွေ လုပ်နေတယ်။ ဂျင်မီကို တွေ့မိလားလို့မေးတော့ သူဟာ ခေါင်းမော့မကြည့်ဘဲနဲ့ –

"ဂျင်မီကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"အရေးတကြီးတော့ မဟုတ်ပါဘူး။ မင်း ... သူ့ကို တွေ့သေးလား"

"ဟိုဘက်မှာ တွေ့လိုက်တယ်။ အခုဆို နာရီဝက်လောက် ရှိသွားပြီ"

ပက်တီဟာ ခေါင်းမော့မကြည့်တဲ့ ပြောရင်း 'ဆဌမမြောက်ရိပ်သာ' ခန်းဘက်ကို လက်မနဲ့ ညွှန်ပြလိုက်တယ်။

ရိပ်သာလမ်းထဲက ကယ်ဆယ်ရေးဌာနမှာ ရှိနိုင်တယ်လို့ တွေးမိပြီး ကျွန်တော်လျှောက်လာခဲ့တယ်။ ကယ်ဆယ်ရေးဌာန အဆောက်အဦးဟာ ဆေးရုံးမာရေးဌာနနဲ့ ဖိနပ်ပြင်ဆိုင်တစ်ဆိုင်ရဲ့ ကြားမှာ ရှိပါတယ်။ ပုံစံက ဘတ်မမီတော့ပေမဲ့ ပြတင်းပေါက်ကနေ အတွင်းဘက်ကြည့်လိုက်ရင်တော့ အဆောင်မှူက ရှိနေပါသေးတယ်။ အတွင်းဘက်နံရံနဲ့ ကပ်ပြီးချထားတဲ့ ဗူးပန်းအိုးတွေထဲက နွယ်ပန်းပင်တွေလည်း အညွှန့်ထွက်ပြီး နံရံမှာတွယ်ကပ်နေပြီဖြစ်တယ်။ အဆောက်အဦး ရှေ့မျက်နှာစာကို ဆေးမသုတ်ဘဲထားပြီး သစ်ချတံခါးမကြီးကို ဖွင့်ထားပါတယ်။ အတွင်းဘက်က ခပ်မှောင်မှောင် ဘီယာကောင်တာကတော့ အရင်ကလိုပဲ ရှိနေသေးတယ်။

ထင်တဲ့အတိုင်းပါပဲ။ ဘီယာကောင်တာမှာ ဂျင်မီထိုင်နေတာကို တွေ့ရတယ်။ တခြားလူသုံးယောက်ကတော့ ရပ်ပြီး ဘီယာသောက်နေကြတယ်။ ဂျင်မီရဲ့ခွက်ထဲမှာ ဘီယာကုန်နေပြီကို တွေ့ရတော့ ကျွန်တော်ဟာ ဘီယာနှစ်ခွက်ဝယ်ပြီး သူ့ရှေ့တစ်ခွက်ချပေးရင်း နံဘေးခုံမှာ ဝင်ထိုင်လိုက်တယ်။

သူ့ကို နှုတ်ဆက်လိုက်တော့ သူ့ရဲ့ဇီးကွက်လို ပြူးကြောင်ကြောင် မျက်လုံးတွေဟာ ပုံမှန်မဟုတ်တော့ဘဲ တစ်ခုခုကို ခံစားလိုက်ရသလို ဖြစ်သွားပြီး အရောင်ပြောင်းသွားတာကို ကျွန်တော် သတိထားလိုက်မိတယ်။ နောက်တော့ ကျွန်တော် ချပေးထားတဲ့ ဘီယာခွက်သစ်ကို သူ့ညာလက်နဲ့ ယူပြီး ဘယ်ဘက်ဘဲနဲ့ ကုန်နေတဲ့ သူ့ခွက်ထဲကို လောင်းထည့်လိုက်တယ်။ သူ့ခွက်ထဲမှာ ဘီယာအမြှုပ်တွေ ခွက်ထိပ်ထိရောက်လာတဲ့အခါ ခွက်သစ်ထဲမှာ ဘီယာသုံးပုံတစ်ပုံလောက် ကျန်နေသေးတယ်။ သူဟာ ဘယ်လက်နဲ့ သူ့ခွက်ကိုယူပြီး ခွက်သစ်ထဲမှာ ကျန်နေတဲ့ ဘီယာအချိုးအဆလောက်ပဲ သောက်လိုက်တယ်။ နောက် ကျန်နေသေးတဲ့ ခွက်သစ်ထဲက ဘီယာကို သူ့ခွက်ထဲ လောင်းထည့်ပြန်တယ်။ သူ့ခွက်ထဲမှာ အမြှုပ်တွေ ခွက်ထိပ်ထိရောက်တော့ ခွက်သစ်ထဲမှာ ဘီယာ မကျန်တော့ဘူး။ ကွက်တိ မှန်နေတယ်။

အခန်းထောင့်နှစ်နေရာမှာ တီဗီနှစ်လုံး ဖွင့်ထားတယ်။ လက်ဝှေ့ပွဲကို ထုတ်လွှင့်ပြနေတော့ အော်ဟစ်သံတွေ လွှမ်းနေတယ်။ ဂျင်မီဟာ ဘယ်တီဗီကိုမှ မကြည့်ပါဘူး။ အရူးတွေရဲ့ ထုံးစံအတိုင်း ဘယ်သူ့ကိုမှလည်း စကားမပြောဘဲ အသံတိုးတိုးလေးနဲ့ တခစ်ခစ် ရယ်နေပါတယ်။ ကျွန်တော်ဟာ မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ တီဗီကို လှမ်းကြည့်မိတယ်။ ထိုးဘက်တစ်ယောက် လဲနေလို့ ဒိုင်က တစ်၊ နှစ်၊ သုံး၊ လေး ရေနေပြီ။ ကျန်ထိုးဘက်တစ်ယောက်ကတော့ ကြိုးဝိုင်းထောင့်မှာရပ်ပြီး လဲနေသူကို စိုက်ကြည့်နေတယ်၊ ကျွန်တော်ဟာ ဂျင်မီဘက်ကို ပြန်လှည့်လိုက်တယ်။

"ဒီမှာ ... ဂျင်မီ ငါ့အတွက် မင်းတစ်ခုလောက် လုပ်ပေးပါလား"

သူဟာ ကျွန်တော့်ကို တစ်ချက်ငဲ့စောင်းကြည့်ပြီး သူ့ခွက်ထဲက ဘီယာအမြှုပ်တွေကို ပြန်ကြည့်နေလိုက်တယ်။ နောက် သူ့ခေါင်းကို တစ်ဖက်စောင်းလိုက်ရင်း သူ့လက်ထဲက ဘီယာခွက်ကို မှောက်လိုက်ပြီး ပြန်ချထားလိုက်တယ်။ ဘီယာအမြှုပ်တွေ သူ့နှုတ်ခမ်းမှာ တင်ကျန်နေတော့ သူ ကြည့်ရတာဟာ အမြှုပ်တစီစီ ထွက်နေတဲ့ ခွေးရူးတစ်ကောင်ရဲ့ပုံစံလို ဖြစ်နေတယ်။

"ငါ မင်းဆီက အိပ်ဆေးတွေ လိုချင်တယ် ဂျင်မီ"

ကျွန်တော့်စကားက မပြောသင့်သေးတဲ့အချိန်မှာ ပြောချလိုက်သလို ဖြစ်သွားပြီဆိုတာ ကျွန်တော် သိလိုက်ပါတယ်။

သူဟာ တီဗီနှစ်လုံးကို တစ်လှည့်စီကြည့်ပြီးမှ ကျွန်တော့်ဘက် လှည့်လိုက်တယ်။

"မင်း ... အိပ်မပျော်ဘူးလား"

"မပျော်ဘူး"

"ဘယ်လို အိပ်ဆေးတွေကို လိုချင်လဲ"

"ခပ်ပြင်းပြင်း ဆေးကို လိုချင်တယ်"

သူ့မျက်နှာညှိုးသွားတာကို တွေ့ရတော့ ကျွန်တော့်စကား မှားသွားပြီဆိုတာကို သိလိုက်ရတယ်။

"ဘယ်လောက်ပြင်းပြင်း လိုချင်လဲ"

"ဒါတော့ ငါ မသိဘူး။ ငါ့ကို အိပ်ပျော်သွားအောင်လုပ်နိုင်ရင် ...ပီတာပြီ"

"ဘယ်လောက်ကြာကြာ အိပ်ပျော်သွားအောင်လဲ"

"ငါ့ဘာသာငါ နိုးလာတဲ့အထိပေါ့"

ကျွန်တော်က မရေမရာ ဝေဝေဝါးဝါး ပြန်ပြောလိုက်တယ်။

"မင်းမှာ ပြဿနာတစ်ခုခု ဖြစ်နေတယ်ဆိုတာ ငါ ဘယ်တုန်းကမှ ...မသိခဲ့ဘူး"

"ငါ့မှာ ဘာပြဿနာမှ မရှိဘူး။ အိပ်မပျော်တာ သက်သက်ပဲ"

"ဘယ်လောက်လိုချင်လို့လဲ"

]]၀ ]]... လေး ဒါဇင်လောက် လိုချင်တယ်"

ကျွန်တော့်အသံက ပုံမှန်မဟုတ်ဘဲ ထွက်သွားတယ်။

သူဟာ ဘာစကားမှ မပြောတော့ဘူး။ ငြင်းလိုက်မှာကို တွေးမိပြီး ...ကျွန်တော် စိုးရိမ်လာတယ်။ ခဏကြာတော့မှ သူ့ဆီက ရမယ်လို့ ထုတ် ...ပြောတယ်။

"မင်းဆီက ဘယ်တော့ရမှာလဲ"

"ဒါတော့ ငါ မပြောနိုင်ဘူး"

"မင်းကို ငါ ကောင်းကောင်းပြုစုပါ့မယ်"

"ငါဟာ တစ်ပန်းရှုံးနေတဲ့ လူတစ်ယောက်ဖြစ်နေတယ်"

"မင်းဟာ အိပ်ဆေးတွေကို မြေပဲလှော်စားသလို စားနေခဲ့ရတယ်။ ...မင်းဘာဖြစ်လို့ ဒီလို ဖြစ်သွားရတာလဲကွာ"

ကျွန်တော်ဟာ သူ့အတွက် စိတ်နာလွန်းလို့ ပြောလိုက်မိတယ်။ ...သူကတော့ ကျွန်တော့်စကားကို ဂရုမစိုက်။

"ဒီမှာ ကိုယ့်လူ ..."

သူက စကားကို ခဏရပ်လိုက်တယ်။ လေသံက အလုပ်သဘော ...ပြောတော့မယ့် လေသံလို ရုတ်တရက် ပြောင်းသွားတယ်။

"မင်း စိတ်ကို ဆွပေးတာတော့ မဟုတ်ပါဘူး။ မင်းမှာ ပြဿနာ ...မရှိဘူးလို့ ငါ သိထားတယ်။ အခု မင်းက အိပ်ဆေးတွေ လေးဒါဇင်လောက်

လိုချင်တယ်လို့ ပြောတယ်။ မင်းမှာ ဘယ်လိုအကြောင်းတွေ ဖြစ်နေလို့လဲ''

အကြောင်းစုံ သူ့ကို မပြောရင်ဖြစ်ပေမဲ့ ကျွန်တော် အမှန်အတိုင်း ဖွင့်ပြောလိုက်တယ်။

''ငါ ဒီဆေးတွေကို အဖေ့အတွက် လိုချင်တာပါ''

သူဟာ ဘီယာခွက်ယူပြီး သူ့နှုတ်ခမ်းနဲ့ ဖိကပ်ထားရင်း ကျွန်တော့်ကို ကြည့်နေတယ်။

''ငါ့အတွက် သိပ်အရေးကြီးနေတယ် ဂျင်မီ။ ငါ့အဖေ ဆေးရုံတင်ထားရတယ်ဆိုတာ မင်းကြားပြီးဖြစ်မှာပေါ့။ အဖေ့မှာ အခွင့်အရေး သိပ်မရှိတော့ဘူး။ အဖေ့မှာက အရိုးကင်ဆာဖြစ်နေတာ။ အခြေအနေ အတော့်ကို ဆိုးတယ်။ တညည်းညည်း တညူညူနဲ့ အိပ်ရာထဲမှာ လဲနေရတယ်။ ဆေးဘယ်လိုထိုးထိုး အရာမရောက်တော့ဘူး။ သူ့အဖို့ အပ်တွေထောင်ထားတဲ့ အိပ်ရာပေါ်မှာ အိပ်နေသလို ဖြစ်နေတယ်။ တစ်ကိုယ်လုံး စူးရှတဲ့ဒဏ်ကို ခံစားနေရတယ်။ သူ့ကိုယ်ခန္ဓာ တစ်စစီ တဖြည်းဖြည်း ပျက်စီးနေသလိုမျိုး ခံစားနေရတယ်။ ဒီတော့ ငါ့အနေနဲ့ အဖေ့ကို ရွေးချယ်ခွင့်တစ်ခု ပေးချင်တယ်။ ငါ ဆိုလိုတဲ့အဓိပ္ပာယ်ကို မင်း နားလည်ရဲ့လား။ အဖေအနေနဲ့ ရွေးချယ်ခွင့် တစ်ခုကို တကယ့်ကို ရသင့်တယ်လို့ ငါထင်တယ် ဂျင်မီ''

သူဟာ ဘီယာခွက်ကို မသောက်ဘဲ ပြန်ချထားလိုက်တယ်။ နောက် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး တစ်လုံးချင်း ပြောချလိုက်တယ်။

''မင်းဟာ တော်တော်ရူးနေတဲ့ ကောင်ပဲ''

သူ့စကားကို ကျွန်တော် ဘာမှပြန်ဖြေရင်းချက် ထုတ်မနေတော့ပါဘူး။

သုံးရက်ကြာတော့ ကျွန်တော့်အိတ်ထဲမှာ အနီရောင်အိပ်ဆေး လေးဆယ့်ရှစ်လုံးထည့်ပြီး ဆေးရုံလာခဲ့တယ်။

သူနာပြုဆရာမဟာ လူနာဆောင်ထဲမသွားခင် အခန်းထဲကစားပွဲမှာ ထိုင်နေတာ တွေ့ရတယ်။ ကျွန်တော်ဟာ တံခါးဝမှာ ရပ်လိုက်ပြီး မျှော်လင့်ချက် မရှိတော့ဘူးဆိုတာကို သိထားပေမဲ့ ဆရာမကို မေးမိတယ်။

''ဒီနေ့ အဖေ့အခြေအနေ ဘယ်လိုလဲ ဆရာမ''

"မသွားပါဘူး"

ဆရာမဟာ ပြန်ဖြေပြီး စားပွဲပေါ်ခေါင်းငုံ့လိုက်တာနဲ့ ကျွန်တော်
ည်း အဖေရှိတဲ့အခန်းကို လျှောက်လာခဲ့တယ်။

အဖေ့မျက်နှာမှာ နာကျင်မှုဒဏ်တွေကြောင့် ဝေဒနာ ခံစားနေရတာ
ပါနေတယ်။ ဒါပေမဲ့ အဖေဟာ ကျွန်တော့်ကိုမြင်တော့ ကြိုးစားပြီး ပြုံးပြ
ိုက်တယ်။

ကျွန်တော့်အတွက် အဖေ့ရဲ့အပြုံးဟာ အမြဲတမ်းချိုမြခဲ့ပါတယ်။
ျွန်တော်လည်း ပြန်ပြုံးပြလိုက်ပေမဲ့ ကျွန်တော့်အပြုံးဟာ အသက်မပါဘဲ
န်ဆောင်အပြုံးတစ်ခု ဖြစ်နေမယ်ဆိုတာ ကျွန်တော် ဒီနေ့လုပ်ရမယ့်
ကောင်အထည်ဖော်ရမယ့် စိတ်ကူးတစ်ခုအတွက် ကျွန်တော် စိတ်အနှောင့်
ယှက်ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့်ဆီ အဖေက သူ့လက်တစ်ဘက် ကမ်းပေးလိုက်တယ်။
လက်က ကျွန်တော့်ဆီ မရောက်ခင် အိပ်ရာပေါ်ပြန်ကျသွားသည်။ ကျွန်တော်
ာ အဖေ့လက်ကို ဆွဲယူလိုက်ပါတယ်။ အဖေ့ရဲ့ လက်သည်းတွေ ရှည်နေပြီ
ဆိုတာ ကျွန်တော့်လက်ထိပ်နဲ့ ထိမိလို့ သိလိုက်ပါတယ်။

"အဖေ့လက်သည်းတွေ ရှည်နေပြီ။ ညှပ်လိုက်ရအောင်"

အဖေ့ခုတင်နောက်ဘက်က စားပွဲလေးရဲ့ အံဆွဲထဲမှာ လက်သည်း
ညှပ်ရှိနေပါတယ်။ အဖေလိုချင်တယ်ပြောလို့ အမေ ဝယ်ပေးထားတဲ့ လက်
သည်းညှပ် ဖြစ်ပါတယ်။ အဖေ နေကောင်းနေတုန်းက အဖေဟာ သူ့လက်
ညည်းတွေကို လှလှပပဖြစ်အောင် သူကိုယ်တိုင် ညှပ်တတ်တဲ့ အကျင့်ရှိသူ
ဖြစ်ပါတယ်။ အိမ်မှာ အဖေလက်ညည်းညှပ်နေတာကို အခုထိ မြင်ယောင်နေ
မိတယ်။

ကျွန်တော်ဟာ အံဆွဲထဲက လက်ညည်းညှပ်ကိုယူပြီး အဖေ့လက်
သည်းတွေကို ညှပ်ပေးလိုက်တယ်။ အဖေ့ရဲ့ သေးကွေးကြုံလှီနေတဲ့ လက်
ချောင်းလေးတွေကိုကိုင်ပြီး လက်ညည်းညှပ်ပေးရင်း အိပ်ဆေးအကြောင်း
ဘယ်လို စပြောရမလဲလို့ စဉ်းစားနေမိတယ်။

"လက်သည်းညှပ်တော့ နာလား အဖေ"

"မနာပါဘူး"

အဖေဟာ ထိန်းချုပ်ထားရတဲ့ လေသံမျိုးနဲ့ ပြန်ပြောလိုက်တယ်။

"ထုံဆေးထိုးထားတာ အခုဘယ်လိုနေသေးလဲ အဖေ။ ထုံဆေး အစွမ်းပြသေးရဲ့လား"

ထုံဆေးအစွမ်းမပြနိုင်တော့ဘူးဆိုတာကို ပြီးခဲ့တဲ့တစ်ပတ်လောက် ကတည်းက ကျွန်တော် သိထားပြီးဖြစ်ပါတယ်။

"သိပ်မပြတော့ပါဘူး"

"ကျွန်တော့် 'မစ္စရှန်နွန်' ကိုပြောပြခဲ့သေးတယ်။ သူက အဖေ့ကို ဒီထက်ပိုပြီး ထုံဆေးထိုးလို့ မဖြစ်တော့ဘူးတဲ့၊ အဖေ့ခန္ဓာကိုယ်က ထုံဆေးကို ဆက်ပြီး လက်ခံနိုင်တဲ့ အခြေအနေမျိုးမဟုတ်တော့ဘူးတဲ့ အဖေ'

ကျွန်တော်ဟာ စကားကို ခဏရပ်လိုက်တယ်။

"ဒါကြောင့် အဖေ့အတွက် ဒါတွေယူလာခဲ့တယ်"

ကျွန်တော်ဟာ ပြောပြီးတာနဲ့ အိတ်ထဲက ဆေးထုပ်ကိုထုတ် လိုက်တယ်။

အဖေဟာ အထုပ်ကို တအံ့တသြနဲ့ ကြည့်နေတယ်။ ကျွန်တော် ဟာ အိတ်ကိုဖွင့်ပြီး အဖေ့ကို ဆေးလုံးလေးတွေ ပြလိုက်တယ်။ ကျွန်တော့် စိတ်ထဲမှာတော့ မကောင်းဆိုးဝါးတစ်ကောင်ရဲ့ ပစ္စည်းတစ်ခုကို ထုတ်ပြနေရ သလိုမျိုး ခံစားနေရတယ်။

"ကျွန်တော် အိပ်ဆေးတွေ ယူလာခဲ့တယ်။ သိပ်နာနေတဲ့အခါ ဒီဆေးတွေ သောက်လိုက်ရင် အိပ်ပျော်သွားအောင်ဆိုပြီး ယူလာခဲ့တာ"

ကျွန်တော်ဟာ အဖေ့ရဲ့မျက်လုံးတွေကို စိုက်ကြည့်နေလိုက်တယ်။ ဒီဆေးလုံးတွေကို အဖေယူမလား၊ မယူဘူးလားဆိုတာ ကျွန်တော့်အဖို့ သိပ်မသေချာပါဘူး။ ကျွန်တော်ဟာ အဖေ့ရဲ့မျက်လုံးအရောင် လက်လာလေ မလားလို့သာ စောင့်ကြည့်နေမိတယ်။

"ဒီအထုပ်ထဲမှာ ဘယ်လောက်ပါလဲ"

"အဖေ လိုချင်သလောက် သုံးဖို့အတွက် လုံလောက်ပါတယ် အဖေ"

အဖေဟာ ဆေးထုပ်ကိုကြည့်နေရာမှ မျက်လုံးလွှဲလိုက်ပါတယ်။ ခဏကြာတော့မှ –

"ဆေးလုံးတွေ များသွားရင် အန္တရာယ် ဖြစ်စေတတ်တယ်။ သိပ်ပြီး သတိထားရမယ့် ဆေးလုံးတွေပေါ့"

တစ်ခါသုံးရင် ဆေးလုံးဘယ်နှစ်လုံးဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်ဟာ အလွန်စိတ်လှုပ်ရှားစွာနဲ့သာ ရပ်နေမိပါတယ်။ နောက်တော့မှ

"ဟုတ်ပါတယ် အဖေ။ ဆေးလုံးတွေကို အများကြီးသုံးလို့ မဖြစ်ပါဘူး"

ကျွန်တော်ဟာ စကားလုံးတွေကို သတိထားပြီး ပြန်ပြောလိုက်တယ်။

နောက် အဖေ့မျက်နှာကိုသာ စေ့စေ့ကြည့်နေမိတယ်။ ဒီလိုကြည့်နေရတာကိုက မသေချာမှုတစ်ခုလို့ပါပဲ။ အဖေဟာ ဒီဆေးလုံးတွေကို မယူဘဲ ဘယ်လိုနည်းနဲ့ ရှောင်လွှဲလိုက်မလဲလို့ ကျွန်တော် တွေးမိတယ်။ အဖေ့ဘဝမှာ အဖေ ရှောင်လွှဲခဲ့တာတွေ အများကြီးရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အဖေ့ကို ဆေးလုံးတွေပေးဖြစ်အောင် ပေးရမှာပဲ။ အဖေ ယူလိုက်အောင် ဘယ်လိုပေးရမလဲ။ အဖေ့ကို ဆေးလုံးတွေ ယူလိုက်ပါလို့ ကျွန်တော့်ပါးစပ်က ထုတ်မပြောရက်ပါ။ ကျွန်တော်သာ စိတ်ညှို့ပညာရှင်တစ်ယောက်ဆိုရင်တော့ ကျွန်တော် ပြောချင်တဲ့စကားကို အဖေသိအောင် စိတ်တန်ခိုးနဲ့ ပို့လွှတ်မိမှာ အမှန်ပါ။

အဖေဟာ အခန်းရဲ့ မျက်နှာကြက်ဆီကိုသာ ကြည့်နေပါတယ်။ ဖြစ်ချင်ရာဖြစ်၊ ပြောလိုက်မယ်ဆိုတဲ့စိတ်မျိုး ကျွန်တော့်မှာ ဖြစ်လာပြန်ပါတယ်။ အခုလို အခြေအနေမျိုးမှာ ကျွန်တော့်စိတ်ကူးကို အကောင်အထည်ဖော်နိုင်မှ ဖြစ်မယ်ဆိုတာကို ကျွန်တော် သိတယ်၊ နောက်မှဆိုရင် မလွယ်ပါဘူး။ အိပ်ဆေးထုပ်ကို အဖေ ယူလိုက်မယ့်အချိန်ကို စိတ်စောစွာနဲ့ စောင့်နေရပါတယ်။

အဖေ့မျက်နှာဟာ ကျွန်တော့်ဘက်ကို ဖြည်းဖြည်းချင်း လှည့်လာတယ်။ ကျွန်တော့်နဲ့ အကြည့်ချင်း ဆုံမိကြတယ်။ ကျွန်တော်ဟာ အဖေ့ရဲ့

မျက်လုံးသူငယ်အိမ်ထဲ စူးစိုက်ပြီး ကြည့်နေမိတယ်။ မျက်လုံးသူငယ် အိမ်ကတစ်ဆင့် အဖေ့ရဲ့ အနက်ရှိုင်းဆုံးတစ်နေရာကို မြင်ရအောင် ကြိုးစားနေပါတော့တယ်။

အဖေ့ရဲ့အကြည့်ကို တွေ့ရတော့ ကျွန်တော် အရမ်းတုန်လှုပ်သွားမိတယ်။ ဒီအိပ်ဆေးလုံးတွေ ဘယ်အတွက် ယူလာလဲဆိုတာ သူသိပါတယ်ဆိုတဲ့ အကြည့်။ ဆေးလုံးတွေ ယူလာတာ မှားတယ်ဆိုတဲ့ အကြည့်။ သားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ဒီလိုမလုပ်သင့်ဘူးဆိုတဲ့ အကြည့်။ အဖေ့မျက်လုံး...ကာက ကျွန်တော့်ကို စကား အများကြီး ပြောနေပါတယ်။

ကျွန်...က်လည်း ဒါဟာ အဖေ့အတွက် လုပ်ရတာပါ။ ဒါဟာ အဖေ့အတွက်။ ဒါတွေ... အဖေ မသိဘူးလားဆိုတဲ့ စကားတွေကို စိတ်ထဲကနေပြီး ပြောနေမိတယ်။ ကျွန်...ခေါင်းထဲမှာလည်း ပေါက်ကွဲသံတွေကို ဆူညံနေတယ်။ ကျွန်တော့်ရဲ့ အသွေးထဲ၊ ...သားထဲ၊ အရိုးထဲက အင်အားတွေ စိုက်ထုတ်ပြီး အဖေ နားလည်အောင်၊ သ...ားအောင် ကျွန်တော့် အကြည့်ကနေတစ်ဆင့် ကြိုးစားခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော့်အကြည့်ကို အဖေ မမြင်နိုင်တော့ပါ။

နှစ်ပေါင်းတစ်သန်း ကြာသည့်တိုင်မြင်နိုင်မှာ မဟုတ်တော့ဘူး။

အဖေ့ရဲ့ မျက်လုံး သူငယ်အိမ် တဖြည်းဖြည်း ကျဉ်းလာပြီး မျက်လုံးများ ဖြည်းဖြည်းချင်း မှိတ်သွားခဲ့တယ်။ အဖေဟာ ကျွန်တော်တို့ကို ထားခဲ့ပြီး လူ့လောကထဲက ထွက်သွားခဲ့ပြီ။

ကျွန်တော်ဟာ ခေါင်းငုံ့ပြီး အကြာကြီး ရပ်နေမိပါတယ်။

နောက်တော့ ကျွန်တော်ဟာ အိပ်ဆေးလုံးထုပ်နဲ့ လက်ညည်းညှပ်ကိုယူပြီး အိတ်ထဲ ထည့်ထားလိုက်တယ်။ မကြာခင် နာရီပိုင်းအတွင်း အိမ်ပြန်တဲ့အခါ တွေ့တဲ့ ရေမြောင်းတစ်ခုထဲ အဲဒါတွေကို ပစ်ချခဲ့မယ်လို့ စိတ်ကူးထားလိုက်တယ်။

**မောင်တင်မွန်**

စာရေးဆရာ Anatole Broyard ရဲ့ The Choice ကို ဆီလျော်အောင် ပြန်ဆိုပါတယ်။

## ပျောက်သွားတဲ့ စာတစ်စောင်

(၁၈၄၅) ခုနှစ်၊ ပြင်သစ်နိုင်ငံ ပါရီမြို့ရဲ့ ဆောင်းဦးညနေခင်းတစ်ခုမှာ ကျွန်တော်ဟာ မိတ်ဆွေဖြစ်သူ 'ဩဂက်ဒူပင်'ဆီကို အလည်သွားခဲ့ပါတယ်။ ကျွန်တော့်တို့ နှစ်ယောက် ဆေးတံကိုယ်စီဖွာရင်း ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောဆိုနေခဲ့ကြပါတယ်။ ဒီအချိန်မှာပဲ အခန်းတံခါးပွင့်သွားပြီး ပါရီမြို့ရဲ့ရဲတပ်ဖွဲ့ရဲ့ အကြီးအကဲ ဖြစ်သူအရာရှိ 'မစ္စတာဂါမွန်း' အခန်းထဲ ဝင်လာပါတယ်။ အခန်းထဲ ရောက်တာနဲ့ သူဟာ ဒူပင်ကို လှမ်းပြောလိုက်တယ်။

"ကျွန်တော် ခင်ဗျားဆီက အကြံဉာဏ်တောင်းစရာရှိလို့ လာခဲ့တာပဲ။ အခု ကျွန်တော်ဟာ သိပ်အရေးကြီးတဲ့ အမှုတစ်ခုကို ဖြေရှင်းပေးဖို့ တာဝန်ယူထားရတယ်။ အမှုက ရိုးရိုးလေးပါ။ တကယ်တော့ ခင်ဗျားဆီက အကူအညီကို တောင်းစရာမလိုလောက်အောင်ကို ရိုးရိုးလေးပါ။ ဒါပေမဲ့ ဒီအကြောင်းကို ခင်ဗျားလည်း သိစေချင်လို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအမှုက တခြားအမှုတွေနဲ့ မတူဘူး။ အတော့်ကို ထူးဆန်းပါတယ်"

ရဲအရာရှိက စကားကို ခဏရပ်လိုက်ပါတယ်။

"ကျွန်တော်နဲ့ ကျွန်တော့်လူတွေ ဒီအမှုကို ကိုင်တွယ်နေတာ သုံးလလောက် ရှိသွားပြီ။ အမှုက ရိုးရိုးခိုးယူမှုတစ်ခုပါ။ ဒါပေမဲ့ ကျွန်တော်တို့ အခုထိ မဖော်ထုတ်နိုင်သေးဘူး"

ဒူပင်ဟာ သူ့ပါးစပ်က ဆေးတံကို ဖြုတ်လိုက်ပါတယ်။

"ဒီလိုပါပဲ။ တချို့ နက်နဲလျှို့ဝှက်တယ်လို့ ထင်နေရတဲ့ အမှုတွေဟာ နောက်ဆုံးရိုးရိုးလေး ဖြစ်နေတတ်တယ်"

သူ့စကားက ရဲအရာရှိဂါမွန်းအဖို့ ရယ်စရာတစ်ခုလို ဖြစ်သွားပါတယ်။

"ရိုးရိုးလွယ်လွယ်လေး ဟုတ်လား။ နက်နဲတာတွေဟာ လွယ်လွယ်လေးဆိုတာကို ဘယ်သူမှ မကြားဖူးပါဘူး"

ရဲအရာရှိဟာ ပြောပြီး ရယ်မောလိုက်ပါတယ်။

ကျွန်တော်ဟာ၊ ရဲအရာရှိဂါမွန်းကို လှမ်းကြည့်လိုက်ပြီး –

"ခင်ဗျားအနေနဲ့ အခုရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့ အမှုအခြေအနေကို ဘာဖြစ်လို့ မပြောသေးတာလဲ"

ကျွန်တော့်စကားကြောင့် ဂါမွန်းဟာ ရယ်နေတာကို ရပ်လိုက်ပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

"ကောင်းပြီလေ။ ပြောပြရတာပေါ့။ တစ်ခုတော့ရှိတယ်။ အခု ကျွန်တော် ပြောပြတဲ့အကြောင်းတွေကို ခင်ဗျားတို့ ဘယ်သူ့ကိုမှ မပြောရဘူး"

သူဟာ စကားပြောဖို့ အရှိန်ယူတဲ့အနေနဲ့ ခဏနားနေလိုက်သေးတယ်။

"သိပ်ပြီး အရေးကြီးတဲ့လူ၊ သိပ်ပြီးအရေးပါတဲ့ လူတစ်ယောက်ရဲ့ ဇနီးမှာ အကူအညီ လိုနေတယ်။ ဇနီးဖြစ်သူရဲ့ နာမည်ကိုတော့ ကျွန်တော် မပြောတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ခင်ပွန်းဖြစ်သူက ပြင်သစ်အစိုးရအဖွဲ့မှာ အလွန်ဩဇာ အရှိန်အဝါကြီးနေတဲ့ လူတစ်ယောက်ဖြစ်နေလို့ပဲ။ ဒီတော့ ဇနီးဖြစ်သူရဲ့ နာမည်ကို 'မဒမ်အဒ်ပ်(က်စ်)' လို့ပဲ မှတ်လိုက်ကြပေါ့။ လွန်ခဲ့တဲ့ သုံးလလောက်က အဲဒီအမျိုးသမီးရဲ့ စာတစ်စောင် အခိုးခံလိုက်ရတယ်။ ဘာစာလဲဆိုတော့ ဒီအမျိုးသမီးက လူတစ်ယောက်ကို ငွေအတော်များများ ထောက်ပံ့လိုက်တာကို ဟိုလူက လက်ခံရရှိပါတယ်ဆိုတဲ့ အမျိုးသမီး ဆီပြန်ရေးလိုက်တဲ့ စာပဲ"

ရဲအရာရှိက စကားကို ခဏရပ်လိုက်ပြန်တယ်။

"ဒီအမျိုးသမီးရဲ့ ခင်ပွန်းမှာ နိုင်ငံရေးပြိုင်ဘက်ရန်သူတစ်ဦး ရှိနေတယ်။ အဲဒီလူဟာ 'ဒီ–အာစီ'ဆိုတဲ့လူပဲ။ အဲဒါတွေ ကျွန်တော်တို့အားလုံး သိကြတယ်။ ဒီစာကို ခိုးတဲ့သူဟာလည်း အဲဒီလူပဲ။ တစ်ဖက်လှည့်နဲ့ ခိုးယူလိုက်တာဖြစ်မယ်လို့ ကျွန်တော်တို့က ယူဆထားခဲ့ပါတယ်။ သူဟာ အမျိုးသမီးရဲ့ လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ်စောင့်ကြည့်နေတဲ့ လူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒီစာဟာလည်း အဲဒီလူရဲ့ အိမ်ခန်းထဲမှာပဲ ရှိနေသေးတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားတယ်။ သူ့အကြံက အဲဒီစာနဲ့ သူ့ပြိုင်ဘက်ကို ခြိမ်းခြောက်ပြီး ပြိုင်ဘက်ရဲ့ နိုင်ငံရေးအာဏာ ကျဆင်းသွားအောင် လုပ်ဖို့ပဲ။ ဒီမှာ မစ္စတာဒူပင် ခင်ဗျားလည်း အသိပဲ။ ကျွန်တော့်မှာ ပါရီမြို့တစ်မြို့လုံးရဲ့ အိမ်ခန်းတိုင်းကို ဖွင့်ဝင်နိုင်တဲ့ သော့တွေ ရှိနေတယ်ဆိုတာကို လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက ကျွန်တော်တို့ဟာ ညနေတိုင်း သူ့ရဲ့ အိမ်ခန်းကို ဝင်ပြီး စာကိုရှာခဲ့တယ်။ ဒါပေမဲ့ မတွေ့ခဲ့ဘူး။ ဒီအတွက် ကျွန်တော်တို့ကို ခင်ဗျားအနေနဲ့ ဘယ်လိုအကြံဉာဏ်မျိုးပေးမလဲ ဆိုတာ သိချင်လို့ ခင်ဗျား ဆီလာခဲ့တာပဲ"

ဒူပင်ဟာ ဆေးတံကို တစ်ချက်ရှိုက်ဖွာလိုက်ပြီး –

"စာရဲ့ အနေအထားက ဘယ်လိုရှိလဲ"

"စာကို စာအိတ်အဖြူထဲမှာ ထည့်ထားပြီး အနီရောင် တံဆိပ်ခေါင်း ကပ်ထားတယ်။ နောက်ပြီး စာအိတ်ပေါ်မှာ အနက်ရောင်မင်နဲ့ လိပ်စာကို စာလုံးခပ်ကြီးကြီးနဲ့ ရေးထားပါတယ်"

ဒူပင်ဟာ ဆေးတံကို တစ်ချက် ရှိုက်ဖွာလိုက်ပြန်ပါတယ်။

"ကျွန်တော် အကြံပေးရရင်တော့ ခင်ဗျားတို့အနေနဲ့ အဲဒီလူရဲ့ အိမ်ခန်းကို ပြန်သွားပြီး စာကို ထပ်ရှာကြည့်စေချင်တယ်"

တစ်လလောက်ကြာသွားတဲ့အချိန်မှာ ရဲအရာရှိဂါမွန်းဟာ ကျွန်တော်တို့နဲ့ လာတွေ့ပါတယ်။

"ခင်ဗျား အကြံပေးလိုက်တဲ့အတိုင်း ကျွန်တော်တို့ ပြန်သွားရှာတာပဲ။ ဒါပေမယ့် အခုထိ မတွေ့သေးဘူး"

ဒူပင်က ပြုံးလိုက်ပါတယ်။

"ကျွန်တော် သိသားပဲ။ ခင်ဗျားတို့တွေ့မှာ မဟုတ်ဘူးဆိုတာကို"

သူ့စကားကြောင့် ရဲအရာရှိဟာ ဒေါသထွက်ပြီး မျက်နှာနီမြန်းလာပါတော့တယ်။

"ဒါနဲ့တောင် ခင်ဗျားက ကျွန်တော်တို့ကို ထပ်ရှာဖို့ အကြံပေးလိုက်သေးတယ်"

ဒေါသကြောင့် ရဲအရာရှိရဲ့စကားသံက အတော့်ကို ကျယ်သွားပါတယ်။

"ဒီမှာ မစ္စတာဂါမွန်း။ ခင်ဗျားကို ကျွန်တော်တစ်ခု ပြောပြမယ်။ နာမည်ကြီးဆရာဝန် 'ဒေါက်တာ လူးဝစ်အာဘာနာသီ'ကို ခင်ဗျား မှတ်မိမှာပေါ့"

"မမှတ်မိဘူး။ လိုရင်းကို ပြောပါ"

ရဲအရာရှိကတော့ ဒေါသကြောင့် စိတ်လှုပ်ရှားနေတုန်းပါပဲ။

"ကောင်းပြီလေ။ ပြောပြရတာပေါ့။ တစ်ညပါတီတစ်ခု လူချမ်းသာ အဘိုးကြီးတစ်ယောက်က အဲဒီဆရာဝန်ကို တွေ့ခဲ့တယ်။ ဒီအဘိုးကြီးက သိပ်မကျန်းမာဘူး။ အဘိုးကြီးက ငွေမပေးရဘဲနဲ့ အဲဒီဆရာဝန်ဆီက သူ့ကျန်းမာရေးအတွက် အကြံဉာဏ်တွေလိုချင်တယ်။ ဒီတော့ ဆရာဝန်ကို သူခံစားနေရတဲ့ ရောဂါအခြေအနေတွေကို ပြောပြတယ်။ နောက်ပြီး ဘာဆက်ပြောလဲဆိုတော့ အဲဒီလိုရောဂါမျိုးနဲ့ လူနာရောက်လာပြီး အကြံဉာဏ်တောင်းရင် ဘယ်လိုပြန်ပြောမလဲလို့ မေးတယ်။ ဒီတော့ ဆရာဝန်က ဒါက လွယ်လွယ်လေးပါ။ အကြံဉာဏ်အတွက် ငွေပေးရမယ်လို့ ပြောလိုက်မှာပေါ့လို့ ပြန်ဖြေတယ်"

ရဲအရာရှိဟာ ဒူပင်ရဲ့စကားကြောင့် အတော် စိတ်ရှုပ်သွားပုံရပါတယ်။ နောက်မှ –

"ဒီမှာ မစ္စတာဒူပင် ခင်ဗျားရဲ့အကြံအဉာဏ်အတွက် ထိုက်ထိုက်တန်တန် ပေးပါ့မယ်"

ဒူပင်က ရဲအရာရှိကို ပြုံးပြလိုက်တယ်။

''နေပါဦး။ ဒီစာကို ပြန်တွေ့ရင် ခင်ဗျားအတွက် ဆုငွေ ဘယ်
ာက်ရမှာလဲ''

ရဲအရာရှိက သက်ပြင်းချလိုက်ပြီး ဆုငွေဘယ်လောက်လဲဆိုတာ
ာ့ ခင်ဗျားကို မပြောချင်ဘူး။ ဒါပေမဲ့ ဒီပျောက်သွားတဲ့စာအတွက်
ကူအညီ ပေးတဲ့သူကို ဖရန့်ငါးသောင်းပေးဖို့ ကျွန်တော် ဆုံးဖြတ်ထားပါ
ယ်။

''ဒါက အရေးကြီးပါတယ်။ ကဲ ... ခင်ဗျားရဲ့ ချက်လက်မှတ်စာ
ပ်ကို ထုတ်ပြီး ကျွန်တော့်အတွက် ဖရန့်ငွေ ငါးသောင်းရေးပြီး လက်မှတ်ထိုး
က်တော့ အဲဒီပျောက်သွားတယ်ဆိုတဲ့ စာကိုပေးလိုက်မယ်''

ဒူပင်ရဲ့ စကားကြောင့် ရဲအရာရှိဟာ အံ့သြသွားပြီး ပါးစပ်အဟောင်း
ားဖြစ်သွားပါတယ်။ သူ့မျက်လုံးတွေလည်း မျက်နှာက ခုန်ထွက်သွားတော့
တတ် ပြူးထွက်လာပါတယ်။ နောက်တော့ အိတ်ထဲက ချက်လက်မှတ်
အုပ်ကို ထုတ်ပြီးတော့ ဖရန့်ငွေငါးသောင်းရေးပြီး လက်မှတ်ထိုးလိုက်
တယ်။ ပြီးတော့ ချက်လက်မှတ်ကို ဒူပင်လက်ထဲ ထည့်လိုက်ပါတယ်။
ပင်ဟာ ချက်လက်မှတ်ကို အသေအချာကြည့်ပြီး အင်္ကျီအိတ်ထဲထည့်
က်ပါတယ်။ နောက် စားပွဲအံဆွဲကိုသော့နဲ့ ဖွင့်ပြီးတော့ စာအိတ်ကိုထုတ်ပြီး
အရာရှိကို လှမ်းပေးလိုက်တယ်။ လှမ်းယူလိုက်တဲ့ ရဲအရာရှိရဲ့ လက်တွေဟာ
ုန်နေတာကို ကျွန်တော် သတိထားမိပါတယ်။ ပြီးမှ အိတ်ထဲကစာကို
ုတ်ပြီး ကမန်းကတန်း ဖတ်ကြည့်လိုက်တယ်။ ဖတ်ပြီးတာနဲ့ စာကိုအိတ်ထဲ
ြန်ထည့်ပြီး သူ့အင်္ကျီအိတ်ထဲ ထည့်လိုက်တယ်။ ရဲအရာရှိဟာ စကား
တစ်လုံးမှ မပြောတော့ဘဲ တစ်ခါတည်း အခန်းထဲက ခပ်မြန်မြန်ထွက်သွား
ါတော့တယ်။

''ဒူပင် ခင်ဗျားဒီကိစ္စကို ဘယ်လိုရှင်းလိုက်တာလဲ''

''ဒါဟာ လွယ်လွယ်လေးပဲ သူငယ်ချင်း။ ဒီရဲအရာရှိနဲ့ သူ့လူတွေ
ာ ဒီစာကို မတွေ့နိုင်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ စာကို
ိုးသွားတဲ့သူရဲ့ စိတ်အနေအထားကို နားလည်အောင် မကြိုးစားလို့ဘဲ။
သူတို့အဖို့ကတော့ စာကို ဘယ်မှာဝှက်ထားမလဲဆိုတာလောက်ပဲ သတိရဖို့

အရေးကြီးနေတယ်။ ဒီစာကို ခိုးတဲ့မစ္စတာ ဒီ–အာစီဟာ ရဲဘက်ကလူမဟုတ်ဘူး။ ဒါပေမဲ့ သူဟာ ဉာဏ်ပညာအတွေးအခေါ်ရှိတဲ့ လူတစ်ယောက်။ သူ့အိမ်ခန်းကို ရဲတွေလာလိမ့်မယ်ဆိုတာ သူ အစောကြီးကတည်းက သိနေတယ်။ ရဲတွေရဲ့ စိတ်ကူးကို သူကြိုသိနေတယ်။ ဒီတော့ ဒီစာကို ဝှက်ထားနိုင်တယ်လို့ ရဲတွေထင်ထားတဲ့ နေရာမှာ သူမထားတော့ဘူး''

ဒူပင်ဟာ စကားကို ရပ်လိုက်တယ်။

''ကျွန်တော်က ရဲအရာရှိကို လျှို့ဝှက်နက်နဲတာတွေဟာ တချို့လူတွေအဖို့ ဖြေရှင်းရခက်နေပေမဲ့ ဒါဟာ လွယ်လွယ်လေးပါလို့ ပြောလိုက်တော့ သူ ရယ်လိုက်တာကို ခင်ဗျားမှတ်မိလား''

ဒူပင်ဟာ သူ့ဆေးတံမှာ ဆေးထပ်ဖြည့်လိုက်ပါတယ်။

''ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် အများကြီး စဉ်းစားခဲ့တယ်။ နောက် ဒီစာကို ရဲတွေ မတွေ့နိုင်ဘူးလို့လည်း သိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစာကိုမစ္စတာဒီ–အာစီဟာ ဝှက်မထားဘူးဆိုတာကို သိနေလို့ပဲ။ ဒါကြောင့် တစ်နေ့တော့ ကျွန်တော်ဟာ မစ္စတာဒီ–အာစီရဲ့ အိမ်ခန်းကို အလည်သွားခဲ့တယ်။ အဲဒီအချိန်က ကျွန်တော်ဟာ နေကာမျက်မှန်အစိမ်းရောင်ကို တယ်သွားတယ်။ မျက်လုံးအခြေအနေအရ ဒီမျက်မှန်စိမ်းကို အမြဲတမ်း တပ်ထားရတယ်လို့ သူ့ကို ပြောပြလိုက်တယ်။ ကျွန်တော့်စကားကို သူ ယုံသွားတယ်။ မျက်မှန်စိမ်းတပ်ထားတော့ ကျွန်တော့်အနေနဲ့ အခန်းထဲ မျက်လုံးကစားပြီး လှည့်ပတ်ကြည့်လို့ရတာပေါ့။ မျက်မှန်အောက်က ကျွန်တော့်မျက်လုံး လှုပ်ရှားမှုတွေကို သူ မမြင်ရတော့ဘူးလေ''

ဒူပင်က စကားကို ခဏ ရပ်လိုက်ပါတယ်။ ပြီးမှ –

''ကျွန်တော်ဟာ အခန်းထဲက စားပွဲ ခပ်ကြီးကြီးကို အာရုံစိုက်ပြီး လေ့လာကြည့်မိတယ်။ စားပွဲပေါ်မှာက စာရွက်တွေ စာအုပ်တွေ အများကြီး ရှိနေတာကိုး။ ဒါပေမဲ့ အဲဒီမှာ မသင်္ကာစရာဆိုလို့ ဘာမှမတွေ့ရဘူး။ နောက် ကျွန်တော်ဟာ ဧည့်ခန်းထဲက မီးလင်းဖိုရဲ့ နံဘေးဘက်ကို ရုတ်တရက် ကြည့်လိုက်မိတယ်။ အဲဒီမှာ စင်လေးတစ်စင်ကို တွေ့ရတော့တာပဲ။ စင်လေးဟာ ကျွန်တော်ထိုင်နေတဲ့ နေရာနဲ့အတော့်ကို နီးနီးလေးမှာ ရှိနေတယ်။

ုတ်စင်လေးပေါ်မှာ ပို့စကဒ်တွေနဲ့ စာအိတ်တစ်အိတ်ကို တွေ့လိုက်ရတယ်။ သူ့စာအိတ်က ဟောင်းပြီး ညစ်ပတ်ပေရေနေတယ်။ စာအိတ်ကို တွေ့တာနဲ့ ်နေဒီစာအိတ်ဟာ ကျွန်တော် ရှာနေတဲ့ စာအိတ်ဖြစ်ရမယ်လို့ သိလိုက်တယ်။ တဒါပေမဲ့ စာအိတ်ဟာ ရဲအရာရှိ မစ္စတာဂါမွန်းပြောတဲ့ စာအိတ်နဲ့ မတူဘူး''

သူဟာ ကျွန်တော့်မျက်နှာကို ခဏမျှကြည့်နေလိုက်သေးတယ်။ နောက်မှ သူ့စကားကို ပြန်ဆက်ပြောတယ်။

''စာအိတ်မှာ အစိမ်းရောင် တံဆိပ်ခေါင်း ခပ်ကြီးကြီး ကပ်ထား ိုက်တယ်။ နောက်ပြီး လိပ်စာကို အပြာရောင်မင်နဲ့ စာလုံးခပ်သေးသေးပဲ ရေးထားတယ်။ ကျွန်တော်ဟာ မစ္စတာဒီ–အာစီနဲ့ စကားပြောနေတဲ့ တစ်ချိန် လုံး ဒီစာအိတ်ကို အသေးစိတ် လေ့လာကြည့်နေမိတယ်။ ရုတ်တရက် ယ်။သူဟာ ကျွန်တော့်ဆီက မျက်နှာကို တစ်ဖက်လှည့်လိုက်တာနဲ့ ကျွန်တော် ဲဆိုဟာ ကျွန်တော့်လက်အိတ်တစ်ဘက်ကို ကြမ်းပြင်ပေါ် အသာလွှတ်ချလိုက်ပြီး ို့ပဲ။ကျွန်တော်ထိုင်နေတဲ့ ကုလားထိုင်အောက်ကို ခြေနဲ့ အသာဆွဲသွင်းထားလိုက် းကိုပါတယ်''

ကျွန်တော်ဟာ ဘာစကားမှကြားဖြတ် မမေးဘဲ သူ့စကားကို ခမြဲစိတ်ဝင်တစား နားထောင်နေမိပါတယ်။

''နောက်တစ်နေ့မနက်ကျတော့ ကျွန်တော့်လက်အိတ်ရှာဖို့ သူ့အိမ် ထဲခန်းကို ပြန်သွားခဲ့တယ်။ လက်အိတ်ကိုယူပြီး စကားပြောနေကြတုန်းမှာ ျွန်လမ်းပေါ်က ဆူဆူညံညံ အသံတွေ ကြားရတယ်။ သူဟာ ပြတင်းပေါက်ဆီ လျှောက်သွားပြီး လမ်းပေါ်သွားကြည့်တယ်။ ဒီအချိန်မှာ ကျွန်တော်ဟာ စင်လေးဆီ အသာထသွားပြီး စာအိတ်ကို ယူပြီး အိတ်ထဲထည့်လိုက်တယ်။ ပြီးနောက် အသင့်ယူလာတဲ့ ကျွန်တော့်အိတ်ထဲက ပုံစံတူစာအိတ်ကို အစားထိုး ကြီးပြန်ထားလိုက်တယ်။ အဲဒီစာအိတ်ကိုတူအောင် ညကတည်းက ကျွန်တော် ာ်ဖန်တီးလိုက်တာပဲ''

သူက ပြောနေရင်းနဲ့ ပြုံးလိုက်ပြန်တယ်။

''လမ်းပေါ်မှာ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားတာက လူတစ် ယောက် မြင်းလှည့်ရှေ့က ဖြတ်ပြေးလို့ လူတွေလန့်ပြီး အော်လိုက်ကြတာပဲ

ဖြစ်တယ်။ ဒီလူမှာ ဘာမှမထိခိုက်သွားဘူး။ မစ္စတာဒီ–အာစီပြုတင်းပေါက်ကနေ ကျွန်တော့်အနားပြန်ရောက်လာတော့ ကျွန်တော်လည်း နှုတ်ဆက်ပြီးပြန်လာခဲ့တယ်။ တကယ်တော့ လမ်းပေါ်မှာ မြင်းလှည်းရှေ့က ဖြတ်ပြေးတဲ့လူဟာ ကျွန်တော့်လူပါ။ အခုလိုလုပ်ဖို့ ကျွန်တော် ခိုင်းထားတာ''

သူဟာ သူ့စကားကို ရပ်လိုက်ပြီး ဆေးတံကို မီးညှိလိုက်တယ်။ အမှန်အတိုင်းပြောရရင် သူ့ကို ကျွန်တော် နားမလည်နိုင်တော့ဘူး။

''သူငယ်ချင်း ဒူပင်ရယ်။ ဒုက္ခခံပြီး ဘာဖြစ်လို့ စာအိတ်အစားထိုးထားခဲ့ရတာလဲ။ စာအိတ်ကိုသာ ယူပြီး ဘာဖြစ်လို့ အိမ်ခန်းထဲက ပြန်မထွက်လာရတာလဲ''

''မစ္စတာဒီ–အာစီဟာ သိပ်ပြီး အန္တရာယ်ပေးတတ်တဲ့လူ။ သူ့မှာသူ့အပေါ်သစ္စာရှိတဲ့ လူယုံတပည့်တွေ ရှိတယ်။ ကျွန်တော်သာ စာအိတ်ယူပြီးပြန်ထွက်ခဲ့ရင် သူ ချက်ချင်းသိမှာပဲ။ ဒီလူက လူပါး လူနပ်။ အဲဒီတော့သူ့လူတွေရဲ့ လက်ချက်နဲ့ပဲ သူ့အိမ်ခန်းထဲက အသက်ရှင်လျက်နဲ့ ပြန်ထွက်လာလို့ ရမှာ မဟုတ်ဘူး သူငယ်ချင်း''

**မောင်တင်မွန်**

ကမ္ဘာကျော်အမေရိကန် စာရေးဆရာကြီး Edgar Allan Poe ရဲ့ THE PURLOINED LETTER ဝတ္ထုတိုကို ဆီလျော်အောင် ပြန်ဆိုပါတယ်။

## ယုံမှားသံသယ

ဟမ့်ရှိုင်းယားနယ်ရှိ ချယ်လ်တင်ဟမ် မြို့ကလေးသည် တစ်ခါက သာယာသော သဘာဝအတိုင်း တောမြို့တစ်မြို့အဖြစ် တည်ရှိသည် မြို့စွန်တွင် ဝက်သစ်ချပင်များ စုပြုပြွတ်သိပ်စွာ ပေါက်ရောက်နေသော နေရာတစ်ခုရှိသည်။ ထိုနေရာတွင် အိုမင်း၍ ပြိုကျပျက်စီးနေသော ကျောက်တစ်ချပ်ပုံစံ တစ်ထပ်တိုက်ကလေးတစ်လုံးကို တွေ့ရသည်။ ထိုတိုက်ကလေး၏ နောက်ဘက် ခပ်လှမ်းလှမ်းတွင် နှစ်ခန်းတွဲ အဆောက်အဦးပျက်တစ်ခုရှိသည်။ ဘေးဘက်ခြံဝင်းထဲတွင် တစ်ချိန်က ဥယျာဉ်ဖြစ်ဟန်ရှိသောနေရာတွင် ယခုအခါ နှင်းဆီရိုင်းများနှင့် အလေ့ကျ ဆူးချုံများက အနှံ့အပြား အလှမ်းဝေးသော နေရာတွင် တည်ရှိသောကြောင့်တစ်ကြောင်း၊ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ခြောက်ကပ်နေသည်။

မည်သို့ပင်ဖြစ်စေ၊ ညနေဆည်းဆာချိန်ကျော်လွန်ချိန် ရောက်ပြီဆိုပါက မြို့ခံသက်ကြီးရွယ်အိုများက သူတို့၏ သားမြေးကလေးများကို ထိုတိုက်ပျက်နှင့် ခြံဝင်းကျင်သို့ ဖြတ်သွားဖြတ်လာခြင်း မပြုရန် တားမြစ်ပိတ်ပင်လေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုခြံဝင်းထဲတွင် ပိုးတစ်ဝါး အသွင်

သဏ္ဌာန်တစ်ခုသည် လက်ထဲ၌ တစ်စုံတစ်ခု ကိုင်ဆောင်လျက် တောနှင်းဆီရိုင်းပင်များ၊ အလေ့ကျ ဂရေးနီးယန်းပင်များကြားတွင် ရွေ့လျားသွားလာနေကြောင်း၊ တစ်ခါတစ်ရံ လသာသောညဉ့်များ၏ လရောင်အောက်တွင် ဦးခေါင်းကင်းမဲ့သော လူသဏ္ဌာန်တစ်ခု ရှိုက်ကြီးတငင် ငိုကြွေးမြည်တမ်းနေသည်ကို မြင်တွေ့ကြားယောင်ကြကြောင်း စသော ဖြစ်ရပ်များကြောင့် ထိုကဲ့သို့ တွားမြစ်ခဲ့ကြခြင်း ဖြစ်သည်။

စင်စစ်အားဖြင့် ထိုဖြစ်ရပ်၏ အစပျိုးခဲ့သော အကြောင်းတရားမှာ ၁၉၅၁ ခုနှစ်တွင် ထိုတစ်ထပ်တိုက်လေး၌ ဂျွန်စမစ် ဆိုသော သိပ္ပံပညာရှင်တစ်ယောက်နှင့် သူ့ဇနီး နန်စီစမစ်၊ သားငယ်တိုနီတို့ နေထိုင်ခဲ့ကြစဉ်က ဖြစ်ခဲ့သည်။

▪

ဂျွန်စမစ်တို့ မိသားစု သုံးယောက်သည် မြို့ပြင်တွင် ကျယ်ဝန်းသော ပန်းဥယျာဉ်ထဲရှိ တစ်ထပ်တိုက်ကလေးတွင် ဆိတ်ငြိမ်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည်။ မြို့နေ လူတန်းစားများနှင့် အလှမ်းကွာ၍ သီးသန့်နေတတ်သူဖြစ်သည်။ ဂျွန်စမစ်၏ တိုက်နောက်ဘက် ခပ်လှမ်းလှမ်းတွင် နှစ်ခန်းတွဲအဆောက်အဦတစ်ခုကို ဆောက်လုပ်ရေးလုပ်သားအချို့အား ဂျွန်စမစ်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ၍ သူ့စိတ်ကြိုက် တည်ဆောက်စေခဲ့ခြင်း ဖြစ်သည်။ မည်သို့သော သုတေသနလုပ်ငန်းကို ပြုလုပ်မည်ဖြစ်ကြောင်း ကြိုတင်ပြောမပြထားခဲ့သောကြောင့် သူနှင့် ရင်းနှီးသော သိပ္ပံပညာရှင် အပေါင်းအသင်းတချို့က မေးမြန်းစုံစမ်းကြရာတွင် "ကျုပ် လုပ်ငန်းတိုးတက်မှုကို နေ့စဉ်မှတ်တမ်းပြုစုထားပါတယ်။ မကြာခင် ကာလအတွင်းမှာ ပြီးဆုံးအောင်မြင်တော့မှာပါ။ အဲဒီအခါကျတော့မှ မိတ်ဆွေတို့ကို ပြည့်ပြည့်စုံစုံ ရှင်းပြပါမယ်" ဟူ၍ ပြောခဲ့သည်။

သုတေသနပြုလုပ်သော အခန်း နှစ်ခန်းတွဲ၏ အလယ်ရှိ အုတ်နံရံကို ပိုက်လိုင်းတစ်ခု သွယ်တန်းခြင်းမှအပ၊ အခြားမည်သည့် ဆက်စပ်မှုမှ မရှိပါချေ။ အခန်းတစ်ခန်းစီထဲတွင် ငါးပေ၊ ဆယ်လက်မ စီမြင့်သော ဖန်ပေါင်းချောင်ကြီးတစ်ခုစီ ရှိသည်။ ပလပ်စတစ် ပိုက်လိုင်းများ၊ ရူပဗေဒဆိုင်ရာ

တ်ခွဲခန်းပစ္စည်းများ၊ လျှပ်စစ်ကြိုးများ၊ အီလက်ထရောနစ် ပစ္စည်းများ၊ ခွက်များပါဝင်သည့် ခလုတ်ခုံ၊ ဆက်သွယ်ရေး ရီမုတ်ကွန်ထရိုးများ စသည့် ံ စနစ်တကျ စီစဉ်ပြုလုပ်ထားသည်။ အခန်းတွင်း ၂၄ နာရီပတ်လုံး ည့်ပတ်နေသော လေအေးပေးစက်များနှင့်အတူ လေညစ်ထုတ်စနစ်များ ုလည်း တပ်ဆင်ထားသည်။

သုတေသန ပြုလုပ်ရန်အတွက် အခန်းတွင်းသို့ ဂျွန်စမစ် ဝင်သွားပြီ ုလျှင် သူသည် ပြင်ပရှိ ဇနီးနှင့် သားကို လုံးဝ အဆက်အသွယ် ဖြတ်ထား ုက်သည်။ တစ်နေ့တာ စမ်းသည့်တီတွင်ဆောင်ရွက်မှု လုပ်ငန်းများ ပြီးဆုံး ားသောအခါကျမှသာ အခန်းတွင်းမှ ထွက်လာလေ့ရှိသည်။ ထိုအခါမှသာ ဇနီး သားစုသုံးယောက် ပျော်ရွှင်ကြည်သာစွာ နေထိုင်ကြရသည်။ တစ်စ ာစ်စနှင့် ဂျွန်စမစ်၏ စမ်းသပ်တီထွင်မှု၏ အရေးပါသော အဆင့်ရောက်ရှိ ာခဲ့သည်။

"ဒီနေ့ကစပြီး ကျုပ်ရဲ့ တီထွင်စမ်းသပ်မှုကို သက်ရှိသတ္တဝါနဲ့ ဆောင်ရွက်ရတော့မယ်။ တစ်ပတ်အတွင်း ဓာတ်ခွဲခန်းထဲမှာ အာရုံစိုက်ပြီး ုပ်ရမှာဖြစ်တဲ့အတွက် ဘာအကြောင်းကြောင့်မှ ကျုပ်ကို လုံးဝ အနှောင့် ယှက် မပေးစေချင်ဘူး။ ကျုပ် လုပ်ငန်းကာလွဲလို့ အရာခပ်သိမ်းနဲ့ လုံးဝ ဆက်အသွယ် ဖြတ်ထားလိုက်တော့မယ်။ တခြား ဘယ်လောက် အရေး ကြီးတဲ့ ကိစ္စ ဖြစ်ပေစေ၊ နန်စီ စိတ်ကြိုက်ဆုံးဖြတ်ပြီး ဆောင်ရွက်ခွင့်ပြုတယ်။ ကျုပ်ကို တိုင်ပင်စရာ မလိုဘူး"

ဂျွန်စမစ်က သူ့ဇနီး နန်စီကို အလေးအနက် မှာကြားလိုက်သည်။

"ဒါဆို ရှင့်အတွက် စားသောက်ဖို့ ,ကိစ္စကို ကျွန်မ ဘယ်လို စီစဉ်ပေးရမလဲ ဂျွန်"

နန်စီက မေးသည်။

"ဒါက ပြဿနာ မရှိပါဘူး။ ဓာတ်ခွဲလုသေတနခန်း အပြင်ဘက်က ာင်လေးပေါ်မှာ အစားအသောက်ပန်းကန်တွေပါတဲ့ လင်ပန်းကို တင်ထားပါ။ ဓာတ်ခွဲခန်းမှာ အလိုအလျောက် မီးစိမ်းလေး လင်းသွားလိမ့်မယ်။ ခဏ ားလို့ရတဲ့အချိန်မှာ ကျုပ်ဖာသာ ယူစားမယ်"

ထိုအချိန်မှစ၍ ဂျွန်စမစ်သည် သူ့မိသားနှင့် တစ်ခြံထဲတွင် ရှိနေပါ လျက်နှင့် လုံးဝအဆက်ပြတ်သွားခဲ့သည်။ ရက်သတ္တတစ်ပတ် ပြည့်သောနေ့မှ ခတ်ခွဲသုသေသန ခန်းထဲမှ ပြန်ထွက်လာသည်။ သူ၏ မျက်နှာကြီးက ပြည့်ပြည့်ဝဝ ပြုံးရွှင်နေသည်။ သူ့လက်ထဲတွင် ဆွတ်ဆွတ်ဖြူသော သက်ရှိ ယုန်လေးတစ်ကောင်ကို ပွေ့ပိုက်ထားသည်။

"ပထမအဆင့် သက်မဲ့သစ်သားတုံးကလေး၊ ဒုတိယအဆင့် ဟော ဒီ သက်ရှိယုန်ကလေးနဲ့ စမ်းသပ်တဲ့အထိ အောင်မြင်သွားပြီ၊ တတိယအဆင့် ကို ရှေ့အပတ် တနင်္ဂနွေနေ့ကျရင် ဆက်လက်ဆောင်ရွက်ဖို့ အဆင်သင့် စီစဉ်ပြီးပြီ၊ တတိယအဆင့် ပြီးဆုံးသွားတဲ့အခါကျမှ ကျုပ်တို့မိသားစု ပြည်ပကို အပျော်ခရီး ထွက်ကြတာပေါ့"

ဂျွန်စမစ်က လှိုက်လှဲစွာ ပြောသည်။

နန်စီသည် သူ့လင်ယောက်ျား၏ အလုပ်ကို မည်သည့်အခါမှ စပ်စုလေ့မရှိပါချေ။ လင်ယောက်ျားက ပြောပြသည့်အခါမျိုးကျမှ နားထောင် လေ့ရှိသည်။ ထိုအခိုက်အတန့်တွင် သားငယ် တိုနီက ပန်းဥယျာဉ်ထဲမှ ပြေးထွက်လာသည်။ သူ့လက်ထဲတွင် လိပ်ပြာဖမ်းသော တုတ်တပ်ပိုက်ကွန် လေးနှင့် အဝကျယ် ဖန်ပုလင်းတစ်လုံးပါသည့် ဖန်ပုလင်းထဲတွင် ရောင်စုံ လိပ်ပြာ ငါးကောင်မျှ တွေ့ရသည်။

"ဒက်ဒီ ဒီမှာ ကြည့်ပါဦး အရမ်းလှတယ်နော်"

ပန်းဥယျာဉ်ထဲတွင် ရောင်စုံလိပ်ပြာများ လွတ်လပ်ပျော်မြူးစွာ လူးလားပျံဝဲနေကြသည်။ တိုနီက တုတ်တပ် ပိုက်ကွန်ဖြင့် လိုက်ဖမ်း၍ ပုလင်းထဲသို့ ထည့်လာခြင်း ဖြစ်သည်။ ဂျွန်စမစ်က သူ့သားလေးကို ဆီးကြို ပွေ့လိုက်သည်။

"ရော့ ဟောဒါလေးက သားအတွက် လက်ဆောင်"

ဂျွန်စမစ်က ယုန်ကလေးကို သားငယ်တိုနီအား လှမ်းပေးလိုက် သည်။ တိုနီက ဖခင်ပေးသော ယုန်ကလေးကို လှမ်းယူ၍ အိမ်ထဲသို့ ပြေး ဝင်သွားသည်။

''တတိယအဆင့် လုပ်ဆောင်ဖို့အတွက် သုံးရက်ပဲ ကြာလိမ့်မယ်။ အဲဒီသုံးရက်အတွင်းမှာ ကျုပ်အတွက် အစားအသောက် စီစဉ်စရာ မလိုတော့ဘူး နန်စီ''

ဂျွန်စမစ်က ပြောလက်စ စကားကို ဆက်ပြောသည်။

နန်စီက ဘာမှ ပြန်မမေးတော့ဘဲ ဆက်လက်မှာကြားမည့် အကြောင်းကိုသာ အာရုံစိုက်၍ နားထောင်နေလိုက်သည်။

''နာဆာ အာကာသသိပ္ပံသုတေသန စခန်းကို ကျုပ် ရောက်တုန်းက သိရှိခဲ့ရတဲ့အတိုင်း လူတစ်ယောက်အတွက် တစ်နေ့စာ လိုအပ်တဲ့ ကယ်လိုရီနဲ့ ဗိုက်တာမင်တွေကို ဆေးပြားအဖြစ် မြုလုပ်ထားတယ်။ အရေးတကြီး တီထွင်စူးစမ်းမှုတွေ ဆောင်ရွက်နေချိန်မှာ စားသောက်ဖို့ အချိန်မပေးနိုင်ဘူး။ ဒါကြောင့် အဲဒီဆေးတစ်ပြားကို မြိုထားလိုက်ရုံနဲ့ တစ်နေ့တာပတ်လုံး ဘာမှ မစားဘဲ အဆင်ပြေသွားတယ်။ တကယ်လို့ အဲဒီသုံးရက်အတွင်း ကျုပ်က နန်စီကို တစ်ခုခုမှာစရာကိစ္စ ပေါ်လာရင် စာရွက်လေးနဲ့ရေးပြီး ဓာတ်ခွဲခန်းရဲ့ တံခါးရွက်အောက်ခြေက ပို့ပေးလိုက်မယ်''

ဂျွန်စမစ်က ကြိုတင်မှာကြားမှုကို အဆုံးသတ်လိုက်သည်။

■

တနင်္ဂနွေနေ့တွင် ဂျွန်စမစ်က ဓာတ်ခွဲသုတေသနခန်းထဲသို့ ဝင်သွားသည်။ တနင်္လာနေ့ မွန်းလွဲချိန်တွင် သုတေသနခန်း၏ တံခါးရွက်အောက်ခြေမှ စာရွက်ဖြူလေးတစ်ရွက် ထိုးထွက်နေသည်ကို နန်စီက သတိပြုမိလိုက်သည်။ ထို့ကြောင့် သူမက ကောက်ယူဖတ်ရှုလိုက်သောအခါ –

အဖြူရောင်မျက်နှာနဲ့ ယင်ကောင်လေးတစ်ကောင်ကို ခြံထဲမှာ အလျှင်အမြန် လိုက်ရှာပြီး ဖမ်းခဲ့ပါ။ နန်စီနဲ့အတူ သားလေးတိုနီပါ အဲဒီယင်ကောင်လေးကို မရ ရအောင် ဖြစ်တဲ့နည်းနဲ့ ဖမ်းယူခဲ့ပါ။ သုံးရက်ကျော်လို့မှ အဖြူရောင်မျက်နှာနဲ့ ယင်ကောင်ကို မဖမ်းမိရင်တော့ ကြေကွဲစရာ ဖြစ်ရလိမ့်မယ်။

ဟူသော စာကို ဖတ်ရှုလိုက်ရသည်။

ထို့ကြောင့် နန်စီ အကြီးအကျယ် ထိတ်လန့်ခြောက်ခြားသွားမိသည်။ နန်စီက သားငယ်တိုနီကို ခေါ်၍ သားအမိနှစ်ယောက် တုတ်တပ်ပိုက်ကွန် တစ်လက်စီဖြင့် မျက်နှာဖြူရောင် ယင်ကောင်တစ်ကောင်ကို အသည်းအသန် ရှာဖွေကြရသည်။ ပန်းဥယျာဉ်ထဲသာမက အိမ်တွင်း အိမ်ပြင် ခြံပတ်ဝန်းကျင်တစ်ခုလုံး စေ့စေ့စပ်စပ် ကြည့်ရှုရှာဖွေကြသည်။ သို့ရာတွင် လုံးဝ ရှာမရပါချေ။

သုံးရက်ကျော်လွန်၍ ကြာသပတေးနေ့ နံနက်ပိုင်းသို့ ရောက်ရှိခဲ့သည်။ ဂျွန်စမစ်၏ သုတေသန ဓာတ်ခွဲခန်းထဲမှ ကျယ်လောင်စွာ ပြင်းထန်မြည်ဟိန်းသွားသော အသံကြီးတစ်သံကို နန်စီတို့ သားအမိ အထိတ်တလန့် ကြားလိုက်ကြရသည်။ ထို့ကြောင့် နန်စီသည် သားငယ်နှင့်အတူ သုတေသန ဓာတ်ခွဲခန်းတံခါးရှိရာသို့ အပြေးအလွှား သွားကြသည်။ တံခါးရွက်ကို လက်သီးဆုပ်ဖြင့် တဒုန်းဒုန်း ထုရိုက်ခေါ်ကြည့်သည်။

"ဂျွန် ... ဂျွန် ဘာဖြစ်လို့လဲဟင်၊ ရှင် ဘာဖြစ်တာလဲ၊ တံခါးဖွင့်ပေးပါ ဂျွန်"

နန်စီက ထပ်တလဲလဲ အော်ဟစ်မေးမြန်းသည်။

သို့ရာတွင် အတွင်းမှ မည်သည့်လှုပ်ရှားသံမှ မကြားရ၊ နန်စီ စိုးရိမ်သောကများ အမြင့်ဆုံး ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သက်ဆိုင်ရာ ရဲစခန်းနှင့် ဆေးရုံသို့ ဖုန်းဆက်သည်။ ထို့နောက် ဂျွန်စမစ်၏ အရင်းနှီးဆုံး အပေါင်းအသင်း သိပ္ပံပညာရှင် အချို့အားလည်း တယ်လီဖုန်းမှ တစ်ဆင့် အကြောင်းကြားလိုက်သည်။

နောက်ထပ် နာရီဝက်အတွင်း ဂျွန်စမစ်၏ ခြံထဲတွင် ရဲကား၊ ဆေးရုံကားနှင့် ဂျွန်စမစ်၏ အရင်းနှီးဆုံး အပေါင်းအသင်းများ ဖြစ်ကြသော သိပ္ပံပညာရှင်သုံးဦးတို့ ကားကိုယ်စီဖြင့် ရောက်လာကြသည်။

ရဲအရာရှိနှင့် သိပ္ပံပညာရှင် အပေါင်းအသင်း သုံးယောက်က နန်စီ ပြောပြသော ဂျွန်စမစ်၏ နောက်ဆုံးမှာကြားချက်ကို စိတ်ပါဝင်စားစွာ နားထောင်ကြသည်။ ထို့နောက် ရဲအရာရှိက သုတေသနဓာတ်ခွဲခန်းတံခါးကို ရိုက်ချိုးဖျက်ဖွင့်လိုက်သည်။

အခန်းထဲတွင် ဂျွန်စမစ်သည် ပက်လက်အနေအထားဖြင့် တည်ရှိ ၁ည်။ ကြီးမားလေးလန်သော သံတိုင်ကြီးတစ်ခုက ဂျွန်စမစ်၏ မျက်နှာနှင့် ခေါင်းတစ်ခုလုံးပေါ်သို့ ကျရောက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ခေါင်းနှင့် မျက်နှာတစ်ခုလုံး စိစိညက်ညက် ကြေမွနေသည်ကို မြင်ကြရ ၁ည်။ ဓာတ်ခွဲသုတေသနအခန်း နှစ်ခန်းစလုံးကို အတွင်းမှ လုံခြုံစွာ ပိတ် ားသောကြောင့် ပြင်ပမှ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် မဖြစ်နိုင် ကြောင်း ရဲအရာရှိက ကောက်ချက်ချသည်၊ ထိုသံတုံးကြီးကို မောင်းတက်ဖြင့် ၁င်၊ ဂျွန်စမစ်ကိုယ်တိုင် သံတုံးကြီး ကျလာမည့်နေရာတွင် ဦးခေါင်းမျက်နှာဖြင့် နှ၍ ခလုတ်ဖြုတ်ချလိုက်ခြင်း ဖြစ်ကြောင်း ထင်ထင်ရှားရှား သိသာမြင်သာ ၁ည်။ ဓာတ်ခွဲခန်းတွင်းရှိ ပစ္စည်းကိရိယာများအားလုံးကိုလည်း ကြိုတင် ကျက်ဆီးထားပုံရသည်။ ဂျွန်စမစ် သေဆုံးသောနေရာနှင့် လက်တစ်ကမ်းတွင် နေ့စဉ်မှတ်တမ်း စာအုပ်တစ်အုပ်ကိုလည်း တွေ့ရှိရသည်။

ထိုမှတ်တမ်းစာအုပ်ထဲတွင် ရေးသားပြုစုထားသော အကြောင်း အရာများကို ဂျွန်စမစ်၏ အရင်းနှီးဆုံး အပေါင်းအသင်းများ ဖြစ်ကြသော သိပ္ပံပညာရှင် သုံးယောက်က ဖတ်ရှုကြရာတွင် ထူးခြားဆန်းကြယ်သော သိပ္ပံသုတေသန တီထွင်စမ်းသပ်မှုအကြောင်းကို တွေ့ရှိကြရသည်။

ဂျွန်စမစ်သည် သုတေသန အခန်းနှစ်ခန်းအနက် တစ်ခန်းတွင် ပထမ စမ်းသပ်မှုအဖြစ် သစ်သားတုံးတစ်တုံးဖြင့် အောင်မြင်ခဲ့သည်။ ဒုတိယ စမ်းသပ်မှုအဖြစ် သက်ရှိ ယုန်ကလေးတစ်ကောင်ကို ဖန်ပေါင်းချောင်ထဲထည့် ၍ သာမန်မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော အသေးမွှားဆုံး ပရမ အနုမြူအဖြစ် ပြောင်းလဲစေပြီး ပိုက်ပြွန်လိုင်းမှတစ်ဆင့် Transmit လွှင့်ထုတ်ခဲ့သည်။ တစ်ဘက်ခန်းရှိ Receving Unit ဖန်ပေါင်းချောင်ထဲတွင် လက်ခံဖမ်းယူခဲ့ရာ မူလသက်ရှိယုန်ကလေးအတိုင်း ရရှိအောင်မြင်ခဲ့သည်။ တတိယ အနောက်ဆုံး အနေဖြင့် သူ့ကိုယ်သူ (သက်ရှိလူသား) စမ်းသပ်လွှင့်ထုတ်ပြီး ပြန်လည် လက်ခံဖမ်းယူခဲ့ရာ ထရန်စမစ် လွှင့်ထုတ်သော ဖန်ပေါင်းချောင်ထဲတွင် သူနှင့်အတူ ပါသွားသော ယင်ကောင်တစ်ကောင်ကို သတိမထားမိခဲ့ပါချေ။ ထို့ကြောင့် ရီဆီးဗင် ဖန်ပေါင်းချောင်ထဲသို့ ရောက်ရှိသွားချိန်တွင် ဂျွန်စမစ်သည်

ယင်ကောင်မျက်နှာနှင့် ဖြစ်နေသည်။ ယင်ကောင်က ဂျွန်စမစ်၏ မျက်နှာနှင့် ဖြစ်သွားသည်။ ဂျွန်စမစ်က ကိစ္စပြီးစီးပြီးဟု ယူဆ၍ သုတေသနအခန်းထဲမှ ထွက်လိုက်ချိန်တွင် မျက်နှာဖြူဖြူနှင့် ယင်ကောင်လေးက အခန်းပြင်သို့ ပျံထွက်သွားသည်။ ထို့ကြောင့် ထိုယင်ကောင်လေးကို သုံးရက်အတွင်း ရှာဖွေဖမ်းဆီးရန် ဇနီးဖြစ်သူ နန်စီအား စာဖြင့် မှာကြားလိုက်သည်။ အကယ်၍ သုံးရက်အတွင်း ယင်ကောင်လေးကို သူနှင့်အတူ ပြန်လည်၍ ထရန်စမစ် လုပ်ခဲ့လျှင် မူလအတိုင်း ပြန်လည်ရရှိနိုင်မည် ဖြစ်သည်။ သုံးရက်ကျော်လွန်ပါက မည်သို့မျှ ပြန်လည်ပြောင်းလဲ၍ မဖြစ်နိုင်တော့ကြောင်း သူ သိထားသည်။ ထို့ကြောင့် ကျန်ရှိသည့် သူ့ဘဝတစ်လျှောက်လုံး ယင်ကောင်မျက်နှာကြီးဖြင့် ရုပ်ပျက်ဆင်းပျက် ဆက်လက် အသက်ရှင်ရန် ဆန္ဒမရှိတော့ပါချေ။ သို့ဖြစ်ရာ သူ၏ တီထွင်စမ်းသပ်မှုအားလုံးနှင့် သူ၏ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးကိုပါ ဖျက်ဆီးအဆုံးသတ်လိုက်ကြောင်း ရေးသားခဲ့သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ဂျွန်စမစ်၏ မိတ်ဆွေ သိပ္ပံပညာရှင်များက ထိုသုတေသန ပြုချက်မှာ လုံးဝ မဖြစ်နိုင်ကြောင်း။ ဂျွန်စမစ်၏ စိတ်ကူးယဉ် ဆောင်ရွက်မှုသည် အမှန်တကယ် ဖြစ်လာခြင်း မဟုတ်ဘဲ၊ အတွေးများ အမြင်များဖြင့် စိတ်ဝေဒနာ ဖြစ်ခဲ့ခြင်းနှင့် နောက်ဆုံးတွင် သူ့ကိုယ်သူ စီရင်လိုက်ခြင်း ဖြစ်တန်ရာသည် ဟူ၍ မှတ်ချက်ချလိုက်ကြသည်။

ထိုဖြစ်ရပ်၏ နောက်ဆုံးတွင် ဂျွန်စမစ်၏ ဇနီး နန်စီသည် ထိုတိုက်နှင့် ခြံကို စွန့်ပစ်ခဲ့ပြီးနောက် သူမ၏သားငယ် တိုနီနှင့်အတူ မိဘရပ်ထံသို့ ပြန်သွားခဲ့သည်။

ထိုအချိန်မှ အစပြု၍ ချယ်လ်တင်မန်မှ ရပ်သူရွာသားများသည် မိမိကိုယ်ကို စီရင်သွားသော ဂျွန်စမစ်၏ အကြောင်းနှင့်ပတ်သက်၍ နားစွန်နားဖျား ကြားရသော သတင်းများကို အခြေခံ၍ အကျယ်ချဲ့ကားလျက် အမျိုးမျိုး အဖုံဖုံ ပြောကြသည်။ သူတို့ပြောသော ဖြစ်ရပ်များထဲတွင် ညနေ ဆည်းဆာချိန်ကို လွန်မြောက်သည်နှင့် တစ်ပြိုင်နက် မျက်နှာနှင့် ဦးခေါင်း တစ်ခုလုံးကြွေမွသွားသော ဂျွန်စမစ်သည် ဦးခေါင်းမပါသော ခန္ဓာကိုယ်ကြီးဖြင့် ချုံပုတ်များ ရှုပ်ထွေးနေသော တောနှင်းဆီရိုင်းပင်များအကြားတွင် မျက်နှာဖြူ

နာနှင့်
းထဲမှ ၂နှင့် ယင်ကောင်တစ်ကောင်ကို ရှာဖွေနေသည်။ သူတို့ကိုယ်တိုင် မြင်တွေ့
ပြင်သို့ ကြရသည် ဟူ၍ အခိုင်အမာ ပြောစမှတ် ပြုလာကြသည်။ ထို့ကြောင့်
တွင်း ၂၂နံစမ်၏ တိုက်ပျက်နှင့် ချုံပုတ်များထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေ
ယ်၍သော ခြံဝင်းနှင့် အတတ်နိုင်ဆုံး ရှောင်ကွင်းသွားကြလေတော့သည်။

ခွေမြင့်

စမ်
ဘ်လွှန်
ထား SAMUBL BRANDON ရေးသားသော INCREDIBLE ကို မြန်မာပြန်
ဘ်နာ သည်။
ချေ။
ရာ
။
ညာ
စ်၏
ဘဲ၊
သူ
သည်။
ထို
သို့
သ်
နှ
က်
နှ
း
င်
။